# ဝဏ္ဏအောင်

## စော်ရဒအာဗိုး

ဒု–ဇာတ်သိမ်း၊



စာမူ ကြိုတင်ခွင့်ပြုအမှတ် ၆၅၇/၉၁(၁၀)
မျက်နှာဖုံး ကြိုတင်ခွင့်ပြုအမှတ် ၆၀၇/၉၁(၁၀)

ပထမအကြိမ်
၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ ၄၀၀
တန်ဖိုး ၄၀ ကျပ်

ထုတ်ဝေသူ မောင်တိုကြီး(မြ ၀၁၅၆၇)
တမာရိပ်စာပေ
အမှတ် ၁၀၆၊ တာမွေလမ်း၊
တာမွေ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်ကျင်ငွေ (မြ ၀၃၁၄၆)
ဇမ္ဗူအောင်ပုံနှိပ်တိုက်
အမှတ် ၁၊ စပယ်ခြံ ၃ လမ်း၊
ကမာရွတ်၊ ရန်ကုန်မြို့။

အဖုံးရိုက် ဦးကျော်မိုးခိန်(မြ ၀၃၁၃၇)၊
အောင်သာပုံနှိပ်တိုက်
အမှတ် ၁၇၂၊ ၃၁ လမ်း၊
ရန်ကုန်မြို့။

# ဝဏ္ဏဆောင်

စောရ အာဖိုး

(ဒုတိယပိုင်း၊ ဇာတ်သိမ်း)

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး.... (ဒို့အရေး)

တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု
မပြိုကွဲရေး.... (ဒို့အရေး)

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး— (ဒို့အရေး)

စည်းကမ်းလိုက်နာ ဘေးအောင်းကွာ။
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းမျဉ်းကိုက်ညီ ဘေးအောင်းသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ပခုံးနကျသော တာဝန်ဖြစ်သည်။

လေလွင့်ခရီးသည်

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

အာဝွန်းသည် မြေတိုက်ခန်းသို့ သွားရောက်စစ်ဆေးသည့် မသင်းအား တိုက်ခိုက်တာ ထွက်ပြေးလွတ်မြောက်သွားသည်ဟု မြို့စားကြီး ကျော်ဟိတ်နှင့်တကွ အားလုံးက ယုံကြည်သက်ခံထားကြသည်။

အာဝွန်း လွတ်မြောက် သွားသည့်ကိစ္စတွင် မသင်း၊ ကျော်ကျော်နှင့် တင်းတင်းတို့ ပါဝင်ပတ်သက်နေသည်ကို မည်သူမျှ မသိခဲ့ကြချေ။

တောပိုင်းမှ မင်းသားလေးသာဖိုး၊ ကျွန်းဝါခြဲဘိုးဘိမှ မင်းသားလေးဟူယို့နှင့် ရွှေဒေးဂိုဏ်းမှ မင်းသားလေး ချန်း

စိမ်းတို့သည် အဖိုးမဖြတ်နိုင်သည့် ရတနာကို ရှာဖွေရန် ထွက်ခွာသွားကြပြီ ဖြစ်သည်။

ရှုပ်ထွေးခဲ့သည့် အခြေအနေများသည် အေးချမ်းသည့်အသွင်သို့ ကူးပြောင်းသွား၏။

သို့သော် ထိုတည်ငြိမ်မှုသည် ကြာရှည်ခံမည် မဟုတ်ပါ။ တစ်နှစ်ဟူသော အချိန်ကာလ ကုန်ဆုံးသွားသည်နှင့် ပြေရှင်း၍ မရအောင် ပို၍ ရှုပ်ထွေးကောင်း၊ ရှုပ်ထွေးလာမည်ကို မည်သူမျှ ကြိုတင်သိရှိနိုင်သည် မဟုတ်ပါ။

× × ×

'ငါသူ့ကို တွေ့ချင်လိုက်တာ တင်းတင်းရယ်'

ကျင်းကျင်းက အားမလို အားမရ ညည်းညူလိုက်သည်။ စားဝေင် အိပ်မပျော်သဖြင့် တစ်စထက်တစ်စ ပိန်းချုံးညှိုးလျော်လာသည့် ကျင်းကျင်းကိုကြည့်ကာ တင်းတင်း စိတ်မကောင်း ဖြစ်မိလေသည်။

ကျင်းကျင်းသည် ဘယ်ရပ်ဘယ်ဆီသို့ သွားလေသည် မသိသော အာဝိုးအတွက် စိုးရိမ်ပူပန်နေသည်။



'သခင်မလေးရယ်၊ သူဟာ မတွေ့ချင်တော့လို့ ထွက်သွားပြီ'

'အို... ဒီလို မဟုတ်ပါဘူးအေ၊ သူ့ကြောင့် ငါ့အရှက်ဘတွဲအကျိုးနည်း ဖြစ်မှာကို စိုးရိမ်လို့ ရှောင်သွားတာပါ'

တင်းတင်း ဘာဆက်ပြောရမှန်း မသိတော့ဘဲ ပါးစပ်ပိတ်ထားလိုက်၏။ ကျင်းကျင်း၏ မေတ္တာတရား ကြီးမားပုံကို အံ့ဩမိသည်။

အာဝိုးသာ သူ့အား လာမတွေ့လျှင် ကျန်းမာရေး ထိခိုက်ကာ ဒုက္ခရောက်နိုင်သည်ဟု တွေးမိသည်။

တင်းတင်းက ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

'သခင်မလေးသာ ကိုယ်ကိုကိုယ် ဂရုစိုက်ပြီး မှန်မှန်စားမယ်၊ မှန်မှန်အိပ်မယ်ဆိုရင် အစ်ကိုအာဝိုးနဲ့ ပြန်လည် ဆုံစည်းနိုင်အောင် ကျွန်မ ကြိုးစားပေးပါ့မယ်'

'ဘာ....ဘယ်လိုပြောတယ်'

'သခင်မလေးအနေနဲ့၊ ကိုယ့်ကျန်းမာရေးကိုယ် ဂရုစိုက်ရမယ်'

တင်းတင်းက ခိုင်မာစွာ ပြောသည်။

ကျင်းကျင်းက....

'အစ်.... အင်္ဂကိုအာဝိုးနဲ့ ပြန်တွေ့ရမယ် ဟုတ်လား'

'ဟုတ်တယ်လေ'

'တင်းတင်း သူဘယ်....ဘယ်ကို ထွက်သွား ဘယ်ဆိုတာ ညည်းသိလို့လား'

တင်းတင်း ပြုံးလိုက်လေသည်။

'သူ့ကို အသတ်ခံရမယ် ဘေးကတောင် လွတ်အောင် ကြံစည်နိုင်သေးတယ်၊ သူ့ကို တွေ့အောင် ဘာလို့ မကြိုးစားနိုင်ရမှာလဲ'

ကျောင်းကျောင်း ဝမ်းသာသွားသည်။

'လုပ်စမ်းပါဦး၊ ညည်းရဲ့ကျေးဇူးကို မမေ့ပါဘူး'

'ကျွန်မကို ကျေးဇူးတင်စရာ မလိုပါဘူး၊ သခင်မလေးသာ ကိုယ့်ကျန်းမာရေးကိုယ် ဂရုစိုက်ပါ'

'ကောင်းပြီလေ၊ ငါ ဂရုစိုက်ပါ့မယ်'

'ဝမ်းသာလိုက်တာ သခင်မလေးရယ်၊ ကဲ ဒီအစေ့နှစ်စေ့ အေးအေး ဆေး ဆေး စနေပတော့၊ မကြာခင် အစ်ကိုအာဝိုး၏ သတင်းကို ကြားရစေမယ်'

တင်းတင်းသည် ကျောင်းကျောင်း စိတ်ချမ်းသာစေရန်အတွက် ရိရဲကြီး အာမခံချက် ပေးလိုက်လေတော့သည်။

* * *

လေ တဟူးဟူး တိုက်ခတ်လာသည်။

တိမ်ညို တိမ်မည်းများ အလိပ်လိုက် အလိပ်လိုက် တက်လာသည်။

တစ်ချက် တစ်ချက် မိုးကောင်းကင်ကို လက်သည်း ရှည်ကြီးများဖြင့် ကုပ်ခြစ်ပစ်လိုက်သည့်နှယ် လျှပ်စစ် အက်ကြောင်းကြီးများ ဖြစ်ပေါ်လာသည်။



'ဂျိမ်း'

ကျယ်လောင်သော မိုးခြိမ်းသံ တစ်ချက် ထွက်ပေါ်လာသည်။

မရှေး မနှောင်းမှာပင်....

'ဝေါ ဝေါ ဝေါ'

'ဖြောင်း ဖြောင်း ဖြောင်း'

မိုးသီး မိုးပေါက်များသည် ကမ္ဘာမြေဟာလွှားသို့ အပြိုင်းကြီးရွာ ကျဆင်းလာသည်။

မိုးခြိမ်းသံ လေတိုက်သံ မိုးရွာချသံများ ကမ္ဘာ ပျက်မတတ် ဆူညံနေ၏။

ကမ္ဘာကြီး၏ နောက်ဆုံးနေ့သို့ ရောက်နေသည့် အလား....

ဝန်းကျင် တစ်ခုလုံး မိုးရေစက်များဖြင့် မပီ ဝိုးတဝါး ဖြစ်သွား၏။ သစ်ကိုင်းများ ကျိုးကျကုန်သည်။

လမ်းပေါ်တွင် ရွှံ့ဗွက်များရေအိုင်များ ဖြစ်ပေါ်လာသည်။ အဝတ်အစားများ ဟောင်းနွမ်းညစ်ပတ် ပေကျံနေသူ တစ်ယောက်သည် မိုးရေထဲတွင် တစွပ်စွပ် နင်းရင်း လျှောက်လှမ်းလာနေသည်။

သူ၏ တစ်ကိုယ်လုံး မိုးရေများ စိုရွှဲနေ၏။ ဖီးလိမ်း သုတ်သင်ခြင်း မရှိသည့် ဆံပင်များသည် မိုးစိုနေသည့် ကြားမှ ကျိုးကန်း သိုက်ပမာ ရှုပ်ပွနေ၏၊

မုတ်ဆိတ် ကျင်စွယ် ထိုးထိုးထောင်ထောင် ရှိနေသလို မျက်လုံးများက ကြောင်စီစီ ဖြစ်နေ၏။

ရှူးသွပ်နေသူ တစ်ယောက်နှင့် တူလှသည်။ ထိုလူမှာ အသက် နှစ်ဆယ်ကျော်ခန့်သာရှိသေးသော လူရွယ်လေး တစ်ယောက် ဖြစ်ပေသည်။

သို့သော် သူ၏ ပုံသဏ္ဍာန်မှာ အသက် လေးဆယ်ကျော်ခန့်ရှိ လူပယ် ထင်ရသည် ဖြစ်ပေသည်။

မိုးသက်လေပြင်း ကျရောက်နေစဉ် လူမဆိုထားနှင့် လေလွင့် ခွေးများပင် မိုးလွတ်ရာ၊ အကာအကွယ်ရှိရာသို့ ပြေးဝင် ပုန်း ကွယ်နေကြချေပြီ။

ထိုလူရွယ်သည် မိုးသက်လေပြင်းကို အမှုမထားဘဲ ဒယီး ဒယိုင်ဖြင့်လျှောက်သွားနေရခြင်းမှာအဘယ်သို့သောအကြောင်း ကြောင့်ပါနည်း။

လမ်းဘေး တစ်ဘက်တစ်ချက်တွင် သစ်ပင်ကြီးများ၊ တစ်စ တက် တစ်စ ထူထပ်လာ၏။ လူရွယ် လျှောက်လှမ်းနေသော လမ်းသည် လူသူ ကင်းဝေးသည့် တောအုပ်ကြီးတစ်ခုဆီသို့ ဦး တည်နေ၏။

လျှောက်လှမ်းသွားရင်း ရုတ်တရက်အရှေ့ဘက်တွင် သစ်ပင် ချုံနွယ်များကြားမှ အိမ်ပျက်ကြီးတစ်လုံး ဘွားခနဲ ပေါ်လာ သည်။

လူရွယ်သည် ထိုအိမ်ပျက်ကြီးကိုပင် မတွေ့မမြင်ရသည့် အလား တရွေ့ရွေ့ လျှောက်သွားနေဆဲ။

အိမ်ပျက်ကြီးအတွင်း၌ မီးရောင်များ ထွက်ပေါ်နေ၏။ ထို့ အတူ လေအဝေ့တွင် မွှေးကြိုင်သင်းပျံ့သော အသားကင်နံ့ များ ပျံ့လွင့်လာ၏။



လူရွယ်သည် ပထမဦးဆုံးအကြိမ်အဖြစ် အသားကင်အနံ့ကို ရှူမိသွားပုံရ၏။ သူ၏ နှာခေါင်း တရှုံ့ရှုံ့ဖြစ်သွားပြီး အိမ် ပျက်ကြီးဆီသို့ လှမ်းကြည့်လိုက်၏။

အသားကင်နံ့သည် အိမ်ပျက်ကြီးမှ ထွက်ပေါ်လာခြင်း ဖြစ် သည်ကို သေချာစွာ သိသွားဟန်ဖြင့် အိမ်ပျက်ကြီးဆီသို့ စိုက်စိုက် မတ်မတ် လျှောက်သွားသည်။

တစ်စထက်တစ်စ နီးကပ်လာသောအခါ အိမ်ပျက်ကြီးမှာ အလွန်ပင် ကြီးမားလှပြီး ယခင်က လွန်စွာမှုပင် ခန့်ညား ထည်ဝါခဲ့ဟန် ရှိသည်ကို တွေ့ရ၏။

အိမ်ပျက်ကြီး၏ ပြတင်းတံခါးများ ပတ္တာပြုတ်ကာ တွဲလွဲ ကျနေသည်။ အိမ်အဝင် တံခါးမကြီးတွင် တံခါးရွက်များ မရှိဘဲ ဟောင်းလောင်း ဖြစ်နေ၏။

ချုံနွယ်ပိတ်ပေါင်းများ ဖုံးအုပ်ထားသလို ရေညှိများတက် နေ၏၊ မိုးထစ်ချုန်းရွာနေချိန်၌ လူသူကင်းဝေးသည့်နေရာ၌ တွေ့မြင်ရသည်မှာ ချောက်ချားဖွယ် ကောင်းလှပေသည်။

သို့သော်...လူရွယ်သည် စိုးစဉ်းမျှပင် ကြောက်ရွံ့ထိတ်လန့် ဟန် မရှိပါချေ။ အိမ်ပျက်ကြီးဆီသို့ မျက်နှာမူရင်း နှာခေါင်း တရှုံ့ရှုံ့ လုပ်နေ၏။

တစ်ချက်တစ်ချက် ထွက်ပေါ်လာသည့် အသားကင်နံ့ ကြောင့် မခံမရပ်နိုင်အောင် ဆာလောင်နေဟန်ရှိသည်။

လူရွယ်သည် အိမ်ပျက်ကြီးရှေ့၌ရပ်ကာ ဟောင်းလောင်း ဖြစ်နေသည့် တံခါးပေါက်ကို အတန်ကြာသည့်တိုင်အောင် စိုက်ကြည့်နေပြီးမှ ကျောက်လှေကားထစ်များကို ဖြတ်ကျော်ကာ အတွင်းသက် ဝင်သွားလေသည်။

အိမ်ပျက်ကြီး အတွင်းဘက်၌လည်း မိုးရေများ ရွှဲရွှဲစိုနေပါ၏။ ခေါင်မိုးအုတ်ကြပ်ပြားများ ကျိုးပဲ့ကာ အချို့နေရာများတွင် အပေါက်ကြီးများ ဟောင်းလောင်း ဖြစ်နေပါ၏။

သို့တိုင် အခန်းတစ်ခန်းမှာတော့ မိုးဒဏ်လေဒဏ်မှ ကင်းလွတ်ကာ လုံလုံခြုံခြုံရှိနေပါ၏။

ထိုအခန်းအတွင်းဝယ်...

လူတစ်ယောက်သည် မီးပုံတစ်ပုံရှေ့၌ ထိုင်ကာ ကြက်တစ်ကောင်ကို မီးကင်နေသည်။

ကြက်ကင်မှ မွှေးကြိုင်သင်းပျံ့သော ရနံ့သည် လေနှင့်အတူ လွင့်ပျံ့နေပေတော့သည်။

မိုးရွာသံ၊ လေတိုက်သံ၊ မိုးချုန်းသံများကြောင့် အိမ်ပျက်ကြီးထဲသို့ လူရွယ် ဝင်ရောက်လာသည့်ခြေသံကို မီးပုံရှေ့၌ ရှိနေသူကြားဟန် မတူချေ။

ထိုသူမှာ အသက်ငါးဆယ်ကျော်ခန့် ရှိသော အဘိုးအို တစ်ယောက် ဖြစ်ပေသည်၊ ဖာထေးရာ ဗရပွရှိသော အဝတ်အစားများ ဝတ်ဆင်ထား၏။

လူရွယ်သည် ထိုအဘိုးအိုအား အရေးစိုက်ဘဲ မီးပုံပေါ်ဝယ် တံစို့ထိုးကင်ထားသည့် ကြက်ကင်ကိုသာ မိုအိမသုန်ကြည့်နေ၏။



ယခုတစ်ကြိမ်တွင် အဘိုးအိုသည် လူရွယ်ဝင်လာသည့် ခြေသံကို ကြားသွားဟန် ရှိလေသည်။

ချာခနဲလှည့်ကြည့်လိုက်ရာ လူရွယ်ကို တွေ့လျှင် နှုတ်ဆက်သည်။ သူ၏ လက်တံနှစ်ဖက်သည် ခုခံတိုက်ခိုက်ရန်အတွက် အဆင်သင့် ပြင်ထားပြီးသား ဖြစ်သွားလေသည်။

လူရွယ်သည်ကား အဘိုးအိုအား လုံးဝ အရေးမစိုက်ချေ။ မီးပုံအနီးသို့ လှမ်းသွားပြီး အောင့်ကြောင့် ထိုင်ချလိုက်သည်။

ထို့ကြောင့် ကြက်ကင်ကိုသာ စိုက်ကြည့်နေလေတော့သည်။ အဘိုးအိုသည် လူရွယ်၏ အပြုအမူကြောင့် အံ့အားသင့်သွားဟန် ရှိသည်။

ထို့နောက်...လူရွယ်၏သဘောကို စောကြောင်ိသွားဟန်ဖြစ်...

'မင်း ဗိုက်ဆာနေတယ် ဟုတ်လား'

ဟု မေးလိုက်လေသည်။

လူရွယ်က အဘိုးအိုကို လှည့်ကြည့်လိုက်၏။

လူရွယ်၏မျက်နှာကို မြင်လျှင် အဘိုးအို မျက်မှောင်ကြုတ်သွားလေသည်။ လူရွယ်က ခေါင်းဆတ်ခနဲ ညိတ်ပြလိုက်ပြီး...

'ကြက်ကင်နည်းနည်းပေးပါ'

ဟု တောင်းလိုက်လေသည်။

အဘိုးအိုက လူရွယ်ကို အံ့အားသြ ကြည့်နေပြီးမှ...

'ငါကချည့်ပဲ သူများဆီမှာ တောင်းစားနေတယ် မှတ်တာ။ အခုတော့ ငါ့ဆီမှာ တောင်းစားမယ့်လူ ပေါ်လာပြီကိုး။ နေစမ်းပါဦး၊ မင်းက သူခိုးမဟုတ်လား၊ ဘယ်က ဘယ်လို သူတောင်းစား ဖြစ်လာတာလဲ ပြောစမ်းပါဦး'

ဟု မေးလေသည်။

လူရှယ် တွေဝေသွားသည်။

'သူခိုးဟုတ်လား'

'ဟုတ်ဘယ်လေ ဘာလဲ မင်းက ငြင်းချင်သေးလို့လား၊ ကျင်းလိမ်မြို့မှာ ငါ့အ လုံဘဲယောက်ဆီက တောင်းတယ်၊ မင်းက အဲဒီလူကို ကူညီသလိုနဲ့ ငါ့ကိုခေဝင်းထုတ်ပြီး သူ့ဆီက ပိုက်ဆံအိတ်ကို နှိုက်ယူသွားလိုက်တယ်၊ ပြီးတော့ စားသောက်ဆိုင်ရှေ့မှာ သောင်းနေတဲ့ ငါ့ဆီကိုလာပြီး ငွေနည်းနည်းပေးသွားတယ် တစ်ခါ မြို့စားဂေဟာကိုဝင်ခိုးချင် လူမိသွားလို့ ထွက်ပြေးရတဲ့အခါ စွန်တုံကျောင်းမှာ ငါတို့လူစုဝင်ကယ်လိုက်လို့ မင်းချမ်းသာရာရသွားတာလေ၊ ကဲ...မင်းဘာပြောဦးမလဲ'

လူရှယ် မျက်တောင်တစ်ဖျပ်ဖျပ် ခတ်လိုက်သည်။

အတိုးအိုပြောပြသည့် ဖြစ်ရပ်များကို သူ၏မျက်လုံးထဲဝယ် တစ်ခုပြီးတစ်ခု မြင်ယောင်လာသည်။

စည်ကားသိုက်မြိုက်လှသော ကျင်းလိမ်မြို့၊ သာယာသော ပန်းဥယျာဉ်ကြီး ခန့်ညားသော မြို့စားဂေဟာ လှပချောမော ပြီး ချစ်စဖွယ်ကောင်းလှသည့် သခင်မလေးကျောင်းကျောင်း မျောက် ကြီး တစ်ကောင်နှင့်တူသည့် မျောက်အိုကြီး ရက်စက် ကြမ်း ကြုတ်သော မျက်နှာသားပိုင်ရှင် မင်းသားလေး ချန်းစိမ်း

လူရှယ်၏မျက်နှာတွင် ထူးခြားသော အရိပ်အယောင်များ ထွက်ပေါ်လာ၏။

'ဟုတ်တယ် ကျုပ်က ကြက်ဖခေါင်းကြီး စောရအာဝှီး'



ဟု တတွတ်တွတ် ရေရွတ်လိုက်လေသည်။

အတိုးအို မျက်မှောင်ကြုတ်သွားပြန်သည်။

'မင်းဘယ်လိုဖြစ်နေတာလဲ နေမကောင်းဘူးလား'

ဟု မေးလေသည်။

လူရှယ်(ဝါ) အာဝှီးသည်အတိုးအို၏ အမေးကို မဖြေဘဲ—

'စောရအာ ဝှီး စောရအာဝှီး မျောက်အိုကြီး'

ဟု တတွတ်တွတ် ရေရွတ်နေ၏။

အတိုးအို | ခေါင်းကုတ်လိုက်သည်။

'ဒုက္ခပဲ ရူးများ ရူးနေပြီလား မသိဘူး'

ညည်းညူလိုက်လေသည်။

ထိုစဉ် အာဝှီးက ရုတ်တရက် ခုန်ထလိုက်ပြီး—

'မျောက်အိုကြီး သေပြီ၊ မျောက်အိုကြီး သေသွားပြီ'

ဟု အော်ပြောလိုက်လေသည်။

သူ၏ အပြုအမူကြောင့် အတိုးအိုထိတ်လန့်သွားပြီး နောက်သို့ ဆပျာဆယာ ဆုတ်လိုက်လေသည်။

ထိုအချိန်မှာပင် အာဝှီးသည် တစ်ကိုယ်လုံး ပျော့ခွေကာ ကြမ်းပြင်ပေါ် ဒူးထောက်ကျသွားပြီး....

'ကျုပ် အသုံးမကျလို့ မျောက်အိုကြီး သေရတာ၊ ဟီး.... ဟီး....ဟီး'

မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေသည်။ အတိုးအိုမှာ မည်သို့မျှ နားမလည်နိုင်တော့ပေ။

အာဝှီးကို ငေးမောကြည့်နေမိလေတော့သည်။ အမှန်တော့ အာဝှီးသည် ချန်းစိမ်း၊ ပါဖိုးနှင့် ဟူးယို့တို့၏ ဝိုင်းဝန်း

တိုက်ခိုက်မှု ခံခဲ့ရသဖြင့် ဒဏ်ရာ ပြင်းပြင်းထန်ထန် ရခဲ့လေသည်။

မြေတိုက်ခန်း၌ ချုပ်နှောင်ခံနေရစဉ် အသက်ကယ်ဆေး သောက်ခဲ့သောကြောင့် သက်သာသွားပါသော်လည်း နောက်ထပ် ဆေးဝါးကုသခြင်း မရှိသဖြင့် ဒဏ်ပိုနေခဲ့သည်။

ထိုကြားထဲ မျောက်အိုကြီး သေဆုံးသွားရသည့်အဖြစ်သည်လည်းကောင်း၊ သခင်မလေး ကျင်းကျန်းနှင့် ဘယ်သောအခါမှ ဆုံစည်းနိုင်သည့် အဖြစ်သည်လည်းကောင်း ဖိစီးလာသောအခါ စိတ်ဓာတ်ကျဆင်းကာ ခြေဦးတည့်ရာ လျှောက်သွားခဲ့တော့သည်။

အစားအသောက်ကို ဂရုစိုက်တော့သလို အိပ်ဖို့လည်း မကြိုးစားတဲ့အချိန်ရတိုင်း တွေဝေစဉ်းစားနေခဲ့သည်။

ရက်အတန်ကြာသောအခါ ကျန်းမာရေး ထိခိုက်လာလေတော့သည်။

ပင်ကိုယ် မူလစိတ် ကွယ်ပျောက်ကာ ရူးသွပ်နေသူအလား ခြေဦးတည့်ရာ လျှောက်သွားရင်း မမျှော်လင့်ဘဲ သူတောင်းစားအဘိုးအိုနှင့် ဆုံတွေ့မိခြင်း ဖြစ်သည်။

သူတောင်းစားအဘိုးအို၏ ဆေးကြောင့် သူ၏မှတ်ဉာဏ် ပြန်လည် ပွင့်လင်းလာပြီး မစ္စကွအခြေအနေသို့ ပြန်လည်ရောက်ရှိလာခြင်း ဖြစ်ပေသည်။

အာဝှီးသည် အတန်ကြာ ငိုကြွေးပြီးမှ....

'မျောက်အိုကြီး၊ ကျွန်တော်ဟာ သူတို့ကို သွေးကြွေးပြန်ဆပ်ပေးမယ်လို့ ကတိပြုပါတယ်ဗျာ'



ဟု အော်ပြောလိုက်လေသည်။

အဘိုးအို သက်ပြင်းချလိုက်သည်။

အဖြစ်မှန် မသိရသေးသော်လည်း အာဝှီးမှာ စိတ်ထိခိုက်စရာ အဖြစ်ဆိုးနှင့် ကြုံတွေ့ခဲ့ရမှန်း ရိပ်မိလိုက်၏။

ထို့ကြောင့်....

'ဓာရေ...မင်း ဗိုက်ဆာနေပြီ မဟုတ်လား၊ မင်းကို ဝါ ကြက်ကင်ထက်ခြမ်းတော့ ကျွေးနိုင်ပါသေးတယ်ကွ'

ဟု ပြောလိုက်၏

ကျက်နေပြီဖြစ်သော ကြက်ကင်ကို တံစို့မှ ဖြုတ်ယူကာ တဝက်ခွဲ၍ ပေးလိုက်၏။ အာဝှီး၏ဝမ်းဗိုက် တကြုတ်ကြုတ် မြည်လာ၏။

ဝမ်းနည်းကြေကွဲမှု အပေါင်းကို ဆာလောင် မွတ်သိပ်မှုက အနိုင်ယူသွား၏။ အဘိုးအိုပေးသည့် ကြက်ကင်ကို ဆတ်ခနဲ ဆွဲယူကာ ပါးလုတ်ပါးလောင်း စားလိုက်လေသည်။

အဘိုးအိုက သဘောကျစွာ ပြုံးလိုက်သည်။ မီးပုံဘေး၌ ချထားသည့် သူ၏ အဝတ်အိတ်ထဲမှ ဆိတ်သားရေဖြင့် ချုပ်ထားသည့် ရေဘူးကို ထုတ်ယူကာ....

'ဖြည်းဖြည်းစား၊ နင်နေဦးမယ်၊ ရော့...အရက်သောက်လိုက်'

ဟု ပြောကာ လှမ်းပေးလိုက်သည်။

အမှန်ပင် အစာအစားရသည်မှာ ကြာပြီဖြစ်ရာ လည်ချောင်း ကျဉ်းနေပေပြီ။

ယခု ပါးလုတ်ပါးလောင်း စားလိုက်သည်နှင့် အစာနင်အား တဂွိဂွိ ဖြစ်လာသည်။

အဘိုးအိုပေးသည့် ရေဘူးကိုယူကာ မော့ချလိုက်ရ၏။

ရေဘူးထဲ၌ ထည့်ထားသည်မှာ ရေမဟုတ်ဘဲ အရက်ဖြစ်နေသည်။ အလွန် မွှေးကြိုင်ပြီး အရသာရှိလှသော စပယ်ပန်းဖြင့် ချက်ထားသည့်အရက်ဖြစ်သည်။

အာဝ္ဂီးအတွက် တန်ကျသွားသည်။ အရက် တစ်ငုံ သောက်လိုက်၊ ကြက်ကင်တဖဲ့ စားလိုက်ဖြင့် ဇိမ်ကျနေပေတော့သည်။

ကြက်ကင်တစ်ခြမ်းသည် တစ်ခဏတွင်ပင် ကုန်တက်စင်ပြောင်သွားလေတော့သည်။ အာဝ္ဂီးက အဘိုးအိုလက်ထဲမှ ကျန်နေသေးသည့် ကြက်ကင်တစ်ခြမ်းကို လှမ်းကြည့်လိုက်၏။

အဘိုးအို ပြုံးလိုက်သည်။

'မင်း တော်တော် လောဘကြီးတာပဲ'

ပြောပြောဆိုဆို ကြက်ကင်ကို လှမ်းပေးသည်။ အာဝ္ဂီးက ယူကာ စားလိုက်ပြန်သည်။

ကြက်ကင်တစ်ကောင်လုံး ကုန်သွားသလို အရက်တစ်ဘူးလည်း တစ်စက်မှ မကျန်အောင် ဖြစ်သွားသည်။

အစာဝဝ စားလိုက်သောလိုအကောင်းစားအရက်ကိုသောက်လိုက်ရခြင်းကြောင့် အာဝ္ဂီး၏ တစ်ကိုယ်လုံး လန်းလန်းဆန်းဆန်း ဖြစ်လာသည်။

အစာစားလိုစိတ် ပြည့်စုံသွားသည့်အခါ အိပ်စက်အနားယူလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

အဘိုးအို၏ အရက်ကိုခိုလည်း ပြုလာသဖြင့်....



"ကျေး.... ကျေးဇူးတင်ပါတယ်ဗျာ'

အဘိုးအိုအား ကျေးဇူးတင်စကား ပြောလိုက်သည်။

ထို့နောက် မီးပုံဘေးဝယ် ခွေခွေကလေး လှဲချလိုက်၏။

မကြာပါချေ၊ အာဝ္ဂီးသည် ဟောခေါခေါဟောက်လျက် အိပ်မောကျသွားလေတော့သည်။

\+ \+ \+

နေခြည် ပွင့်လင်းလာပြီဖြစ်သည်။

သာယာ ညင်းပျောင်းသော လေပြည်လေညင်းဝေ့ယမ်း တိုက်ခတ်နေ၏။ ငှက်ညိုတိမ်စည်းများ အဝေးသို့ လွင့်ပါး သွားပြီဖြစ်သည်။

ကောင်းကင်တစ်ခုလုံး ကြည်ကြည်လင်လင် ဖြစ်နေသည်။ အာဝ္ဂီးသည် နေအရောင်မြင့်မှ နိုးလာလေသည်။

နိုးလျှင်နိုးချင်း သူ၏ မျက်လုံးများ ကျိန်းစပ်နေပြီး... အသားများလည်း ခြစ်ခြစ်တောက် ပူလောင်နေသည်ကို သတိပြုမိလိုက်သည်။

ရေငတ်သလို အားခေါင်ခြောက်ကာ နှုတ်ခမ်းများ အက်ကွဲနေ၏။

မီးသေနေပြီဖြစ်သော မီးပုံအားဝယ် ခွေခွေကလေး လဲလျောင်းနေရာမှ လူးလိမ့် ထလိုက်လေသည်။

ထိုစဉ်…

'မထနဲ့လေ မင်း ဖျားနေတယ် မဟုတ်လား'

ကြည်လင်ပြတ်သားသော စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

အာဝှီး လှမ်းကြည့်လိုက်သောအခါ သူ့ဘောင်းစားအတိုးအို လှမ်းလာနေသည်ကို တွေ့မြင်ရ၏။

သူ၏ လက်ထဲဝယ် စားသောက်ဖွယ်ရာများ တစ်ဖွဲ့ တပိုက်ကြီး ပါလာလေသည်။ အာဝှီးမှာ ကြိုးစား၍ ထကြည့်ပါသော်လည်း တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေခြင်းကြောင့် မထတော့ဘဲ ဆက်၍ လှဲနေလိုက်သည်။

အတိုးအိုမှာ သူ၏ဘေး၌ ဆောင့်ကြောင့်ထိုင်ချလိုက်၏။ စားသောက်ဖွယ်ရာများကို ကြမ်းပြင်ပေါ် ချထား၍ အာဝှီး၏နဖူးကို လက်ဖြင့် စမ်းကြည့်လိုက်သည်။

'ကိုယ်တွေလဲခြစ်ခြစ်တောက်ပူနေပါလား၊အင်း….ဒီအတိုင်း ဆက်ပြီး ပေပေတေတေနေမယ်ဆိုရင်တော့ မကြာခင် မင်း ကြွသွားလိမ့်မယ်'

ဟု ပြောလေသည်။

အာဝှီးမှာ ဘာမျှမပြောပဲ ငြိမ်နေလိုက်သည်။

အတိုးအိုမှာ….



'ငါထင်တော့ ထင်သားပဲ၊ ညကတည်းက ကယောင်ကတမ်းတွေ ပြောနေတာ၊ ကဲ မင်းအတွက် ငါ ဆေးယူလာတယ်၊ သောက်လေသား'

ဟု ပေးလာသည်။

အာဝှီးက အားနာသောအကြည့်ဖြင့် ကြည့်မိသည်။

သူ၏ စိတ်အစဉ်သည် ပုံမှန်အနေအထားသို့ တဖြည်းဖြည်း ပြန်လည်ရောက်ရှိလာပြီ ဖြစ်လေသည်။

သူဘောင်းစားအတိုးအို ဗိုသည်၊ တဖြည်းဖြည်းချင်း မှတ်မိလာသည်၊ သူက တစ်ကြိမ် ကူညီဖူးခဲ့သော်လည်း အတိုးအိုက သူ့အား နှစ်ကြိမ်တိုင်တိုင် ပြန်သည် ကူညီ၏။

'အကြွေးတင်နေပြီ'

ထိုစကားသည် အာဝှီး၏ နှုတ်ဖျားမှ လွှတ်ခနဲ ထွက်သွားသည်။

အတိုးအိုက မျက်မှောင်ကြုတ်ကာ….

'ဘာ….ဘယ်လို၊ အကြွေးတင်နေပြီ….ဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်က ဦးကို ကူညီခဲ့တာ တစ်ခါတည်းပါ၊ ဦးကပြန်ပြီး ကူညီတာနှစ်ခါရှိပြီဆိုတော့….'

သူ၏ စကားမဆုံးမီ အတိုးအိုက ကြားဖြတ်မေးလေသည်။

'နေပါဦး၊ မင်းက ငါ့ကို ကူညီတာ ကျေးဇူးတင်ခံချင်လို့၊ ဒါမှမဟုတ် ငါ့ဆီက တုံ့ပြန်တဲ့အကူအညီ လိုချင်လို့ ဆိုပါတော့'

'ဒီလို မဟုတ်ပါဘူးဗျာ၊ စေတနာသက်သက်နဲ့ ကူညီတာပါ၊ ဘယ်လိုမျှော်လင့်ချက်မျိုးမှ မထားပါဘူး'

[illegible]

အဘိုးအိုက ပြုံးလိုက်သည်။

'ကောင်းတယ်၊ ငါ့ဇာလဲ ငါလို သဘောမျိုးပဲ ကြိုက်တယ်။ မင်းက ငါ့ကို ကူညီခဲ့ဖူးသည်ဖြစ်စေ၊ ကူညီခဲ့ဘူးသည်ဖြစ်စေ ငါ့ရှေ့မှာ ဒုက္ခရောက်နေတာ တွေ့ရင်တော့ ငါက ကူညီခဲ့မှာပဲ ကွာ၊ ရော့...ရော့... ဟော ဒီဆေးတောင့်လုံး သောက်လိုက်'

ပြောပြောဆိုဆို စိမ်းရွှေရွှေ အနံ့ရှိသော အမည်းရောင် ဆေးလုံးအသေးလေးတစ်လုံး ပေးလေသည်။

အာဝိုက အဘိုးအို၏ စေတနာကို နားလည်လာသည်။ ဘာမှ မပြောတော့ပဲ ဆေးလုံးလေးကိုယူကာ သောက်ချလိုက်လေသည်။

အဘိုးအိုက...

'မင်းရဲ့အဝတ်အစားတွေကို လဲပစ်ရင် ကောင်းမယ်၊ မင်းလောက် ညစ်ပတ်တဲ့လူငါ မတွေ့ဖူးသေးဘူး၊ ငါတို့ သူတောင်းစားတွေတောင် မင်းလောက် မညစ်ပတ်ဘူး'

'ဟား...ဟား... ဟား'

ရုတ်တရက် အာဝိုသည် စိတ်လွတ်ကိုယ်လွတ် ဖြစ်သွားကာ တဟားဟား ရယ်မောလိုက်လေသည်။

လွတ်လပ်ပေါ့ပါးစွာ ရယ်မောလိုက်ခြင်းကြောင့် စိတ်ညစ်ညူးမှုတွေ နေသာ ဆက်သာသွားသည်။

အဘိုးအိုက...

'ငါပြောတာ ဟုတ်လို့လား၊ မင်းကယောင်ကတမ်းတွေ ပြောခဲ့တုန်းက ညီမလေး ကျွင်းကျွင်းဆိုတာ လဲပါတယ်၊ ချန်းစိမ်းကို ရင်ဆိုင်ပြီး ရှင်းပစ်မယ်ဆိုတာလဲပါတယ်၊ မင်းရင်ထဲက ဆန္ဒတွေကို လက်တွေ့ အကောင်အထည်ဖော်ချင်တယ်ဆိုရင်တော့ အရင်ဆုံး ကောင်းကောင်းစား ကောင်းကောင်းအိပ်ပြီး အနားယူရမှာဘဲ၊ ငါပြောတာ မှန်တယ်ဆိုတာ မင်း သိလာရလိမ့်မယ်'

အာဝိုး ဘာမှမပြောတော့ဘဲ လူလိမ္မာလိုက်၏။

ထို့နောက် အဘိုးအိုပေးသည့်အဝတ်အစားများကိုလဲလှယ်ဝတ်ဆင်လိုက်လေသည်။ အဘိုးအို၏ဆေးကို သောက်ထားခြင်းကြောင့် ဝမ်းဗိုက် ဆာလောင်သလို အိပ်ချင်စိတ်များလည်း ဒွန်တွဲ ဖြစ်ပေါ်နေသည်။

အဘိုးအိုက...

'အဝတ်အစား သပ်သပ်ရပ်ရပ်နဲ့ဆိုတော့ မင်းကို ဘယ်သူမှ ဓားပြတစ်ယောက်လို့ ထင်ကြမှာ မဟုတ်ဘူး၊ အချိန်ရရင် မုတ်ဆိတ် ရိတ်ပစ်လိုက်ဦး၊ ကဲကဲ... အခုတော့ စားစရာရှိတာစား၊ အိပ်စရာရှိတာ အိပ်'

အစားအသောက်များကို ရှေ့ချပေးရင်း ပြောသည်။

အာဝိုးမှာ အဘိုးအိုအား လွန်စွာမှပင် ကျေးဇူးတင်မိသည်။ ကျေးဇူးတင်စကားပြောလျှင် ကြိုက်မည်မဟုတ်သည်ကို နားလည်ထားရကား ဘာမျှ မပြောတော့ဘဲ စားစရာရှိသည်ကို စားပစ်လိုက်လေသည်။

ဗိုက်တင်းအားသွားအောင် စားလိုက်ပြီးသည်နှင့် အိပ်ချင်စိတ်များ ပြင်းထန်လာသည်။

နောက်ဆုံး ဟန်မဆောင်နိုင်တော့ဘဲ...

'ကျွန်တော် မျက်လုံး မဖွင့်နိုင်တော့ဘူးဗျ'

ပြေးလာ ကြမ်းပြင်ပေါ်ခါ ါးဆန့်လိုက်၏။ ကြေးပါချေ တခေါ်ခေါ်ဟောက်လျှာ အိပ်ပျော်သွား၏။

အဘိုးအိုမှာ ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။

'အိပ်ချင်မှာပေါ့ကွာ၊ ဆေးထဲမှာ အိပ်ဆေးပါ ရောထည့် ထားတာကိုး'

အာဝိုးအိပ်ပျော်သွားသည်ကို အတန်ကြာသည်အထိ အကဲ ခတ်ကြည့်နေလိုက်၏။ နောက်မှ ထိုင်ရာမှထလာ ခြေဖော့နင်း၍ ထွက်သွားလေတော့သည်။

✚

'မင်းအဖြစ်ဆာ အတော့်ကို ဆန်းတာပဲ'

အဘိုးအို မှတ်ချက်ချလိုက်လေသည်။

အာဝိုးမှာ တဖျစ်ဖျစ်မြည်လာ တောက်လောင်နေသည့် မီးပုံကို ငေးကြည့်နေ၏။ မီးပုံမှ မီးတောက်မီးလျှံများသည် အနွေးဓာတ်ကို ပေးစွမ်းသလို အမှောင်ထုကို တွန်းထုတ်ပေး သည်။

အိမ်ပျက်ကြီးအပြင်ဘက်ဝယ် မှောင်မည်းနေပြီဖြစ်နေသော် လည်း အခန်းတွင်းမူ လင်းလင်းချင်းချင်း ဖြစ်နေလေသည်။



အဘိုးအိုသည် အရက်တစ်ငုံသောက်လိုက်ပြီး...

'ကျောင်းလိမ်မြို့စားသမီးဟာ မင်းကိုသဘောကျတယ်၊ မင်းက လဲ သူ့ကို နှစ်နှစ်ကာကာချစ်တယ်၊ ဒါပေမယ့် စာဝချင်း ကွာ ခြားနေလို့ မင်းဟာ ရှောင်ဖို့ ဆုံးဖြတ်လိုက်တယ်၊ ကိုယ့်ချစ်သူ မျက်နှာငယ်ရမှာ၊ သိက္ခာကျမှာ၊ အရှက်ကွဲမှာ စိုးရိမ်လို့ အနစ် နာခံလိုက်တယ်ပေါ့ ဟုတ်လား'

ဟု ပြောလာသည်။

အာဝိုး ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ကျွန်တော့်ကြောင့် သူ စိတ်မဆင်းရဲစေချင် ဘူး'

'ဒါဖြင့် မင်းအခုလို လုပ်လိုက်တော့ သူ စိတ်ချမ်းသွားတယ် ပေါ့ ဟုတ်လား'

'ဗျာ'

မမျှော်လင့်ဘဲ ကြားလိုက်ရသည့် မေးခွန်းကြောင့် အာဝိုး ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

အဘိုးအိုက...

'မင်းက အချစ်သူ့ရဲ့ကောင်းကြိုးလုပ်ပြီး ချစ်သူအတွက် အနစ်နာခံ နောက်ဆုတ်လိုက်မယ်ဆိုတော့ သူဟာ စိတ်ချမ်းသာ သွားမယ်၊ ပျော်ပျော်ရွှင်ရွှင်နဲ့ တခြား လူတစ်ယောက်ကို လက်ထပ်လိုက်မယ် ဆိုပါတော့လေ'

'ဟာ'

အာဝိုး လှုတ်ခနဲ အော်လိုက်မြန်သည်။

အဘိုးအိုက...

'မင်းက မေတ္တာစစ်နဲ့ ချစ်မြတ်နိုးလို့ အနစ်နာခံခဲ့သလို သူကလဲ မင်းကို မေတ္တာစစ်နဲ့ မြတ်နိုးတယ်ဆိုရင် စောရမှာလို တာ ဖြစ်ဖြစ် မင်းကိုပဲ လက်ထပ်ချင်မှာပေါ့၊ တခြားလူတစ်ယောက်ကို လက်ထပ်နိုင်ပါ့မလား၊ မဖြစ်လို့ လက်ထပ်လိုက်ရဦးတော့ တစ်သက်လုံး စိတ်ဆင်းရဲနေရမှာပဲဆိုတာ မင်း မတွေးမိဘူးလား'

'ကျွန်...ကျွန်တော်....'

'မင်းဟာ တစ်ကိုယ်ကောင်းသမားပဲ၊ ကိုယ့်အကျိုး ကိုယ်တွေးတာပဲ၊ ဟို မိန်းကလေးဘက်ကလဲ စဉ်းစားကြည့်ဦးမှပေါ့၊ မင်းဟာ ဘယ်လို လူစားမျိုးဆိုတာ သူရိပ်မိနေခဲ့သားပဲ၊ ဒါကြောင့် တခြား မင်းသားလေးတွေကိုကျော်ပြီး မင်းကို ရွေးလိုက်တာ၊ မင်းဟာ သူ့လို သတ္တိရှိမယ်ဆိုရင် အခုလို ဖြစ်လာစရာ အကြောင်းမရှိဘူး၊ မင်းရဲ့မျက်ဆိုကြီးလဲ ဆေးချမှာ မဟုတ်ဘူး'

အာဝှမ်းက နားမကြည့်နိုင်စွာဖြင့်—

'ကျွန်တော့မှာ သတ္တိ ရှိဘူး ဟုတ်လား'

'ဟုတ်တယ်လေ'

'ဘာကြောင့်လဲဗျ'

'ထိုင်တာပေါ့၊ မင်းဟာ စောရာဝကို စွန့်မယ်၊ ကိုယ့်ချစ်သူ မျက်နှာမငယ်ရအောင် တင့်တောင်း တင့်တယ် ထားနိုင်အောင် ကြိုးစားမယ်၊ သူများထက် မသာချင်တောင်မှ တန်းတူ ရည်တူအောင် လုပ်မယ်လို့ သတ္တိ မွေးပြီး ကြိုးစားခဲ့ရင် ဒီလို ဖြစ်လာပါ့မလား'



အာဝှမ်း ခေါင်းငိုက်စိုက် ကျသွားလေသည်။ အဘိုးအို ပြောသည့် စကားများသည် သွေးထွက်အောင် မှန်ကန်နေပေတော့သည်။

လူသည် မိမိကိုယ်တိုင်သာမက ကျင်းကျင်းပေါ စိတ်ဆောအာ ဝေဒနာ ခံစားရလေအောင် ဖန်တီး ဆုံးဖြတ်ခဲ့သူ ဖြစ်သည်။ ပျော့ညံ့စွာဖြင့် နောက်ဆုတ် ရှောင်ပြေးခဲ့သူ ဖြစ်သည်။ နှစ်ယောက်စလုံး၏ ဘဝ သာယာရေးအတွက် ကြိုးစား အားထုတ်ရန် ကစ်စက်အလေးမှ တွေးတော စဉ်းစားခဲ့သူမဟုတ်ချေ။

'ကျွန်တော် မှားသွားပြီ'

အာဝှမ်း တီးတိုး ညည်းညူလိုက်၏။

အဘိုးအို ပြုံးလိုက်သည်။

'မင်းအမှားကို မင်းသိတဲ့အချိန် နောက်မကျသေးပါဘူး ကွာ၊ မင်းကို ငါ သတင်းတစ်ခု ပြောပြမယ်'

'ဟုတ်ကဲ့ ပြောပါ'

'ကျင်းလိမ် မြို့စားက လောလောပေါ်မှာ တင်ဖိုး အရှိဆုံး ရတနာကို ရှာဖွေနိုင်တဲ့လူနဲ့ သူ့သမီး ကို ပေးစားမယ်လို့ ပြောလိုက်တယ်၊ ဒါကြောင့် မင်းသားအလေးသုံးယောက်ဟာ ကျင်းလိမ်မြို့တော်က ထွက်သွားကြပြီ'

ထိုစကား ကြားလျှင် အာဝှမ်း၏ မျက်လုံးများ အရောင် တဖိတ်ဖိတ် တောက်ပလာလေသည်။

'ဒါ ဒါဆို ကျင်းကျင်းတာ ဘယ်သူနဲ့မှ လက်မထပ်ရသေးဘူးပေါ့'

'ဘယ်အခါလာ လက်ထပ်ရမှာလဲ၊ နောက်တစ်နှစ် ကြာတဲ့အခါ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာကို ရှာဖွေနိုင်သူနဲ့ လက်ထပ်ပေးမှာ'

အာဝှီး မရိုးရွှေ ဖြစ်လာသည်။

အဘိုးအိုက အာဝှီးကို တစ်ချက်ကြည့်လိုက်ပြီးမှ....

'တကယ်လို့ မင်းသာ သတ္တိရှိရှိနဲ့ အဖိုးမဖြတ်နိုင်တဲ့ ရတနာကို လိုက်ရှာမယ်၊ ရှာလို့ တွေ့ခဲ့မယ်ဆိုရင် မင်းဟာ တခြားမင်းသားတွေထက် ပိုပြီး အရည်အချင်း ရှိသူ ဖြစ်မနေဘူးလား။ ကျောင်းလိမ်မှုစားအ သူ အတိုင်းအဘိုင်း မှင်းကို လက်ခံဘဲ နေလို့ရတော့မှာ မဟုတ်ဘူး'

ဟု ပြော၏။

အာဝှီး ထိုင်ရာမှ ထခုန်လိုက်ပြီး....

'ကျွန်တော် တွေ့အောင် ရှာမယ်'

ဟု ရင်ကော့ကာ ပြောလိုက်လေသည်။

အဘိုးအို ပြုံးလိုက်သည်။

'ကောင်းပြီ သွားရှာပေတော့'

အာဝှီးက အဘိုးအိုအား ဦးညွတ် ဂါရဝ ပြုလိုက်သည်။

'ကျွန်တော့်ကို ကူညီခဲ့ဘာတွေ အားပေးခဲ့ဘာတွေ လမ်းမှန်ပြခဲ့တာတွေကို ကျေးဇူးတင်လို့ မဆုံးပါဘူး ခင်ဗျား တစ်နေ့ပြန်ပြီး ကျေးဇူးဆပ်ပါ့မယ်'

'မလိုပါဘူးကွာ'

'ကဲ-ကျွန်တော့်ကို ခွင့်ပြုပါဦး'

'အေး...အေး'



အာဝှီးသည် အဘိုးအိုကို နှုတ်ဆက်ပြီးသည်နှင့် အပြင်ဖက်သို့ ခပ်သွက်သွက် ထွက်ခဲ့လေသည်။

ထိုသော် အခန်းတံခါးဝသို့ ရောက်လျှင် ခြေလှမ်း တုန့်ခနဲ ရပ်သွား၏။ နောက်လှည့်ကာ အဘိုးအိုကို ကြည့်လိုက်သည်။

တစ်ဖန် ခေါင်းငိုက်စိုက်ချကာ အတွင်းဘက်သို့ ပြန်ဝင်ခဲ့လာတော့သည်။

+ × ×

အဘိုးအို ပြုံးလိုက်သည်။

'မင်းသွား တော့မယ်ဆို'

ဟု လှမ်းမေးလိုက်လေသည်။

အာဝှီး ခေါင်းယမ်းပြလိုက်၏။

'ကျွန်တော် မသွားနိုင်သေးဘူး'

'ဘာ ဖြစ်လို့လဲကွ'

'အဖိုး မဖြတ်နိုင်တဲ့ ရတနာ ဘယ်မှာ ရှိသလဲဆိုတာ ကျွန်တော်မှ မသိတာ၊ ဘယ်ကို သွားရမှာလဲ'

အာဝှီးသည် စိတ်ပျက်လက်ပျက်ဖြင့် ကြမ်းပြင်ပေါ် ထိုင်ချလိုက်လေသည်။

အဘိုးအိုခါ၏မျက်နှာ တည့်သွားသည်။

'ခင်ဗျား အလုပ်တစ်ခုကို မလုပ်ရသေးဘူး၊ စိတ်ပျက်စရာ ရှေ့ဆုံးကာကိုး၊ ဒီလိုဆိုရင် မင်းဘာပဲလုပ်လုပ် အောင်မြင်နိုင်ပါတော့မလားကွ'

ဟု ပြင်တင်ပြောဆိုလိုက်သည်။

အာဝှီး သနပ်မြန်မပြောတဲ ငြိမ်ခနေလေသည်။

အဘိုးအိုက...

'မတွေ့တွေ့အောင် ရှာမယ်လို့ မင်းမတွေးဘူးလား၊ သူများတွေတောင် ကြိုးစားပန်းစား လိုက်ရှာနေကြပြီ၊ မင်းကတော့ ဒုတ်တုတ်ထိုင်နေတုန်းပဲ၊ ဒီအတိုင်းဆိုရင် သူများတွေ ရှာလို့ အချိန်ကျရင် မင်းမျက်ရည်ကျရလိမ့်မယ်'

ထိုစကားကြားလျှင် အာဝှီး ခေါက်ခနဲ ထရပ်လိုက်တော့သည်။

အဘိုးအိုက...

'ဘာလဲ၊ မင်းက လိုက်ရှာချင်ပြန်ပြီလား'

ဟု မေးသည်။

အာဝှီး ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါတယ်'

'ကောင်းကွာ၊ ကိုယ့်အာသာရှုဖို့ကျတော့ စိတ်ပျက် အားငယ်နေတယ်၊ သူများတွေ ရှာနေတာ ဆိုပြန်တော့လဲ မနာလိုပြန်ဘူး၊ အာဝှီး မင်းဓာမြို့စားသမီးကို မမှန်းပဲ ကိုယ့်အခသာစောခုအတွက်နဲ့ ပျော်ပျော်နေဖို့ ကောင်းတယ်'

အာဝှီး၏မျက်နှာ နီရဲသွားလေသည်။



အဘိုးအို၏နေရာတွင် အခြားလူတစ်ယောက်ဆိုလျှင် ဒေါကြီးကိုက်ခိုက်မိလိမ့်မည် ဖြစ်ပေသည်။

အဘိုး အိုက....

'တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာကို ဘယ်နေရာမှာ လိုက်ရှာမယ်ဆိုတာ တွေးဦး၊ ဘယ်လိုရတနာမျိုးကို ခေါ်တယ်ဆိုတာ မင်းသိသို့လား'

ဟု မေးသည်။

အာဝှီး မျက်လုံးပြူးသွားသည်။

'ကျွန်...ကျွန်တော်'

အာဝှီး ဖြေနိုင်တဲ့ စကားထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏။

အဘိုးအိုက....

'မင်းသားလေး သုံးယောက်တော့ ရှာရမယ်ဆိုလို့ လိုက်ရှာနေကြတယ်၊ အဖိုးဖြတ်နိုင်တဲ့ ရတနာဟာ ဘယ်လိုပစ္စည်းဆိုတာ မသိကြဘူး၊ ကိုယ့်စိတ်ကူးနဲ့ကိုယ် ရမ်းသမ်း ရှာဖွေနေကြတာကွ'

'ဟား၊ ဒီအတိုင်းဆို အဓိပ္ပာယ်အမှန်ကိုသိရင် အခြားလူတွေထက် ကိုယ်ဦးပြီး ရှာတွေ့ဖို့ နိုးစင်တာပေါ့'

အာဝှီး ဝမ်းသာအားရ ပြောလေသည်။

အဘိုးအို ခေါင်းညိတ်လိုက်သည်။

'ဒါပေါ့ကွာ၊ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာဆိုတာ ဘာကိုဆိုလိုတာလဲ၊ ဒီအဓိပ္ပာယ်ကို သိထားရမယ်၊ ဒါမှရှာလို့ တွေ့နိုင်တော့မှာပေါ့'

'ကျွန်...ကျွန်တော်တော့ မတွေးတတ်ဘူး'

အဘိုးအိုမှဲ့ပြုံးပြုံးအော...

'ဘာသဲ၊ မင်းက ငါ့ကိုသိတယ်လို့ ထင်နေတာလား'

'ကျွန်တော်...ကျွန်တော်'

'ငါလဲ မသိဘူးကွ'

'ဗျာ'

အာဝုဓ်း အားမလို အားမရ ဖြစ်သွားတော့သည်။

အဘိုးအိုသည် အပြီးသတ်ကျမှ ချော်တွက်သွားသူ ဖြစ်နေသည်ဟု တွေးမိလာသည်။

အဘိုးအိုက...

'ငါက ဘာမှန်းမသိပေမယ့် ဘာဆိုဘာ ပြောပြနိုင်မယ့် လူတစ်ယောက် ဆီကိုတော့ လမ်းညွှန် ပေးနိုင်ပါသေးတယ်ကွာ....'

'ဟာ ဒါဆို ကျွန်တော့်ကို ပြောပြပါလား၊ သူဘယ်မှာ နေတာလဲဟင်'

'နေဦးလေ၊ မင်းက စိတ်သိပ်စောလှတာကိုး၊ ငါပြောပြတဲ့ စကား သိုးအောင်နားထောင်စမ်းပါဦး'

အာဝုဓ်း လေသက မတက်ဝံ့တော့ဘဲ ငြိမ်နေလိုက်ရလေသည်။

အဘိုးအိုက....

'အဖိုးမဖြတ်နိုင်တဲ့ ရတနာဆိုတာဟာ အဓိပ္ပာယ်ကျယ်ဝန်းလွန်းတယ်၊ ဥပမာ ဟောဒီအခဆောက်အအုံလောက်ရှိတဲ့ စိန်တုံးကြီးတစ်တုံး ဆိုပါတော့ကွာ၊ ဒါဟာ အဖိုးမဖြတ်နိုင်တဲ့ရတနာလား'



'ဟုတ်ကဲ့ ဖြစ်နိုင်ပါတယ်ခင်ဗျာ'

ကြီးမားလှသော စိန်တုံးကြီးအား မည်သူက တန်ဖိုးဖြတ်နိုင်ပါမည်နည်း။

ထို့ကြောင့် အာဝုဓ်းက ထောက်ခံလိုက်ခြင်းဖြစ်၏။

အဘိုးအိုက....

'ကောင်းပြီ၊ အဲဒီစိန်တုံးကြီးကို အပိုင်းပိုင်း ဖြတ်တောက်ခွဲစိတ်လိုက်မယ်၊ နောက်ဆုံး လက်သည်းခွံလောက်အတုံးတစေ့စေ့ဖြစ်အောင် လုပ်လိုက်မယ်ဆိုပါတော့၊ အဲဒီအခါကျတော့ရော'

'တစ်နေ့ချင်းတော့ ဘယ်လောက် တန်ဖိုးရှိတယ်ဆိုတာ ပြောနိုင်မှာပါ'

'ဟုတ်ပြီ၊ စိန်တုံးကြီးကို ဆယ်ပိုင်းပိုင်းပြီးဆိုပါတော့၊ တစ်ပိုင်းကို ငွေတစ်ကျပ်တန်တယ်ဆိုပါတော့၊ တစ်ပိုင်းဟာ ငွေတစ်ကျပ်တန်တယ်ဆိုရင် ဆယ်ပိုင်းဆိုတော့ ငွေတစ်ဆယ် ဖြစ်မနေပေဘူးလား'

'မှန်ပါတယ်ခင်ဗျာ'

'ဒါဆိုရင် စိန်တုံးကြီးရဲ့ တန်ဖိုးဟာ ငွေတစ်ဆယ်ပဲရှိတော့ပေါ့'

အာဝုဓ်း၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာပြန်လေသည်။

အဘိုးအိုဆိုလိုသည့်သဘောကို နားလည်စပြုလာပြီဖြစ်လေသည်။

အတိုးအိုက....

ဥယျာဉ်မှာပေးထားတဲ့ စိန်တုံးကြီးလိုပဲ ရွှေငွေ ကျောက်သံပတ္တမြား အစရှိသဖြင့် အသုံးဝင်တာပဲ၊ ငါ့သဘော ပြောရရင် ကျောက်မျက်ရတနာတွေဟာ တန်ဖိုးရှိတာမှန်တယ်၊ ဒါပေမယ့် တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာပစ္စည်း ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး မဟုတ်လား'

'ဒါ... ဒါဆို တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာပစ္စည်းက ဘယ်လိုမျိုးလဲဗျ'

အတိုးအိုက တည်ကြည်စွာဖြင့်....

'ကံ၊ ဉာဏ်၊ ဝီရိယ၊ ဇွဲ၊ လုံ့လပေါ့'

ဟု ပြောသည်။

'ဗျာ'

အာဂုံး ကြောင်တက်တက် ဖြစ်နေပါ၏။

အတိုးအိုက ဆက်ပြောသည်။

'အဖိုးမဖြတ်နိုင်တဲ့ ရတနာကို ရှာခိုင်းတဲ့လူဟာ ကျင်းသိမ်မြို့စားရဲ့ သမီးတော်လေးဖြစ်နေတော့ အင်း....သူက ချစ်ခြင်းမေတ္တာကို ရည်ရွယ်ပြောတာလဲ ဖြစ်နိုင်တယ်ကွ'

အာဂုံး စိတ်လှုပ်ရှားနေသည်။

အတိုးအိုနှင့် တွေ့ရသည်မှာ လွန်စွာမှပင် ကံကောင်းခြင်းဖြစ်သည်ဟုလည်း စိတ်ထဲ မှတ်ယူနေမိလေသည်။

သူ့အား လမ်းပြပေးခဲ့သည့် မျောက်အိုကြီးမှာ သေဆုံးသွားခဲ့ပြီ၊



သူတောင်းစား အတိုးအိုသည် မျောက်အိုကြီး နေရာတွင် အစားဝင်နိုင်ခဲ့သူ ဖြစ်ပေသည်။

သို့သော် မျောက်အိုကြီးတော့ ဘယ်သောအခါမှ ဖြစ်မလာနိုင်ပါချေ။ မျောက်အိုကြီးအကြောင်းကို အမှတ်မထင် တွေးမိသောအခါ မျက်နှာညှိုးကျသွားလေသည်။

အတိုးအိုက မျက်မှောင်ကြုတ်ကာ....

'မင်း ဘာဖြစ်သွားတာလဲ'

ဟု မေးလေသည်။

အာဂုံး ခေါင်းယမ်းလိုက်သည်။

'ဘာမှမဖြစ်ပါဘူးဗျာ'

'မင်းက မြို့စားကြီးသမီးကို မေတ္တာစစ်နဲ့ ချစ်ဘယ်ဆိုဘာ အမှန်ပဲလားကွ'

အာဂုံး ဘာမှမပြောဘဲ နေလိုက်သည်။

အတိုးအိုက....

'ငါမေးတာ ဖြေပါဦးကွ'

'ဖြေရမှာလိုပါဘူးဗျာ၊ ကျွန်တော် သူ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ သူသိပါတယ်၊ မြို့စားသမီးဆိုတဲ့ ဂုဏ်ပုဒ်ကြောင့်လဲ မဟုတ်ပါဘူး၊ တကယ်လို့ သူဟာ သူဆင်းရဲလေးသာဆိုရင် သိပ်ကောင်းမှာပဲဗျ'

'ဟား...ဟား...ဟား'

အတိုးအို သဘောကျစွာ ရယ်မောလိုက်လေသည်။

အာဂုံးက အတိုးအိုကို တစ်ချက်ကြည့်ပြီး ဘာမှမပြောဘဲ နေလိုက်ပြန်သည်။

အတိုးအိုအာ....

'အာဝဇ္ဇန်း မင်းကသူ့ကို မေတ္တာစစ်နဲ့ ချစ်တယ်၊ သူ့အလဲ မင်းကို မေတ္တာစစ်နဲ့ ချစ်တယ်ဆိုရင် ဘယ်လောက်ပဲ အခက်အခဲ ဒုက္ခ ရှိပါစေ၊ နောက်ဆုံး တစ်နေ့မှာ မင်းတို့ အကြောင်းဆက် ပေါင်းဖက်ရမှာပဲကွ၊ ဒါပေမယ့် စိတ်ပျက်ဝမ်းနည်းနေတာ ကိုယ့်အဝကို ဖြစ်လိုရာဖြစ်စေတော့လို့ အားလျော့သွားလိုက်မယ် ဆိုရင်တော့ ဒီဘဝသက်တမ်းမှာပြောနဲ့၊ ဘယ်သက် ပေါင်းရမှာ မဟုတ်ဘူး၊ ဒဲ့သို့ လဝီရိယရှိရမယ်၊ မဆုတ်နစ် ကြိုးစားရမယ်၊ ဒါဆိုရင်တော့ အောင်မြင်ခြင်းပန်းဘိုင်ကို ရောက်မှာပဲကွ'

အာဝဇ္ဇန်းအ...

'ဦးပြောတဲ့အတိုင်းဆိုရင် ဘဝိုးထိုက်ဘုန်းဆုံး ခရာကို လိုက် ရှာရမှာတောင် မလိုတော့ဘူးပေါ့'

အတိုးအို ပြုံးလိုက်သည်။

'ဝါက ယေဘုယျသဘောကိုပြောတာ၊ မင်းတို့ ဝါတို့တွေ သလို မဟုတ်တဲ့ သူတို့မှာ ရည်ရွယ်ချက်တစ်ခု ရှိနေတယ်ဆိုရင် လိုက်မရှာဘဲ ထိုင်ကြည့်နေလို့ အရှုံးကြီးရှုံးရလိမ့်မယ်'

အာဝဇ္ဇန်း ခေါင်းညိတ်လိုက်သည်။

'ကျွန်တော် နားလည်သဘောပေါက်ပါပြီဗျာ၊ ကျွန်တော် တယ်သူ့ဆီမှာ ချဉ်းကပ်ခမ်းမြန်းရမယ်ဆိုတာပဲ ညွှန်ကြားပေး ပါတော့'

အတိုးအိုအာ...

'အင်း...လမ်းညွှန်လိုက်တာအာ ဟုတ်ပါပြီ၊ မင်းသွားရမယ့် လမ်းမှာ အန္တရာယ်တွေများလှတယ်'



'ကိစ္စမရှိပါဘူး၊ ကျွန်တော်မမှုပါဘူးဗျာ'

'မင်းက သတ္တိရှိသပြီနော်၊ ကောင်းပြီ၊ မင်းသွားရမယ့် ခရီးလမ်းကြောင်းကတော့'

အတိုးအိုသည် ရှည်လျားစွာဖြင့် ရှင်းလင်း ပြောပြလိုက် လေသည်။

အာဝဇ္ဇန်း ခေါင်းတဆတ်ဆတ်ညိတ်အော နားထောင်နေသည်။ အတိုးအိုပြောပြသည့် ခရီးလမ်းမှာ လွန်စွာမှ ထူးဆန်းနေပေရာ နားထောင်ရင်း စိတ်ဝင်စားလာသဖြင့် ခေါင်းပင် မညိတ်နိုင် ပါတော့ချေ။

အတိုးအိုကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်ကာ နားထောင်နေသည်။

သူ၏စိတ်အစဉ်သည် အတိုးအိုပြောသည့် လမ်းခရီးတွင် လွင့်မျောပါသွားလေတော့သည်။

ကျွင်းလိမ်မြို့...

ကျွင်းလိမ်မြို့သည် ထုံးစံအတိုင်း လူစည်ကားနေသည်။

လမ်းပေါ်တွင် အရောင်အသွေး စုံလင်စွာ ဝတ်ဆင်ထားကြသူများသည် ပျော်ပျော် ရွှင်ရွှင် ရယ်ရယ်မောမော ပြောဆိုရင်း သွားလာနေကြသည်။

တင်းတင်းသည် မြို့လည်ဘုရားကျောင်းရှေ့ ကျောက်လှေကား ထစ်ပေါ်တွင် ထိုင်နေသည်။

သူမ၏မျက်လုံးများသည် ပတ်ဝန်းကျင်ကို ငေးမောကာ ငေးမှောက်ကြည့်နေ၏။ ဘုရားကျောင်းပေါ်သို့ ဝင်သွားသူ ထွက်သွားသူများ မစဲပဲ ရှိနေသည်။

သူမ၏ခေါင်းသို့ ဖြတ်တက်သွားလိုက် ပြတ်ဆင်းသွားလိုက် ဖြစ်ပြီး ရှုပ်ထွေးနေ၏။ သို့တိုင် တင်းတင်းမှာ မထေ့ ဆက်ထိုင်နေ၏။

သူမ ထိုသို့ထိုင်နေရသည်မှာ အကြောင်းရှိပါသည်။

'ဟော'

တင်းတင်း၏ နှုတ်ဖျားမှ လွှတ်ခနဲ ရေရွတ်လိုက်သည်။

သူမ၏မျက်လုံးများ အရောင်တဖိတ်ဖိတ်ဝင်းလက်တောက်ပလာသည်။ လမ်းပေါ်၌ သွားလာလှုပ်ရှားနေသူများကြားမှ လူတစ်ယောက် ဖဲ့ထွက်လာသည်ကို တွေ့ရ၏။

ထိုလူမှာ တင်းတင်းထံသို့ ဦးတည်လှမ်းလာနေခြင်း ဖြစ်ပေသည်။ တင်းတင်း ထိုင်ရာမှ ထရပ်လိုက်၏။

သူမထံသို့ လှမ်းလာနေသူမှာ ရုပ်ရည်ကြမ်းတမ်းခက်ထန်ပြီး လူဆိုးသူခိုးပုံပေါက်နေသူဖြစ်၏။



ထိုလူမှာ ကျွင်းလိမ်မြို့၏ လမ်းကြို လမ်းကြား များတွင် ကျင်လည်ကျက်စားနေသည့် သူခိုးများ လူလိမ်လူကောက်များ အကြောင်း နှံ့နှံ့စပ်စပ် သိထားသူတစ်ယောက် ဖြစ်ပေသည်။

ထိုလူသည် တင်းတင်းအနီးသို့ ရောက်လာပြီး စေ့စေ့စပ်စပ် အကဲခတ်ကြည့်ကာ...

'မိန်းကလေးက ကျုပ်ကိုတွေ့ချင်တဲ့ သူလား'

ဟု မေးလာသည်။

တင်းတင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် ရှင်ဟာ ကြွက်တီလူး မဟုတ်လား'

ဟု ပြန်မေးလိုက်သည်။

ထိုလူ ခေါင်းညိတ်ပြသည်။

'ဟုတ်တယ် ကျုပ်ဟာ ကြွက်တီလူးပဲ၊ မိန်းကလေးက ဘာကြောင့် ကျုပ်ကို တွေ့ချင်ရတာလဲ ကျုပ်က မြို့တော်ဝန်ဂေဟာက လူတွေနဲ့ ပတ်သက်ချင်တာ မဟုတ်ဘူး'

တင်းတင်း ပြုံးလိုက်သည်။

မြို့တော်ဝန်ဂေဟာမှ တာဝန်ရှိသူများသည် ကျွင်းလိမ်မြို့တွင် ဒုစရိုက်မှု ပြုလုပ်နေကြသူများကို စုံစမ်းဖော်ထုတ်ကာ အပြစ်ပေး အရေးယူလေ့ရှိသည်။

ထို့ကြောင့် ဒုစရိုက်သမားများသည် မြို့တော်ဝန်ဂေဟာမှ လူများကို ခပ်ခွာခွာမှ ရှောင်ကြသည်။

ကျွင်းလိမ်မြို့တွင် ဒုစရိုက်မှုများ ကြီးကြီး ကျယ်ကျယ် ကျူးလွန်ခဲ့ကြခြင်းလည်း မရှိကြချေ။

သာမန်အခေသးအဖွဲ့ခိုမှု လိမ်ညာမှုကလေးများ လောက်သာ ကြုံကြားကြုံကြား ဖြစ်လေ့ရှိရာ ကျောင်းလိမ်မြို့စား ကျောင်းဝင်းတံ၏ လက်အောက်တွင် ကျောင်းလိမ်မြို့ကြီးသည် အေးချမ်း သာယာလှသည်ဟု ဆိုနိုင်ပေတော့သည်။

တင်းတင်းသည် အာဝ္ဂိုးအား တွေ့အောင် ရှာပေးမည်ဟု ကျောင်းကျောင်းအား ကတိပေးခဲ့သည့် အတိုင်း ပထမဦးဆုံး ကျောင်းလိမ်မြို့မှ ဒုစရိုက်သားများနှင့် ဆက်သွယ်စုံစမ်းရန် ကြိုးစားခြင်း ဖြစ်ပေသည်။

မြို့စားကြီး၏ ဖမ်းဆီးခြင်းခံရသူတစ်ယောက်ထံ သွားရောက်မေးမြန်းရာမှ ကျောင်းလိမ်မြို့၏ ဒုစရိုက်လောကတွင် ထိပ်ဆုံးမှ နေရာယူထားသူမှာ ကြက်ဘီလူးဆိုသူဖြစ်ကြောင်း မည်သို့မည်ပုံ ဆက်သွယ်နိုင်ကြောင်း သိခဲ့ရသည်။

ထိုလူ၏ လမ်းညွှန်မှုအတိုင်း ပြုလုပ်ခဲ့ရာမှ ယခု ကြက်ဘီလူးနှင့် ဆုံတွေ့ခြင်းဖြစ်ပေသည်။

တင်းတင်းက....

'ကျွန်မကရှင့်ကို ဒုက္ခပေးမှာမဟုတ်ပါဘူး၊ ရှင့်ဆီက အကူအညီတစ်ခု တောင်းချင်လို့ပါ'

'ဘာ'

ကြက်ဘီလူး ကြောင်အမ်းအမ်းဖြစ်သွားသည်။ တင်းတင်းကို မယုံကြည်နိုင်စွာ ကြည့်လိုက်လေသည်။

'မြို့စားဂေဟာကလူတွေက ကျုပ်ဆီက အကူအညီလိုချင်ကြတယ် ဟုတ်လား၊ လူကြားရင် ရယ်စရာကြီးဖြစ်နေပြီ'

တင်းတင်းက တည်ကြည်သော မျက်နှာထားဖြင့်....



'အကူအညီဆိုတာက ကျွန်မပါရှင်၊ မြို့စားဂေဟာကလူတွေ မဟုတ်ပါဘူး'

'ကြော်....မင်းအတွက်ကိုး၊ ကဲ...ဘယ်လိုကိစ္စလဲဆိုတာ ပြောစမ်းပါဦး'

'ကျွန်မက လူတစ်ယောက်အကြောင်း သိချင်တယ်'

ကြက်ဘီလူး တွေဝေသွား၏။

သတိထားသောအကြည့်ဖြင့် တင်းတင်းကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

တင်းတင်းက...

'ကျွန်မက ရှင့်ကို လှည့်စားဖို့ ကြံစည်နေတယ်လို့ ရှင်ထင်ရင် မှားသွားလိမ့်မယ်၊ လူတစ်ယောက်အကြောင်း ကျွန်မသိချင်တယ်၊ အဲဒီလူအကြောင်း ပြောပြနိုင်ရင် ရှင့်ကိုငွေတစ်ထောင် ပေးမယ်'

'ဟင်'

ငွေတစ်ထောင်ဟူသည့် စကားကြားလျှင် ကြက်ဘီလူး ခေါင်းထောင်လာလေတော့သည်။

ကြက်ဘီလူးက...

'မင်းကလေးက ဘယ်လူ့အကြောင်း သိချင်တာလဲ ပြောစမ်းပါဦး'

ဟု မေးလေသည်။

တင်းတင်းက....

'သူ့နာမည်က အာဝ္ဂိုးလို့ ခေါ်တယ်ရှင်၊ ဓောရှု တစ်ယောက်ပဲ'

'အာဝုဒ်း ဟုတ်လား'

'ဟုတ်တယ်'

ကြက်တီလူး ခေါင်းကုတ်လိုက်လေသည်။

မျက်မှောင်ကြီး ကြုတ်ကာ အတန်ကြာသည်အထိ စဉ်းစားနေ၏။

တင်းတင်းအ....

'သူက အသက်နှစ်ဆယ်ကျော်လောက်ပဲ ရှိသေးတယ်ရှင့်'

ကြက်တီလူး ဆေးဘာစည်းစာ ရှိရာအခါ လမ်းဝ ဖော်ပေးလေသော်။ ကြက်တီလူး ခေါင်းယမ်းလိုက်သည်။

'ကျုပ်မသိဘူး၊ တစ်ခါမှအဘောင် မကြားဖူးဘူးဗျ'

'ရှင် ဘာအယ်မကြားဖူးဘူးလား'

'ဟုတ်တယ်'

တင်းတင်း စိတ်ပျက်သွားလေသည်။

ရှေ့အရက် သူမ ရေလိုက်လွဲနေသည့်အဖြစ်ကို သတိပြုမိလာတော့သည်။ အာဝုဒ်းမှာ ကျောင်းလိမ်မြို့ ဇာတိ မဟုတ်ပါချေ။

ထို့ကြောင့် ကြက်တီလူးသည် အာဝုဒ်းကို သိမည်မဟုတ်ပါ။ အကယ်၍သာ အာဝုဒ်းသာ ကျောင်းလိမ်မြို့ဇာတိ ဖြစ်နေလျှင် ကြက်တီလူးက ချက်ချင်း သိသွားမည် ဖြစ်ပေသည်။

တင်းတင်း သက်ပြင်းချမိလေတော့သည်။

ထိုစဉ် ကြက်တီလူးက...

'မကြာသေးခင်က ကျောင်းလိမ်မြို့ကို စောရအာဝ်ယောက် ရောက်လာခဲ့တယ်လို့ သတင်းကြားတယ်၊ မိန်းကလေးပြောတဲ့



လူများ ဖြစ်နေမလား မသိဘူး၊ တော်တော် ကြောက်စရာကောင်းတဲ့လူပဲ၊ တစ်နေ့တည်း ရွှေဒင်္ဂါး တစ်သောင်းဖိုးလောက် တန်ဖိုးရှိတဲ့ ပစ္စည်းတွေ ခိုးယူသွားနိုင်ခဲ့တယ်'

တင်းတင်းက ကြက်တီလူးကို ကြည့်လိုက်မိသည်။

ကြက်တီလူးက ဆက်ပြောနေပါသည်။

'အဲဒီလူဟာ အဝတ်ကို ထူးဆန်းတယ်၊ ခိုးဝှက်လို့ ရသမျှ အကုန်သုံးပစ်တာ မဟုတ်ဘူး၊ မရှိဆင်းရဲတဲ့ လူတွေကို လိုက်ဝေပေးခဲ့သေးတယ်ဗျ'

ထိုစကားကြားလျှင် တင်းတင်း ကျေနပ်စွာ ပြုံးလိုက်လေသည်။

'အဲဒီလူဟာ အာဝုဒ်းဖြစ်မှာ သေချာပါတယ်'

ဟု ပြောလိုက်သည်။

ကြက်တီလူး စိတ်ပျက်သွားသည်၊

'အဲဒီလူကို ရှာနေတယ်ဆိုရင်တော့ ကျုပ်ကူညီနိုင်မှာ မဟုတ်တော့ဘူးဗျ'

'ဘာဖြစ်လို့လဲ'

'ဒီလူဟာ မြို့ထဲက ထွက်သွားပြီ'

'ရှင် သေချာတယ်နော်'

'သေချာပါတယ်၊ ကျုပ်ကိုယ်တိုင် သေသေချာချာ စောင့်ကြည့်နေခဲ့တာပါ၊ သူက မြို့ပြင်ဘက်မှာ စတည်းချတယ်ကြားလို့ ကျုပ်တို့သွားကြည့်ခဲ့ကြသေးတယ်၊ မတွေ့ရတော့ဘူး၊ အဲ... လွန်ခဲ့တဲ့ ဆယ်ရက်လောက်က သူ့ဘက်ကြီး မြို့ပြင်ကို ထွက်သွားတဲ့ ခုနက်ရော ကောင်းသူတစ်ယောက်ကို တွေ့တယ်လို့ ကျုပ်

လူတွေ လာပြောလို့ စုံစမ်းကြည့်တဲ့အခါ အဲဒီ မျက်နှာစိမ်း စောရဖြစ်နေတာကို သိရတယ်'

တင်းတင်း သက်ပြင်းချလိုက်ပြန်သည်။

အာဂုဏ်းသည် ကျင်းလိမ်မြို့မှ ထွက်သွားသည်မှာ သေချာ သလောက် ရှိပေသည်။

သူမ အစွမ်းကုန် ကြိုးစားရှာဖွေခဲ့သည်ဖြစ်ရာ အာဂုဏ်းရှိနေ သေးလျှင် တွေ့ကိုတွေ့ရလိမ့်မည်ဟု ယုံကြည်ထားလေသည်။

'သူဘယ်ကို သွားတယ်ဆိုတာတော့ ရှင်သိသလား'

ဟု မေးလိုက်သည်။

ကြက်ဘီလူး ခေါင်းယမ်းလိုက်လေသည်။

'ဒါတော့ သေသေချာချာ မသိဘူးဗျ။ သူကအနောက်ပိုင်း ကို ထွက်သွားတာပဲ၊ သူ့လို ခြေသလုံးအိမ်တိုင် စောရ တစ်ယောက်ဟာ ဘယ်ကိုသွားမယ်ဆိုတာ ဘုရားပဲ သိလိမ့် မယ်...'

တင်းတင်းက...

'အခုလို ပြောပြတာ ကျေးဇူးတင်ပါတယ်ရှင်၊ ရှင့်ဆီက တိတိကျကျ မသိရပေမယ့် ရှင့်ကို ငွေဒင်္ဂါးရာ ချီ မြှင့်လိုက်ပါ့ မယ်...'

ပြောပြောဆိုဆိုနှင့် ဆောင်ထားသည့် အိတ်ရှုံ့ကလေးတစ်လုံး ထုတ်ယူကာ ပေးလိုက်သည်။

ကြက်ဘီလူး အကြီးအကျယ် အံ့သြသွားလေသည်။

'မိန်းကလေး မင်း...မင်းက...'

'အားမနာပါနဲ့ ယူပါတယ်'



တင်းတင်းက အတင်းထိုးပေးသဖြင့် ကြက်ဘီလူး ယူလိုက် ၏။ ငွေအိတ်ကလေးကို သိမ်းဆည်းထားလိုက်ပြီး တင်းတင်းကို လက်နှစ်ဖက်ဆုပ်ကာ ဦးညွတ်လိုက်လေသည်။

'မိန်းကလေးရဲ့ ကျေးဇူးကို မမေ့ပါဘူးဗျာ၊ မိန်းကလေး မှာ အခက်အခဲရှိရင် ကျုပ်ဆီမှာ အချိန်မရွေး အကူအညီ တောင်းနိုင်ပါတယ်'

ဟု ပြောလေသည်။

တင်းတင်း ပြုံးလိုက်သည်။

'ကိစ္စမရှိပါဘူးရှင်'

'မိန်းကလေး ကျုပ်ကို သွားခွင့်ပြုပါဗျာ၊ အာဂုဏ်းဆိုတဲ့ လူနဲ့ပတ်သက်တဲ့သတင်းကြားရင် မိန်းကလေးဆီကို ချက်ချင်း လာပို့ပေးပါ့မယ်'

'ကျေးဇူးတင်ပါတယ်ရှင်'

ကြက်ဘီလူးသည် တင်းတင်းကို နှုတ်ဆက်ကာ ထွက်သွား လေသည်။

ကြက်ဘီလူး မြင်ကွင်းမှ ကွယ်ပျောက်သွားလျှင် တင်းတင်း သက်ပြင်းချလိုက်လေသည်။

'သခင်မလေး ကျင်းကျန်းကို ဘယ်လို ပြန်ပြောပြရပါ့ မလဲ'

ဟု ညည်းညူရင်း မြို့စားဂေဟာဘက်သို့ လေးလံသော ခြေ လှမ်းများဖြင့် ပြန်လျှောက်သွားလေတော့သည်။

\+ + +

အကြံ ကိုယ်စီ

လေခေ့ ဆမ်းတိုက်ခတ်သွားသည်။

လမ်းပေါ်ဝယ် ဖုန်တစ်ထောင်းထောင်း ထသွား၏။

ကွေ့ ခကွေ့ ကောက်ကောက် လမ်းအစသားအတိုင်း လူတစ်စု ခရီးနှင်နေကြသည်။ ထိုသူစုမှာ ကျွန်းလိမ်မြို့မှ ထွက်လာသည့် ခင်းသားလေး ပါဖိုး တို့သူစုဖြစ်လေသည်။

ခင်းသားလေး ပါဖိုးသည် မြင်းလှည်းပေါ်ဝယ် သက်တော်သက်သာ လဲလျောင်းနေ၍ လိုက်ပါလာရင်း သောအခါပေါ်တွင် အဖိုးမဖြတ်နိုင်သည့် တန်ဖိုးအရှိဆုံး ရတနာ ပစ္စည်းမှာ မည်သို့သော ပစ္စည်းဖြစ်ကြောင်း တွေးတောစဉ်းစားနေ၏။



တွေးရင်းတွေးရင်း ထိုမေးခွန်းသည် လွယ်ယောင်နှင့်ခက် တိမ်မယောင်နှင့်နက်အဲသည့်သဘောကို ဆင်ခြင်လာမိသည်။

သူသည် မြောက်ဘက် တောင်တန်းများဆီသို့ သွားသော အဆောင်းဆုံး တွင်းထွက်ကျောက်များပေါ်ယူပြီး အဖိုးမဖြတ် နိုင်သည့် ရတနာအဖြစ် ကျွန်းလိမ်မြို့စားထံတွင် ဆက်သရန် စိတ်ကူးထား၏။

ယခုအခါ သူ၏ အကြံအစည်သည် မဖြစ်နိုင်တော့မှန်း နား လည် သဘောပေါက်လာလေသည်။

ထို့ကြောင့် လဲလျောင်းရာမှထသော မြင်းလှည်းနံရံကို လက် ဝါးဖြင့် တဖုန်ဖုန်းမြည်အောင် ပုတ်လိုက်၏။

မရှေးမနှောင်းမှာပင် အမိန့်ပေးသံ မြင်းတိသံများ ထွက် ပေါ်လာပြီး မြင်းလှည်း ရပ်တန့်သွား၏။

ပါဖိုးက မြင်းလှည်းတံခါးကို ဖွင့်လိုက်၏။ အပြင်ဘက်မှ လေပူကြီး တိုက်ခတ်တိုးဝင်လာခြင်းကြောင့် ပါဖိုး၏မျက်နှာ ရှုံ့မဲ့သွားလေသည်။

မြင်းလှည်းရှေ့သို့ သူ၏လူများ စုရုံး ရောက်ရှိလာပါသည်။ ပါဖိုးက...

'ဆရာ ကျွန်းခေါ်ပါ'

ဟု ခေါ်လိုက်သည်။

သူ၏ခေါ်သံနှင့်မရှေးမနှောင်းမှာပင် ခန္ဓာကိုယ် ထွားကျိုင်း သန်မာပြီး ထောင်ထောင်မောင်းမောင်းရှိသူတစ်ယောက် ရှေ့သို့ လှမ်းထွက်လာ၏။

ထိုလူမှာ အသက်ခလေးဆယ်ခန့်ရှိသည်။ ဓားတစ်လက်
ခါးချိတ်ထားရာ သိုင်းသမားတစ်ယောက်၏အသွင် ထင်းထင်း
ကြီး ပေါ်လွင်နေပေတော့သည်။

ထိုလူမှာ မင်းသားလေးပါဖုံး အားကိုးအားထားပြုရသော
သိုင်းဆရာကြီး ကျန်းပေါက်ဖြစ်သည်။

ကျန်းပေါက်က ပါဖုံးအား ဦးညွှတ်လိုက်ပြီး....

'အမိန့်ရှိပါ မင်းသားလေး'

'ဆရာကျန်းပေါက်၊ ကျုပ်တို့ မြောက်ဘက်ကို မသွားတော့
ဘူး'

ပါဖုံး၏စကားကြောင့် ကျန်းပေါက်က နားမလည်နိုင်
သလို ကြည့်လာ၏။ သို့သော်...အမိန့်ကို တစ်ယောက်မတိမ်း
နာခံမည့်သူပီပီ....

'ဘယ်ကိုသွားမလဲ၊ အမိန့်ရှိပါ မင်းသားလေး'

ဟု မေးလိုက်သည်။

ပါဖုံးက...

'ကျုပ်တို့နယ်ထဲမှာ ဆေးပညာ အတတ်ပညာနဲ့ပတ်သက်ရင်
မြို့ဘက်အောင်းတဲ့ နတ်မျက်စိဆိုတဲ့ လူတစ်ယောက် ရှိတယ်ဆို
တာ ဆရာကျန်းပေါက် သိတယ်၊ မဟုတ်လား'

ကျန်းပေါက် ခေါင်းညိတ်လိုက်သည်။

'သိပါတယ် မင်းသားလေး'

'ကျုပ်က သူ့ဆီကို သွားမယ်'

'ကောင်းပါပြီ မင်းသားလေး'

'ကဲ...သွားကြစို့'



ပါဖုံးက မြင်းလှည်းထဲသို့ ပြန်ဝင်ကာ ထိုင်ချလိုက်၏။

ကျန်းပေါက်က တံခါးပိတ်ပေးလိုက်သည်။ ပါဖုံးသည်
မြင်းလှည်းထဲဝယ် ငြိမ့်ငြိမ့်လေးထိုင်ရင်း နားစွင့်နေလိုက်၏။

မကြာပါချေ။ အမိန့်ပေးသံများ ထွက်ပေါ်လာသည်။ ထို့
နောက် မြင်းလှည်း ငြိမ့်ခနဲ လှုပ်ရှားသွားပြီး စတင် မောင်း
နှင်သွားလေတော့သည်။

ပါဖုံးသည် မြင်းလှည်းအိမ်ကိုမှီကာ ဇိမ်ကျကျထိုင်လိုက်ပြီး
အဆင်သင့်ထားရှိသော အချိုမုန့်များကို တစ်ခုပြီးတစ်ခု ယူစား
လိုက်၏။

မုန့်စားရင်း နတ်မျက်စိ ဆိုသူအကြောင်း တွေးတောစဉ်းစား
ကာ မြင်းလှည်းခေါ်ဆောင်ရာ နေရာသို့ လိုက်ပါသွားလေ
တော့သည်။

× × ×

ကျားဝ ရဲတိုက်...

အနေ့ဘက်ဆီမှ တွေ့မြင်နေရသည့် မှိုင်းညို့ညို့ တောင်တန်းကြီးကို ဖြတ်ကျော်ပြီး အရှေ့ဘူးဘူးသို့ မိုင်ငါးဆယ်ခန့် ခရီးဆက်လိုက်မည်ဆိုလျှင် ကျားဝ ရဲတိုက်သို့ ရောက်ရှိသွားမည် ဖြစ်လေသည်။

ကျားဝ ရဲတိုက်သည် သိုင်းလောကတွင် ရှောင်ပေလင်၊ ဝူတန်၊ ဂူဖီး အစရှိသော သိုင်းအဖွဲ့အစည်းများနှင့် ပခုံးချင်း ယှဉ်နိုင်သည့် သိုင်း အဖွဲ့အစည်း တစ်ခုဖြစ်လေသည်။

ကျားဝ ရဲတိုက်၏ချမ်းသာ ကြွယ်ဝမှုသည် သိုင်းလောက တစ်ခုလုံး မှတ်စရာ တွင်လောက်အောင် ဖြစ်ခဲ့ရပေသည်။

ထို့ကြောင့် လောကတွင် ပါဝယ် တန်ဖိုး မဖြတ်နိုင်သည့် အဖိုးတန်သည့် ရတနာကို ရှာဖွေပါဟု ဆိုသော အခါ မင်းသားလေး ဟူးယို့ သဘောကျစွာ ရယ်မောခဲ့ခြင်း ဖြစ်ပေတော့သည်။

ကျောင်းလိပ် မြို့စား ခေတ်ဟာ အမ်မှုသေး စိန်နဲ့ မှန်မခွဲလိုက်မယ်ဆိုရင် ဒါကို သက်မခံဘဲ နေနိုင်ပါမလား

မင်းသားလေး ဟူးယို့ ထိုသို့ တွေးခဲ့မိသည်။ ကျားဝ ရဲတိုက်သို့ အပြန်ခရီးတွင် ပျော်ပျော်ရွှင်ရွှင် ဖြစ်နေခဲ့၏။

သို့သော် ကျောင်းလိပ် မြို့စားသည် သူ၏ ချမ်းသာ ကြွယ်ဝမှုကို သိရှိထားပြီး ဖြစ်မည်ဟု တွေးမိလျှင် စိုးရိမ်စိတ်များ ဝင်လာလေတော့သည်။

ငါက တစ်သက်မပြတ် ဘယ်သူမှ မမီလို့ ကျန်အောင် ချမ်းသာ ကြွယ်ဝတယ်ဆိုတာ ကျောင်းလိပ် မြို့စားကြီးလဲ သိမှာပဲ၊



ဒီလျက်နဲ့ အဖိုးမဖြတ်နိုင်တဲ့ ရတနာကို ရှာခိုင်းတယ် ဆိုတာ ဘာသဘောလဲ၊ ငါဟာ ရှာပေးနိုင်မယ်ဆိုတာ သိလို့ ငါကို သဘောကျလို့ တမင်အကွက်ဆင်ပေးတာလား၊ ဒါလဲဖြစ်နိုင်ပါတယ်။ ငါ့ကို သဘောကျတယ်ဆိုရင် ဖြောင့်ဖြောင့် ဖွင့်ပြောလိုက်တာနဲ့ ကိစ္စပြီးသွားမှာပေါ့၊ တစ်ခုခုတော့ တစ်ခုခုပဲ ဘာများ မှားနေပါလိမ့်၊ အဖိုးမဖြတ်နိုင်တဲ့ ရတနာဆိုတာ ဘာပါလိမ့်

တွေးတော စဉ်းစားမိသည်နှင့် ဟူးယို့မှာ ခေါင်းထဲ ထိုင်မသာ ဖြစ်လာလေတော့သည်။

လူအများ ကြည့်ညို လေးစားခြင်း ခံသည့် မင်းသားလေး တစ်ယောက် ဖြစ်သည်နှင့်အညီ စိတ်ဓာတ်ကြံ့ခိုင်လျှပ်ပြည့်အောင် ချက်ချင်း ထလုပ်တတ်သည့် ဦးဉာဏ်ရှိနေပြီ ဖြစ်နေသော မြင်းလှည်း တံခါးကို တွန်းဖွင့်ကာ...

“ရပ်လိုက်ကြစမ်းဟေ့”

ဟု အမိန့်ပေးလိုက်လေသည်။

သူ၏ စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်နှင့် သူ၏ လူအားလုံး ရပ်တန့်သွားကြ၏။

ဟူးယို့မှာ မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်သည်။

ထို့နောက်...

“စီထန်း၊ စုသန်း၊ မြန်မြန်လာပါ”

ဟု ခေါ်လိုက်လေသည်။

သူ၏ ခေါ်သံနှင့် မရှေးမနှောင်းမှာပင် လူရွယ်တစ်ယောက် လျင်မြန်စွာ ရောက်ရှိလာလေသည်။

ထိုလူငယ်၏ လက်နှစ်ဖက် ဆုပ်ကာ ဦးညွှတ်ကာ ရှေ့ရှင်း

'အမိန့်ရှိပါ မင်းသားလေး'

'စုသန်းလောကပေါ်မှာ ရှိရှိသမျှ အခက်အခဲ ပြဿနာအားလုံးရဲ့ အဖြေကို သိတဲ့ လူတစ်ယောက်အကြောင်း ငါ့ကို ပြောပြစမ်း'

စုသန်းက မဆိုင်းမတွပ်....

'ကျောက်အိုင်မြို့က ခေါင်းဆယ်လုံးနဲ့ ဉာဏ်ကြီးရှင် ဆိုသူဟာ ဘယ်လိုပြဿနာ မျိုးကိုမဆို ဖြေရှင်း ပေးနိုင်တယ်လို့ ကျော်ကြားနေပါတယ်၊ မင်းသားလေး'

ထိုအခါ ကြားလျှင် ဟူးယို့ ပျော်ရွှင်သွားလေသည်။

'ကောင်းပြီ ငါအဲဒီသူ့ကို တွေ့ချင်တယ်၊ တို့အားလုံး ကျောက်အိုင်မြို့ကို သွားကြမယ်'

ဟု ပြောလိုက်သည်။

ကျားဝါရဲတိုက်သို့ ရောက်ရန် များစွာ ဝေးကွာတော့သည် မဟုတ်ပါ။

မင်းသားလေး ဟူးယို့က ကျားဝါ ရဲတိုက်သို့ မသွားတော့ပဲ အစီအစဉ်ပြောင်းလိုက်ခြင်းကြောင့် အားလုံး အံ့သြသွားကြ၏။

မည်သို့ဆိုစေ ဟူးယို့စကားသည် အမိန့်ဖြစ်သည်။ အမိန့်ကို တစ်သွေမတိမ်း နာခံကြရလိမ့်မည် ဖြစ်ပေသည်။

စုံသန်းက....

'အားလုံးအဆင်ပြေပြီ၊ ကျောက်အိုင်မြို့ကို သွားကြမယ်'

ဟု အမိန့်ပေးလိုက်၏။

ဟူးယို့ သဘောကျစွာ ပြုံးလိုက်သည်။



မြင်းလှည်းပေါ်သို့ ပြန်တက်ကာ သက်တောင့် သက်သာ ထိုင်ချလိုက်သည်။ မြင်းတိုင်းသံများ ထွက်ပေါ်လာသည်။

ဦးဆောင်သူများရှေ့မှ ထွက်သွားပြီး မကြာမီ မြင်းလှည်း မောင်းသူက မြင်းကိုအော်ငေါက်ကာ မောင်း နှင် လိုက် ပါသွား၏။

ဟူးယို့သည် ခေါင်းဆယ်လုံး ဉာဏ်ကြီးရှင်ဆိုသူနှင့် တွေ့ရမည့် အရေးကို တွေးကာ စိတ်လှုပ်ရှား နေမိလေတော့သည်။

ချန်းစိမ်းသည် ပညာရှိ ကဝိကြီး ဝမ်ကိုးအား သတိရနေမိသည်။

ဝမ်ကိုးသည် ကျင်းလိမ်မြို့ကွင်း မှထင်မရှား ကျန် ရစ်ခဲ့ပြီ ဖြစ်သည်။ ကျင်းလိမ်မြို့စား၏ အစေခံဝိုင်တပ်ဖွဲ့များအနေဖြင့် အခြေအနေ လူအင်အားနှင့် မည်သို့မည်ပုံ စီးနင်းတိုက်ခိုက်နိုင်သည့် စသော အချက်အလက်များကို လေ့လာစုဆောင်းနေပေတော့သည်။

'ဦးလေး ဝမ်ကိုးလို အားကိုးရတဲ့ လူ နှစ်ယောက်လောက် သာရှိရင် ရွှေခါးဂိုဏ်းဟာ သိုင်းလောကတစ်ခုလုံးကို စိုး မိုးထားနိုင်မှာ သေချာတယ်'

ချန်းစိမ်းတာ စိတ်ထဲမှ ကျိတ်ပြီး ရေရွတ်လိုက်၏။

ရွှေခေါ်ဂိုဏ်း ဌာနချုပ်သည် ဝါးစိမ်းတောင်ပေါ်၌ တည်ရှိလေသည်၊ ဝါးစိမ်းတောင်နှင့် ကျင်းလိမ်မြို့၏ ၊ စည်ကား သိုက်မြိုက်ပုံချင်းမှာ ဆီနှင့်ရေပမာ ကွာခြားလှပေသည်။

လူစည်ကားလှန်းသော ကျင်းလိမ်မြို့ကြီးသည် ချန်းစိမ်း၏ မျက်လုံးထဲမှ မထွက်နိုင်တော့ချေ။

'သခင်လေး ကျင်းကျင်းကိုသာ ငါ ရရင် ကျင်းလိမ်တစ်မြို့လုံး ငါ့လက်အောက် ရောက်တာနဲ့ ထူးခြားတော့မှာလဲ၊ မြို့စားလေဟာက လူယုံတော် ယူလေမှာပဲ ငါ့ဘက်မှာရှိနေပြီ၊ ဒီဟာ အတူစမ်းကြည့်ဖို့ ဆက်သွယ်ပြီး လျှို့ဝှက်သတင်းတွေ ပေးလိမ့်မယ်၊ ငါ ဒီတို့ရှာခိုင်းတဲ့ အဖိုးထိုက်ရတနာကို ရှာမတွေ့နိုင်ဘူးဆိုရင်တောင် ကျင်းကျင်းဟာ ငါ့လက်က မပြေးလွတ်နိုင်တော့ပါဘူး'

ကျေကျေနပ်နပ်ကြီး တွေးမိသည်။

တဆက်တည်းပင် ကျင်းကျင်းအား ရရှိရန် အပြိုင်အဆိုင် ကြိုးစားနေကြသည့် ပါဖုံးနှင့် ဟူယို့တို့၏ မျက်နှာများကို မြင်ယောင်လာသည်။

'ဝက်ပုတ်ကြီးနဲ့ အမည်းခြောက်ဖုတ်ပါ ဟိတ်နဲ့ဟန်နဲ့ ထွက်သွားလိုက်ကြတာ၊ ကျင်းကျင်းကို ရမယ့်လူဟာ ငါဆိုတာ သူတို့မသိကြသေးပါလား'

တွေးရင်း သဘောကျစွာ ပြုံးလိုက်မိသည်။



သို့သော် သူ၏မျက်နှာပေါ်မှ အပြုံးရိပ်များ ချက်ချင်း ကွယ်ပျောက်သွား၏။ စိတ်အနှောင့်အယှက်ဖြစ်စရာအသိတစ်ခု ဝင်ရောက်လာခြင်းကြောင့် ဖြစ်ပေသည်။

'သူတို့ ခေါ်ကြတာ အဓိက မဟုတ်ဘူး၊ တကယ်လို့များ သူတို့က အဖိုးထိုက်ရတနာကို ရှာလို့ တွေ့သွားပြီး ငါ့က [illegible] ရှာနိုးတူးတို့ကို [illegible] ခဲ့ရင်ဘာဖြစ်မလဲ'

သူကိုယ်တိုင်လည်း အဖိုးထိုက်ရတနာကို လိုက်လံရှာဖွေရန် စိတ်အား ထက်သန်လာခဲ့လေသည်။

'အဖိုးထိုက်ရတနာဆိုတာ ဘာလဲ'

အာဂုဏ်း၊ ပါဖုံး၊ ဟူယို့နှင့် ချန်းစိမ်းတို့ လေး ယောက် ရှိကြသည့်အနက် ချန်းစိမ်းသာ ကိုယ့်အသိနှင့်ကိုယ် အဖိုးထိုက် ရတနာ၏ အဓိပ္ပာယ်ကျယ်ဝန်းပုံကို မသေမချာ သတိပြုမိသူ ဖြစ်လေသည်။

ချန်းစိမ်း၏မျက်နှာ ခက်ထန်လာသည်။

'အဖိုး ထိုက်ရတနာ ဆိုတဲ့ သဘောတရားအဓိပ္ပာယ်က ကျယ်ဝန်းလှပါတယ်၊ ကိုယ့်လိုရာ ဆွဲတွေးနိုင်တာပဲ၊ သူတို့ကဘာသဘောတရားနဲ့ ဒီလိုလုပ်ရတာလဲ၊ ငါတို့ကိုအဝေးရောက်သွားအောင် အကွက်ဆင်တာ၊ တမင်သက်သက် အချိန်ဆွဲတာ ဖြစ်နိုင်တယ်'

ထိုသို့တွေးမိလျှင် ကျင်းလိမ်မြို့သို့ အခုချက်ချင်းပင် ပြန်သွားလိုစိတ်များ ဖြစ်ပေါ်လာခဲ့ပေတော့သည်။

သည်သို့တို့ခဲ့ စိတ်သိုက်ဆန်ပေါ်လာခြင်းဖြင့် အောင်မြင်မှု ရမည်မဟုတ်သည့်အပြင် အခက်အခဲ ဒုက္ခသင့် တွေ့နိုင်ကြောင်း၊

ဆင်ခြင်မိရာ လွတ်ထွက်သွားသည့် စိတ်အစဉ်ကို အချိန်မီထိန်းချုပ်နိုင်ခဲ့လေသည်။

'တောင်ပြုံးပြုံ အဖိုးထိုက်တဲ့ ပစ္စည်း တစ်ခုခုရှာသွားတာ အကောင်းဆုံးပဲ၊ သူများတွေနဲ့ ယှဉ်လိုက်ရင် အောက်မကျနိုင်တော့ဘူးပေါ့၊ ငါကဘယ်လိုပစ္စည်းမျိုး ယူသွားမလဲ'

ချမ်းစိမ်းသည် ဦးနှောက်ကို အလုပ်ပေးကာ အပြင်းအထန်စဉ်းစားလိုက်လေသည်။

အတန်ကြာ စဉ်းစားပြီးမှ....

'ဟုတ်ပြီ၊ ဒီကိစ္စအတွက် မြေထောကျွန်းကိုသွားတာအကောင်းဆုံးဖြစ်မယ်'

အသံထွက်ကာ ရေရွတ်မိသည်။

ချမ်းစိမ်းက သူ၏လူများကို ဝေ့ကြည့်လိုက်သည်။

ထို့နောက် အောင်မြင်ခန့်ညားသော လေသံကြီးဖြင့်....

'တို့တစ်တွေဝါးစိမ်းတောင်ကို နောက်မှပြန်မယ်၊ အခုတော့ မြေထောကျွန်းကို သွားကြမယ်'

ဟု အမိန့်ပေးလိုက်လေတော့သည်။



'ခွပ် ခွပ်... ခွပ် ခွပ်'

မြင်းခွာသံများသည် လေပြည်တွင် ပျံ့လွင့်လာသည်။

မြင်းတစ်ကောင်သည် မှိုင်းညို့ညို့ တောင်တန်းကြီးဆီသို့ဦးတည်ကာ ဒုန်းစိုင်းနှင်လာနေသည်။

မြင်းစီးလာသူမှာ အသက်နှစ်ဆယ်ကျော်ခန့်ရှိ လုလင်တစ်ယောက် ဖြစ်လေသည်။

ထိုလုလင်မှာ ကျွင်းလိမ်ရွှေမြို့တော်အား ကျောခိုင်း ထွက်လာသည့် အာဂုံးဖြစ်ပေသည်။

အာဂုံးသည် ရေဘူး၊ ရိက္ခာခြောက် ဆေးဝါးအစရှိသည့် အနည်းငယ်နှင့် မြင်းတစ်ကောင်ယူကာ သူတောင်းစား အဘိုးအိုညွှန်ပြလိုက်သည့်အတိုင်း အဖိုးမဖြတ်နိုင်သည့် ရတနာရှိရာ ညွှန်ပြနိုင်မည့် သူထံသို့ ထွက်လာခဲ့ခြင်း ဖြစ်ပေသည်။

မိုင်ပေါင်းများစွာ ခရီးနှင်လာခဲ့ပြီးနောက် တောင်တန်းကြီးအနီးသို့ ရောက်ရှိလာလေတော့သည်။

အာဂုံး၏တစ်ကိုယ်လုံး ချွေးများ စို့ရွှဲနေ၏။ ခရီးပြင်းနှင်လာခဲ့ခြင်းကြောင့် မောပန်းနွမ်းနယ်နေပြီ ဖြစ်သည်။

'မဖြစ်ဘူး၊ ငါတော့ အနားယူဦးမှဖြစ်မယ်'

တွေးတောစဉ်းစားကာ အနားယူ အပန်းဖြေရန် နေရာရှာဖွေလိုက်လေသည်။ ထိုစဉ် အာရှေ့ဘက် လှမ်းမြင်၌ တောင်ကြားလမ်းတစ်ခု ရှိနေသည်ကို တွေ့ရ၏။

တောင်ကြားအတွင်းမှ လူသံသူသံများ ထွက်ပေါ်နေသည်ကိုလည်း ကြားလိုက်ရလေသည်။

အာဂုံး မျက်မှောင်ကြုတ်သွားသည်။

'ကျောင်းကြီးထဲမှာ လူနေတိမ်းခြေ ရှိတယ်ထင်ပါရဲ့'
အနားမယူဖြစ်ပါတော့ချေ။
မြင်းကိုရှေ့သို့ဆက်၍ နှင်သွားသည်။
မကြာပါချေ။ ကျောင်းကြီးသို့ ရောက်သွားလေသည်၊
ကျောင်းကြီးအဝင်ဝတွင် ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထားသည်ကို တွေ့၏။
ဆိုင်းဘုတ်ပေါ်တွင်...
'ဆွဲဆောင်မှုအောင်ကြီး'
ဟုရေးသားထားသည်ကို တွေ့ရသည်။
အာဝုဒ်း ပြုံးလိုက်သည်။
'ကောင်းတော့အောင်တဲ့ နာမည်ပဲ၊ ဘယ်လိုဆွဲဆောင်မှု ရှိသယ်ဆိုတာ ကြည့်ရသေးတာပေါ့'
ရေရွတ်ကာ ကျောင်းကြီးအတွင်းသို့ မြင်းကိုမောင်းနှင်ဝင်ရောက်သွားလေသည်။
ကျောင်းကြီးလမ်း၏ တစ်ဘက်တစ်ချက်တွင် မြင့်မားလှသည့် ထောင်နံရံကြီးများ ကာရံထားပါသည်။
ထောင်နံရံ တစ်လျှောက်တွင် စိမ်းစိုသန့်ဆန်းသော သစ်ပင်များ ထူထပ်စွာ ဖုံးလွှမ်းနေသည်။
ကျောင်းကြီးလမ်း အဆုံးတွင် မြေနီပမ်းအဆောင် ဖြစ်ပေါ်နေသည်။ အာဝုဒ်းက မြင်းကို ခပ်မှန်မှန် မောင်းနှင်သွားသည်။
ကျောင်းကြီးအတွင်း၌ သာယာလှပနေသည်။ လေပြည်ညင်း ညင်း ဝေ့ယမ်းတိုက်ခတ်နေသည်။



မွှေးကြိုင်သင်းပျံ့သော ခတ္တာပန်းရနံ့များ လွင့်ပျံ့နေ၏။ ယုန်ကလေးများ၊ သမင်ကလေးများ၊ လမ်းဘေးတစ်ဘက်ရှိ သစ်ပင်ချုံနွယ်များကြားမှ တိုးထွက်လာပြီး လမ်းကိုဖြတ်ကာ အခြားတစ်ဘက်သို့ ပြေးဝင်ကွယ်ပျောက်သွားသည်ကို မကြာခဏ တွေ့ရ၏။
ပင်ယံ မြင့်လက်ဆီဝယ် သီသာတေးကို သီကျူးနေသည့် ရောင်စုံငှက်ကလေးများနှင့် ဒေါင်းများကိုလည်း တွေ့ရသည်။
ပတ်ဝန်းကျင်၏ သာယာလှပပုံကြောင့် အာဝုဒ်းမှာ ချစ်ရသူ ကျင်းကျင်းကို သတိရ လာလေတော့သည်။
'ကျင်းကျင်းနဲ့ လက်ထပ်ပြီး ဒီလိုနေရာမျိုးမှာ လာနေနိုင်ရင် သိပ်ကောင်းမှာပဲ'
ဟု တီးတိုး ရေရွတ်လိုက်၏။
ထိုစဉ် ရှေ့ဘက်မှ စကားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။
အာဝုဒ်း လှမ်းကြည့်လိုက်သောအခါ လူသုံးယောက် လျှောက်လာနေကြသည်ကို တွေ့မြင်ရလေသည်။
ထိုလူသုံးယောက်သည် အင်းစည်းများ ကိုယ်စီထမ်းလာကြသည်။ သူတို့သည် အာဝုဒ်းကို တွေ့ရလျှင်...
'ဗျို့ မိတ်ဆွေလေး ဘယ်ကို သွားမလို့လဲဗျ'
ဟု လှမ်း နှုတ်ဆက်ကာ စုံစမ်းမေးမြန်းကြလေသည်။
အာဝုဒ်းက ပြုံး၍...
'ကျောင်းကြီးထဲက ဖြတ်သွားမလို့ပါဗျာ'

'ဖြောင့် ခရီးသွား တစ်ယောက်ကိုး၊ ရောက်တုန်းရောက်ခိုက် တို့ရွာကလေးမှာ အေး အေး ဆေး ဆေး အနားယူသွားပါဦး ဗျာ၊ ပြီးမှ ခရီးဆက်တာပေါ့'

'ဟုတ်ပါတယ်....ဟုတ်ပါတယ်'

'မိတ်ဆွေလေးကို ကြည့်ရတာ ခရီးဝေးက လာခဲ့ပုံရတယ်၊ အနားယူပါဦးဗျာ၊ ကျုပ်တို့ ပြုစုပါရစေ'

ကျန်လူနှစ်ယောက်ကလည်း ဝိုင်းဝန်း ထောက်ခံပြောဆို လိုက်ကြလေသည်။

အာဝှီး ကျေနပ်သွားသည်။

'ခေါင်ခေါင်ကို ရင်းရင်းနှီးနှီး ဖော်ဖော်ရွေရွေ ရှိတဲ့လူ တွေပဲ'

ဟု စိတ်ထဲ တွေးမိသည်။

'ကျေးဇူးပါပဲဗျာ'

ဟု ပြောလိုက်၏။

ထင်းစည်းထမ်းထားသူ သုံးယောက်က....

'ကျုပ်တို့နောက်ကို လိုက်ခဲ့ပါဗျာ'

ပြောပြီး ဆမ်းပြ ခေါ်ဆောင်သွားကြသည်။

အာဝှီးလည်း နောက်မှ လိုက်သွား၏။

မကြာပါချေ။ တောင်ကြားအသယ်ပိုင်းရှိရွာကလေးတစ်ရွာ သို့ ရောက်ရှိသွားလေတော့သည်။



ရွာထဲသို့ လှမ်းဝင်လိုက်သည်နှင့်....

'ချထားကွ....ချထား'

'တစ်ချက်တည်း အခေသဆော်ပစ်လိုက်စမ်း'

'ဝါတို့ဘက်က ဆယ်လေးတစ်လေးရှိတယ်၊ ဘယ်သူထွက်ဦး မလဲ'

ဆူဆူညံညံအသံများ ထွက်ပေါ်လာနေသည်ကို ကြားရ လေသည်။

အာဝှီး လှမ်းကြည့်နေသည်ကို တွေ့မြင်ရလေသည်။

ကြက်ပွဲမှာ စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ ကြက် နှစ်ကောင်သည် တစ်ကောင်နှင့်တစ်ကောင် အနိုင်မခံအရှုံးမပေး ဘဲ ခွပ်နေကြသည်မှာ ကြည့်၍ကောင်းလှသည်။

တစ်ယောက်က....

'မိတ်ဆွေလေးက ကြက်ပွဲကို ဝါသနာပါတယ် ထင်ပါရဲ့၊ ဟိုဘက်က ကြက်ဝါလေးက ခွပ်ပုံခွပ်နည်းဘယ်လောက်ကောင်း သလဲ၊ ကြက်ဝါပဲနိုင်မှာပါ၊ ဝင်လောင်းပါလားဗျ'

ဟု တိုက်တွန်းလေသည်။

ကျန်နှစ်ယောက်ကလည်း....

'ဟုတ်တယ်၊ ဟုတ်တယ်၊ ဝင်လောင်းပါလား'

'မိတ်ဆွေလေးအနိုင်ရမှာ သေချာပါတယ်'

ဟု ထောက်ခံပြောဆိုကြလေသည်။

အာဝှီး ပြုံးလိုက်သည်။

'ကျွန်တော် စိတ်မဝင်စားပါဘူးဗျာ'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်၏။

ထင်းစည်းထမ်းလာသူ သုံးယောက် မျက်နှာပျက်သွားကြသည်။

တစ်ယောက်က...

'ကျုပ်တော့ ဝင်ပြီး ရှာဖွေလိုက်ဦးမယ်၊ မိတ်ဆွေလေး သွားချင်ရင် ဆက်သွားပေတော့'

ဟု ပြောကာ ကြက်ဝိုင်းတွင် နေရစ်ခဲ့လေသည်။

ကျန်လူနှစ်ယောက်က...

'ကျုပ်တို့တော့ ဆက်သွားကြမယ်'

ပြောပြောဆိုဆို ရှေ့ဆက်သွားကြရာ အာဝုဂ်ီးက မြင်းစက်ကြိုးကို ဆွဲ၍ နောက်မှလိုက်သွားလေသည်။

ရှေ့သို့ ဝါးတစ်ရိုက်ခန့်အကွာသို့ သွားမိလျှင်...

'သက်လိုက်ရင်ချီ၊ မျိုလိုက်ရင်ခါး'

သေလုံးကြွ ဗလုံးဗထွေးသီချင်းဆိုသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

အာဝုဂ်ီး လှမ်းကြည့်လိုက်သောအခါ လူတစ်စု ဝိုင်းဖွဲ့ကာ အရက်သောက်နေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထင်းစည်းထမ်းလာသူ တစ်ယောက်သည် ပခုံးပေါ်မှ ထင်းစည်းကို ပစ်ချကာ...

'ကျုပ်တော့ တစ်ခွက်တစ်ဖလား ဝင်သောက်လိုက်ဦးမယ်၊ မိတ်ဆွေလေးကော သောက်ဦးမလား'

ဟု မေးလေသည်။

အာဝုဂ်ီး ခေါင်းယမ်းလိုက်သည်။

'ကျေးဇူးတင်ပါတယ်ဗျား၊ ကျုပ်မသောက်ပါဘူး'



'ဘာဖြစ်လို့လဲ မိတ်ဆွေလေးရဲ့၊ ကျုပ် တကောခံပါ့မယ်လေ စမ်းပါ'

'ကျေးဇူးတင်ပါတယ်ဗျား၊ မသောက်ပါရစေနဲ့'

ထိုလူ၏မျက်နှာ ရှုံ့မဲ့သွားသည်။

'ကောင်းပြီလေ၊ မသောက်ချင်ဘူးဆိုရင်လဲ ပြီးတာပါပဲ'

စကားဆုံးလျှင် အရက်ဝိုင်းထဲဝင်သွားပြီး ပျော်ပျော်ပါးပါး စားသောက်နေလေတော့သည်။

အာဝုဂ်ီးသည် ထိုလူကိုကြည့်ကာ သဘောကျသွားသည်။ သို့သော် ကြက်ဝိုင်း၊ အရက်ဝိုင်းတို့ဝင်ရန် မဖြစ်သည့်အတွက် ကျန်ထင်းစည်းထမ်းလာသူနှင့်အတူ ရှေ့ဆက်ခဲ့လေသည်။

မကြာမီ ချေ။ တောင်ကြားအနောင်၌ တဲအိမ်များ စုဝေးတည်ရှိနေသည်ကို တွေ့မြင်ရလေသည်။

ထင်းစည်းထမ်းလာသူက...

'ကျုပ်အိမ်ကိုလိုက်ခဲ့ပါ၊ မိတ်ဆွေလေး'

ပြောပြောဆိုဆို ရှေ့မှ လမ်းပြမှုပေါ် ဆောင်သွားလေသည်။ အာဝုဂ်ီးက နောက်မှလိုက်သွား၏။

ထိုလူသည် ကြီးမားသော တဲအိမ်တစ်လုံးသို့ ဝင်သွားလေသည်။

အာဝုဂ်ီးက လိုက်သွားရာ...

'အိမ်ထဲဝင်ပါဗျာ'

ထိုလူ၏ ဖိတ်ခေါ်မှုကို လက်ခံပြီး အိမ်ထဲလှမ်းဝင်လိုက်၏။ အိမ်ထဲ၌ ဆန့်ရှင် သပ်ရပ်စွာ ဖြူဖြူစင်းကျင်းထားသည်ကို တွေ့ရလေသည်။

'ထိုင်ပါဗျာ'

တဲရှင်သည် အာဝ္ဂီးအဘွက် နေရာထိုင်ခင်းပေးသည်။

အာဝ္ဂီးက ခေတ္တအနားယူ အပန်းဖြေကာ ဗိုက်ဖြည့်ပြီးလျှင် တဲရှင် မနစ်နာရစေအောင် ငွေစများ ပေးခဲ့မည် စိတ်ကူးထား၏။

တဲရှင်က....

'ကျုပ်က ထင်းစည်းတွေ သွားရောင်းလိုက်ဦးမယ်၊ ကျုပ်ရဲ့ ညီမလေးက မိတ်ဆွေကို လိုလေသေးမရှိ ပြုစုပေးလိမ့်မယ်'

ပြောပြောဆိုဆို တဲအပြင်သို့ ထွက်သွား၏။

အာဝ္ဂီး တားမြစ်ရန် ဟန်ပြင်လိုက်ပါသော်လည်း မမီတော့ချေ။ ထိုစဉ် တဲအိမ်အတွင်းဘက်မှ မိန်းကလေးတစ်ယောက် ထွက်လာသည်ကို တွေ့မြင်ရလေသည်။

ထိုမိန်းကလေးမှာ အသက်ဆယ့်ရှစ်နှစ် ဆယ့်သုံးနှစ်ခန့်သာ ရှိမည်ထင်ရ၏။ ချောမောလှပသူအလေး ဖြစ်သည်။

အာဝ္ဂီးအတွက် အရက်နှင့် စားသောက်စရာများ ယူလာလေသည်။

'သုံးဆောင်လိုက်ပါဦးရှင်'

ချိုသာအေးမြသော အသံဖြင့် ပြောလေသည်။ အာဝ္ဂီး အားတုံ့အားနာ ဖြစ်သွားသည်၊

'ကျေးဇူးတင်ပါတယ်ဗျာ'

ဟု ပြောလိုက်မိသည်။

မိန်းကလေးက....



'ကျေးဇူးတင်စရာ မလိုပါဘူးရှင်၊ အခုလိုပြုစုခွင့်ရတာကိုပဲ ကျွန်မအာ ကျေးဇူးတင်ရမှာပါ၊ အစ်ကိုအာ ကျွန်ုပ်ကိုအဲ့ဆောင်မှ တောင်ကြားထဲအနေပြီး ခေါ်သွားမယ့်လူ မဟုတ်လားဟင်'

'ဗျာ'

မမျှော်လင့်ပဲ ကြားလိုက်ရသည့်စကားကြောင့် အာဝ္ဂီး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

မိန်းကလေးကို နားမလည်နိုင်စွာကြည့်ကာ...

'မင်းကိုကျုပ်က ခေါ်သွားရမယ်ဟုတ်လား'

ဟု ပြန်မေးလိုက်၏။

မိန်းကလေး ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

'ဘယ်....ဘယ်လိုဖြစ်ရတာလဲ'

'အစ်ကို ညီမကိုကြည့်စမ်းပါ၊ ညီမ မလှဘူးလားဟင် ညီမသာ'

အာဝ္ဂီး ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။

ထဲ့ဆောင်မှုတောင်ကြားဆိုသည့် သဘောအဓိပ္ပာယ်ကို ရိပ်မိသွားပြီ ဖြစ်လေသည်။ ထဲ့ဆောင်မှု တောင်ကြားဝယ် ဆက်နေလျှင် တစ်ချိန်မဟုတ်တစ်ချိန် ဒုက္ခရောက်ရမည် ဖြစ်ကြောင်း နားလည်သဘောပေါက်သွားပြီ ဖြစ်လေသည်။

အာဝ္ဂီးကိုကြည့်ကာ....

'အစ်ကို....အစ်ကို ဘယ်လိုဖြစ်သွားတာလဲ'

မိန်းကလေးက မေးလေသည်။

အာဝ္ဂီးက....

'ကျုပ်ကို ခွင့်လွှတ်ပါဗျာ၊ ကျုပ်ဟာ၊ ဒုက္ခရောက်နေသူ တစ်ယောက်ပါ၊ ဆွဲဆောင်မှုတောင်ကြီးက ပြုတ်သွားနိုင်မှ ဖြစ်ပါလိမ့်မယ်'

စကားဆုံးလျှင် တဲအိမ်အပြင်ဘက်သို့ ခပ်သုတ်သုတ် ပြေး ထွက်သွား၏။ မိန်းကလေးက လိုက်မလာသလို တဲအိမ်အပြင် ဘက်ငယ် တဲရှင်ကိုလည်း မတွေ့ရပါချေ။

အာဝုံးသည် မြင်းပေါ်ခုန်တက်လိုက်ပြီး ဒုန်းစိုင်းမောင်း နှင် ထွက်လာခဲ့တော့သည်။

ဆွဲဆောင်မှုတောင်ကြီးကို ပြုတ်ကျော်ပြီးသည်နှင့် အရှေ့ ဘက်ဆီဝယ် မသာအကျောက်တောင်ဆီသို့ ရောက်ရှိသွားလေ တော့သည်။

သေ့တကျောက်တောင်ဟူသည်ကား....

*　　　*

## နှတ်မျက်စိ

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးကွယ်ပျောက်သွား ပြီ ဖြစ်လေသည်။

နေခြည်ကွယ်ပျောက်သွားသည်နှင့် အမှောင်ထု အစားထိုး ဝင်ရောက်လာသည်။ တောရိပ်တောင်ရိပ် လွှမ်းနေသည်မို့ ခင်းသားလေးပ ဖု တို့ စခန်းချနေသည့် တောအုပ်အတွင်း၌ အလင်းရောင် လျင်မြန်စွာ ကွယ်ပျောက်သွားသည်ဟုပင် ထင် မှတ်လေသည်။

မပါ့ဖုံ၏လူများသည် မီးပုံများ ဖိုလိုက်ကြသည်၊ အချို့က အသင့်ယူလာသည့် ရိက္ခာခြောက်များ ထုတ်ယူကာ အသား ခြောက်များ မီးအင်ကြသည်။ ခေါက်ဆွဲများ ပြုတ်ကြသည်။ သစ်

သီး သစ်ခေ့ ခြောက်များလည်း ယူလာကြသူ ပါဖိုးအားသွင်း အစေအရာရာ အသင့်ဖြေနေလေတော့သည်။

သို့တိုင် ပါဖိုး မကျေနပ်သေးပါချေ။

'ယုန်ဆာဝ် စားချင်သည်'

ဟု ညည်းညူလိုက်၏။

သူ၏လူများသည် အကြောင်းသိသူများပီပီ ချက်ချင်းပင် တောတောင်ထဲဝယ် လူစုခွဲကာ ယုန်များ၊ တောကြက်များ ရှာဖွေကြလေသည်။

ထို့နောက် အားမွှန်ရှိ၍ အမွှေးအကြိုင်များ အစာသွတ်ကာ အချိုရည်သုတ်လိမ်း၍ မီးကင်ကြသည်။

ထို့ကြောင့်မိုးချုပ်သွားသည့်အချိန်တွင် အသင့်စားသောက်နိုင်ရန် အဆင်သင့် ဖြစ်သွားလေတော့သည်။

ပါဖိုးသည် တောခေါကြီး တစ်ချပ်ပေါ်ဝယ် အကျအနထိုင်ကာ မြိန်ရည်ယှက်ရည် စားသောက်လိုက်သည်။

သူ စားသောက်နေသည်မှာ ထင်းတစ်အိုးချက်ခန့်ပင် ကြာမြင့်လေသည်။ စားသောက်ပြီး ယမကာများ သောက်ပြီးနောက် ညဉ့်နက်သွားပြီ ဖြစ်သည်။

ပါဖိုးက လက်နှစ်ဖက် ဆန့်တန်းကာ ဝါးခနဲ သမ်းဝေလိုက်ပြီး....

'ကျုပ်အိပ်တော့မယ်၊ အားလုံး သတိဝီရိယရှိကြပါစေ'

သူ၏ လက်အောက်ငယ်သားများကို အမိန့်ပေးလိုက်လေသည်။



သူ၏တပည့်များသည် ထူထဲသော ဝမ်းစောင်ခုနစ်ထည်ကို ထောတောပေါ်တွင် ခင်းပေးလိုက်ကြသည်။

တစ်ဖန် ငှက်မွေးများဖြင့် ချုပ်ထားသည့် ခေါင်းအုံးတစ်လုံးကို အသင့် ပြင်ပေး၏။

ဗိုက်ပြည့်အောင် စားသောက်ထားပြီးသော ပါဖိုးသည် အိပ်ရာသက်ဝယ် ခေါင်းချလိုက်သည်နှင့် တခေါခေါဟောက်ကာ အိပ်မောကျသွားလေတော့သည်။

သူ၏ တပည့်များသည် ခြင် ယင် မှက် မနား မကိုက်ရလေအောင် ဝေ့ဝှေ့မှုတ်ကာ ယပ်ခတ်ပေးကြသည်။

အချို့က လက်နက်များ စွဲကိုင်ကာ သားရဲတိရစ္ဆာန်များ မလာရဲအောင် စောင့်ကြပ်ကြသည်။

ညသည် အေးမြလာသည်။

အဝေးမှ ဂျီဟောက်သံ၊ ကျားသစ်သံများ တစ်ချက် တစ်ချက် ထွက်ပေါ်လာ၏။

ဆောင်းကင်ပေါ်ဝယ် လဝန်း ထွက်ပေါ်လာသည်။

မင်းသားလေး ပါဖိုးကား တခေါခေါဟောက်ကာ အိပ်မောကျလျက်၊ ခရီးပြင်း နှင်ခဲ့ရခြင်းကြောင့် သူ၏ တပည့်များသည် အိပ်ငိုက်လာကြပြီ ဖြစ်၏။

အစောင့်အကြပ် တာဝန်ယူထားရသူများမှလွဲလျှင် ကျန်လူများသည် မီးပုံဘေးဝယ် စုရုံးကာ ဖြစ်သလို အိပ်စက်လိုက်ကြလေသည်။

'ဝေ

ရုတ်တရက် ညဉ့်ငှက်တစ်ကောင် စူးရှစွာ အော်မြည်ကာ ဖြတ်သန်းသွား၏။ အစောင့်တစ်ယောက်၏ စကျေမနပ်ဆဲဆို ရေရွတ်လိုက်သံလည်း ထွက်ပေါ်လာလေသည်။

မရှေးမနှောင်းမှာပင် သစ်ပင်ချုံနွယ်များကြားမှ လူရိပ်သဏ္ဍာန်များ ထွက်ပေါ်လာကြလေသည်။

ထိုအရိပ်သဏ္ဍာန်များမှာ ပဲခိုး၏ အစောင့်ခေါင်းကြင်များ မဟုတ်ကြပါချေ။ အနက်ရောင် ဝတ်ရုံများ လွှမ်းခြုံထားကြပြီး ဦးခေါင်းပေါ်တွင် ကြောင်တစ်ကောင်ကဲ့သို့ နားရွက်နှစ်ဖက် ထောင်နေသည့် သဏ္ဍာန်ရှိသော မျက်နှာဖုံးခေါင်းစွပ်များ စွပ်ထားကြသည်။

အမှန်ပင် ကြောင်ကြောင်များနှင့်တူအောင် ကတားကတောင်ထဲ ဝယ် ညင်သာစွာ ပေါ့ပါးစွာ အသံမထွက်စေအောင် လှုပ်ရှားနိုင်ကြ လေသည်။

ထိုလူများမှာ လူသုံးအယောက်နှင့်ရှိပြီး လူတိုင်းလိုလို ဓားတစ် ချောင်းစီ ကျောပိုးထားကြလေသည်။

ထိုလူများသည် ပဲခိုးတို့လူစုရှိရာသို့ စက်ဝိုင်းပုံသဏ္ဍာန် ဝိုင်း ရံကာ ချဉ်းကပ်လာကြသည်။

ပဲခိုး၏ တပည့်စားယောက်သည် နှစ်ယောက်တစ်တွဲ ခွဲ ကာ အရှေ့ဘက်နှင့် အနောက်ဘက်တွင် စောင့်ကြပ်နေကြပါ သည်။

သူတို့သည် ပင်ပန်းနွမ်းနယ်မှုကြောင့် အိပ်ငိုက်နေကြရသော ကြောင်နှင့်တူသော ညလူများ ချဉ်းကပ်လာကြသည်ကို သတိ မပြုမိခဲ့ပါချေ။



အရှေ့ဘက်မှ အစောင့်နှစ်ယောက်သည် တောတောင်ထဲ စောင့်ကြပ်ရသည်ကို ပျင်းရိငြီးငွေ့လာဟန်ဖြင့်....

'ဒီအချိန်မှာ အပျော်ခရီးသွားပြီး အချိန်ဖြုန်းနေလိုက် ရရင် သိပ်ကောင်းမှာပဲ'

ဟု ညည်းညူလိုက်လေသည်။ သူ၏စကားကို ကျန်တစ် ယောက်က ထောက်ခံလိုက်လေသည်။

'ဟုတ်တယ်၊ အရက်တစ်အိုးလောက် သောက်သွားဦးမှကွ'

'ဆိုင်ကအားလုံး သူ့ရဲ့ကိစ္စပြီးပြတ်သွားရင် ငါတို့ဆောက် ဆု လာဘ် ကောင်းကောင်းချီးမြှင့်မယ်လို့ပြောတယ်၊ အဲဒီအခါ ကျမှ သွားကြတာပေါ့'

'အေးပါ၊ မင်းသွားချင်သာ ငါ့ကို ခေါ်'

'စိတ်ချ'

သူတို့နှစ်ယောက် သဘောတကျစွာ ပြုံးလိုက်ကြသည်။ တော အုပ်အတွင်းရှိ မြေကြီးလပ်တွင် အတုံးအရုံး အိပ်မောကျနေ သူများဘက်သို့ လှည့်ကြည့်လိုက်ကြသည်။

တစ်ယောက်က...

'ညဉ့်သုံးနာရီလောက်ပြီ၊ အားလုံးလဲအိပ်နေကြပြီ၊ တို့နှစ်ယောက် တစ်ယောက်တစ်လှည့်စီ အိပ်ကြရင် မကောင်းဘူးလား'

'သိပ်ကောင်းတာပေါ့ကွာ'

'ဒါဆို မင်းအရင်အိပ်၊ မိုးလင်းပိုင်းကျတော့ မင်းကို ငါ နှိုးလိုက်မယ်'

'အေး....ငါအရင်အိပ်မယ်'

ထိုလူက သစ်ပင်ကို ကျောမှီကာ အိပ်စက်ရန် ဟန်ပြင်လိုက်၏။ ကျွန်တစ်ယောက်က ထိုင်ရာမှထရင်ကာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ပြီး လမ်းလျှောက်နေလိုက်၏။

သူ၏အဖော်သည် ပင်ပန်းနေသည်ဖြစ်ရာ တစ်ကောအတွင်းမှပင် အိပ်ပျော်သွားလေတော့သည်။

ကျန်ခဲ့သူ သဘောကျစွာ ပြုံးလိုက်သည်။

'အိပ်... အိပ် မိုးလင်းတာနီးတော့ ငါ့ အိပ်...'

လူစကားဆုံးအောင် မပြောလိုက်ရပါချေ။

'ခွပ်'

'ဆင့်'

မြည်သံသဲ့သဲ့ ထွက်ပေါ်လာ၏။

ထိုလူမှာ မြေပေါ်ခွေခွေနဲ့ လဲကျသွားလေသည်။

ထိုလူ လဲကျသွားပြီးသည်နှင့် ကြောင်နှင့်တူသော လူများသည် ဟိုမှသည်မှ ထွက်ပေါ်လာကြသည်။

ညလူများသည် အိပ်မောကျနေသည့် ပါဖုံးတို့ လူရုထံသို့ တိတ်တဆိတ် ချဉ်းကပ်သွားကြ လေတော့သည်။

* * *



ကျွန်းပေါက်သည် နှစ်နှင့်ဖြိုက် ခြိုက် အိပ်မောကျ နေရာမှ ဖျပ်ခနဲ လန့်နိုးလာသည်။ ဝန်းကျင်တစ်ခုလုံးမှာ ထူးထူး ခြားခြား တိတ်ဆိတ်ငြိမ်သက်နေသည်ဟု ခံစားရသည်။

ထို့ကြောင့် လူးလိမ့်ထကာ ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။ မီးပုံများမှာ မီးငြိမ်းကာ မီးကျီး မီးခဲများသည် ပြာဖုံးနေပြီ ဖြစ်သည်။

လဝန်း ထွက်ပေါ်လာပြီဖြစ်၍ လရောင် သဲကွဲ ထိုးကျနေသည်။ လရောင်အောက်တွင် မည်းမည်းသဏ္ဌာန် လူရိပ်များသည် လျင်မြန်စွာ ချဉ်းကပ်လာနေကြသည်ကို တွေ့ရသဖြင့် မျက်လုံးပြူးသွားသည်။

အလွန်ကြုံ နှင့်ကျက်သူပီပီ အန္တရာယ် ကျရောက်နေပြီ ဖြစ်ကြောင်း ချက်ချင်း ရိပ်မိလိုက်လေသည်။

'ရန်သူ... ရန်သူ'

ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး ဓါးမြှောင်းကို ဆွဲထုတ်လိုက်လေသည်။ သူ၏အသံကြောင့် အိပ်ပျော် နေသူ များနိုးလာကြလေသည်။

လေ့ကျင့်မှု အပြည့်အဝ ရှိထားကြသူများပီပီ တွေဝေ နေ နေကြခြင်း မရှိဘဲ ဓားကိုယ်စီ ဆွဲထုတ်ကာ ခုခံတိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်ကြလေသည်။

ကျွန်းပေါက်၏ အသံကြောင့် ကြောင်နှင့်တူသော ညလူများ အကြံအစည် ပျက်သွားကြလေတော့သည်။

'ထွေးတော့ပြီဖြစ်ရာ...

တိုက်ကြဟေ့'

ကြွာသံမေးရင်း မြေဝင် တိုက်ခိုက်လိုက်ကြလေသည်။

ကျွန်းပေါက်နှင့် တောင်ပိုင်းနယ်မှ သိုင်းသမားများလည်း လက်နက်ကိုယ်စီဖြင့် မြန်သည့် တိုက်ခိုက်ကြလေသည်။

တောအုပ်တွင်းဝယ် မြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေတော့သည်။

'ဝုန်း'

'အား'

'အမယ်လေး'

စူ ရှုးယ်ခုန်ချင်သော အသံပလံများ ထွက် ပေါ် လာလေသည်။

တိုက်ပွဲပိုင်းထန်စွာ ဖြစ်ပေါ်လာသည့်တိုင် အိုဘ် မေမှာ ကျနေသည့် မင်းသားလေး ပေါ်ဖိုး မရှိ သေးပါချေ။

ကျွန်းပေါက်သည် ပါဖိုးအနီးသို့ ပြေးသွားပြီး အာ တော အကူဆ မြှုတားလိုက်၏။

ညလူများ၏ အသစ်ဝင်တိုက်မှုကြောင့် ပါဖိုး၏ လူများ တစ်ယောက်ပြီးတစ်ယောက် ကျဆုံးကုန်လေသည်။

ကျွန်းပေါက်သည် အခြေအနေ ဆိုးဝါးလာသည်ကို ကြည့်ကာ ပါဖိုးအတွက် စိုးရိမ်ပူပန်လာသည်။

'မင်းသားလေး... မင်းသားလေး'

ပါဖိုးသို့ ခေါ်နှိုးလိုက်သည်။

တစ်ခါတစ်ရံတွင် ပါဖိုးသည် သင်တစ်ကောင်အနေအထားမှာ လာအောင်နေလျှင်ပင် နိုးမည်မဟုတ်သလို တစ် ခါ တစ်ရံတွင်



လေတိုက်၍ သစ်ရွက်လှုပ်သံ ထွက်ပေါ်လာသည်နှင့် နိုး လာတတ်သည်။

ယခု ကျွန်းပေါက်က အထိတ်တလန့် ခေါ်နိုးနေသည် ဖြစ်သော်လည်း ပါဖိုးမှာ မနိုးချေ။

'ဒုက္ခပဲ'

ကျွန်းပေါက် ညည်းညူလိုက်လေသည်။

ထိုအချိန်တွင် ညလူသုံးယောက် ပြေးဝင်လာ ကြ သေ ဆ ဆီ ကြိုတိုက်ခိုက်လိုက်ရလေသည်။

'ဝုန်း'

'အား'

'အမလေး'

စူးရှုကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

လူသုံးယောက် မြေပေါ် လဲကျသွားလေသည်။ ထိုနည်းတူ ကျွန်းပေါက်သည်လည်း ဒဏ်ရာ ထိုးလေးချက်မျှ ရရှိသွားလေသည်။

ပါဖိုးကား ယခုကိုပင် အိပ်ရာမှ မနိုးသေးပါချေ။ ညလူများသည် တိုမှုသည်မှ ထွက်ပေါ်လာပြီး တိုက်ခိုက်နေ၏။

တောင်ပိုင်းနယ်စား၏ လူများသည် အပြင်းအထန် ခုခံကြ ပါသော်လည်း အင်အားမီသွားကြသဖြင့် တစ်ယောက်ပြီး တစ်ယောက် မြေပေါ်လဲကျသွားလေသည်။

'ဒုက္ခပဲ ကြာရင်အားလုံး သေကုန်တော့မယ်'

ကျွန်းပေါက် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လာသည်။ ခရီးထွက်လာရင်း မမျှော်လင့်တဲ့ ညလူများ၏ တိုက်ခိုက်မှု ခံရတာ အားလုံး ကိစ္စချောကုန်တော့မည့် သဘောရှိနေသည်။

ပါဖိုးနိုးလာလျှင်မူ ကား အခြေအနေ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလိမ့်မည်ဟု ယုံကြည်ထားသည်။

ညလူများသည် တစ်စသက်တစ်စ အသာစီးရလာကြပြီး တောင်ပိုင်းနယ်စား၏လူများကို ဝိုင်းရံထားနိုင်ကြပြီဖြစ်သည်။

တောင်ပိုင်းနယ်စား၏ လူများမှာလည်း တစ်ယောက်ပြီး တစ်ယောက် ကျဆုံးသွားကြလေရာ ဆယ်ယောက်ခန့်သာ ကျန်တော့သည်။

ကျွန်းပေါက် ဒေါပွလာသည်။ မင်းသားလေး ပါဖိုးကို မရမနေ နှိုးရန် ဆုံးဖြတ်လိုက်၏၊

ထိုစဉ်...

'ကောင်းကောင်းလဲ မအိပ်ရပါလား၊ ဆူဆူညံညံ ဘာတွေဖြစ်နေကြတာလဲ'

ညည်းညူရင်း ပါဖိုး မျက်လုံးဖွင့်လာသည်ကို တွေ့မြင်လိုက်ရသည်။ ကျွန်းပေါက် ဝမ်းသာသွား၏။

'မင်းသားလေး ရန်သူ'

စကားဆုံးအောင် မပြောလိုက်ရပါချေ။ ညလူများ ပြေးဝင် တိုက်ခိုက်လာသဖြင့် ပြန်လည် ခုခံလိုက်ရလေသည်။

'ခွမ်း'

'ဝုန်း'

'အား'



လူနှစ်ယောက် မြေပေါ် လဲကျသွားသလို ကျွန်းပေါက်၏ ပခုံး၌လည်း ဒဏ်ရာ ရရှိသွားလေတော့သည်။

ပါဖိုး မျက်မှောင်ကြုတ်သွားသည်။

'ဘာတွေ ဖြစ်နေကြတာလဲ'

သူ၏ အသံ ကျယ်လောင်စွာ ထွက်ပေါ် လာလေသည်။

တိုက်ခိုက်နေသူများပင် ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။ အားလုံး လှည့်ကြည့်လာကြလေသည်။

ပါဖိုးသည် ထရပ်လာပြီဖြစ်သည်။ ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်ကြည့်လိုက်ပြီး...

'ဟွန်း တောင်ပိုင်းနယ်စားရဲ့ လူတွေကို တိုက်ခိုက်ရတာ နည်းတဲ့ သတ္တိမဟုတ်ဘူး၊ မင်းတို့ ခေါင်းဆောင်ဘယ်သူလဲ ထွက်လာခဲ့စမ်း'

ဟု ခေါ်လိုက်လေသည်။

သူ၏စကားဆုံးလျှင် လူသန်ကြီး တစ်ယောက် ရှေ့သို့ ခုန် ထွက်လာသည်ကို တွေ့မြင်ရလေသည်။

ထိုလူသန်ကြီးမှာ မုတ်ဆိတ်မွေး ထူထပ်စွာရှိပြီး ကြောက်မက်ဖွယ်ကောင်းအောင် ခက်ထန်သူ ဖြစ်လေသည်။

ထိုလူက ပါဖိုးအား စိုက်ကြည့်လိုက်ပြီး....

'တောင်ပိုင်းနယ်စားရဲ့ လူတွေမှတာလို့ နေပြည်တော်က လူတွေလာရင်လဲ ကျုပ်အခရေး မစိုက်ဘူး၊ ဒီတောအုပ်ဟာ ကျုပ်တို့ ကြောင်မေးပြတွေကြီး စိုတဲ့ နေရာပဲ၊ ဒီနေရာမှာ ကျုပ်တို့ အမိန့်ကို အားလုံး နာခံကြရလိမ့်မယ်'

'ဟား...ဟား...ဟား'

ပါဖုံး သဘောကျစွာ ရယ်မောလိုက်သသည်။
လူသန်ကြီး မဲ့ပြုံး ပြုံးလိုက်သည်။
'မင်းအယ်လောက် ရယ်နိုင်မှာလဲ'
ခေါင်းပေါက်ရင်း ပါဖုံးထံ ပြေးဝင် တိုက်ခိုက်လိုက်သ
သည်။

ထိုနောက်....

'ရပ်လိုက်'

ကျွန်းပေါက်က တန်တားလိုက်၏။

ဓားတစ်ချက်ဆွဲကာ လူသန်ကြီးကို ကြားဖြတ် တိုက်ခိုက်လိုက်လာသည်။ လူသန်ကြီးမှာ ပါဖုံးထံ ပြေးဝင် သွားနိုင်ခြင်း မရှိတော့ဘဲ ကျွန်းပေါက်နှင့် ရင်ဆိုင်ရတော့သည်။

သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်နေကြသည်ကိုကြည့်ကာ ပါဖုံး ခေါင်းယမ်းလိုက်လေသည်။

'ကျွန်းပေါက် နောက်ဆုတ်လိုက်စမ်း၊ သူ့ကို ငါကိုယ်တိုင် အုံးမယ်'

ပြောရင်း ရှေ့သို့ရှိန်ဝင်လာသည်။

လူ၏လက်ထဲ၌ ယပ်တောင်တစ်ချောင်း ကိုင်ဆောင်ထားလေသည်။

ကျွန်းပေါက် ပါဖုံးအတွက် စိုးရိမ်သွားပြီး....

'သခင်လေး နောက်ဆုတ်လိုက်ပါ၊ သူ့ကို ကျွန်တော် အုံးနိုင်ပါတယ်'

ဟု အော်ပြောလေသည်။



ထိုအချိန်မှာပင် လူသန်ကြီးက ပြင်းထန်စွာ တိုက်ခိုက်လိုက်လေရာ....

'ဝုန်း'

ကျွန်းပေါက်မှာ နောက်ဆုတ်လိုက်ရလေတော့သည်။

'ဟား... ဟား... ဟား'

လူသန်ကြီး သဘောကျစွာ ရယ်မောလိုက်လေသည်။

ပါဖုံးက...

'ကျွန်းပေါက် နောက်ဆုတ်လိုက်စမ်း'

ဟု ထပ်မံ အမိန့်ပေးလိုက်သည်။

ယခုတစ်ကြိမ် ကျွန်းပေါက် မတတ်သာတော့ဘဲ နောက်ဆုတ်ပေးလိုက်ရ၏။ ပါဖုံးက လူသန်ကြီးနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

'ခင်ဗျားက ကျုပ်ရဲ့အကျိုးကို ထိခေအာင် တိုက်ခိုက်နိုင်ရင် ရှေ့စင်ပေါ် တင်ပေးသော ဆုချမယ်၊ ကျုပ်လူတွေကို တိုက်ခိုက်ခဲ့တဲ့ အတွက် အပြစ်လဲ ယူတော့ဘူး'

ဟု ပြောလိုက်လေသည်။

ထိုစကားကြားလျှင် ကျွန်းပေါက် မျက်လုံးပြူးသွား၏။ ပါဖုံးမှာ သိုင်းပညာတစ်ဘက် ဖမ်းခတ် တတ် မြောက် ထားသည် မှန်သော်လည်း အခုလောက်အထိ အရဲစွမ်းသန်မည်ဟုထင်မိလေသည်။

'ဟား... ဟား... ဟား'

လူသန်ကြီး သဘောကျစွာ ရယ်မောလိုက်ပြန်သည်။

ပါဖုံးကိုကြည့်ကာ....

'မင်းတော်တော် အနေပြာကြီးပါလား၊ ငါက မင်းရဲ့ ဇာတ်ကိုတောင် ဖြတ်ပစ်လိုက်ဦးမယ်၊ သတိသာထားပေတော့'

စကားဆုံးလျှင်-စတင်တိုက်ခိုက်လိုက်လေသည်။

ပါဖုံးက မလှုပ်မယှက် ရပ်နေသည်။ ယပ်တောင်ကို ရင်ဝရှေ့၌ ထားကာ တဖျပ်ဖျပ် ခတ်နေသည်။

သူ၏ခန္ဓာကိုယ်သည် ဝက်ကြီးတစ်ကောင်သဖွယ် ဝဖိုင့်လှသည် ဖြစ်ရကား မည်သည့်နေရာ၌ဆို ပစ်မှတ်ချားချည့်ဖြစ်နေလေတော့သည်။

လူသန်ကြီးသည်-ပါဖုံး၏ရင်ဝကို တိုက်ခိုက်မည့် ဟန်ပြလိုက်ပြီးမှ မျက်နှာဆီသို့ လက်သီးပစ်သွင်းလိုက်သည်။

လက်သီးထိုးချက် မိသွားလျှင် ပါဖုံး၏ဦးခေါင်းပြုတ်ထွက်သွားနိုင်ပေတော့သည်။

'ဘဲခင်လေး'

ကျိန်းပေါက် လွှတ်ခနဲ ခေါ်လိုက်သည်။

ပါဖုံးသည် လူသန်ကြီး၏ လက်ချက်ဖြင့် ဒုက္ခရောက်သွားတော့မည်ဟု ထင်မှတ်မိလေသည်။

သို့သော် သူ၏အဘင်နှင့်အမြင် တက်တက်စင် လွဲချော်သွားရလေတော့သည်။

ပါဖုံးသည် ခန္ဓာကိုယ်နှင့်မလိုက်အောင် သွက်လက် စွာ လှုပ်ရှားလိုက်၏။

ရုတ်တရက် လူသန်ကြီး၏ မြင်ကွင်းမှ ကွယ် ပျောက်သွားသည်။ လူသန်ကြီး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။



လက်သီးကို ပြန်လည်ရုပ်သိမ်းခြင်း ပြုနိုင်သဖြင့် ရှေ့သို့ ငိုက် အားလွန်သွားလေသည်။

ပါဖုံးအား မထိဘဲ လေထဲသို့ ထိုးမိလိုက်သည့် အဖြစ်ကို တွေးကာ ရှက်သွား၏။ ပါဖုံးသည် သူ၏ အနီးပတ်ဝန်းကျင်၌ ရှိမနေပါတော့ချေ။

'ဟိုက် ဘယ်ရောက်သွားပြီလဲ'

လူသန်ကြီး လွှတ်ခနဲ ရေရွတ်လိုက်သည်။

ထိုစဉ် ...

'ကျုပ်ကိုရှာနေတာလားဗျ'

စကားသံမှာ ဦးခေါင်း အပေါ်ဘက်မှ ထွက်ပေါ် လာလေသည်။

လူသန်ကြီး ခေါင်းမော့ကြည့်လိုက်သောအခါ ပါဖုံးသည် သစ်ပင်တစ်ပင်၏ သစ်ကိုင်းထက်ဝယ် အကျအနထိုင်ကာ မုန့်အချိုများ စားနေသည်ကို တွေ့မြင်ရလေသည်။

လူသန်ကြီး မျက်လုံးပြူးသွားသည်။

'ခင်း....မင်းဘယ်လိုလုပ် သစ်ပင်ပေါ် ရောက်သွားတာလဲ'

ဟု ရေရွတ်လိုက်သည်။

ပါဖုံးက....

'ခုန်တက်လာတာပေါ့၊ ခင်ဗျား မယုံဘူးလား၊ ကောင်းပြီ၊ ကျုပ် ခုန်ဆင်းလာခဲ့မယ်'

စကားဆုံးလျှင် ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်လေသည်။ သူ၏ခန္ဓာကိုယ်သည် ပေါ့ပါးစွာဖြင့် လူသန်ကြီးအပေါ်သို့ တည့်တည့်မတ်မတ် ကျရောက်လာလေသည်။

လူသန်ကြီး ဇေယျာဇေယာ ရှောင်တိမ်းလိုက်၏။

သို့ပါသော်လည်း လွတ်နိုင်ပါတော့ချေ။ ခြေအားရှူး လက်အားရှူးဖြင့် ခုန်ဆင်းလာသည့် ပါဖိုး၏ ခြေထောက် တစ်ဖက်သည် လူသန်ကြီး၏ပခုံးကို တည့်တည့်ဝေါ်ဝေါ် ကန် ကျောက်မိသွားလေတော့သည်။

'ဝုန်း'

'အား'

လူသန်ကြီး အနောက်ဘက်လွင့်စဉ်သွားပြီး မြေပေါ်ဖင်ထိုင် ကျသွား၏။ ပါဖိုးက မြေပေါ် ညင်သာစွာကျသွားပြီး မုန့်အချို များ စားနေပြန်သည်။

'ဖျောင်း...ဖျောင်း...ဖျောင်း'

ကျွန်းပေါက်တို့လူစု သဘောကျသွားကာ လက်ခုပ်လက် ဝါး တီးပြီး သြဘာပေးလိုက်ကြလေသည်။

လူသန်ကြီး မကျေနပ်ဖြင့် မြေပေါ်မှ ခုန်ထလာသည်။ ညလူများသည်လည်း လက်နက်ကိုယ်စီဆွဲကိုင်ကာ ရှေ့တိုးလာ ကြလေသည်။

ပါဖိုးက...

'ခင်ဗျားတို့ ဒူးထောက်အညံ့ခံပြီး အပြစ်ပေးတာ ခံကြရင် ကောင်းမယ်'

ဟု ပြောလိုက်၏။

ထိုစကားကြားလျှင် လူသန်ကြီး ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။



'တောက်-ဘယ်သူ့ဒူးထောက်အညံ့ခံရမှာလဲဆိုတာ ကြည့်ကြ သေးတာပေါ့'

စကားဆုံးလျှင် ဓားထက်လက်ဆွဲထုတ်ကာပြေးဝင်တိုက်ခိုက် လိုက်ပြန်၏။

ပါဖိုးက လျှပ်ချင်လျှပ်ချင်ဖြင့် ခြေတစ်ချောင်း အပေါ် မြှောက်လိုက်၏။

'ဝုန်း'

လူသန်ကြီးမှာ ပါဖိုး၏ ခြေထောက်ဖနောင့်ချက်မိကာ လွင့်စဉ် သွားပြန်၏။ ယခုတစ်ကြိမ် အထိနာသွားပြီး တော်တော် နှင့် ပြန်မထနိုင်တော့ချေ။

ပါဖိုး ပြုံးလိုက်သည်။

'ဘယ်လိုလဲ၊ ခင်ဗျားအညံ့ခံတော့လား'

ဟု မေးလိုက်၏။

လူသန်ကြီးသည် ပါဖိုးအား မယှဉ်နိုင်မှန်းသိလျှင်...

'ဟော့ ဓားခင်တွေ ဘာလုပ်နေကြတာလဲ၊ ဝိုင်းတိုက်ကြပါ တော့လား'

သူ၏တပည့်များဘက်သို့ လှည့်ကာ အော်ခေါ်လိုက်လေ သည်။

သူ၏တပည့်များသည် လက်နက်ကိုယ်စီဆွဲကိုင်ကာ ဗြောသံ ပေး၍ ပြေးဝင်လာကြလေတော့သည်။

ပါဖိုး ခေါင်းယမ်းလိုက်သည်။

'ကျုပ်ကို ပင်ပန်းအောင် တော်တော်လုပ်ကြတာပဲ'

စားသောက်ဆိုင်လျှပ် လက်ထဲကိုင်ထားသည့် မုန့်ထုပ်ကို ဝေ ယမ်းလိုက်၏။ သူသည် သစ်ကြားသီးခြောက်ကို စား နေ ခြင်း ဖြစ်သည်။

သစ်ကြားသီးခြောက် အလုံးလေး များသည် လောက စလုံးများသဖွယ် တဝှီးဝှီးမြည်ကာ ပင်လွင့်သွားရာ—

'အား'

'အမလေး'

'အမယ်လေး'

တိုက်ခိုက်ရန် ခြေးဝင်လာသူများ၏ အခါတ ကျသော သွေး ကြောနေရာများကို ထိမှန်သွားပြီး တစ်ယောက်ပြီးတစ်ယောက် လဲကျသွားလေတော့သည်။

'ဟာ'

လူသန်ကြီး လွှတ်ခနဲ အော်လိုက်သည်။

ပါဖိုးက....

'ကဲ...ဘယ်လိုလဲ၊ ခင်ဗျား ခေါင်းမာချင်သေးသလား'

ဟု မေးသည်။

လူသန်ကြီး မျက်နှာပျက်သွားလေသည်၊

အနိုင်ရလျှင် မော်ကြွားချင်သလောက် ရှုံးနိမ့်မှုနှင့်ရင်ဆိုင် ရသောအခါ ရင်ဆိုင်ရဲသည့် လူစားမျိုး၌ ပါဝင် ရအား လူးလိမ့်ကာပြီး ထွက်ပြေးရန် ဟန်ပြင်လိုက်လေသည်။

'ခင်ဗျားပြေးလို့ ရမလား'

ပါဖိုးက သူ၏ပြေးလမ်းကို ပိတ်ဆို့လိုက်၏။



လူသန်ကြီး မခံနိုင်တော့ပါချေ။ လက်နှစ်ဖက် ဆုပ်ကာ တောင်းပန်ရှာ....

'ကျုပ်...ကျုပ်ကို ချမ်းသာပေးပါဗျာ'

ဟု တောင်းပန်လာရလေတော့သည်။

ပါဖိုး ပြုံးလိုက်သည်။

'ခင်ဗျားတောင်းပန်တာနဲ့ ကျုပ်က ချန်ထားရမှာလား'

'ကျုပ်....ကျုပ်'

'ခင်ဗျားနာမည် ကြောင်နက် မဟုတ်လား'

'ဗျာ'

လူသန်ကြီးမှာ သူ၏အမည်ကို ပါဖိုးက သိနေရုံ ခြင်း ကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ပါဖိုးက....

'ကြောင်နက် ကျုပ်က နတ်မျက်စိနဲ့တွေ့ချင်လို့ လာခဲ့တာ၊ သူဘယ်မှာ ရှိတယ်ဆိုတာ ခင်ဗျားသမ်းညွှန်ပေးရမယ်၊ ဒါမှ မဟုတ်ရင်တော့ ခင်ဗျားကို ချမ်းသာမပေးနိုင်ဘူး'

ဟု တင်းမာခက်ထန်သော လေသံဖြင့် ပြော လိုက် လေ သည်။ လူသန်ကြီး (ဝါ) ကြောင်နက်မျက်နှာ ဖြူဖပ်ဖြူ ရော် ဖြစ်နေပါသည်။

ပါဖိုးက—

'ကျုပ်မေးတာကိုမဖြေဘူးဆိုရင် ခင်ဗျားအသက် ချမ်းသာ ရမှာမဟုတ်ဘူး'

ပြောပြောဆိုဆို ရှေ့သို့လှမ်းတက်လာရန် ဟန် ပြင်လိုက်လေသည်။ ကြောင်နက် အပျော်ဖယား လက်ကာပြလိုက်လေသည်။

'ကျုပ်... ကျုပ်ကို ချမ်းသာပေးပါဗျား၊ နတ်မျက်စိဘယ်မှာရှိတယ်ဆိုတာ ကျုပ်ပြောပြပါ့မယ်'

ဟု ပြောလေသည်။

ပါဖိုး ငြိမ်နေသွားသည်။

'ဒီလိုမှပေါ့ကွဲ... ပြောစမ်းပါဦး'

'သူဟာ ဒီကနေ အရှေ့ဘက် တည့်တည့်ကို သွားမယ်ဆိုရင် ပထမဆုံး နေထွက်လာတဲ့ တောင်မှာ ရှိပါတယ်'

'ပထမဆုံး နေထွက်လာတဲ့တောင် ဟုတ်လား'

'ဟုတ်ပါတယ်၊ တောင်တွေ စီတန်းနေသလို ဆင့်တူယိုးမှား ဖြစ်နေတာမို့ အကြောင်းမသိရင် လမ်းမှားသွားနိုင်ပါတယ်။ နေဝန်းနီ ထွက်ပေါ်လာတာကို ကြည့်ပြီး နေဝန်းနီနဲ့ အနီးဆုံး မြင်ရတဲ့တောင်ကို သွားရမှာပါ။ အဲဒီတောင်ပေါ်မှာ နတ်မျက်စိ ရှိနေပါတယ်'

ပါဖိုး ပြုံးလိုက်သည်။

'ခင်ဗျားက လိမ်ပြောတယ် ဆိုရင်ရော'

'ကျုပ် လိမ်မပြောရဲပါဘူးဗျာ'

လူသန်ကြီး ကြောင်နက်သည် အမှန်အတိုင်း ပြောနေခြင်း ဖြစ်ကြောင်း ပါဖိုး နားလည်သွားလေသည်။

ထို့ကြောင့် လက်ဝေ့ယမ်းပြလိုက်ပြီး...



'ကောင်းပြီ၊ ခင်ဗျား သွားပေတော့'

ဟု ပြောလိုက်၏။

လူသန်ကြီး ကြောင်နက်ကို လွှတ်ပေးလိုက်ခြင်းကြောင့် ကျွန်းပေါ်က လူ ကျေနပ် ဖြစ်သွားလေသည်။

'သခင်လေး၊ သူကကျွန်တော်တို့လူတွေကိုတိုက်ခိုက်ခဲ့ပါသေးတယ်၊ သူ့ကို လွှတ်ပေးလို့ မဖြစ်ပါဘူး'

ဟု ဝင်ပြောလေသည်။

ပါဖိုးက...

'လွှတ်ပေးလို့ မဖြစ်ဘူးဆိုရင် ခင်ဗျားဝင်ပြီး တားဆီးလိုက်ပေါ့'

ဟု ပြော၏။

ကျွန်းပေါ်က သာမျှ မပြောနိုင်ဘဲ နောက်ဆုတ်လိုက်လေသည်။ လူသန်ကြီး ကြောင်နက်က လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ် ဂါရဝပြု၏။

'ကျုပ်အသက်ကို ချမ်းသာပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ နတ်မျက်စိနဲ့ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ဆုံနိုင်ပါစေ'

ဟု ပြောလိုက်သည်။

ထို့နောက် ဓားတစ်ချက်ချွန်လိုက်ပြီး လှပ်ခနဲ ခုန်ထွက်သွား၏။ ထိုစဉ်လူများသည်း သစ်ပင်ချုံနွယ်များကြားသို့ အလျှိုအလျှို တိုးဝင် ပျောက်သွားကြ၏။

လူသန်ကြီး ကြောင်နက်တို့လူစု ကွယ်ပျောက်သွားပြီး မရှေးမနှောင်းမှာပင်...

'အောက်ဆီးအီးအာ့တ်'

အခေါးမှ တောကြက်တွန်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ပါဖုံးက အရှေ့ထက်ဆီသို့ လှမ်းမျှော်ကြည့်လိုက်ပြီး...

'မိုးတောင်လင်းတော့မယ်၊ တို့သွားကြစို့'

စားသုံးလျှင် ရှေ့မှ ခပ်သွက်သွက် လျှောက်သွား၏။ ကျန်းပေါက်တို့လူစု မနေနိုင်တော့ပဲ နောက်မှ လိုက်သွားကြလေတော့သည်။

\+ \+ \+

မရဏတောင်....

မရဏတောင်ဟူသည့် နာမည် ကြားကတည်းက ကြောက်စက်ဖွယ် ကောင်းမည်ဆိုသည်မှာ သေချာလှပေသည်။

ဟူးယို့သည် နောက်လိုက်ငယ်သားများ ခေါ်ဆောင်ကာ မရဏတောင်ဆီသို့ ဦးတည် ခရီးနှင်သွားလေသည်။

မရဏတောင်၌ နေထိုင်သူ တစ်ယောက်အကြောင်း သူက ကောင်းစွာ သိရှိထားပေသည်။

ထိုလူမှာ ခေါင်းဆယ်လုံး ဟာလဝ်ဆိုသူ ဖြစ်ပေသည်။ ခေါင်းဆယ်လုံးဟာလဝ်သည် လူထူးလူဆန်းတစ်ယောက် ဖြစ်ပေသည်။



သတ္တဝါ၏ [လျှို့ဝှက်ချက်များကို ကောင်းစွာ သိထားသူ ဟု ကျော်ကြား၏။ လူတိုင်းသည် ဟာလဝ်နှင့် မတွေ့နိုင်သည် တော့ မဟုတ်ပါချေ။

ဟာလဝ်သည် ထူးဆန်းပြီး ရက်စက်ကြမ်းကြုတ်မှု၏ ပြယုဂ် ဖြစ်သည်ဟု ဟူးယို့ ကောင်းစွာ သိထားပေတော့သည်။

မရဏတောင်ဆီသို့ သွားရာ လမ်းတစ်လျှောက်ဝယ် သစ်တောများ ဖုံးလွှမ်းလျက်ရှိပါသည်။

တောနက်လှသလို၊ လူနေအိမ်ခြေနည်းပါးလှသည်။ သားရဲတိရစ္ဆာန်များ၊ ခိုးသားဓားပြများ ပျော်မွေ့ရာ အရပ်ဒေသလည်း ဖြစ်ပေသည်။

ဟူးယို့နှင့် နောက်လိုက်များသည် မရဏတောင်ဆီသို့ ဦးတည် ခရီးနှင်သွားကြပြီး ဆယ်ရက်မြောက်နေ့တွင် အခေါးဆီမှ နှင်းများဖုံးနေသည့် တောင်ကြီးတစ်လုံးကို တွေ့မြင်လိုက်ရလေသည်။

ဟူးယို့ သဘောကျစွာ ပြုံးလိုက်သည်။

'တို့တစ်တွေ မရဏတောင်ကိုတောင် လှမ်းမြင်နေရပြီပဲ၊ မြင်းလှည်းနဲ့ ခရီးဆက်လို့ မဖြစ်တော့ဘူး၊ ငါကိုယ်တိုင် မြင်းနဲ့ သွားမယ်'

ဟု ပြောလေသည်။

သူ၏ လူယုံတော်တစ်ဦးက ချက်ချင်းပင် မြင်းတစ်ကောင် ပြင်ဆင်ပေးလေသည်။

ထို့နောက် ရှေ့ခရီး ဆက်သွားကြရာ နေဝင်ဆည်းဆာ အချိန်တွင် မရဏတောင်ခြေရင်းသို့ ရောက်ရှိသွားကြလေသည်။

ဟူးယို့က...

'ဒီနေရာမှာပဲ ဒီသစ်ခနဲ ချပြီး အနားယူကြမယ်၊ နောက်မိုးလင်းမှ ဆောင်းပေါ် တက်ကြမယ်၊ သတိဝီရိယ ရှိကြပါစေ'

သူ၏လူများကို အမိန့်ပေးလိုက်သည်။

ထိုနေ့ည တစ်ညတာအတွက် ကျန်းမာသန့်စွမ်းသူများဖြစ်ကြသည်နှင့်အညီ တောအုပ်အတွင်းရှိ မြေကွက်လပ်တွင် ချက်ချင်းပင် ရွက်ဖျင်တဲတစ်လုံး ဆောက်လုပ်လိုက်ကြသည်။

သစ်ကိုင်းခြောက်များ ရှာဖွေ၍ ရွက်ဖျင်တဲ ပတ်လည်တွင် မီးဖိုများ ဖိုလိုက်ကြသည်။

ဟူးယို့သည် ရွက်ဖျင်တဲရှေ့မှနေ၍ မင်္ဂလာတောင်ပေါ် ဆီသို့ လှမ်းမျှော်ကြည့်နေသည်။

မင်္ဂလာတောင်ပေါ်တွင် ဝင်းလက်တောက်ပနေသော အလင်းရောင်များ ထွက်ပေါ်နေသည်ဟု ထင်မြင်မိလေသည်။

'ခေါင်းဆယ်လုံးယာလီ၏ ငါ့ကို လက်ခံပါ့မလား'

ဟု တွေးတောစဉ်းစားနေမိသည်။

ထိုအချိန်တွင် သူ၏ လူများသည် အသင့်ပါလာသော အသားခြောက်များ၊ ပေါင်မုန့်ခြောက်များကို မီးပုံမှမီးဖြင့် ချက်ပြုတ်ကြော်လှော်နေကြရာ မွှေးကြိုင်သင်းပျံ့သော အနံ့များ ထွက်ပေါ်နေပေ၏။

ဟူးယို့ ဗိုက်ဆာလာလေတော့သည်။

ထိုစဉ် သူ၏ အနီးသို့ စုသန်း ရောက်ရှိလာပြီး....

'သခင်လေး ညစာ စားဖို့ ဆောင်ဖို့ အဆင်သင့်ဖြစ်ပါပြီ'

ဟု ပြောလေသည်။



ဟူးယို့ ပြုံးလိုက်သည်။

'ကောင်းပြီ'

သူက ရွက်ဖျင်တဲအတွင်းသို့ လှမ်းဝင်လိုက်၏။

အမှန်ပင် ရွက်ဖျင်တဲအတွင်း၌ စားသောက်ဖွယ်ရာများ အားရစဖွယ် ပြင်ဆင်ထားသည်ကို တွေ့ရလေသည်။

ဟူးယို့လည်း ဆာလောင်နေသည်ဖြစ်ရာ အားရပါးရ စားသောက်လိုက်၏။

အချိန်များသည် တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

နေခြည် ကွယ်ပျောက်သွားပြီး အမှောင်ထုသည် ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံသွားလေသည်။

ဟူးယို့သည် စားသောက်ပြီးစီးသွားသည်နှင့် ညအခါတွင် အန္တရာယ် ကြုံတွေ့နိုင်သဖြင့် သတိဝီရိယဖြင့် စောင့်ကြပ်ကြရန် မှာကြားပြီး အိပ်ရာဝင်ခဲ့လေသည်။

အိပ်ရာထဲ ရောက်သောအခါ ခေါင်းဆယ်လုံး ယာလီ၊ သခင်မလေး တျင်းကျင်းနှင့် အပိုးမဖြတ်နိုင်သည့် ရုတနာ အကြောင်း တွေးတောစဉ်းစားရင်း တော်တော်နှင့် အိပ်မပျော်နိုင်ခဲ့ပါချေ။

ညဥ့်သန်းခေါင်ကျော်မှ မှေးခနဲ အိပ်ပျော်သွား၏၊ သို့သော် တစ်ခဏအတွင်းမှာပင် ပြန်လည်၍ လန့်နိုးလာသည်။

ဤအခါ တူးဆန်းသော ဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့လိုက်ရလေတော့သည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

တစ်ချက် တစ်ချက် ပိုးကောင် မွှားကောင်ကလေးများ၏ အသံမြည်သံ ထွက်ပေါ်လာသည်။

မီးရောင်ကွယ်ပျောက်ကာ မှောင်နေပြီးဖြစ်သော်လည်း ဟူးယို့သည် မီးထွန်းညှိရန် တစ်စုံတစ်ယောက် ခေါ်ယူဖို့ စိတ်မကူးချေ။

မှောင်ထဲဝယ်ထိုင်လျက် မျက်မှောင်ကြုတ်ကာ သေသေချာချာ နားစွင့်နေ၏။

မကြာပါချေ။ ထူးဆန်းသော အသံတစ်သံကို နားထဲ ကြားလိုက်ရလေတော့သည်၊

'ဖတ်ဖတ်...ဖတ်ဖတ်'

ငှက်ကြီးတစ်ကောင် တောင်ပံခတ်သံနှင့်တူသော အသံ ထွက်ပေါ်လာ၏။ လေပြင်း တိုက်ခတ်သံများလည်း တဝှီးဝှီး မြည်ကာ ထွက်ပေါ်နေ၏။

မရှေးမနှောင်းမှာပင်....

'အား'

စူးရှသော အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာလေသည်။

ဟူးယို့၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။ ထိုင်ရာမှ ပေါက်ခနဲထကာ ရှက်ဖျင်တဲအပြင်ဘက်သို့ လှစ်ခနဲ ပြေးထွက်လိုက်လေသည်။

အပြင်ဘက်၌ မှောင်နှင့်မည်းခည်း ရှိနေပြီး ဘာဆိုဘာမှ ထဲထဲဝင်ဝင် မမြင်တွေ့ရပါချေ။



သို့သော်– ဟူးယို့၏ အလွန်လျင်သော မျက်လုံးများက ပေါ် လွမ်းလွမ်း၌ မည်းမည်း အရိပ်သဏ္ဍာန်ကြီးတစ်ခု လျင်မြန်စွာ ဖြတ်သန်းသွားသည်ကို ခဝင်ကြိုမိလိုက်လေသည်။

ထို့စဉ်....

'အား'

စူးရှသော အော်သံတစ်ချက် ထွက်ပေါ်လာပြန်သည်။

ဟူးယို့ ဒေါသူသွားသည်။

တင်တစ်ယောက်သည် ၎င်း၏ လူများကို တိုက်ခိုက်နေပြီဖြစ်လေသည်။

'ဘယ်သူလဲ၊ ရပ်လိုက်စမ်း'

ဟူးယို့ အော်ဟစ်လိုက်သည်။

မည်းမည်းအရိပ်သဏ္ဍာန်ကြီးမှာ အဝေးတော်ဝေးဝေးသို့ရောက်သွားပြီဖြစ်လေသည်။

အရိပ်သဏ္ဍာန်ကြီးမှာပုံ ငှက်တစ်ကောင်ပမာ လျင်မြန်စွာ လှုပ်ရှားပုံတို့မှာ အံ့သြစရာ ကောင်းလှသည်။

ညကြီးအချိန်မတော်ဖြစ်ရကား မကောင်းဆိုးဝါး တစ်ကောင် လှုပ်ရှားနေသည်ဟုပင် ထင်ရလေသည်။

ဟူးယို့၏ 'အော်ငေါက်သံ' ထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင်....

'ဖတ်ဖတ်....ဖတ်ဖတ်'

အတောင်ပံခတ်သံကဲ့သို့ ကျယ်လောင်စွာ အသံများ ထွက်ပေါ်လာသည်။ လေပြင်းများလည်း တဟူးဟူး တိုက်ခတ်လာသည်။

ဟူးယို့ အံကြိတ်လိုက်သည်။

ခါးမှဓားကို ဆွဲထုတ်ကာ ရှိသမျှအင်အားကို စုစည်း၍ ခုတ်ပိုင်းလိုက်သည်။

ညည်းညည်းအရိပ်သဏ္ဍာန်ကြီးသည် သူ့ထံသို့ ဦးတည် လာနေပြီဖြစ်ကြောင်း နားလည်မိလေသည်။

မှန်ပသည်။ လေတဟူးဟူးတိုက်ခတ်လာခြင်းကြောင့် ဟူးယို့၏ ဆံပင်အားမျှား တဖျပ်ဖျပ် လူးလွန့်သွား၏။

သူ၏အနောက်ဘက်ရှိ ရွက်ဖျင်တဲမှာ လေထဲတွင် ယိမ်းထိုးနေတော့သည်။ အရိပ်သဏ္ဍာန်ကြီးသည် အံ့သြဖွယ် ကောင်းသည့် လျှပ်မြန်ခြင်းမျိုးဖြင့် ရိပ်ခနဲရိပ်ခနဲ ချဉ်းကပ်လာသည်။

ဟူးယို့ ကြည့်နေစဉ်အချိန် အတွင်းမှာပင် မျက်စိအရှေ့ မှ ဘတ်သို့ ရောက်ရှိလာလေသည်။

ဟူးယို့ မျက်လုံးပြူးသွားသည်။ အနီးသို့ ရောက်လာပြီဖြစ်၍ သတိကြီးစွာထား၍ ရှောင်တိမ်းလိုက်ပြီး လက်ထဲမှ ဓားဖြင့် ခုတ်ချပ်လိုက်၏။

ခြွံ

မြည်သံတစ်ချက် ထွက်ပေါ်လာ၏။

အားမှာဝင်ထွက်တယ် မီးပွင့်အနေးနေးများ ထွက်ပေါ်လာသည်။

ဓားကိုင်ထားသည့် ဟူးယို့၏လက်များတုန်ကျဉ် သွားသည်။ ဓားလွတ်ကျသွားမည်စိုး၍ သေအောင် မနည်းထိန်းကိုင်ထားလိုက်ရလေသည်။

'ဖတ်ဖတ် ဖတ်ဖတ်'



'ဝှီး... ဝှီး... ဝှီး'

ညည်းမည်းအရိပ်သဏ္ဍာန်ကြီးမှာ ဟူးယို့၏ဦးခေါင်းပေါ်မှ ဖြတ်ကျော်သွား၏။

ဟူးယို့၏အနောက်ဘက်ရှိရွက်ဖျင်တဲကို ဝင်တိုက်သွားရာ...

'ဝုန်း'

ရွက်ဖျင်တဲ မြေပေါ်သို့ ပြိုကျသွားတော့၏။

ညည်းမည်း အရိပ်သဏ္ဍာန်ကြီးသည် အဝေးသို့ ရောက်ရှိသွားလေသည်။

ဟူးယို့ ငိုင်နေ၏။

ကြောက်စရာကောင်းလှသည့် အရိပ်သဏ္ဍာန်ကြီးကို သူ ကောင်းစွာ ခန့်မှန်းနိုင်ခဲ့လေသည်။

'မြင်းကြီးတစ်ကောင်ပဲ'

မယုံကြည်နိုင်စွာ ရေရွတ်မိသည်။

သူသည် မျိုးကောင်းလှပသည်ဆိုသော မြင်းကောင်း ရာထောင်ချီပြီး တွေ့မြင်ခဲ့ဖူးလေသည်။

သို့သော်... ယခု တွေ့လိုက်ရသည့် မြင်းကြီးလောက် ထူးကျွင်းပြီး လျှင်မြန်စွာပြေးနိုင်သည့်မြင်းမျိုး မတွေ့ဘူးပါ။

ထိုမြင်းကြီးမှာ မြေပေါ် ပြေးနေသည်နှင့်မတူဘဲ မြေပေါ်မှ ရှပ်လော ပျံသန်းသွားသည်နှင့် တူနေ၏။

မြင်း ကိုယ် ဓားတစ်ချက်တစ်ချက်မှာ အတော်ခတ္တ ပေါက်နေလိုသား'

တဖတ်ဖတ် မြည်သံသည် အတောင်ခတ်ရာမှ ထွက်ပေါ် လာသည့် အသံဖြစ်ကြောင်း ဟူးယို့ ဆင်ခြင်မိသည်။

ဟူးယို့ ခေါင်းကုတ်လိုက်မိလေတော့သည်။

'မြင်းပျံ ဆိုတာ လောကကြီးပေါ်မှာ တကယ်ရှိနေလို့လား'

ဟု သူ့အဖွဲ့သား ညည်းညူနေမိလေတော့သည်၊

ထိုအချိန်တွင်....

'သခင်လေး....သခင်လေး'

ခေါ်သံနှင့်အတူ စုသန်း ပြေးလာသည်ကို တွေ့ရ၏။

စုသန်း၏လက်ထဲဝယ် မီးတုတ်တစ်ချောင်း ကိုင်ဆောင်ထားသည်။ မီးတုတ်မှ အလင်းရောင်ကြောင့် ဝန်းကျင်တစ်ခုလုံး အလင်းချင်းချင်း ဖြစ်သွားလေတော့သည်။

ဟူးယို့က....

'အခြေအနေ ဘယ်လိုလဲ'

ဟု လှမ်းမေးလိုက်၏။

စုသန်း၏ ခန္ဓာကိုယ်ပေါ်ဝယ် ဒဏ်ရာဒဏ်ချက်များရှိနေပြီး သွေးစသွေးနများ ပေကျံနေသည်ကို တွေ့ရ၏။

စုသန်းက

'ကျွန်တော်တို့လူတွေအားလုံး ကျဆုံးသွားပါပြီ သခင်လေး'

ဟု အစီရင်ခံလေသည်။

ဟူးယို့ မချင့်မရဲ ဖြစ်သွား၏။

'ဒါ...ခေါင်းဆယ်လုံးဟာလီရဲ့ လက်ချက်ပဲ ဖြစ်လိမ့်မယ်'

ဟု ရေရွတ်လိုက်၏။

စုသန်းက ဘာမျှမပြောဘဲ ခေါင်းငုံ့ထားလိုက်လေသည်။



လူတို့သည် ဟူးယို့အား စောင့်ရှောက်ရန် ခေါ်ထားခြင်း ကိုယ့်ကိုကိုယ် စောင့်ရှောက်ရန်ပင် မတတ်နိုင်ဘဲ ဖြစ်ခဲ့ရသည် ကော့တော်ပါလား။

ဟူးယို့က....

'သိကြသေးတာပေါ့ကွာ၊ ငါ့ကို သူ့ကိုမကြောက်လို့ လာခဲ့တာပဲ၊ ခေါင်းဆယ်လုံးဟာလီဟာ ငါ့ရှေ့မှာ ဒူးထောက်လာစေရမယ်'

ဟု ကြုံးဝါးလိုက်၏။

စုသန်းက ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် အကဲခတ် ကြည့်နေ၏။ ဟူးယို့က....

'စုသန်း မီးတုတ်တွေ ထွန်းညှိထားလိုက်၊ သူ့အခြား နောက်တစ်ခါ လာဦးမယ် ဆိုရင်တော့ ငါ့အကြောင်း ကောင်းကောင်း ကြီး သိသွားစေရမယ်'

ဟု ပြောလိုက်၏။

စုသန်းက မြေကွက်လပ်ပတ်လည်တွင် မီးတုတ်များ စိုက်ထူ ထွန်းညှိလိုက်လေသည်။ မီးရောင်များ ထွက်ပေါ်လာလေရာ နေ့ဘက်နှင့်မခြားအောင် ထိန်ထိန်လင်းသွား၏။

ထိုအခါ မြေပေါ်ဝယ် အတုံးအရုံး လဲကျသေဆုံးနေသည့် ကျားဝါရဲတိုက်မှ သိုင်းသမားများကို တွေ့မြင်ရလေသည်။

စုသန်းနှင့်ဟူးယို့တို့သည် ခေါင်းကိုယ်စီကိုင်ကာ အရိပ်မည်းမည်း သဏ္ဍာန်ကြီး နောက်ထပ် ပေါ်လာမည့်အချိန်ကို စောင့်မျှော်နေကြသည်။

သို့သော် မိုးသာ စင်စင်ကင်းသွားသည် နောက်ထပ်ထွက်ပေါ်လာခြင်း မရှိပါတော့ချေ။

ဟူးယို့နှင့် စုသန်းတို့လည်း လိုအပ်သည့်ပစ္စည်းများ ထုပ်ပိုးယူငင်ကာ မရဏတောင်ဆီသို့ ခရီးဆက်လာ ခဲ့ကြလေတော့သည်။

လေဘာဟူးဟူး တိုက်ခတ်နေသည်။

လှိုင်းလုံးများသည် ရွက်လှေကို တစ်လုံးပြီးတစ်လုံး လာရောက်ရိုက်ခတ်နေ၏။

လှိုင်းလုံးများကြောင့် ရွက်လှေမှာ အပေါ်မြောက်တက်သွားပြီးမှ- အောက်ဘက်သို့ ငြိမ့်ခနဲ ပြန်ကျသွားသည်။

လှေစီးတူးသူများသည် လှိုင်းမူးသည့် ဒဏ်ကို ခံစားရကာ အော့အန် နေတော့သည်။

မင်းသားလေး ချန်းစိမ်းသည် လှေဦးတွင် လက်နှစ်ဘက် နောက်ပစ်ကာ မားမားမတ်မတ် ရပ်နေသည်။

တလိမ့်လိမ့် ပြေးလာနေသည့် လှိုင်းလုံးများကို ကျော်၍ ခပ်လှမ်းလှမ်းတွင် မှိုင်းပျပျကလေး တွေ့မြင်နေရသည့် ကျွန်းကလေးဆီသို့ လှမ်းမျှော်ကြည့်နေ၏။



ထိုကျွန်းကလေးကို မိစ္ဆာကျွန်းဟု သူသိထား၏။ မိစ္ဆာကျွန်းအကြောင်းကြားဖူးသူ နည်းပါးလှပေသည်။

ကြားဖူးသူများသည်လည်း ပတ်သက်ခြင်း မပြုဝံ့ဘဲ ဝေးဝေးမှ ရှောင်ရှား သွားတတ်ကြလေသည်။

အကြောင်းအား မိစ္ဆာကျွန်းပေါ်ဝယ် အန္တရာယ်အတိပြည့်လျှမ်းနေခြင်းကြောင့် ဖြစ်ပေသည်။

လှေသမားများသည် မိစ္ဆာကျွန်းအကြောင်း အနည်းနှင့်အများ သိထားကြသူများ ဖြစ်သည်။

ထို့ကြောင့် သူတို့အား လိုက်ပို့ရဲကြချေ။ သို့သော် ချန်းစိမ်းသည် ကျော်ကြားသော ရှေခားဂိုဏ်းမှ မင်းသားလေး ဖြစ်နေခြင်းကြောင့် ချန်းစိမ်း အမိန့်ကို မလွန်ဆန်ဝံ့ဘဲ ယခုလို လိုက်လံပို့ဆောင်ပေးရခြင်း ဖြစ်သည်။

နီးလာလေ ကြောက်ရသည့် သဘော ဖြစ်လေသည်။ ရွက်လှေသည် လေသင့်နေသဖြင့် ပင်လယ်ပြင်ပေါ်ဝယ် တရိပ်ရိပ် ပြေးနေရာ မိစ္ဆာကျွန်းနှင့် နီးကပ်သည်ထက် နီးကပ် လာလေတော့သည်။

လှေထိုးသမားများ၏ မျက်နှာတွင် ကြောက်ရွံ့ ထိတ်လန့်သည့်အရိပ်အယောင်များ လွှမ်းမိုးနေသည်။

မိစ္ဆာကျွန်းသို့ ချန်းစိမ်းတို့ လူစုအား ပို့ပေးပြီးလျှင် အမြန်ဆုံး ပြန်ထွက်ခွာသွားလိုကြမှန်း ထင်ရှားသည်။

လှိုင်းလေထန်နေသည့်ကြားမှ မိစ္ဆာကျွန်းသို့ အပြင်းနှင်ပြီး ကျွန်းနားကပ်ရန် ကြိုးစားကြလေသည်။

ချွန်းစိမ်းသည် လှေသမားများကို ကြည့်ကာ သဘောကျနေ၏။ သူ၏ စိတ်ထဲမှ အကြံအစည်ကို သိလျှင် မိတ္တဗကျွန်းထက် သူက ပို၍ ကြောက်မက်ဖွယ်ကောင်းသူ ဖြစ်ကြောင်း နားလည်သွားကြမည်ဟု စိတ်ထဲတွေးနေမိလေသည်။

'ဟော....လှေဆိုက်ပြီ'

မိတ္တဗကျွန်းသို့ ရှေ့လှေဆိုက်ကပ်မိသည်နှင့် လှေသမားများက အောင်လိုက်ကြသည်။

ချွန်းစိမ်းက ဝမ်းလီဆိုသည့် သူ၏ လူယုံတော် တစ်ယောက်ကို ခေါ်လိုက်၏။ ဝမ်းလီသည် ပညာရှိ ဆရာကြီး ဝမ်ကိုး၏ သားဖြစ်သည်။

ရွှေခေါ်ကျွန်း၌ အဖွဲ့ငယ် ခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်နေသူ ဖြစ်ပေသည်။

ချွန်းစိမ်းက....

'ဝမ်းလီ လှေသမားတွေကို ဖမ်းချုပ်ပြီး ကြိုးနဲ့ တုပ်လိုက်၊ သူတို့ကို လှေဝမ်းထဲမှာ ပိတ်လှောင်ထားလိုက်ပါ၊ ဒီလိုမလုပ်ရင် တို့ကို ထားပြီး သူတို့ ထွက်ပြေး သွားကြလိမ့်မယ်'

ဟု အမိန့်ပေးလိုက်လေသည်။

ဝမ်းလီ ဦးညွှတ်လိုက်သည်။

'ကောင်းပါပြီ မင်းသားလေး'

ဝမ်းလီ ထွက်သွားပြီး မကြာမီ ရွှေခေါ်ကျွန်းမှ လူရွှေသောအင်သံများ တွန်းထိုး ဆန့်ကျင်ကြောက်သံများ ထွက်ပေါ်လာသည်ကို ကြားရသည်။



အောင်ဘစ်သံများ တစ်ခဏ အတွင်း ကွယ်ပျောက်သွား၏။ ဝမ်းလီက ချွန်းစိမ်းရှေ့သို့ ပြန်လည် ရောက်ရှိလာလေသည်။

'မင်းသားလေးရဲ့ အမိန့်အတိုင်း ဆောင်ရွက်ပြီးပါပြီ'

ဟု အစီရင်ခံလေသည်။

ချွန်းစိမ်း ပြုံးလိုက်သည်။

သူ၏ သဘောအတိုင်း မဖြစ်မနေ ဆောင်ရွက်ရာတွင် ပညာရှိဆရာကြီး ဝမ်ကိုးနှင့် သားဖြစ်သူ ဝမ်းလီတို့သည် တစ်ခါထရာတည်း တူညီနေသည်ဟု တွေးမိလေသည်။

ဝမ်းလီကို ကြည့်ကာ...

'ဒါရဲ့ ကိစ္စတွေ ပြီးပြတ်သွားရင် မင်းကို ဌာနမှူး ရာထူးအထိ တိုးမြှင့်ပေးမယ်၊ အခုတော့ ကျွန်းပေါ် တက်ကြစို့'

စကားဆုံးလျှင် လှေပေါ်မှ ဆင်းသွား၏။ ဝမ်းလီနှင့် ရွှေခေါ်ကျွန်းမှ လူများသည် လိုအပ်သည့် ပစ္စည်းများ ထုပ်ပိုးသယ်ဆောင်ကာ နောက်မှ လိုက်သွားကြလေတော့သည်။

\+ \+ \+

မိစ္ဆာကျွန်း....

မိစ္ဆာကျွန်းသည် နားမည်ဆိုးလှသော်လည်း နေချင်စဖွယ် ကောင်းအောင် သာယာလှပလှ ရှိပေသည်။

ကျွန်းပေါ်ဝယ် စိမ်းလန်းသော တောအုပ်များ လွင်ပြင်များ မြစ်ချောင်းအင်းအိုင်များ တောင်ကုန်းတောင်တန်းများ သဘာဝ အလှလျှောက် ဖြစ်ပေါ်တည်ရှိ နေ၏။

အလွန်ကြီးမားသော ကျွန်းကြီးတစ်ကျွန်း ဖြစ်လေသည်။ မိစ္ဆာကျွန်းပေါ် ခြေချလိုက်သည်နှင့်....

'ထုံ ထုံ... ထုံ ထုံ'

အဝေးမှ ဗုံသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ချန်းစိမ်း မျက်နှာတည်သွားသည်။

'သတိထားကြ၊ ကျွန်းပေါ်မှာ ယဉ်ကျေးမှုခေါင်းပါးတဲ့ လူရိုင်းတစ်မျိုး ရှိတယ်၊ သူတို့ရဲ့အဆိပ်လူးမြားတွေဟာ ကြောက်စရာကောင်းတယ်၊ လမ်းသွားရင်း ထောင်ချောက်တွေကိုလည်း ကြည့်သွား'

သူ၏လူများကို သတိပေးလိုက်လေသည်။

ဝမ်းလီအပါအဝင် ရွှေဒေးဂိုဏ်းမှ လူများသည် ရေမြေသစ်မှ အားတွေ့ကြုံ အသစ်အဆန်းများရတော့မည်ဟု တွေးကာ ဝမ်းသာ ပျော်ရွှင်နေကြပါ၏။

သို့တိုင် ချန်းစိမ်း၏ သတိပေးစကားကြောင့် မည်သူမျှ မပေါ့ဆရဲဘဲ သတိကြီးစွာထားကာ ကျွန်းပေါ်တက်သွားကြ၏။



ချန်းစိမ်းတို့လူစုသည် ပထမဦးစွာ သစ်ပင်ချုံနွယ်များ ထူထပ်စွာ ပေါက်ရောက်နေသည့် တောအုပ်ကို ဖြတ်ကျော်ရလေသည်။

လေပြည်လေညင်း ဝေ့ယမ်းတိုက်ခတ်နေသည်။ ငှက်ကလေးများသည် ဟိုမှသည်ပျံသန်းနေကြသည်။

မွှေးကြိုင်သင်းပျံ့သော တောသန်းရနံ့များသည်း သင်းပျံ့နေ၏။ ချန်းစိမ်းတို့လူစုသည် မျက်စိနှင့်နားကို အစွမ်းကုန် ဖွင့်ကာ တောအုပ်အတွင်းသို့ ဝင်လာခဲ့ကြလေသည်။

ရွှေဒေးဂိုဏ်းသား နှစ်ယောက်သည် ဓားရှည်ကြီးများ ကိုင်ကာ ရှေ့မှ လမ်းထွင်၍ သွားကြသည်။

ချန်းစိမ်းတို့ အနောက်မှလိုက်သွား၏၊

တောအုပ်အတွင်းပိုင်းသို့ ရောက်ရှိသွားချိန်ဝယ်....

'ရှီ...ရှီ...ရှီ'

လေချွန်သံပမာ စူးရှသော မြည်သံများ ထွက်ပေါ်လာသည်ကို ကြားရလေသည်။

ချန်းစိမ်းတို့လူစု ရင်ထိတ်သွားပြီး ချက်ချင်းပင် ခြေလှမ်းရပ်တန့်လိုက်ကြလေသည်။

'ဘာသံပါလိမ့်'

ချန်းစိမ်း ရေရွတ် မိ၏။

ထိုစဉ်...

'အား'

စူးရှသော အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာ၏။ ခရီးသည်နှောင်းတွင်....

'မြွေ…မြွေ'

ရှေ့မလမ်းတွင်သွားကြသူနှစ်ယောက်အနက် တစ်ယောက်မှာ မြေပေါ်လဲကျသွားပြီး ကျန်တစ်ယောက်က နောက်ကြောင်းလှည့်ကာ ပြန်ပြေးလာနေသည်ကို တွေ့မြင်ရလေသည်။

'ဟာ'

ချန်းစိမ်းတို့လူစု လွတ်နေ့ အော်လိုက်မိကြ၏။

မြေပေါ်လဲကျသွားရာ၏ ဘည်ပင်တွင် အဝါအစက်အပြောက်များပါသည့် မြွေကြီးတစ်ကောင် ရစ်ခွေနေသည်ကို တွေ့မြင်ရလေသည်။

ချန်းစိမ်းက....

'သတိထားကြဟေ့၊ သစ်ပင်တွေပေါ်မှာ မြွေတွေရှိနေတယ်'

လူရဲလေးတွေကြောင့် အားလုံး ခေါင်းမော့ကြည့်လိုက်ကြသည်။

ထိုအခါ သစ်ပင်သစ်ကိုင်းများ၌ တွဲလောင်းချိတ်နေသည့် မြွေများ၊ ရစ်ခွေနေသည့်မြွေများ တစ်အုပ်တစ်သင်းကြီး ရှိနေသည်ကို တွေ့ရ၏။

မြွေများသည် လူသံကြားရ၍ လျှာတစ်လစ်ထုတ်ကာ လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်။

သစ်ပင် သစ်ကိုင်းများပေါ်မှ လျှောဆင်းလာကြရာ မြေပေါ် တဖုတ်ဖုတ်မြည်ကာ ပြုတ်ကျလာပါသည်။

'ပြေး…ပြေး…အရှေ့ဘက်ကို မြန်မြန်ပြေး'



ချန်းစိမ်းက အော်ပြောလိုက်သည်။

ထို့နောက် ဓားကိုဆွဲထုတ်ကာ အရှေ့ဘက်ဆီသို့ ဦးဆည် ပြေးလွှားသွား၏။ ဝမ်းလင်က သူ့နောက်မှ ကပ်လျက် ထက်ကြပ်မကွာ လိုက်ပါလာလေသည်။

မြွေများသည် တဖုတ်ဖုတ်မြည်ကာ ပြုတ်ကျလာ၏။ အပေါ်မှ ပြုတ်ကျလာသည့် အန္တရာယ်ရှိသလို မြေပေါ်ရောက်နေပြီဖြစ်သော မြွေများကလည်း ဒုက္ခပေးနိုင်ပေသည်။

မြွေတောထဲမှ ပြတ်ပြေးရင်း....

'အား'

'အွန်'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ရွှေဓားဂိုဏ်းသား သုံးလေးယောက်သည် မြွေကိုက်ခံရကာ မြေပေါ်လဲကျသွား၏။

မြွေဆိပ် ပြင်းလှသည်ဖြစ်ရာ ချက်ချင်းပင် တစ်ကိုယ်လုံး မီးသွေးတုံးပမာ မည်းနက်သွားပေတော့သည်။

ချန်းစိမ်းတို့သည် သိုင်းသမားများပီပီ အပေါ်မှ ပြုတ်ကျလာသည့် မြွေဆိုးများကို ဓားဖြင့် ခုတ်ပစ်ကြပြီး ကိုယ်ဖော့ပညာ အသုံးပြုကာ ရှေ့သို့ လျင်မြန်စွာ ပြေးသွားကြလေသည်။

သူတို့ပြေးသွားရာ လမ်းကြောင်းတစ်လျှောက်ဝယ် မြွေဆိုးများ အပိုင်းပိုင်း အတစ်တစ်ဖြစ်ကာ ကျန်ရစ်ခဲ့တော့သည်။

အာဂန်ကြာ ပြေးလွှားသွားကြပြီးလျှင် မြွေဆိုးများ ပေါ များလှသည့် တောအုပ်အပြင်ဘက်သို့ ဘေးမသီ ရန်မခ ရောက် ရှိသွားကြလေတော့သည်။

✦ × ✦

စိမ်းစိုနေသော မြက်ခင်းပြင်တစ်ဘက်တွင် မှိုင်းညို့ညို့ တောင်စဉ် တောင်တန်းများ ရှိနေပါသည်။

ချန်းစိမ်းက နဖူးပေါ်စီးကျလာသည့် ချွေးများကို သုတ်ပစ် လိုက်သည်။

'တို့အပြန်ခရီးမှာ တောအုပ်ကိုဖြတ်ကြမယ်ဆိုရင် မီးတုတ် တွေယူသွား ဖို့ လိုလိမ့်မယ်'

အနီးကပ် ရှိနေသည့် ဝမ်းလီကို ပြောလိုက်လေသည်။

ဝမ်လီ ဦးညွှတ်လိုက်သည်။

'ကျွန်တော် စီစဉ်လိုက်ပါ့မယ် သခင်လေး'

'ကောင်းပြီ၊ ရှေ့ဆက်ကြတာပေါ့'

စကားဆုံးလျှင် ချန်းစိမ်းက ရှေ့မှဦးဆောင်ကာ မြက်တော ကို ဖြတ်သွားလေသည်။



မြက်ပင်များသည် ဒူးဆစ်ထိအောင် ရှည်လျားစွာ ပေါက် ရောက်နေကြ၏။ ချန်းစိမ်းသည် ရှေ့မှလျှောက်သွားရင်း ရုတ်တရက် အပေါ်သို့ ခုန်တက်ကာ....

'ထောင်ချောက်ရှိတယ် သတိထား'

ဟု အော်ပြောလိုက်လေသည်။

ဝမ်းလီတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

ချန်းစိမ်း၏ ဦးဆောင်မှုကို တစ်သဝေမတိမ်းနာခံကာ သတိ ကြီးစွာထားရင်း နောက်မှလိုက်သွားကြ၏။

ထောင်ချောက်များ ထောင်ထားသည့် စက်ကွင်းမှ လွတ် မြောက်ကာ မြက်ခင်းတစ်ဘက်သို့ ဘေးမသီရန်မခ ရောက် သွားကြ၏။

မြက်ခင်းတစ်ဘက်တွင် တောင်ကုန်းတစ်ခုရှိနေပါ၏။

ချန်းစိမ်းက....

'တောင်ပေါ်ကို တက်ကြမယ်၊ လူရိုင်းတွေနဲ့ အချိန်မရွေး တွေ့နိုင်တယ်၊ ငါနဲ့အတူ အပြန်ခရီး လိုက်နိုင်တဲ့လူကို ရွှေစင် တစ်ပိဿာ ဆုချမယ်'

ဟု ပြောလိုက်၏။

ရွှေဓားဂိုဏ်းသားများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

'ဟေး...ဟေး'

ဝမ်းသာအားရ အော်ဟစ်လိုက်ကြသည်။

ချန်းစိမ်းက....

'ကဲ....တောင်ပေါ် တက်ကြစို့'

ပြောပြီး ရှေ့ဆုံးမှ တက်သွား၏။

ရွှေဘိုကိုက်းသားများအား နောက်မှလိုက်သွားကြသည်။

ကျောက်တုံးကျောက်ခဲ ထူထပ်ပေါများလှသည့် တောင်ပေါ်သို့ တက်သွားကြပြီး မကြာမီ....

'ထုံ ထုံ ....ထုံ ထုံ'

ဗုံ တီးသံများ ထွက်ပေါ်လာသည်။

ကျောက်တုံးကျောက်ခဲများကြား၌ ပုန်းအောင်းနေသည့် တောင်ပေါ်လူရိုင်းများ ရုတ်ခြည်းထွက်ပေါ်လာပြီး ချန်းစိမ်းတို့လူစုအား ဝိုင်းရံထားလိုက်ကြလေတော့သည်။

×

တောင်ပေါ်လေ တဟူးဟူး တိုက်ခတ်လာသည်။

ကျောက်မှုန့်အစေးများပါသည့် ဖုံမှုန့်သဲမှုန့်များ လွင့်ပျံသွား၏။ ဗုံတီးသံများ ကွယ်ပျောက်သွားပြီဖြစ်သည်။

တောင်ပေါ်လူရိုင်းများသည်း ထွက်ပေါ်လာပြီ ဖြစ်လေသည်။ သူတို့သည် တောင်ပေါ်တွင် နေထိုင်ကြသူများဖြစ်သည့်အလျောက် သန်မာထွားကျိုင်းကြသည်။

အသားအရေ နီစပ်စပ်ရှိပြီး အပေါ်ပိုင်းတွင် အဝတ်အစား မဝတ်ဘဲ နံငယ်ပိုင်းသာ အရှက်လုံရုံ ဝတ်ဆင်ထားကြသည်။



သူတို့၏ လည်ပင်း၌လည်းကောင်း၊ လက်မောင်း၌ လည်းကောင်း တိရစ္ဆာန်တို့၏ အရိုးများ သွားများဖြင့် ပြုလုပ်ထားသည့် လည်ဆွဲများဆွဲထားကြသည်။

ကျောက်ဖြင့်ပြုလုပ်ထားသည့် ပုဆိန်များအပြင် လှံများ အဆိပ်မှတ်ခပြောင်းများ ကိုင်ဆောင်ထားကြလေသည်။

တောင်ပေါ်လူရိုင်းများမှာ နှစ်ရာနီးပါးခန့်ရှိသည်။ ချန်းစိမ်းတို့ လူစုအား လေးဘက်လေးတန်မှ ဝိုင်းရံထားလိုက်ကြလေသည်။

ချန်းစိမ်း သက်ပြင်းချလိုက်သည်။

၎င်း၏လူများကို တစ်ချက်စေ့ကြည့်ကာ....

'ရန်လုပ်ဘက်ယောက်ကို ငွေတင်ပီယာသဆုချမယ်'

ဟု ပြောလိုက်၏။

သူ၏လူများအတွက် စိတ်ဓာတ် မြှင့်တင်ပေးလိုက်သည့် သဘောဖြစ်လေသည်။ ရွှေဘိုကိုက်းမှလူများ တက်တက်ကြွကြွ ဖြစ်လာကြသည်။

ဓားကိုယ်စီထုတ်ကာ တိုက်ပွဲဝင်ရန် အသင့်ပြင်ထားလိုက်ကြ၏။

ထိုစဉ်....

'ထုံ ထုံ ....ထုံ ထုံ'

ဗုံတီးသံများ ထွက်ပေါ်လာသည်။

တောင်ပေါ်လူရိုင်းများသည် ချက်ချင်းပင် လှုပ်ရှားသက်ဝင်လာပြီး....

'ဟေး....ဟေး....ဟေး'

ဩသံများပေးကာ ပြေးဝင်တိုက်ခိုက် လာကြလေတော့သည်။

ချန်းစိမ်းက လက်နှစ်ဘက်ကို လျှင်မြန်စွာ ဝေ့ယမ်းလိုက်သည်။ လက်နက်ပုန်းများဖြင့် ဦးအောင်ပစ်ခတ်လိုက်ခြင်း ဖြစ်လေသည်။

'ဝှစ် ဝှစ် ဝှစ်'

လေတိုးသံများ ထွက်ပေါ်လာသည်။

မရှေးမနှောင်းတွင်...

'အား'

'အင့်'

'အမယ်လေး'

တောင်ပေါ်လူရိုင်းများ ခွေခနဲ ခွေခနဲလဲကျ သွားလေသည်။

ရွှေဒေါင်းဂိုဏ်းသားများသည် ပြင်းထန်စွာ ပြန်လည် ခုခံကြသည်။ တောင်ပေါ်တက်လမ်းဝယ် ရှုပ်ထွေးလှသော တိုက်ပွဲကြီးတစ်ခု ဖြစ်ပေါ်လာလေသည်။



ချန်းစိမ်း၏တစ်ကိုယ်လုံး ချွေးရွှဲရွှဲစိုနေ၏။

လူတို့လူစုသည် ပြင်းထန်စွာခုခံနေကြပါသော်လည်း တောင်ပေါ် လူရိုင်းများသည် နောက်ဆုတ်မသွားပဲ ရှေ့သို့သာ တိုးလာကြသည်။

မြေပေါ်ဝယ် လဲကျနေသည့် တောင်ပေါ်သားများနှင့် ရွှေဒေါင်းဂိုဏ်းသားများ တက်နင်းမိတတ် များပြားလှသည်။

ကြာလျှင် တောင်ပေါ် လူရိုင်းများကြောင့် သူတို့ ဒုက္ခရောက်ရမည်ကို ချန်းစိမ်း တွေးမိသည်။

ထို့ကြောင့်....

'ဝမ်းလီ၊ ယမ်းထုပ်တွေကို ထုတ်သုံးစမ်း'

ဟု အော်ပြောလိုက်၏။

ဝမ်းလီ ဦးညွှတ်လိုက်သည်။

'အမိန့်အတိုင်းပါ သခင်လေး'

လူက အသင့်ယူလာသည့် ယမ်းထုပ်များကို ပစ်ပေါက် တိုက်ခိုက်လိုက်လေသည်။

'ဝုန်း....ဝုန်း'

ပေါက်ကွဲသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

'အား'

'အင့်'

'အမယ်လေး'

တောင်ပေါ် လူရိုင်းများမှာ ရူးရှူးစွာ အော်ဟစ်လိုက်ကြသည်။

ယဉ်းထုပ်များ ပေါက်ကွဲမှုကြောင့် ကြောက်လန့်တကြား နောက်ဆုတ်သွားကြလေသည်။

မီးတောက်မီးလျှံများသည် ဟိုမှသည်မှ ထွက်ပေါ်လာသည်။ ဝမ်းသာသည့် တောင်ပေါ်လူရိုင်းတို့ ကြောက်ရွံ့ထိတ်လန့်သွားသည်ကို ခွင့်ကောင်းယူကာ ယဉ်းထုပ်များဖြင့် ထပ်မံပစ်ပေါက် တိုက်ခိုက်လိုက်လေသည်။

'ဝုန်း...ဝုန်း'

ပေါက်ကွဲသံများ ဆင့်ကဲဆင့်ကဲ ထွက်ပေါ်လာသည်။

တောင်ပေါ်လူရိုင်းတို့ ဆောက်တည်ရာမရအောင် ကြောက်ရွံ့ ထိတ်လန့်သွားကြပြီ ဖြစ်လေသည်။

'ပြေးဟေ့...ပြေးဟေ့'

'မီးစကြာပိုင်ရှင် ရောက်လာပြီဟေ့၊ ပြေးကြ'

တစ်ယောက်တစ်ပေါက် အော်ဟစ်ကာ ဖရိုဖရဲ ထွက်ပြေးကြ၏။

တောင်ပေါ်လူရိုင်းများ ထွက်ပြေးသွားမှ ချန်းစိမ်းတို့လူစု အသက်ရှူချောင်သွားကြလေတော့သည်။

ချန်းစိမ်းက...

'ဒီအဖွဲ့သူတွေကို ဆေးသည့်ပေး၊ တောင်ပေါ်လူရိုင်းတွေ ပြန်မလာခင် တောင်ပေါ်ကို တက်ကြမယ်၊ မြန်မြန်လုပ်'

ဟု အမိန့်ပေးလိုက်သည်။

မရဏတောင်ထိပ်ပေါ်သို့ရောက်လျှင် သူ၏ လိုအင်ဆန္ဒများ ပြည့်စုံရမည်ဟု ယုံကြည်ထားလေတော့သည်။

* * *



ဆွဲအားဆောင်မှုတောင်ကြီးသည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်လေသည်။

အာဂွီးသည် လောင်းစားစား၊ အရက်နှင့် အပျော်အပါး တို့၏ ဆွဲဆောင်မှုမှ အလွတ်ရုန်းထွက်လာနိုင်ခဲ့ပြီ ဖြစ်လေသည်။

တွေ့သွားရသည့်ခရီးတွင် အန္တရာယ်အတွယ်ဘွယ် ရှိနေသလို ထူးဆန်းအံ့သြဖွယ် အဖြာဖြာနှင့်ကြုံတွေ့ရလိမ့်မည်ဟု သူ့ဆောင်းစားအိုကြီးက ကြိုတင်ပြောပြထားခဲ့လေသည်။

ဆွဲဆောင်မှုတောင်ကြီးကို ဖြတ်ကျော်ပြီးသည်နှင့် သောကကျောက်တောင်ဆီသို့ ရောက်ရှိလာသည်။

**သောကကျောက်တောင်....**

အမည်ဆန်းသလို အမှန်တကယ်ပင် စိတ်သောကရောက်စရာ အဖုဖုနှင့် ကြုံတွေ့ရလိမ့်မည်ဟု အာဂွီး ရိပ်မိထားလေသည်။

သောကကျောက်တောင်ဟု အမည် ပေးထားသော်သည်း အမှန်တကယ်တွင် မြစ်မြောလှတည့် တောင်တန်းကြီးတစ်ခု ဖြစ်ပေသည်။

တောင်ခြေတွင် စိမ်းလန်းစိုပြည်သော သစ်တောအုပ်များ ဖုံးလွှမ်းလျက်ရှိ၏၊ တောင်ပေါ်သို့တက်ရာ လမ်းတစ်လျှောက်ဝယ် ကျောက်တုံး ကျောက်ခဲများ သစ်ပင်ချုံနွယ်များဖုံးလွှမ်းနေသည်။

သို့သော် တောင်အမြင့်ပိုင်းသို့ရောက်လျှင် သစ်ပင်ကြီးကြီးမားမား မတွေ့ရတော့ပါချေ။

ကျောက်တုံးကျောက်ခဲများနှင့် နိုနိုရဲရဲအပွင့်ရှိသည့် ဆူးချုံပင်များကိုသာ တွေ့မြင်ရတော့သည်။

တောင်အမြင့်ပိုင်းဝယ် အေးစိမ့်သောလေများ တိုက်ခတ်နေသည်။ အာဝ့်းမှာ မြင်းနှင့်တောင်ပေါ်သို့ ဆက်တက်ရန် မဖြစ်နိုင်တော့သဖြင့် မြင်းပေါ်မှဆင်း၍ ဆက်၍တက်ခဲ့သည်။

အတန်ကြာလျှင် တောင်ပေါ်တစ်နေရာတွင် မီးခိုးများ ထွက်ပေါ်နေသည်ကို တွေ့မြင်ရလေသည်။

'မီးခိုးရှိရင် လူရှိရမယ်'

အာဝ့်း တီးတိုးရေရွတ်မိသည်။

မီးခိုး ထွက်ပေါ်လာရာဆီသို့ ခပ်သွက်သွက် လှမ်းသွား၏။

ကျောက်တုံး ကျောက်ခဲများကို ကျော်ပတ် ရှောင်ကွင်း၍ အမြင့်ပိုင်း တက်သွားရာမှ မကြာပါချေ၊ မြေကွက်လပ်ကြီး ပမာ ဖြစ်ပေါ်နေသော နေရာတစ်ခုဆီသို့ ရောက်ရှိသွားလေသည်။

ထိုနေရာတွင် သစ်ပင်အနည်းငယ် စုရုံးပေါက် ရောက်နေသလို အိမ်ကလေးများ ရှိနေသည်ကို တွေ့ရ၏။

'ရွာကလေးတစ်ရွာပါလား'

အာဝ့်း ရေရွတ်မိသည်။

မီးခိုးများသည် ထိုရွာကလေးမှ ထွက်ပေါ်လာနေခြင်း ဖြစ်ပေသည်။

အာဝ့်းသည် ထိုရွာကလေးဆီသို့ လျှောက်သွားမိ၏။ ရွာထိပ်သို့ ရောက်လျှင် ဆိုင်းဘုတ်တစ်ခု တွေ့ပြီး ဆိုင်းဘုတ်ပေါ်၌ 'သောကရွာ'



ဟု ရေးသားထားသည်ကို တွေ့ရ၏။

အာဝ့်း ပြုံးလိုက်သည်။

သို့သော် သူ၏အပြုံးသည် တစ်ဝက်တပျက်ဖြင့်ကွယ်ပျောက်သွားရ၏။ အကြောင်းမှာ ငိုညည်းသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရခြင်းကြောင့် ဖြစ်၏။

အာဝ့်း မျက်မှောင်ကြုတ်သွား၏။

ငိုညည်းသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်၏။ ရွာထိပ်ရှိ အိမ်တစ်အိမ်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

အာဝ့်း၏ ခြေလှမ်းများသည် ထိုအိမ်ရှိရာသို့ လှမ်းသွားမိ၏။ ခြေတံရှည် ဆောက်လုပ်ထားသည့် အိမ်တစ်လုံး ရှေ့ဝယ် လူတစ်စု ရှိနေပါ၏။

ထိုလူများတွင် အဘိုးအိုများလည်းပါသည်။ ကလေးငယ်များ၊ အမျိုးသမီးကြီးများနှင့် လူငယ် လူရွယ် များလည်း ပါသည်။

အားလုံးသည် အရောင်အဆင်း လွင့်ပြယ်နေပြီ ဖြစ်သော အလွန်ဟောင်းနွမ်းသည့် အဝတ်အစားများ ဝတ်ဆင်ထားကြလေသည်။

အိမ်ရှေ့တွင် အလောင်းစင်တစ်ခု မြင်ထားသည်။ အမျိုးသမီးကြီး တစ်ယောက်သည် အလောင်းစင်ရှေ့၌ ဒူးထောက်ထား ငိုကြွေးနေလေသည်။

သူမသည် ရှိုက်၍ရှိုက်၍ ငိုနေလေရာ ငိုသံကြားရသည်မှာ စိတ်မချမ်းမြေ့ဖွယ် ကောင်းလှပေတော့သည်။

အာဝ္ဂီးသည် ရည်ရွယ်ချက်မရှိဘဲ ထိုလူစုအနီးသို့ချဉ်းကပ်သွားပြီး အကဲခတ်ကြည့်နေမိသေးသည်။

အသက်ခြောက်ဆယ်ခန့်ရှိ အဘိုးအိုတစ်ယောက်က....

'ကဲပါကွယ်၊ ငိုနေပြန်ပြီတော့၊ သေတဲ့သူလဲ သေသွားပြီ မဟုတ်လား၊ တိတ်ပါတော့ တိတ်ပါတော့'

ဟု ချော့မော့နှစ်သိမ့်လိုက်လေသည်။

ဤတွင် ငိုကြွေးနေသည့် အမျိုးသမီးကြီးက....

'ဦးလေးရယ် သူသေသွားပြီ၊ ပြန်ရှင်မလာနိုင်တော့ဘူးဆိုတာ ကျွန်မသိပါတယ်၊ ကျွန်မရစ်ခဲ့တဲ့ ကျွန်မဘဝအတွက် စိုးရိမ်ပူပန်လို့ မဟုတ်ပါဘူး၊ သေသွားသူကြီးရဲ့ ရှေ့ခရီးအတွက် စိတ်ပူမိလို့ပါရှင်'

ဟု ပြောလေသည်။

သူတို့ အချီအချ ပြောလိုက်ကြသည့် စကားများကြားလျှင် အာဝ္ဂီး စိတ်ဝင်စားသွားလေသည်။

ရှေ့သို့ အနည်းငယ်တိုးပြီး နားစွင့်လိုက်၏။ ထိုအခါ အဘိုးအိုက—

'အင်း မင်းပြောတာလဲ ဟုတ်တာပဲ ငါ့ဇနီး ကွယ်လွန်သွားတုန်းက ငါလဲ ဒီလိုပဲ ခံစားခဲ့ရတယ်၊ သူ ဘယ်ဘဝ ရောက်သွားတယ်ဆိုတာ သိချင်လိုက်တာ၊ ခုထိ တွေးမိတိုင်း အိပ်မပျော်ဘူး'

'မှန်ပါတယ်ရှင် ကျွန်မတို့အနေတော့ အသက်ထင်ရှား ကျန်ရစ်ခဲ့ကြတယ်၊ ကျွန်မ ယောကျ်ားက လူလောကကို စွန့်ခွာသွားရပြီလေ၊ သူ ဘယ်ဘဝ ရောက်သွားသလဲ၊ ပျော်ပျော်ရွှင်ရွှင် ချမ်းချမ်းသာသာနဲ့ ရှိပါ့မလား၊ ဒုက္ခများ ရောက်နေမလား



သူ့အကြောင်း တွေးမိလေတိုင်း ကျွန်မ စိတ်သောကရောက်လို့ မဆုံးတော့ပါဘူးရှင်'

ပြောပြောဆိုဆို ငိုချလိုက်ပြန်လေသည်။ အာဝ္ဂီး သက်ပြင်းချလိုက်သည်။ ဤကျေးရွာမှ လူများသည် အကြောင်းမရှိ အကြောင်းရှာပြီး စိတ်သောက ရောက်နေသူများ ဖြစ်သည်ဟု တွေးမိလိုက်သည်။

ထိုလူစုအနီးမှ ဖယ်ခွာ၍ ခရီးဆက်ရန်ဆုံးဖြတ်လိုက်၏။ ထိုစဉ် အမျိုးသမီးကြီးနှင့် အဘိုးအိုတို့ အချီအချ ပြောလိုက်ကြသည့် စကားသံများ ထွက်ပေါ်လာပြန်သဖြင့် အာဝ္ဂီး ထွက်မသွားနိုင်ခဲ့ပါတော့ချေ။

အမျိုးသမီးကြီးက...

'ဦးလေး စဉ်းစားကြည့်ပါ၊ အသက် ရှိနေတုန်းကတော့ ဝတ်ဖို့ စားဖို့ နေဖို့ ထိုင်ဖို့ အစစအရာရာ ပူပန်လိုက်ရတာ၊ တစ်ယောက် စိတ်ဆင်းရဲမှာလဲ တစ်ယောက်က ပူပန်လိုက်ရတာ၊ အခုတော့ သူသေသွားပြီ၊ ကျွန်မက သူ့အတွက် မပူပန်ဘူးဆိုရင် သူ့အပေါ် သစ္စာဖောက်ရာ ကျတော့မှာပေါ့'

အဘိုးအို ခေါင်းညိတ်လိုက်သည်။

'မှန်တယ်၊ လူတွေဟာ အသက်ရှင်နေတုန်းတော့ ချစ်တတ်လိုက်ကြတာ၊ ဒါပေမယ့် သေလို့သွားတော့ မေ့ပစ်လိုက်ကြတယ်၊ သေဖို့မပြောနဲ့ အရပ်ဝေး သွားတာတောင် မေ့သွားတတ်ကြတယ်'

အာဝ္ဂီး ပခုံး တွန့်လိုက်သည်။

'ငါကတော့ ကျင်းကျင်းကို ဘယ်တော့မှ မေ့မှာ မဟုတ်ဘူး'

ဟု စိတ်ထဲမှ ပြောလိုက်၏။

ထိုလူစု အနီးရောက်လည်း လှည့်ထွက်ခဲ့လေသည်။ မြေဆီး လေးလှမ်းမျှသာ လှမ်းရသေးသည့် ငွေတာကောက် အတွေးထဲရှိ ဦးခေါင်းထဲ စပ်ရောက်လာခြင်းကြောင့် မြေလှမ်းရပ်သွားရေလ သည်။

'ငါ တရေးမှန်းတာတော့ ဟုတ်ပါပြီ၊ သူက ဘယ်လို နေ့ သလဲ၊ အနေအချိန်ဆို ငါ့ကို မေ့သွားပြီလား'

ထိုသို့ တွေးတော ချိုးစားမိလေသည်နှင့် စိတ်တောက်ကျဆင်း လာလေတော့သည်။ လှပချောမောလှနေသော ကျင်ကျင်၏ မျက်နှာလေးကို မြင်ယောင်လာသည်။

ကျင်ကျင်သည် မင်းသားလေး သုံးယောက်အား လျှင်လျှ ရှာ တွေ့အား ရွေးချယ်ခဲ့လေသည်။

သူသည် မင်းသားလေး သုံးယောက်ထက် ပို၍ သာသည်ဟု ပြောရာ အရည်အချင်း မယ်မယ်ရရ ရှိလှမဟုတ်ပါ။

ကျင်ကျင်၏ ရွေးချယ်မှုသည် မည်သည့် သဘော ဆောင် သည်ဟု သူမသိပါ။ ကျင်ကျင်၏ မေတ္တာကို ယုံကြည်စိတ်ချ ပါသည်သော—

တွေးရင်း တွေးရင်း အာဝ္မီး ပို၍ပို၍ စိတ်တောက် ကျဆင်း လာလေတော့သည်။ ရှေ့၏ ဘေးမှ လူအများ တစ်ယောက်ပြီး တစ်ယောက် ဖြတ်သွားကြတော့မှ အာဝ္မီး သတိဝင်လာ သည်။



လှမ်းကြည့်လိုက်သောအခါ အသုဘ အိမ်ရှေ့တွင် လူစုကွဲ သွားပြီ ဖြစ်သည်ကို တွေ့ရ၏။ အာဝ္မီးသည် အလိုလို အသုဘ အိမ်ရှေ့သို့ လျှောက်သွားမိ၏။

အဖလောင်းစင်ရှေ့ဝယ် ငိုကြွေးနေသည့် အမျိုးသမီးကြီး သည် သူ့အား ခေါင်းမော့ကြည့်လာသည်။

အာဝ္မီးက လက်နှစ်ဖက် ဆုပ်ကာ ဦးညွတ်ဂါရဝ ပြုလိုက်ပြီး–

'ခေါ်ခေါ် ခေါ်ခေါ် ခင်ပွန်းသည်ဟာ အသက် မြန်ရှည် ကောင်းမွန်း သိလျက်နဲ့ စိတ်ပူ စရာ လိုပါဦးမလား ဗျာ'

ဟု မေးလိုက်လေသည်။

အမျိုးသမီးကြီး မျက်လုံးပြူးသွားသည်။

'ဟော…ခင်းဘယ်လို မေးလိုက်တာလဲ၊ တို့ဘာ ယော်စဉ် ကတည်းက တစ်ယောက်ကို တစ်ယောက် စုံမက်ပြီး လက်ထပ် ခဲ့ကြသူတွေပါကွယ်၊ ထွက်သွားပြီး သူ့ကိုပြန်မတွေ့နိုင်တော့ ဘူးဆိုတော့ သူ့အတွက် အစစ အရာရာ စိတ်ပူရတာပေါ့'

အာဝ္မီးက…

'ထွက်သွားတဲ့ လူတစ်ယောက် ဘယ်သို့ဘဝမျိုး ရောက် မယ်၊ ဘာဖြစ်ဖြစ်မယ်ဆိုတာ ဘယ်သူမှ မသိနိုင်ကြဘူး၊ ခေါ် ခေါ်က တွေးပြီး စိတ်ပူနေလို့ ကော ဘာအကျိုး ထူးမှာ လဲ…'

'အမယ်လေး မသိနိုင်လို့ပါကွယ်၊ သိများသိနိုင်ရင် အတူ အညီ လိုက်ပေးလိုက်ချင်ပါရဲ့၊ ဘယ်လိုဖြစ်မယ်ဆိုတာ မသိနိုင် တိုင်း မမှန်စဉ်းလိုက်ရတော့ရှာလား။ အသက်ရှင်နေတုန်းက ချစ် ချစ်ခင်ခင်နဲ့ ရှာဖွေကျွေးမွေးခဲ့တာတွေ ရှိသေးတယ်၊ သူ့အလှည့်

ကျနော့ ဘယ်သူက ရှာကျွေးမလဲ၊ ဘယ်လိုနေရမလဲ အို... မပြောချင်တော့ပါဘူး"

အမျိုးသမီးကြီးက တရှုပ်ရှုပ်ငိုကြွေးနေပြန်သည်။ အာဂုံး ခေါင်းယမ်းလိုက်သည်။

အမျိုးသမီးကြီးအား သွားမေးမိပါမှ အဖြေမရနိုင်သည့်အပြင် စိတ်ရှုပ်ထွေးသွားရသည်။

ကြာကြာဆက်နေလျှင် ခေါင်းပို၍ရှုပ်သွားနိုင်သည်ကို တွေးမိကာ ခပ်သွက်သွက် ထွက်လာခဲ့လေတော့သည်။

× × ×

သောကရွာ....

သောကရွာသည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်လေသည်။

အာဂုံးသည် ကျောက်တုံးတစ်တုံးပေါ်ဝယ် ထိုင်လျက် သောကကျေးရွာဘက်သို့ ငေးကြည့်မိသည်။

သောကကျေးရွာသည် တဏှာလုံ့သော သောကများဖြင့် ရှုပ်ထွေးပွေလီနေသည့် ရွာဖြစ်သည်ဟု ဆင်ခြင်မိသည်။

သူသာ အမြန်ဆုံး ထွက်မလာနိုင်ခဲ့လျှင် ကောင်းသောင်းကြီး ဒုက္ခရောက်ရမည်ဟု တွေးမိလေသည်။

"သေသွားတဲ့ လူတစ်ယောက် ဘယ်လိုဘဝမျိုး ရောက်မယ်၊ ဘာတွေဖြစ်မယ်ဆိုတာအား လိုက်တွေးပြီး သောကရောက်နေကြတဲ့ လူတွေပဲ"



ဟု တီးတိုး ညည်းညူမိလေသည်။

တဆက်တည်းပင် ကျွင်းကျွင်းသည် လူ့အပေါ် မည်သို့ သဘောထားမည်ဆိုသည့် အချက်ကို တွေးလာမိပြန်သည်။

"ကျွင်းကျွင်းက ခမက္ကာစစ်နဲ့ဆို့သာ ဝါ့ကိုရွေးတာ ဖြစ်မှာပေါ့"

ဟု ကိုယ့်ကိုယ်ကို အားပေးလိုက်ရသည်။

သောကကျေးရွာမှ ထွက်အလာ သူ၏ခေါင်းထဲ သောကများ ကူးစက်ပါရှိလာခဲ့ချေပြီ။ ဆွဲဆောင်မှု တောင်ကြားကို အောင်မြင်စွာ ဖြတ်ကျော် လာနိုင်ခဲ့သော်လည်း သောကရွာသို့ အရောက်တွင် စိတ်နှလုံး၌ ဒဏ်ရာဒဏ်ချက်များ ရခဲ့သည်။

ရှေ့ခရီးတစ်လျှောက်ဝယ် မည်သို့ကြုံတွေ့ ရဦးမည်နည်း။ စိတ်ဓာတ်ရောက်နေသူ တစ်ယောက်သည် ခက်ခဲကြမ်းတမ်းသော ခရီးကို အောင်မြင်စွာ ကျော်ဖြတ်သွားနိုင်မည်မဟုတ်ပါ....။

ယခုခရီး၌ ကြုံတွေ့ရသမျှ ကိစ္စရပ်များသည် လူ၏စိတ်ဓာတ်အားကို စမ်းသပ်စစ်ဆေးသလို ဖြစ်နေကြောင်း ဆင်ခြင်မိသည်နှင့် စိုးရိမ်သောကများကို ရင်ထဲမှ မောင်းထုတ်ပစ်လိုက်သည်။

ထို့နောက် ထိုင်ရာမှထကာ ရှေ့ခရီးဆက်ခဲ့သည်။ သေးဏတောင်၏ တစ်ဘက်သို့ ဆင်းလိုက်သည်နှင့် အမိုက်တရားဒေသသို့ ရောက်ရှိသွားလေတော့သည်။

နုတ်မျက်စိလမ် ညွှန် —

နေထွက်တောင်....

နေ့ဥန်းနီသည် အရှေ့ဘက်မှ ထွက်ပေါ်လာပြီ ဖြစ်လေသည်။

အနားတွင် မှိုင်းညို့ညို့ တောင်စဉ် တောင်တန်းများ ရှိနေ၏။

တောင်မြင့်ကြီးများသည် တစ်လုံးနှင့်တစ်လုံး အပြိုင်းအရိုင်း ရှိနေကြရကား၊ ရုတ်တရက် ကြည့်မည်ဆိုလျှင် တောင်အားလုံး ဆင်တူယိုးမှား ရှိနေသည်ကိုတွေ့ရမည်ဖြစ်လေသည်။

ပါဖုံးက ခါးထောက်ကာ အရှေ့ဘက်ဆီသို့ မမှိတ်မသုန် စိုက်ကြည့်နေ၏။ ဝန်းကျင်ဝယ် အလင်းရောင် ထွက်ပေါ်လာပြီ ဖြစ်သည်။



ကောင်းကင်ပြင်မှာ ရဲရဲနီနေသည်။

မကြာမီ မိုးစင်စင်လင်းပေတော့သည်။ ကျေးငှက်ကလေးများသည် အိပ်တန်းမှ နိုးထလာပြီး နံနက်ခင်းလေးကို သီကြွေးနေကြ၏။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။ ပါဖုံးမှာ ပတ်ဝန်းကျင်၏ သာယာလှပမှုကိုပင် မေ့လျော့နေပါ၏။

အရှေ့ဘက်ကောင်းကင်တွင် တစ်စထက်တစ်စ မြင့်တက်လာနေသည့် နေဝန်းနီကို စောင့်ကြည့်နေသည်။

အပြိုင်းအရိုင်း တိုးထွက်နေသည့် တောင်ထွတ်များသည် နေလုံးကြီးကို ကာထားသလို ရှိနေ၏။

အတော်ကြာအောင် နေမြင့်လာမှ တောင်ထွတ်တစ်ခု၏ ထိပ်ဖျားမှ နေလုံးကြီး ဘွားခနဲ ထွက်ပေါ်လာသည်ကို တွေ့ရ၏။

ထိုတောင်ထွတ်ကို ပါဖုံး ကောင်းစွာ မှတ်သားထားလိုက်ပြီး....

'သွားကြစို့'

ဟု ဆိုကာ ရှေ့မှ ခပ်သုတ်သုတ် လျှောက်သွားလေသည်။

ကျန်းပေါက်နှင့်တကွ ကျန်လူများက နောက်မှ ထက်ကြပ်မကွာ လိုက်သွားကြ၏။ လမ်းတစ်လျှောက်လုံး သာယာလှပနေပြီး အန္တရာယ်ဟူ၍ စိုးစဉ်းမျှ မတွေ့ရချေ။

ပါဖုံးတို့လူစု တက်သုတ်နှင့်သွားကြရာ ပထမဦးဆုံးနေထွက်သည့် တောင်ခြေရင်းသို့ ရောက်သွားကြ၏။

သူတို့သည် အချိန်ဖြုန်းမနေဘဲ တောင်ပေါ်သို့ ဆက်၍ တက်သွားကြပြန်သည်။ နေမွန်းတည့်အချိန်ရောက်လျှင် တောင်တစ်ဝက်အမြင့်သို့ ရောက်သည်အထိ တက်နိုင်ခဲ့ကြသည်။

တောင်အမြင့်ပိုင်းသို့ ရောက်လာလေလေ တောင်ပေါ်တက်ရသည်မှာ ခက်ခဲလာလေလေပင်။

ကျောက်တုံးကျောက်ခဲများကြားမှ ထင်းသီးတုတ်ပင်ကုတ်၍ တွယ်တက်သွားကြလေသည်။

တောင်အလယ်ပိုင်းသို့ရောက်သည်နှင့် တောင်နံရံတွင် လိုဏ်ဂူပေါက်ကြီးတစ်ခု ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျန်းပေါက်က...

'သခင်လေး၊ တောင်နံရံမှာ ကျောက်လိုဏ်ဂူကြီးရှိနေတယ်'

ဟု ပြောလိုက်လေသည်။

ပါဖိုး ခေါင်းညိတ်လိုက်သည်။

'တုတ်တယ်၊ ကျုပ်လဲတွေ့တယ်၊ အဲဒီကို သွားကြည့်ကြမယ်'

ပြောပြီး ရှေ့ဆုံးမှ လျှောက်သွား၏။

ကျန်းပေါက်တို့လူစုံ နောက်မှ လိုက်သွားကြ၏။ သူတို့သည် သတိကြီးစွာဖြင့် လိုဏ်ဂူပေါက်ဆီသို့ ချဉ်းကပ်သွားကြ၏။

လိုဏ်ဂူအနီးသို့ရောက်လျှင် လိုဏ်ဂူဝ၌...

'နတ်ချက်စိလိုဏ်ဂူ'

ဟု ရေးသားထားသည့် ဆိုင်းဘုတ်တစ်ခု စိုက်ထူထားသည်ကို တွေ့ရ၏။ ပါဖိုး သဘောကျစွာ ပြုံးလိုက်လေသည်။

'နတ်မျက်စိ ကို တွေ့ပြီ'

ဟု တီးတိုး ရေရွတ်လိုက်၏။



တစ်ဖန် ကျန်းပေါက်ဘက်လှည့်ကာ လက်ဝေ ယမ်းပြလိုက်လေသည်။ ကျန်းပေါက်သည် အလိုက်သိသူပီပီ လိုဏ်ဂူဝဆီသို့ လျှောက်သွားပြီး...

'အထဲမှာ မိတ်ဆွေ ကျေးဇူး ပြုပြီး အပြင်ထွက်ခဲ့ပါ၊ အောင်ပိုင်းနယ်က မင်းသားလေး ပါဖိုး ကြွရောက်လာပါတယ်'

ဟု အော်ပြောလိုက်လေသည်။

သူ၏ စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာသေသည်။ ပါဖိုးက လိုဏ်ဂူပေါက်ဆီကို မမှိတ်မသုန် စိုက်ကြည့်နေ၏။ ကျန်းပေါက်၏စကား ထွက်ပေါ်လာပြီး မကြာမီအတွင်း...

'ရောက်သည်နေတွ ရောက်လာတာကိုး'

စကားသံနှင့်အတူ လူတစ်ယောက် လိုဏ်ဂူထဲမှ လှမ်းထွက်လာသည်ကို တွေ့မြင်ရလေသည်။

ထိုလူမှာ ခန္ဓာကိုယ် ပိန်လှီလှပြီး အသားအရေများ သေးစင်းမဲ့တာ လူအသားအရောင်းမဟာ ဆွတ်ဆွတ်ဖြူနေသူတစ်ယောက် ဖြစ်ပေသည်။

အသက်အရွယ်အားဖြင့် လေးဆယ်ကျော် ငါးဆယ်ခန့် ရှိမည် ထင်ရ၏။ ကျန်းပေါက်က ပါဖိုးအား လှည့်ကြည့်လိုက်သည်။

ပါဖိုးရှေ့သို့ တိုးလာပြီး...

'မိတ်ဆွေကြီးဟာ နတ်မျက်စိ ဟုတ်ပါသလားဗျာ'

ဟု မေးလိုက်လေသည်။

လိုဏ်ဂူထဲမှ ထွက်လာသူက...

'နတ်မျက်စိလိုက်ဂူထဲက ထွက်လာမှတော့ နတ်မျက်စိ ဖြစ်ရတော့မှာပေါ့၊ ကျုပ်ပြောတာ မဟုတ်ဘူးလား'

သူ့ကိုယ်သူ နတ်မျက်စိဟု ဝန်ခံလိုက်လေသည်။

ပါဖိုး ကျေနပ်သွားလေသည်။

'တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကျုပ် ဘာမိတ်ဆွေကြီးကို မတွေ့ဖို့ ခရီးခဲ့တာနေပြီး အခက်အခဲ ဒုက္ခအမျိုးမျိုးကို ကျော်ဖြတ်လာခဲ့ရတာပါ'

မိမိကိုယ်ကို မသိသော ဂုဏ်ဘင်ကာ ပြောလိုက်လေသည်။

နတ်မျက်စိက....

'ဒီလောက်တောင် ဒုက္ခခံခဲ့ရတယ်ဆိုရင် ကျုပ်ဆီက တစ်ခုခု လိုချင်နေပြီထင်တယ်၊ ဘာလိုချင်တာလဲ ပြောပါ'

ဟု ဖြောင့်ဖြောင့်ကျကျ မေးလေသည်။

ပါဖိုး ပြုံးလိုက်သည်။

'နတ်မျက်စိဆိုတဲ့ နာမည် ခံယူထားမှတော့ ခင်ဗျားဟာ ဘာမဆို သိနေမြင်နေရမှာပေါ့ဗျာ၊ ကျုပ် ပြောတာ ဟုတ်ရဲ့လား'

ဟု ပြန်မေးလိုက်၏၊

နတ်မျက်စိ ပြုံးလိုက်သည်။

မင်းသားလေး ပါဖိုးသည် လူညံ့တစ်ယောက် မဟုတ်မှန်း အကဲခတ်မိသွားလေသည်။

'ဟဲ...ဟဲ...ဟဲ...မင်းသားလေးက ဘယ်ဆိုးလို့တုန်း၊ ကျုပ်ဆီက အကြံဉာဏ်သိချင်လို့ လာခဲ့ကြတာ မဟုတ်သား'

ပါဖိုးက ဝန်ခံလိုက်လေသည်။



'ဟုတ်ပါတယ်ဗျာ'

'ဘယ်လိုအကြံဉာဏ် လိုချင်တာလဲ'

'ဒါကိုလဲ မိတ်ဆွေကြီး ကြိုပြီး သိနေလိမ့်မယ် ထင်ပါတယ်'

နတ်မျက်စိ ပြုံးတွန့်လိုက်သည်။

'ကျုပ်သိတာတွေ များနေလွန်းလို့ ကျုပ်က ဘယ်အရာကိုမှ အလေးအနက် မထားတော့ဘူး၊ ဘာဖြစ်လို့ မင်းသားလေးက ကျုပ်ရဲ့ပညာကို မေးသင့်လိုတယ်ဆိုရင်တော့ လက်တွေ့ပြပါ့မယ်၊ ခဏစောင့်ပါ'

စကားဆုံးလျှင် လိုက်ဂူရှေ့ မြေပြင်ပေါ်ဝယ် ထင်ပျဉ်ခွေထိုင် ချလိုက်၏။ လက်ဝါးနှစ်ဘက် ပေါင်ပေါ် တင်လက်လျှက် တင်းတာ မျက်လုံးစုံ မှိတ်ထားလိုက်၏။

အသက်ကို မှန်မှန် ရှူရှိုက်ရင်း တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်နေလိုက်လေသည်။ ပါဖိုးတို့ စိတ်ဝင်စားသွားကြ၏။

နတ်မျက်စိ၏ လုပ်ရပ်ကို စေ့စေ့ ကြည့်နေမိကြလေသည်။ ခဏ ချိန်မျှ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

အတော်ကာလေးကြာမှ နတ်မျက်စိ လှုပ်လှုပ်ရှားရှား ဖြစ်လာ၏။ မျက်လုံးဖွင့်ကာ ထရပ်လိုက်ပြီး...

'မင်းသားလေးဟာ လောကပေါ်မှာ တန်ဖိုးအရှိဆုံး အဖိုးမဖြတ်နိုင်တဲ့ ရတနာ ဘယ်မှာရှိတယ်ဆိုတာ သိချင်လို့ ကျုပ်ဆီကို လာတာ မဟုတ်လား'

ပါဖိုးအား စေ့စေ့ကြည့်ကာ မေးလေသည်။

ကျွန်းပေါ်ကနှင့် တောင်ပိုင်းနယ်စား၏ လူများ ဟာခနဲ ဖြစ်သွားကြလေသည်။

ပါဖိုးက မှ –

'နုတ်မျက်စိဟာ ညာဏ်များတယ်၊ ခေနရာအနှံ့အပြားမှာ သူ့လူတွေ ရှိနေတယ်၊ တူခြားတဲ့ သတင်းမှန်သမျှ သူက ရနေတာပဲ၊ ညက ငါတို့ကို တိုက်ခိုက်ခဲ့ဘဲ့ ကြောင်နက်တို့ လူစုဟာ လဲ နုတ်မျက်စိရဲ့ တပည့်တွေပဲ၊ ငါဘာကြောင့်လာတယ်ဆိုတာ အစကတည်းက သူသိနေတာပေါ့၊ အတော်ကြီးအောင် တခင်လုပ်နေတာ'

ဟု စိတ်ထဲမှ တွေးနေမိလေသည်။

နုတ်မျက်စိသည် ပါဖိုးကိုကြည့်ကာ....

'ကျုပ်ပြောတာ မှန်ရဲ့လား မင်းသားလေး'

ဟု ရယ်ရယ်မောမောဖြင့် မေးလေသည်။

ပါဖိုးခေါင်းညိတ်လိုက်သည်။

'မှန်ပါတယ်ဗျာ'

'မင်းသားလေး သိချင်တဲ့ အဖြေဟာ ခက်ပါဘူးဗျာ'

'ခင်ဗျားသိနေတယ်ပေါ့ ဟုတ်သား'

'လောကမှာ ကျုပ်အလွဲပြီး ဘယ်သူကလူ့ကံကြမ္မာနဲ့ ရေ့ရေးဖြစ်ရပ်တွေကို ကြိုတင်သိနိုင်မှာလဲဗျာ'

ပါဖိုးက....

'ကောင်းပြီ၊ ကျုပ်သိချင်တဲ့ကိစ္စကို အဖြေပေးပေတော့'

ဟု ပြောလိုက်၏။

နုတ်မျက်စိ လက်ကာပြလိုက်လေသည်။

'နေပါဦး ကျုပ်ပြောစရာရှိပါသေးတယ်'

'ဘာများလဲဗျ'



'မင်းသားလေး ရေလိုက်လွဲနေပြီ ပြောမလို့ပါ'

'ဟာ'

နုတ်မျက်စိက....

'မင်းသားလေးလိုလူမျိုးအတွက် အရည်အချင်း ပြည့်စုံပြီး အပြစ်ကင်းစင်တဲ့ သတို့သမီး လိုအပ်ပါတယ်၊ ကျွန်းလိမ်မြို့စား ရဲ့ သမီးဟာ မင်းသားလေးရဲ့ဘဝကြင်ဖော်ဖြစ်ဖို့ အရည်အချင်း မပြည့်စုံပါဘူး၊ သူ့ထက်အရည်အချင်းပြည့်စုံတဲ့ မိန်းကလေး တစ်ယောက်ကို ကျုပ်ဘညွှန်ပြပေးနိုင်ပါတယ်'

နုတ်မျက်စိက သူ၏စကားကို စိတ်ဝင်စားမှုရှိမရှိ သိနိုင်အောင် ပါဖိုးကို လှမ်းကြည့်လိုက်လေသည်။

ပါဖိုးက ဘာမှမပြောဘဲ ငြိမ်နေသည်။ နုတ်မျက်စိ အားတက်သွားလေသည်။

'မင်းသားလေးနဲ့ အလိုက်ဖက်ဆုံး ဘဝကြင်ဖော် မိန်းကလေးဟာ ဘယ်သူလဲဆိုတာ ကျုပ်ပြောပြပါမယ်၊ အဲဒီမိန်းကလေးဟာ အဝိမတန်မှ ချောမောလှပပြီး အပြစ်ကင်းစင်သလို အတုမရှိတဲ့ပညာရှိကြီး ကျုပ်ရဲ့သမီးကလေးပါပဲဗျာ'

ဟု ပြောလိုက်လေသည်။

ထိုစကားကြားရလျှင် ပါဖိုးသည် ဝါးလုံးကွဲ ရယ်မချမိရနီးအလောင်ကြီး စိတ်ထိန်းထားလိုက်ရလေသည်။

'ကိုယ့်ဘက်ကိုယ်ယက်တဲ့ လိမ်ကြီး'

ဟုသည်း စိတ်ထဲမှ ကျိန်ဆဲလိုက်၏။

အခြေအနေကြည့်နေသည့် ကျန်းပေါက်ကို မျက်စိတစ်ဘက် မှိတ်ပြလိုက်၏။ အခွင့်အရေး စောင့်နေသည့် ကျန်းပေါင် ဝမ်းသာသွားလေသည်။

ချက်ချင်းပင် နှတ်မျက်စိအနီးသို့ ချဉ်းကပ်သွားပြီး...

'သခင်မလေးက အဖိုးမဖြတ်နိုင်တဲ့ရတနာကို လိုချင်နေတာ ခင်ဗျား ဘာကိုဘာလုပ်ရမှာတုန်း'

ပြောပြောဆိုဆို ခြေထောက်ဖြင့် တန်ကျောက်လိုက်လေသည်။

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။ နှတ်မျက်စိမှာ မြေပေါ်တွင် သုံးလေးပတ်မျှ လိမ့်သွားလေသည်။

သူသည် ချက်ချင်းပင် လူးလိမ့်ထလာပြီး...

'ခင်း...ခင်းဘာယ်လိုလုပ်လိုက်တာလဲ၊ ကျုပ်လိုပညာရှိကြီး တစ်ယောက်ကို စော်ကားရင်'

'ခွပ်'

'အား...'

နှတ်မျက်စိ စကားဆုံးအောင် မပြောလိုက်ရ[illegible]။ ကျန်းပေါင်၏ လက်သီးထိုးချက်ကြောင့် မြေပေါ် ခွေခနဲကျသွား[illegible]၏

ပါဖိုး ခေါင်းယမ်းလိုက်သည်။ နှတ်မျက်စိ [illegible] အတွေ့အကြုံ [illegible] ကြွယ်ဝသည်ကိုအသုံးချ[illegible] ဉာဏ်နည်း[illegible]များကို စည်းရုံးသိမ်းသွင်း၍ ဆရာကြီးတစ်ဆူသဖွယ် [illegible] ခြင်းဖြစ်ကြောင်း ထင်းထင်းကြီး ပေါ်နေ၏။



ဉာဏ်ပညာကြီးသည့်နှလုံးပြီး သိုင်းပညာ ဟုတ္တိပတ္တိမရှိသည်မှာမူ ဘွားဘွားကြီး ပေါ်နေပြီဖြစ်လေသည်။

ပါဖိုးသည် နှတ်မျက်စိ၏ အခြေအနေကို မှန်ကန်စွာ သုံးသပ်နိုင်ခဲ့သည်။ နှတ်မျက်စိမှာ မည်သို့သောလူစား ဖြစ်ပါစေ ဉာဏ်ပညာကြီး လူသူဖြစ်ကြောင်းကား မငြင်းနိုင်ပါ။

လောလောပေါ်၌ အဖိုးအထိုက် ဆုံးရတနာရှိသည့် နေရာကို ညွှန်ပြပေးနိုင်သူမှာ နှတ်မျက်စိတစ်ယောက်တည်းသာရှိမည်ဟု နားလည်ထားလေသည်။

ကျန်းပေါင်ကာ နှတ်မျက်စိကို ဆွဲထူလိုက်ပြီး....

'ကျုပ်တို့သခင်မလေးသိချင်တာကို ရှင်းရှင်းပြောပါ၊ ဝေ့လည်ကြောင်ပတ်လုပ်နေရင် မိုးနာမယ်'

ဟု ပေါက်လိုက်၏။

နှတ်မျက်စိသည် နှုတ်ခမ်းထောင့်မှ စီးကျလာသည့် သွေးများကို သုတ်ပစ်လိုက်ပြီး ကျန်းပေါက်ကို စိုက်ကြည့်ကာ....

'စဉ်းစားဆင်ခြင် ဉာဏ်နည်းသူ စိတ်လိုက်မာန်ပါ လုပ်တတ်သူဟာ အသက်တိုတယ်၊ ခင်းလဲ မကြာခင် သေရလိမ့်မယ်'

ဟု ပြောလိုက်လေသည်။

ကျန်းပေါက်မှာ ဒေါသထွက်သွားပြီး လက်သီးဖြင့် ထိုးချရန် ဟန်ပြင်လိုက်ပြန်သည်။

'နေဦး'

ပါဖိုးက ဟန့်တားလိုက်သဖြင့် နှတ်မျက်စိ သက်သာသွားလေသည်။

ပါဖိုးက—

'ကဲ—ကျုပ်ခမ်းတာကိုသာ ဖြေစမ်းပါဗျာ၊ ခင်ဗျားအတွက် အကျိုးမယုတ်စေရပါဘူး'

ဟု ပြောလိုက်လေသည်။

ကျန်းပေါက်သည် နုတ်မျက်စိကို လွှတ်ကာ နောက်ဆုတ် ရပ်လိုက်၏။

နုတ်မျက်စိက....

'မင်းသားလေးရဲ့လူအ ကျုပ်ကို ခေါ်ထားခဲ့လို့ မင်းသား လေးလဲ တစ်နေ့ ဒုက္ခတွေ့ရလိမ့်မယ်'

ဟု မကျေမနပ်ဖြင့် ပြောပြန်သည်။

ပါဖုံး ရယ်မောလိုက်သည်။

'ဒုက္ခဆိုတာ လူတိုင်းတွေ့နေကြတဲ့အရာပဲ မဟုတ်လားဗျာ၊ ကဲ-ကဲ လောကကြီးမှာ တန်ဖိုးအရှိဆုံး တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာဆိုတာ ဘာလဲ၊ ဖြေစမ်းပါ'

နုတ်မျက်စိက....

'ကျုပ်က မဖြေဘူးဆိုရင်ကော'

'ခင်ဗျားဟာ ပညာရှိတစ်ယောက်ပါဗျာ၊ မိုက်မဲတဲ့သူ မဟုတ်ပါဘူး'

'ပညာရှိဟာ အကျိုးမရှိတဲ့ အလုပ်မလုပ်ဘူး'

'ခင်ဗျား ဘာလိုချင်သလဲ ပြောပါ'

'ရွှေ'

'ဘယ်လောက်လဲ'

'မြင်းလှည်းဆယ်စီးစာအပြည့်'

ပါဖုံး ခေါင်းညိတ်လိုက်သည်။



'ကောင်းပြီ၊ ခင်ဗျား လိုချင်တာ ရစေ့မယ်၊ ကဲ ပြောပါ တော့'

နုတ်မျက်စိက ထက်မခံချေ။

ခေါင်းတွင်တွင် ခါယမ်းလိုက်ပြီး....

'ကျုပ်လက်ထဲကို မရောက်သေးတဲ့ ပြောနိုင်ဘူး'

'ကျုပ်က ပေးမယ်လို့ ကတိပေးထားပြီးပြီပဲဗျာ'

'စကား ကတိထက် လက်တွေ့က ပိုသေချာတယ်'

'ခင်ဗျား စဉ်းစားရင် ကောင်းမယ်၊ အခုချက်ချင်း ဘယ်လို လုပ်ပေးနိုင်မှာလဲဗျ'

နုတ်မျက်စိမှ ပြုံးပြုံးကာ....

'ဒါကြောင့် ကျုပ်က လက်ဝင်းပေးဖို့ ပြောတာပေါ့'

'ကျုပ်သိချင်တဲ့ အဖြေရပြီးရင် တစ်ခဏအတွင်း ရွှေတွေ ခင်ဗျားဆီကိုရောက်လာရစေ့မယ်'

'ကျုပ်ဘက်ကခံနိုင်ဘူး၊ ကျုပ်လက်ထဲ ရွှေတွေရောက်မှ ပြောနိုင်မယ်'

ပါဖုံး သက်ပြင်းချလိုက်သည်။

ကျန်းပေါက်ကို လှမ်းကြည့်လိုက်ပြန်လေသည်။

ကျန်းပေါက် ပြုံးလိုက်သည်။

နုတ်မျက်စိအနီးသို့ လျင်မြန်စွာ ချဉ်းကပ်သွားပြီး....

'မင်းသားလေးရဲ့ ကတိကို မယုံဘူးဆိုတာ ခေါ်ထားတာပဲ၊ မင်းသားလေးကို ခေါ်ထားရင် ဘယ်လို အပြစ်ပေးခံရမယ် ဆိုတာ ခင်ဗျားသိစေရမယ်'

ပြောပြီးရင်ဆို ဏက်သီးပြင့် ထိုးသလို ခြေထောက်ဖြင့် ဆန့်ကျောက်လိုက်လေသည်။

'ဖုန်း....ဖုန်း'

'ဒွင်'

'အား'

နတ်မျက်စိမင်းနိုင်တော့တဲ့ မြေပေါ် ခွေခနဲ လဲကျသွားသည်။

ထိုတိုင် ကျန်းပေါက်က အလွတ်မပေးတဲ့ ထပ်မံထိုးကြိတ် ဆန့်ကျောက် လိုက်ပြန်လေသည်။ ဖုန်းဖုန်း တဗျင်းဗျင်း မြည်အောင် ထိုးကြိတ်ဆန့်ကျောက်နေရလေ၏။ နတ်မျက်စိမခံနိုင်တော့ပါချေ။

'အငယ်လေး သေပါပြီဗျာ၊ တော်ပါတော့ ကျုပ်ပြောပါ့တော့မယ်'

ဟု အော်ဟစ်တောင်းပန်လာရလေတော့သည်။

ထိုအခါမှ ကျန်းပေါက်က နောက်ဆုတ်လိုက်၏။

နတ်မျက်စိအား စိတ်တိုင်းကျ ထိုးကြိတ်လိုက်ခြင်းကြောင့် ကြောင်နက်အပေါ် ဒေါကြနပ်ဖြစ်ခဲ့ရာ မှတ်တို့သည် ကွယ်ပျောက်သွားရလေတော့သည်။

နတ်မျက်စိ၏ မျက်နှာတစ်ခုလုံး အညိုအမည်းစွဲတော ဖူးရောင်နေ၏။ နှာခေါင်းနှင့်ပါးစပ်တွင်မှ သွေးများစီးကျနေ၏။

နတ်မျက်စိသည် အတော်လေး နာကျင်သွားဟန်ဖြင့် ငုတ်တုတ်ထိုင် ဖြစ်နေပေတော့သည်။



ပါဒုံးက နတ်မျက်စိအား သနားစိတ် တစ်စက်တလေးမျှမရှိဘဲ....

'ကျုပ်မေးတာ ဖြေပါ'

လို့ချင်းကိုသာ ပြောလိုက်လေသည်။

ယခုအခါ်ကြမ်းဘွင် နတ်မျက်စိ ခေါင်းမောရဲဘော့ချေ။ ပါဖုံးတို့လူစုသည် အသိုင်းအဆက်ရှိ ထင်ရှားလုပ်မည့်သူများ ဖြစ်ကြောင်း၊ အောင်းစွာ နားလည်သဘောပေါက်သွားပြီ ဖြစ်လေသည်။

'ကျုပ်....ကျုပ်ပြောပါ့မယ်ဗျာ၊ လောကပေါ်မှာ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတော လက်ခြောက်ချောင်း ယကျွမယ်ရဲ့ မျက်လုံးပါပဲ'

ဟု ပြောလေသည်။

ပါဖုံးမျက်မှောင်ကြုတ်သွား၏။

'လက်ခြောက်ချောင်း ယကျွမယ်ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

'ကျုပ်ကို ရှင်းပြစမ်းပါဦး'

နတ်မျက်စိက...

'အခုရှ တက်နယ်ခြားမှာ လူသူအဆုက်အပေါက် အသွင်နည်းတဲ့ 'ဟူ' ဆိုတဲ့ ဒေသ တစ်ခုရှိပါတယ်၊ သင်ကြီး ဝါးကြီးပေါပါသလို တောအုပ်တွေဟာ နေရောင်တောင် မထိုးနိုင်ဘူး၊ ကျားဆိုးတွေသဲပေါပါတယ်၊ ဒေသခံလူတွေဟာ အပြင်လူတွေနဲ့ဆက်ဆံခြင်းမပြုဘဲ သီးခြားနေကြတယ်၊ သူတို့ကို လက်ခြောက်ဘက်ရှိတဲ့ ယကျွမယ် ခေါင်းချောက်တယ်လို့ အသူသိကြ

ပြီး ရှင်တုပုဆော်ပေကြတယ်၊ ဝီဇ္ဇာဥစ္စာတွေပေါ့၊ အဲဒီရှင်တုရဲ့ ဝဲသက်မျက်လုံးဟာ အင်မတန်ရှားပါးတဲ့ သလင်းကျောက် တစ်မျိုးနဲ့ လုပ်ထားတာပဲ၊ အဲဒီသလင်းကျောက်တုံးလေးကို တန်ဖိုးဖြတ်ဖို့တောင် မရှိနိုင်တော့ဘူး'

ပါဖုံး စိတ်ဝင်စားသွားလေသည်။

နတ်မျက်စိသည် အမှန်တကယ်ပင် ပညာရှိသူဖြစ်ကြောင်း ထင်ရှားပေါ်လွင်လာပြီ ဖြစ်လေသည်။

နတ်မျက်စိသိထားသည့်ကိစ္စကို အခြားမည်သူမျှ သိနိုင်ကြ လိမ့်မည် မဟုတ်ပါချေ။

'အဲဒီကျောက်တုံးက ဘယ်လိုများ အသုံးဝင်နေလို့လဲ'

ဟု မေးလိုက်၏။

နတ်မျက်စိ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

'ဟာ… အသုံးဝင်ပါပြီလား၊ လက်ထဲမှာ ကိုင်ထားပြီး ဒီအတိုင်းကြည့်လို့ ဘာမှထူးခြားမှာမဟုတ် လက်ထဲကိုင်ပြီး ဝေ့ယမ်းလိုက်မယ်ဆိုရင် ထူးထူးခြားခြား ထွက်ပေါ်လာတဲ့ အလင်းရောင်တွေကြောင့် ကြည့်မိသူ မျက်လုံးတောင်ဆန်းသွား နိုင်တယ်၊ ဒါမှမဟုတ်ရင်လဲ သလင်းကျောက်ကို လက်ထဲကိုင် ထား အခြားလူတစ်ယောက်ကို စိုက်ကြည့်စေပြီး အဲဒီလူကို ကိုယ်က စိတ်ညှို့လို့ ရသေးတယ်'

သလင်းကျောက်တုံး၏ အသုံးဝင်ပုံအမျိုးမျိုးကို ပြောပြ လိုက်လေသည်။ ပါဖုံး လွန်စွာနှပင် ကျေနပ်သွားလေသည်။

'လောလောဆယ်မှာ တန်ဖိုးမဖြတ်နိုင်ဆုံး ရတနာပဲ'

ဟု ရေရွတ်လိုက်လေသည်။



နတ်မျက်စိက…

'ကျုပ်သိသမျှ ပြောပြီးပြီ၊ မင်းတို့ဘာသာ လိုက်ရှာပေ တော့၊ ကျုပ်ကို ရွှေအပြည့်နဲ့ မြင်းလှည်းဆယ်စီးပေးဖို့ မမေ့ နဲ့ဦး'

'စိတ်ချ သလင်းကျောက်ဟာ ခင်ဗျားပြောသလို အသုံးဝင် နေတာဆိုရင် ခင်ဗျားလိုချင်တာရစေ့မယ်၊ ကဲ ကျုပ်တို့မှာ အချိန်ရှိဘူး၊ နှုတ်ဆက်ခဲ့ပါတယ်ဗျာ'

စကားဆုံးလျှင် ပါဖုံးက ချာခနဲလှည့်ထွက်သွား၏။

ကျန်းပေါက်နှင့် အခြားလူများလည်း လိုက်ပါသွားကြ၏။ ပါဖုံးတို့ အဝေးသို့ရောက်သွားမှ နတ်မျက်စိက မြေပေါ် ခြေ ဆောင့်လိုက်ပြီး….

'သလင်းကျောက်ကိုပဲရမလား၊ မင်းတို့ပဲ သေကုန်ကြမလား ကြည့်ကြသေးတာပေါ့'

ဟု ကျေနပ်ဖြင့် ကြုံးဝါးလိုက်လေတော့သည်။

ယန္တရားရုပ်နှင့် လူထူးသန်း

'ခွီ ခွီး… ခွီးခွီး'

ထူးထူးခြားခြား မာန်ဖိသံများ ထွက်ပေါ်လာသည်။

ဟူးယို့နှင့် စုသန်းတို့ ရင်ထိတ်သွားကြသည်။

ဟူးယို့က…

'စုံသန်း သတိထား'

ဟု သတိပေးလိုက်ပြီး ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်လေသည်။ ထိုအခါ သစ်ပင် ကြီးများပေါ်ဝယ် အမျိုးအမျိုးထူထပ်သည့် မျောက်ဝံ ကြီးများ အုပ်စုဖွဲ့ကာ ရှိနေသည်ကို တွေ့မြင်ရလေသည်။

'မျောက်ဝံကြီးတွေပါလား'



ဟူးယို့ ရေရွတ်လိုက်လေသည်။

စုံသန်းက—

'သခင်လေး မျောက်တွေကို ကြည့်ရတာ ကျွန်တော်တို့ကို အန္တရာယ်ပြုမယ့် အသွင်ရှိနေတယ်၊ ဒီနေရာက မြန်မြန်သွားရင် ကောင်းမယ်'

စိုးရိမ်သော လေသံဖြင့် ပြောလေသည်။

ဟူးယို့ ပြုံးလိုက်သည်။

'သူတို့ကို သွားမစသူးဆိုရင် အန္တရာယ်ပေးမှာ မဟုတ်ပါဘူးကွာ၊ လာလာ ငါ့နောက် လိုက်ခဲ့'

ပြောပြောဆိုဆို သစ်ပင်များကြားမှ ကွေ့ပတ်လျှောက်သွားလေသည်။ စုသန်းက နောက်မှ လိုက်သွား၏။

မျောက်အုပ်ကြီးသည် ဂနာမငြိမ် လှုပ်လှုပ်ရွားရွား ဖြစ်နေပါသော်လည်း ဟူးယို့တို့ နောက်သို့ လိုက်လာခြင်း မရှိပါချေ။

မျောက်အုပ်ကြီးနှင့် လွတ်ပြီး အတော်ဝေးဝေးသို့ ရောက်သွားမှ စုသန်း သက်ပြင်း ချနိုင်ခဲ့လေသည်။

'ဟူး တော်ပါသေးရဲ့'

ထိုစဉ်…

'ဟိုမှာ ကြည့်စမ်း'

ဟူးယို့၏ စအားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ စုသန်း လှမ်းကြည့်လိုက်၏။

ထိုအခါ ကျောက်တုံးကြီး တစ်တုံးပေါ်ဝယ် မျောက်ဝံကြီးတစ်ကောင် ထောင့်ကြောင့် ထိုင်ကာ မျက်လောင့် နီကြီးဖြင့် သူတို့အား စိုက်ကြည့်နေသည်ကို တွေ့ရ၏။

'မျောက်ဝံကြီး တစ်ကောင်ပါလား'

စုသန်း လွှတ်ခနဲ ရေရွတ်လိုက်သည်။

ဟူးယို့က...

'သေသေချာချာ ကြည့်ပါဦး၊ လူပါကွာ၊ မျောက်ဝံမဟုတ်ပါဘူး'

'ဗျာ'

စုသန်း ပါးစပ်အဟောင်းသား ဖြစ်သွား၏။

ကျောက်တုံးခပါ၌ ထိုင်နေသည့် မျောက်ဝံကြီးကို သေသေချာချာ ကြည့်လိုက်၏။ ယခုတစ်ကြိမ်တွင် ထိုင်နေသည်မှာ မျောက်ဝံမဟုတ်ဘဲ လူတစ်ယောက် ဖြစ်နေသည်ကို သတိပြုမိသွားတော့၏။

ထိုလူမှာ အလွန် ထွားကျိုင်းသူ ဖြစ်သည်။ သူ၏ တစ်ကိုယ်လုံး မည်းနက်သော အမွေးအမျှင်များ ဖုံးလွှမ်းနေ၏။

ရုပ်ရည် ခက်ထန်လှသည့် ဖြစ်ရကား အမှတ်တမဲ့ မျောက်ဝံကြီး တစ်ကောင်ဟု ထင်မှတ်ရမည် ဖြစ်လေသည်။

စုသန်းနှင့် ဟူးယို့တို့ ကြည့်နေစဉ်မှာပင် မျောက်ဝံကြီးနှင့်တူသော လူသည် ကျောက်တုံးကြီး နောက်ကွယ်သို့ ခုန်ဆင်းကာ မြင်းကွင်းမှ ကွယ်ပျောက်သွားလေသည်။

စုသန်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

'ပြေးသွားပြီ၊ ပြေးသွားပြီ'

ဟု ရေရွတ်၏။

ဟူးယို့က....

'တို့ လိုက်သွားကြစို့'



ပြောပြီ လျင်မြန်စွာ ပြေးထွက်သွားလေသည်။

စုသန်း မနေနိုင်တော့ပါချေ။ ခါးမှ ဓားကို ဆွဲထုတ်ကာ တိုက်ခိုက်ရန် အသင့်ပြင်ရင်းဟူးယို့နောက်သို့ လိုက်သွားလေတော့သည်။

* * *

ကျောက်တုံးကျောက်ခဲများ စုပုံနေသည်။

တောင်အမြင့်ပိုင်းသို့ ရောက်လာသောအခါ ဝန်းကျင်တစ်ခုလုံး ထူးထူးခြားခြား အေးမြနေပြီး မြူနှင်းများ ကျဆင်းနေသည်ကို တွေ့ရ၏။

မျောက်ဝံကြီးနှင့်တူ လူသည် ကျောက်တုံး ကျောက်ခဲများကြားဝယ် ရိပ်ခနဲ ရိပ်ခနဲ ပြေးလွှားသွားသည်။

မြူနှင်းများ ကြားဝယ် တိုးဝင်သွားရာ ခပ်မည်းမည်းသဏ္ဍာန် အဖြစ်သာ တွေ့ရ၏။

တစ်စထက်တစ်စ ဝေး၍ဝေး၍ သွားလေသည်။ ဟူးယို့ ခြေလှမ်းရှပ်လိုက်သည်။ လိုက်၍ မမီတော့မှန်း နားလည် သဘောပေါက်သွားပြီ ဖြစ်သည်။

ဟူးယို့ ငေးကြည့်နေစဉ် မည်းမည်းအရိပ်သဏ္ဍာန်သည် တစ်စထက်တစ်စ ဝေးကွာသွားကာ နောက်ဆုံး မြင်ကွင်းမှ ကွယ်ပျောက်သွားလေသည်။

ဟူယို့ မကျေမနပ်ဖြင့်....

'မင်း ပြေးနိုင်တုန်း ပြေးဦးပေါ့ကွာ'

ဟု ကြုံးဝါးလိုက်၏။

စုသန်းသည် ခေါကြီးပန်းကြီးဖြင့် ပြေးလာရင်း ဟူးယို့ အနီးသို့ ရောက်ရှိလာ၏။

'သခင်လေး....မျောက်ဝံကြီးတော့ ဘယ်ရောက်သွားပြီလဲ'

ဟု မေးလေသည်။

ဟူယို့ ခေါင်းယမ်းလိုက်သည်။

'သူ လွတ်သွားပြီ'

'တောက်၊ သူ့ကို ဆုံးမမှ ဖြစ်မယ်၊ ညက ကျွန်တော်တို့ လူ ခွေ့ကို တိုက်ခိုက်ခဲ့တာ သူပဲ ဖြစ်မယ်'

'မင်း သေချာချာ မြင်ခဲ့လို့လား'

'သခင်လေး...ဒီနေရာမှာ နေထိုင်တဲ့ သက်ရှိ လူသားဆိုလို့ မျောက်ဝံကြီးနဲ့တူတဲ့ လူဘစ်ယောက်ကိုပဲ တွေ့ရသေးတယ် မဟုတ်လား၊ ကျွန်တော်တို့ကို ဒုက္ခပေးတာ သူအလွဲပြီး ဘယ်သူ ဖြစ်နိုင်ဦးမှာလဲ'

ဟူးယို့ ပြုံးလိုက်သည်။

'မျောက်ဝံကြီးကို မင်းက လိုက်ဖမ်းချင်တယ်ပေါ့၊ တွေ့တိ လား'

'ဟုတ်ပါတယ် သခင်လေး'



'ကောင်းပြီ၊ တို့ လိုက်သွားကြမယ်'

ပြောပြီး ရှေ့မှ လှမ်းသွား၏။

စုသန်းက နောက်မှလိုက်သွား၏။ တောင်ခြေ တွင် ကျောက် တုံး ကျောက်ခဲများကြားမှ ဖြတ်သွားသောအခါ မြူခိုးများ ထူထပ်စွာ ပိတ်ဆီးနေသည်ကို တွေ့မြင်ရလေသည်။

စုသန်း ရင်လေးသွားသည်။

မြူခိုးများကြောင့် ပတ်ဝန်းကျင်ကို သဲသဲကွဲကွဲ မတွေ့ရ သဖြင့် မျောက်ဝံကြီးနှင့်တူသူ၏ အလစ်ချောင်းတိုက်ခိုက်မည့် အန္တရာယ်ကို စိုးရိမ်ရလေသည်။

'သခင်လေး....နှင်းတွေကွဲသွားအောင် စောင့်ရင် ကောင်း မယ် ထင်တယ်'

ဟု ပြောလိုက်လေသည်။

စုသန်း စိုးရိမ်နေသည်ကို ဟူးယို့ ရိပ်မိလေသည်။ သရော်သလိုစွာ ပြုံးလိုက်ပြီး....

'သူက တို့ကို ရင်မဆိုင်ရဲလို့ ထွက်ပြေးသွားတာပဲ၊ ဘာမှ စိုးရိမ်စရာ မလိုပါဘူးကွာ၊ ကဲလာ....သွားကြမယ်'

စကားဆုံးလျှင် ရှေ့သို့ ခပ်သွက်သွက် လှမ်းသွားလေသည်။ သူတို့နှစ်ယောက် မတတ်သာပဲ နောက်မှ လိုက်သွား၏။

သူတို့နှစ်ယောက် သတိကြီးစွာထားကာ မြူခိုးများကြား တိုးဝင်သွားလေသည်။ မြူခိုးများ ထူထပ်လှသည့် ဖြစ်ရကား ပတ်ဝန်းကျင် ခြေသုံးလှမ်းအကွာသို့ပင် ကောင်းစွာ မမြင်ရပါ ချေ။

ကျောက်တုံးကျောက်ခဲများကြားသို့တိုးဝင်သွားပြီး တစ်ခဏ အကြာတွင်....

'ဖတ်ဖတ်...ဖတ်ဖတ်'

ရုတ်တရက် အတောင်ပံခတ်သံများ ထွက်ပေါ်လာသည် ကို ကြားရလေသည်။

'သတိထား'

ဟူးယို့က သတိပေးလိုက်သည်။

မြေပေါ်မှ ကျောက်ခဲနှစ်လုံးကို ကောက်ယူကာ ပစ်ပေါက် တိုက်ခိုက်ရန် အသင့် ပြင်ထားလိုက်လေသည်။

စုသန်းအလည်း ဟူးယို့လုပ်သည့်အတိုင်း ကျောက်ခဲများ ကောက်ယူထားလိုက်၏။ မကြာပါချေ။ မြူခိုးများကြားမှ အရိပ်မည်းမည်းကြီးတစ်ခု လျင်မြန်စွာ တိုးထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဖလွှတ်စေနဲ့'

ဟူးယို့က အော်ပြောရင်း ကျောက်ခဲများဖြင့် ပစ်ပေါက် လိုက်သည်။ စုသန်းအလည်း ပစ်ပေါက် တိုက်ခိုက်လိုက်လေ သည်။

'ဝှီး...ဝှီး...ဝှီး'

ကျောက်ခဲများ လျှင်မြန်စွာ တိုးထွက်လာသည်။ အရိပ်မည်း မည်းသဏ္ဍာန်ကြီးဆီသို့ တရစပ် ပစ်လွှင့်သွား၏။

ထိုအခါ...

'ဒုန်း...ဝုန်း'

'ခြမ်း'



'အား'

အသံဗလံများ ကျယ်လောင်စွာ ထွက် ပေါ် လာသည် ကို ကြားလိုက်ရလေသည်။

'ဝှီး'

မည်းမည်း အရိပ်သဏ္ဍာန်ကြီးသည် စုသန်းနှင့် ဟူးယို့တို့၏ ဦးခေါင်းပေါ်မှ ဖြတ်ကျော်သွားလေသည်။

'မြေပေါ်ဝပ်ချလိုက်'

ဟူးယို့က အော်ပြောသည်။

စုသန်းနှင့်အတူ မြေပေါ် ဝပ်ချလိုက်လေသည်။

မည်းမည်းအရိပ်သဏ္ဍာန်ကြီးသည် သူတို့အား ဖြတ်ကျော် ကာ နောက်ဘက်သို့ နိမ့်ဆင်းသွားပြီး ကျောက် တုံး ကြီး တစ်ခုနှင့် ဝင်တိုက်မိတော့သည်။

'ဝုန်း'

'ခြင်...ခြင်ခြင်'

ဆူညံညံအသံများ ထွက်ပေါ်လာပြန်သည်။

မည်းမည်းအရိပ် သဏ္ဍာန်ကြီးသည် ကျောက်တုံးကြီးနှင့် ဝင်တိုက်မိမိ လူရိပ်တစ်ခု နောက်ဘက် ခုန်ဆင်းသွားသည်ကို မသဲမကွဲ တွေ့မြင်လိုက်ရ၏။

ထို့နောက် အသံဗလံဟူသမျှ တိတ်ဆိတ်ကွယ်ပျောက်သွား လေတော့သည်။ ဟူးယို့နှင့် စုသန်းတို့ မြေပေါ်မှလူးလိမ့်ထ လိုက်ကြသည်။

ဟူးယို့က....

"စုသန်း ငါ့နောက်ဆ ခပ်ခွာခွာလိုက်ခဲ့၊ အ ဒွိ ရာယ် ပေး မယ့် အရိပ်အယောင် တွေ့ရရင်လဲ မခေ့နေနဲ့"

ဟု ပြောလိုက်၏။

စုသန်း ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ သခင်လေး"

သူတို့နှစ်ယောက်သည် ညေးမည်းအရိပ်သဏ္ဍာန်ကြီး ထိုးကျ သွားရာအက်သို့ လှမ်းသွားကြရန် ဟန်ပြင်လိုက်ကြလေသည်။

ထိုစဉ်...

"ဟီး...ဟီး...ဟီး"

ငိုညည်းသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ သည်။

ဟူးယို့နှင့် စုသန်းတို့ ခြေလှမ်းရပ်သွားကြ၏။

"ဘယ်လိုဖြစ်တာလဲ"

တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ လွတ်ခနဲ ရေရွတ်မိ ကြသည်။ ငိုညည်းသံတာ: တစ်စထက်တစ်စ ကျယ်လောင်လာ သည်။

"ဟား ဟား ဟား သွားပါပြီ သွားပါပြီ၊ ငါ အနှစ်နှစ် အလလ ကြိုးစားခဲ့သမျှ ပျက်စီးရပါပြီ၊ ဟား ဟား ဟား"

ဟူးယို့က စုသန်းကို မျက်ရိပ်ပြလိုက်သည်။

ထို့နောက် ငိုညည်းသံ ထွက်ပေါ်လာရာဆီသို့ လျှင်မြန် စွာ ပြေးသွား၏၊ စုသန်းက အားမှုတ်၍ လိုက်သွားသည်။

နှစ်ယောက်သား သတိထား၍ ငိုသံ ထွက်ပေါ်လာသည့် နေရာသို့ ရှေ့နောက် နှစ်ဘက်ညှပ်ကာ ဝိုင်းရံလိုက်ကြ၏။



ကျောက်တုံး ကျောက်ခဲများ စုပုံနေသည့်နေရာတွင် လူ တစ်ယောက် ဆောင့်ကြောင့်ထိုင်ကာ ငိုကြွေးနေ၏။

ထိုလူမှာ အမှတ်တမဲ့ကြည့်လျှင် မျောက်ဝံကြီးတစ်ကောင် နှင့် တူလှပြင်၏။ စုသန်းနှင့် ဟူးယို့တို့သည် ထိုလူထွက်ပြေး မသွားနိုင်အောင် လျှင်မြန်စွာချဉ်းကပ်သွားပြီး ထမ်းပိတ်ထား လိုက်ကြ၏။

ဟူးယို့တို့ ရောက်ရှိလာသည်ကို တွေ့သော်လည်း ထိုလူမှာ ထွက်မပြေးဘဲ ရှိုက်ကြီးတငင် ငိုကြွေးနေသည်။

ဟူးယို့နှင့် စုသန်းတို့ တစ်ယောက်ကို တစ်ယောက် ကြည့် လိုက်ကြ၏။

စုသန်းက...

"ခင်ဗျား ဘာကြောင့် ငိုနေတာလဲ"

ဟု မေးလိုက်လေသည်။

ထိုလူက...

"ဟား ဟား မင်းတို့ကြောင့် ကျုပ် အနှစ်နှစ် အလလ ကြိုးစားထိထွင်ထားတဲ့ မြင်းပျံယန္တရားကြီး ပျက်စီးသွားပြီ၊ ဟား ဟား ဟား"

ပြောရင်း ရှိုက်ကြီးတငင် ငိုကြွေးနေပြန်သည်။

ထိုလူသည် ရန်ပြုတိုက်ခိုက်မည့်အသွင် မတွေ့ရခြင်းကြောင့် ဟူးယို့နှင့် စုသန်းတို့ စိတ်အေးသွားကြလေသည်။

ဟူးယို့က...

"မြင်းပျံယန္တရားဟုတ်လား"

ဟု တအံ့တဩ မေးလိုက်၏။

ထိုလူ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဟိုမှာကြည့်ပါလား ဖျက်စီးခံနေပြီ'

ထိုလူ ညွှန်ပြရာသို့ ကြည့်လိုက်သောအခါ ကျောက်တုံး ကျောက်ခဲများကြား ဝယ်ပုံပျက်ပန်းပျက် ဖြစ်နေသည့် မြင်း နက်ကြီးတစ်ကောင်ကို တွေ့မြင်ရလေသည်။

ထိုမြင်းကြီးသည် အသွေးအသားဖြင့် တည်ဆောက်ထား သည့် မြင်းမဟုတ်ဘဲ သံပြား၊ သံစက်သီး၊ သံကြိုး၊ သံချေးသွား စိတ်စသည်ဖြင့် လူတို့ဖန်တီး တီထွင်ထားသည့် မြင်းရုပ် ကြီးတစ်ရုပ် ဖြစ်ပေသည်။

ဟူးယို့ မျက်လုံးပြူးသွား၏။

တဖျပ်ဖျပ်မြည်သံနှင့်အတူ လူဘစ်ရပ်ခန့် အမြင့်မှ လျှပ်မြန် စွာ ပျံသန်းသွားသည့် ရှေးရှေး အရိပ်သဏ္ဍာန်ကြီးမှာ ယန္တရားမြင်းပျံကြီး ဖြစ်နေသည်ကို အံ့သြစွာ တွေ့ရှိနေရပြီ ဖြစ်လေသည်။

ရှေးယခင်က ပင်လယ်ရပ်ခြားမှ လာခဲ့သူတစ်ယောက်သည် ပြည်ကြီးတွင် ယန္တရားရုပ်များ ပြုလုပ်ကာ သူ၏အစွမ်းအစ ကို ပြခဲ့သည်ဟု ကြားဖူးခဲ့၏။

ထိုဆရာကြီးက သူ၏ပညာကို လျှို့ဝှက်ထားရာ သူကွယ်လွန် သွားပြီးနောက် ယန္တရားပညာ မွေးမှိန်ကွယ်ပျောက်သွား လေ၏။

ယခုမှ ထူးခြားစွာ ဖိရင်အပ်သော ယန္တရားပညာ၏ သက် သေကို တွေ့မြင်ရခြင်း ဖြစ်၏။



ဟူးယို့ ၏ရင်ထဲ လှုပ်ရှားလာသည်။ ချော့ကပ်ဝကြီး နှင့် ထူသူကိုကြည့်ကာ...

'ခင်ဗျားရဲ့ ယန္တရားမြင်းပျံကြီးက တကယ့် မြင်းတစ်ကောင် လို ပြေးနိုင်လွှားနိုင်တယ် ဟုတ်သလား'

ဟု သေချာအောင် မေးလိုက်သည်။

ထိုလူ မခံချိမနပ် ဖြစ်သွားသည်။

'မြင်းတကယ်လို ပြောလိုက်တာလဲ၊ ပြေးနိုင် လွှားနိုင်ရုံမက ဘူး၊ မိုးပေါ် တောင် ပျံနိုင်တယ်ကွ'

'ဘာခင်လေး'

ရုတ်တရက် ကြားဝင်ပေါ်လိုက်သည့် စုသန်း၏အသံကြောင့် ဟူးယို့ လှည့်ကြည့်လိုက်၏။

စုသန်းက...

'ယန္တရား မြင်းပျံဟာ အံ့မခန်းလုပါတယ်၊ သူ့လောက် တန်ဖိုးရှိတဲ့ အရာ လောကပေါ်မှာ မရှိနိုင်တော့ပါဘူး'

ဟု ပြောလေသည်။

စုသန်း၏ အယူအဆနှင့် ဟူးယို့ ၏သဘောထား တိုက်ဆိုင် နေပေသည်။ ဟူးယို့ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ခေါင်းဆောင်လုံးဟာလဲ ကိုတောင် ရှာစရာ မလိုတော့ဘူး'

ဟု ပြောလိုက်၏။

သူ၏ စကားကြားလျှင်...

'ဘာပြောတယ်'

မျောက်ဝံကြီးနှင့်တူသူသည် နှာခေါင်းရှုံ့ပြီး ကျယ်လောင်စွာ အော်မေးလေသည်။ စုသန်းနှင့် ဟူးယို့တို့ ကြောင်အမ်းအမ်း ဖြစ်သွားကြ၏။

ထိုလူက...

'ခေါင်းဆယ်လုံးဟာလီကို ခင်ဗျားတို့လိုက်ရှာနေတာ ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

'မင်းတို့ကို ငါမသိပါလား'

'ဗျ'

'ခေါင်းဆယ်လုံး ဟာလီဆိုတာ ငါပဲကွ'

'ဟာ'

စုသန်းနှင့် ဟူးယို့တို့ လွှတ်ခနဲ အော်လိုက်ကြသည်။ သူတို့ လိုက်ရှာနေသည့် ခေါင်းဆယ်လုံးဟာလီနှင့် တိုက်တိုက်ဆိုင်ဆိုင် လာတွေ့ရပုံမှာ အံ့ဩစရာ ကောင်းလှပေတော့သည်။

ဟူးယို့၏မျက်နှာ ပြုံးရွှင်လာသည်။ ရုတ်ချည်းပင် ရက်နှစ်ဖက် ဆုပ်ကာ ဂါရဝပြုလိုက်ပြီး...

'ဆရာကြီးကို ဂါရဝပြုပါတယ်ဗျာ'

ဟု ပြောလိုက်လေသည်။

'ထွီ'

ဟာလီ (ခေါ်) မျောက်ဝံကြီးနှင့်တူသူက တံတွေးတွေး မြေပေါ်ထွေးချလိုက်သည်။

စုသန်း မျက်နှာပျက် ဖြစ်သွားသည်။

'ခင်ဗျား'



'စုသန်း နောက်ဆုတ်လိုက်စမ်း'

ဟူးယို့က ဝင်ပြောလိုက်သဖြင့် စုသန်း အတော်သာတဲ နောက် ဆုတ်လိုက်ရ၏။

ဟူးယို့က ဟာလီ၏ အပြုအမူ ရိုင်းပျလှသည်ကို တွေ့ရသော်လည်း စိတ်ဆိုးတဲ့ ပြုံးရွှင်သောမျက်နှာထားဖြင့်...

'ဆရာကြီးဟာ သိမ်းမသိဘို့ ကျွန်တော်ရိုင်းပျသလိုဖြစ် သွားတာ ခွင့်လွှတ်ပါ'

ဟု တောင်းပန်လိုက်သည်။

ထိုအခါလူများ ဟာလီ၏နောက်ချက်ကြောင့် စသဆုံးကုန်သည့် ကိုစွက်ကို သူတို မေ့သွားလိုက်ပြီဖြစ်သည်။

ထိုအခါလူများသည် ဟာလီ၏ အသက် ဘယ်ဖိုမျှ မရှိဟု ယူဆသား၏။ ထိုအချက်ကို တွေ့မိသော စုသန်းက အသာငြိမ်ခံနေလိုက် လေသည်။

ဟာလီက...

'မင်းအတော်ပန် ဒီ ငါ့ကျွန်ခံချမှာလား။ ငါ့ရဲ့ယန္တရား မြှုပ်ပျက်စီးသွားပြီကွ'

ဟု ဒေါသကြီး ပြောလေသည်။

ဟူးယို့က...

'ဆရာကြီးအတွက် ကျွန်တော် အစားလျော်ပေးပါ့မယ်'

'ဘာ... ဘယ်လို'

'အစားလျော်ပေးပါ့မယ်ခင်ဗျာ'

'ထွီ... ငါ့ယန္တရားမြင်းပျံကို တယ်လိုအစားထိုးနိုင်မှာတုန်းကွ'

'ဆရာကြီး အသစ်ပြန်လုပ်ပေါ့'

'ဟေ'

'ကျွန်တော်က ဆရာကြီးကို အစစအရာရာ အကူအညီပေးပါ့မယ်၊ သံထည်ပစ္စည်းတွေ ကျွမ်းကျင်တဲ့ ပန်းပဲဆရာတွေ စာနယ်ရှိကွာ ရွှေ ငွေ မိန်းမ အရက် ဆရာကြီးလိုချင်တာ အားလုံးရပါစေ့မယ်'

'ဟေ...'

ဟာလင် ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ဟူးယီကို မယုံကြည်နိုင်စွာ ကြည့်နေ၏။

ဟူးယီ့က...

'ဆရာကြီး ဘာအလိုရှိတယ်ဆိုတာ ဘာပြောပါ၊ ချက်ချင်းရပါစေ့မယ်လို့ ကျွန်တော် အာမခံပါတယ်'

'မုဝ်း...မင်းတကယ်ပြောတာလား'

'တကယ်ပါ'

ဟာလင်က...

'ယန္တရားမြင်းပျံ ဆောက်လုပ်တဲ့ပညာကို ငါ ဘယ်သူ့မှ မပေးနိုင်ဘူး၊ ဘယ်လိုတည်ဆောက်ရတယ်ဆိုတာ မပြနိုင်ဘူးကွာ'

'ဒီလိုဆိုရင် ဆရာကြီးက ပျက်စီးသွားတဲ့ ယန္တရားမြင်းပျံကို ဘယ်လိုလုပ် အသစ်ပြန်လုပ်နိုင်မှာလဲ'

ဟာလင် ငိုင်သွားသည်။ လျှို့ဝှက်ပညာကို အခြားသူများနှင့် မြင်တတ်မြောက်သွားမည်ကို စိုးရိမ်စွာ လူသူအရောက်



အပေါက် နည်းလှသည့် တောင်ပေါ်တွင် လာရောက်အခြေချနေထိုင်ပြီး ထိုထွင် ပြုလုပ်ခဲ့ခြင်း ဖြစ်ပေသည်။

သူ့အား ကူညီမည့်သူများ လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ လွယ်ကူစွာ ရရှိမည်ဆိုလျှင် ပျက်စီးသွားသည့် ယန္တရားမြင်းပျံကို အချိန်တိုတိုနှင့် ပြင်နိုင်မည်ဖြစ်သလို နောက်ထပ်အသစ်များလည်း ပြုလုပ်နိုင်လိမ့်မည် ဖြစ်ပေသည်။

ဟူးယီ့က...

'ဆရာကြီးရဲ့ပညာ မပေါက်ကြားစေရဘူးလို့ ကျွန်တော် အာမခံပါတယ်'

'ဟော... မင်းဆိုလိုတာက'

'ဆရာကြီးလိုအင်တဲ့ပစ္စည်းတွေကို လုပ်ပေးတဲ့ လူတွေဟာ လုပ်ငန်းတွေ လက်စသတ်သွားချိန်မှာ စကားမပြောနိုင်တဲ့ လူတွေ ဖြစ်သွားရပါစေမယ်'

'ဇင်း... မင်းဆိုလိုတာက'

ဟူးယီ့ ပြုံးလိုက်သည်။

လက်ဝါးစောင်းဖြင့် မေးစေ့အောက်လည်ဘိုင်ကို ထိကပ်ပြလိုက်လေသည်။ ဟာလင် မျက်မှောင်ကြုတ်သွား၏။

ဟူးယီ့အား အတန်ကြာသည်အထိ စိုက်ကြည့်ပြီးမှ တခဲတာကျစွာ ပြုံးလိုက်၏။

'မင်း...မဆိုးဘူး'

'ဆရာကြီး သဘောတူပြီပေါ့'

'နေဦး'

'ဆရာကြီး ဘာများ ပြောချင်သေးလို့လဲ'

'မင်းက ငါ့ကို အကျိုးအပြစ်မရှိတဲ့ ကူညီလိမ့်မယ်လို့တော့ ငါမထင်ဘူး'

'ဟား... ဟား... ဟား'

ဟူ၍ သခင်ကျော့ ရယ်မောလိုက်လေသည်။

ဟာသလီက မျက်တောင်မခတ် စိုက်ကြည့်နေ၏။

ဟူ၍က ရယ်မောပြီးမှ....

'ဆရာကြီးပြောတာ မှန်ပါတယ်'

'မင်း ဘာလိုချင်သလဲ'

'ယန္တရားမြင်းဖျံ'

'ဘာကွ'

'ဆရာကြီးရဲ့ ယန္တရားမြင်းဖျံကို ခဏငှားမယ်ဆိုရင် လုံလောက်ပါပြီ'

ဟာသလီ စကားဆက်ပြန်လေသည်။

ဟူ၍က...

'ကျွန်တော်ဟာ လောကကြီးမှာ တန်ဖိုးအရှိဆုံး အဖိုးမဖြတ်နိုင်တဲ့ ရတနာကို လိုချင်နေတာပါ'

ကျင်လည်ရှိသော သမီးနှင့် သက်ဆက်နိုင်ရန် ခေတ္တပိုင်နယ်မှ မင်းသားအပါ ပါဖုံး၊ ရွှေဘုံကြိုက်မှ မင်းသားလေး ချစ်စိမ်းတို့နှင့် ယှဉ်ပြိုင်နေရပုံကို ရှင်းပြင်းပြောပြ လိုက်လေသည်။

ဟူ၍ အဘယ့်ကြောင့် ယန္တရားမြင်းဖျံအား လိုချင်နေရသည့် အကြောင်းရင်းကို ဟာသလီ နားသည် သဘောပေါက် သွားလေသည်။

[illegible library stamp]

ဟူ၍က....

'သခင်မလေး ကျင်းကျင်းကို ပိုင်ဆိုင်ရဖို့ထက် အရေးကြီးတဲ့ ကိစ္စ မရှိတော့ပါဘူး၊ သခင်မလေးကျင်းကျင်းဆီ ရပြီးတာနဲ့ ယန္တရားမြင်းဖျံကို ပြန်ပေးပါ့မယ်လို့ ကတိပေးပါတယ်'

ဟု ထပ်လောင်း ကတိပေးလိုက်လေသည်။

ဟာသလီက....

'မင်း မဆိုးဘူး'

'ဆရာကြီး သဘောတူမယ် မဟုတ်လားဗျာ'

'မင်း ကတိတည်မယ်ဆိုရင် ငါ သဘောတူဖို့ မခဲယဉ်းပါဘူး'

ထိုစကားကြားလျှင် ဟူ၍ ဝမ်းသာသွား၏။ ချစ်စိမ်းနှင့် ပါဖုံးတို့၏ မျက်နှာကို မြင်ယောင်လာသည်။

'ဘယ်သူက အဖိုးမဖြတ်နိုင်တဲ့ ရတနာကို ရအောင် ရှာနိုင်တယ်ဆိုတာ မင်းတို့ တွေ့ကြမှာပေါ့ကွာ'

စိတ်ထဲမှ ကြုံးဝါးလိုက်လေတော့သည်။

× × ×

လက်ခြောက်ဖက် ယက္ခမယ်

နေခြည်ဖြာကျနေသည်။

ကောင်းကင်ပေါ်ဝယ် တိမ်ဖြူများ လေနှင့်အတူ လွင့်မျောနေသည်ကို တွေ့မြင်နိုင်၏။ အရပ်လေးမျက်နှာသွင် စိမ်းညိုသော တောအုပ်များ ဖုံးလွှမ်းနေ၏။

တောအုပ်များ၏တစ်ထက်တွင် ရှည်လျား သွယ်တန်းနေသည့် မှိုင်းညို့ညို့ တောင်စဉ်တောင်တန်းများ ရှိနေပါသည်။

တောအုပ်များ၊ တောင်ကုန်းများကြားဝယ် လူ တစ်ရ ခရီးသွားနေသည်ကို တွေ့မြင်နိုင်ပေသည်။

ထိုလူစုမှာ တောင်ပိုင်းနယ်ခွ မင်းသားလေး ပါဖုံးတို့ လူစု ဖြစ်ကြလေသည်။



ပါဖုံးသည် နတ်မျက်စိထံမှ ကြားသိခဲ့ရသည့်အတိုင်း လက်ခြောက်ဖက် ယက္ခမယ်၏ သတင်း မျက်လုံးကို ရှာဖွေရန် လူသူအသွားအလာ မရှိသည့် အရပ်ဒေသသို့ စွန့်စွန့်စားစား ခရီးထွက်လာခြင်း ဖြစ်ပေသည်။

လမ်းတစ်လျှောက်တွင် သစ်ပင်ချုံနွယ်များ ထူထပ်စွာ ပိတ်ဖုံးနေသည်မှအပ အန္တရာယ်ဟူ၍ ထူးထူးခြားခြား မတွေ့ရပါချေ။

ထို့ကြောင့် ပါဖုံးတို့လူစု အားတက်နေကြပြီး ရှေ့သို့တွင်တွင်ကြီး ခရီးဆက်နေကြပေသည်။ တောအုပ်များသည်တစ်ထက်တစ်ထ ထူထပ်နက်ရှိုင်းလာသည်။

သစ်ပင်များသည် အကိုင်းချင်းယှက်လျက် နေရောင်မတိုးနိုင်အောင် နီးကပ်စွာ ပေါက်ရောက်နေကြသည်။

ပင်ခြေတွင် ဆူးပင်၊ ချုံပင်များ ဖုံးလွှမ်းနေသေး၏။ တောအုပ်ထဲဝင် ကောင်းကင်ကို မော့ကြည့်၍ မမြင်နိုင်သလို သစ်ပင်ချုံနွယ်များ မြက်ပင်များ ထူထပ်စွာ ရှိနေခြင်းကြောင့် မြေပြင်ကိုလည်း မတွေ့နိုင်အောင် ဖြစ်နေ၏။

ပါဖုံးသည် သူ၏ လူများကို ရှေ့မှ ခုတ်ရှင်းကာ လမ်းထွင်စေပြီး နောက်မှ ဝေယာဉ်စီးကာ သက်တောင့်သက်သာဖြင့် လိုက်ပါသွား၏။

သို့တိုင် တောထဲ ခရီးသွားနေရသည်မှာ ပင်ပန်းလှသည်ဟု ခံစားနေရပေတော့သည်။

ရက်ပေါင်းနှစ်ဆယ်ကျော် ခရီးနှင် ပြီးသောအခါ ပိုဖို့ နက်ရှိုင်းသော တောအုပ်ထူထပ်ရာ အချပ်ဒေသသို့ ရောက်ရှိလာကြသည်။

တောနက်လှန် လှသဖြင့် မှိန်းလဲ့သည်နှင့် အသင်းချောင်အား ပျော်သွား၏။

သို့ကြောင့် ခရီးဆက်နိုင်ခတော့ပဲ ရောက်သည့်အချပ်တွင် တစ်ညတာ ခန်းချ၍ မြင်ဆင်ရလေသည်။

သစ်ပင်နှုတ်ခံများ ဆူညံနေသည်။ ပါဖုံး၏လူများသည် တစ်ညတာ အနားယူနိုင်မှုနှ် ပေါ်ရှင်းနေကြခြင်း ဖြစ်သည်။

သစ်ပင်များကို ရှင်းလင်းလိုက်ခြင်းဖြင့် တောအုပ်အတွင်း၌ မြေကွက်လပ်အသေးငယ်ဖြစ်လာသည်။

ပါဖုံးအတက် ရွက်ဖျင်တဲ ဘစ်ခု အလျှင်အမြန်ထိုးသိုက်ကြပြီး မီးပုံများ ဖိုသိုက်ကြ၏။

ထို့နောက် အသင့်ယူဆောင်လာသည့် ရိက္ခာခြောက်ကို တည်ခင်း ချက်ပြုတ်ကြ၏။ ပါဖုံးသည် အစားအသောက် အကြောက်တွင် ယှဉ်ပြိုင်သူမရှိအောင် နာမည်ကြီးသူ ဖြစ်၏။

သို့သော်... ယခုတစ်ကြိမ်တွင် အဘယ်ကြောင့်မသိ စားသောက်ရန် စိတ်မပါ ရှိတဲ့ ဖြစ်နေ၏။

အန္တရာယ်များလှသောကြောင့် ရှောင်ရှား နားလည်သဘော ပေါက်နေတော့သည်။ မည်သို့ဆိုစေ... သယ်ဆောင်လာသည့် ရိက္ခာများ စားသောက်ရုံဖြင့် မကောင်းတော့နိုင်တဲ့ ဖြစ်နေသော သည်။



မီးပုံများမှ ထင်းတုံးများ မီးစွဲလောင်သံ တဖျောင်ဖျောင်မြည်ကာ ထွက်ပေါ်နေ၏။

ပါဖုံးသည် ရွက်ဖျင်တဲရှေ့ ခုံတင်ကလေးပေါ်၌ ထိုင်ကာ ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်၏။ သူ၏လူများ သွက်သွက်လက်လက် လှုပ်ရှားနေကြပေသည်။

အချို့သည် စားသောက်ဖွယ်ရာများ ချက်ပြုတ်နေသလို အချို့မှာ နားယူမည့်နေရာသို့ မြွေများ တင်းများ သည့် အန္တရာယ်များ မကျရောက်လာနိုင်အောင် ရှင်းလင်းနေကြ၏။

အချို့က လက်နက်ကိုယ်စီ ကိုင်စွဲကာ အချိန်မရွေး ပေါ်ပေါက်လာနိုင်သည့် အန္တရာယ်ကို နိုးကြားစွာ စောင့်ကြပ်နေကြ၏။

ပါဖုံး၏အမြင်တွင် တာဆိုဘာမှ လိုလေသေးမရှိအောင် ပြည့်စုံနေ၏။ သူသည် တောင်ပိုင်းမှ လက်ရွေးစင် သိုင်းသမားများကို စိတ်တိုင်းကျ ရွေးခေါ်လာခဲ့သည် မဟုတ်လော။

သို့တိုင် လူသန်ကြီး ကြောင်နက်လူလူစုနှင့် တွေ့ခဲ့ရစဉ်က အထိုက်မိကာ ဒုက္ခရောက်ခဲ့ရသေးသည်။

ထိုသို့သော အဖြစ်မျိုး နောက်ထပ်တစ်ကြိမ် ကြုံတွေ့ခြင်း မရှိရလေအောင် ဂရုစိုက်ရမည်ဟု အားလုံး နားလည်ထားကြပေတော့သည်။

ပါဖုံးက သူ၏လူများအပေါ် ကျေနပ်နှစ်သိမ့်သည့်အသော ဖြင့် ပြုံးပြီး ခေါင်းတဆတ်ဆတ် ညိတ်လိုက်ရေသည်။

ရွက်ဖျင်တဲထဲသို့ လှမ်းဝင်နေ ... ကျနေ ... လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထို့ကြောင့် ရွက်ဖျင်တဲထဲ မဝင်ဖြစ်တော့ဘဲ ကျွန်းပေါ်ကို ညနေသို့ ရောက်ရှိလာသည်အထိ စောင့်ကြည့်နေလိုက်လေသည်။

ကျွန်းပေါ်ကသည် ပါဖုံးအား ဦးညွှတ် ဂါရဝပြုလိုက်ပြီး

'သခင်မ... အခု ဘက်မှာ ကျွားခြေရာတွေ တွေ့ခဲ့ပါတယ်၊ ကျုပ်တို့ဟာ နတ်မျက်စိနဲ့မြင်ဖြစ်လိုက်တဲ့နေရာနဲ့ မဝေး တော့ဘူးလို့ ယူဆရပါတယ်'

ဟု အစီရင်ခံလေသည်။

ပါဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ တစ်ရက်နှစ်ရက်အတွင်း ကျုပ်တို့ သွားချင်တဲ့ အရပ်ကို ရောက်မှာပဲ၊ သတိဝီရိယရှိကြပါစေ၊ ကျွားဆိုးတွေ ရှိတယ်ဆိုပေမယ့် လူသို အသိဉာဏ်ရှိတာ မဟုတ်လို့ သိပ်တော့ ကြောက်စရာ မလိုပါဘူး၊ ကိုယ့်ဘက်ကသာ သတိထားစေနဲ့'

'စိတ်ချပါ သခင်လေး'

'အင်း... တအားယ်လို့ များ ကျွားတစ်ကောင်တလေ ရောက်လာမယ်ဆိုရင်ပေါ့လေ၊ ကျွားသားဟာ ညှီစော်နံတယ်ပြောပေမယ့် ကျုပ်က မီးဖုတ်ပြီး စားကြည့်ချင်သေးတယ်'

ကျွန်းပေါ်က ပြုံးလိုက်လေသည်။

'စိတ်ချပါ သခင်မလေး'

ပါဖုံးက လက်ဝေ့ယမ်းပြလိုက်သည်။

ကျွန်းပေါ်က ပြန်လည်ထွက်ခွာသွား၏။

ထိုနေ့ညဝယ် အမှန်ပင် ကျွားရိုင်းများ ရောက်ရှိလာလေတော့သည်။

\+ \+ \+



'ကုပ်...ကုပ်'

'ဂစ်...ဂစ်...ဂစ်'

'တုံ...တုံ...တုံ'

ညဉ့်နက်လှပြီဖြစ်သည်။

တောနက်ထဲဝယ် အမှောင်ထု ပိတ်ဖုံးနေ၏။

သံစဉ်ထူးမျိုးမျိုးရှိသော တောတိရစ္ဆာန်တို့၏ အသံများ ဟိုမှသည်မှ ထွက်ပေါ်နေသည်။

တောနက်လှသဖြင့် ချောက်ချားဖွယ် ကောင်းလှသည်။

ပါဖုံးတို့လူစု စခန်းချနေသည့်နေရာ၌မူ မီးပုံများရှိနေခြင်း ကြောင့် အလင်းရောင်ထွက်ပေါ်ကာ လင်းလင်းချင်းချင်း ရှိနေပါသည်။

ပါဖုံး၏လူများသည် လက်နက်ကိုယ်စီ ဆွဲကိုင်ကာ သတိ ဝီရိယဖြင့် စောင့်ကြပ်နေကြ၏။

ပါဖုံး၏ ရွက်ဖျင်တဲပတ်အည်တွင် အစောင့်လေးယောက် ရှိနေ၏။ ရွက်ဖျင်တဲရှေ့ဝယ် မီးပုံတစ်ခု ဖိုထားသည်။

ပါဖုံးအတွက် ဘေး ဖသိရန်မခရလေအောင် ဂရုတစိုက် အားကျွယ်စောင့်ရှောက်ကြခြင်း ဖြစ်၏။

ညဉ့်နက်ပြီဖြစ်သော်လည်း ပါဖုံး အိပ်မပျော်နိုင်သေးပေ ချေ။ သူ၏ဝမ်းဗိုက်မှာ တကြုတ်ကြုတ်မြည်ကာ ဆာလောင် နေသည်။

ထို့ကြောင့် အိပ်ရာထဲမှ လူးလိမ့်ထလိုက်ကာ မုန့်အချို တစ်ထုပ်ကိုဖောက်၍ တကျွတ်ကျွတ်မြည်အောင် ဝါးစားနေ လိုက်သည်။

မှန်တစ်ထုပ် ကုန်အောင်စားပြီးသည့်တိုင် အိပ်ခရသဖြင့် တဲအပြင်ဘက်သို့ ထွက်လာခဲ့လေသည်။

တဲအပြင်ဘက် မြေကွက်လပ်တွင် သူ၏လူ တစ်ဝက်မှာ အိပ်ပျော်နေကြပြီး ကျန်တစ်ဝက်က စောင့်ကြပ်နေကြသည်ကို တွေ့ရ၏။

ပါဖိုး သက်ပြင်းချလိုက်သည်။

'အဖိုးထိုက်ရတနာကို ထမြန်းဆုံးရမှာဖြစ်မယ်၊ နို့မဟုတ်ရင် ပင်ပန်းတာနဲ့ ငါလဲ ငါးခြမ်းခြောက်လို ဖြစ်သွားတော့မှာပဲ'

ဟု တီးတိုးညည်းညူလိုက်၏။

ထို့နောက် ရှက်ဖျဉ်တဲထဲပြန်ဝင်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်…

'တုံ…တုံ…တုံ'

အဝေးမှ ထူးခြားသောအသံတချို့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ပါဖိုး မျက်မှောင်ကြုတ်သွား၏။

'ဘာသံပါလိမ့်'

သူ တွေးတောစဉ်းစားနေစဉ် လူတစ်ယောက် ပြေးလွှားလာသည်ကို တွေ့ရ၏၊ ကျန်းပေါက်ဖြစ်လေသည်။

ကျန်းပေါက်က လက်နှင့်ဖက်ဆုပ်ကာ ဂါရဝပြုရင်း…

'သခင်လေး တောထဲမှာ လူတချို့ရှိပါတယ်'

ဟု အစီရင်ခံလာလေသည်။

ပါဖိုး အံ့ဩသွားသည်။

'လူ… လူ ဟုတ်လား'



'ဟုတ်ပါတယ်၊ အခုကြားနေရတဲ့ အသံတွေဟာ သစ်လုံးကို ထွင်းပြီးခေါက်တဲ့ တုံးခေါက်သံတွေပါ၊ ဒါဟာ အချက်ပေးသံလဲ ဖြစ်ပါတယ်'

အန္တရာယ်ရှိပြီဟူသောအသိက ပါဖိုး၏ဦးခေါင်းထဲ တိုးဝင်လာသည်။ ချက်ချင်းပင် လက်ခေါ ယမ်းပြလိုက်ပြီး…

'အိပ်ပျော်နေတဲ့လူတွေကို နှိုးလိုက်၊ အားလုံး တိုက်ပွဲဝင်ဖို့ အသင့်ရှိနေကြပါစေ'

ဟု အမိန့်ပေးလိုက်သည်။

ကျန်းပေါက်က ရှက်ဖျဉ်တဲအနီးဝယ် စောင့်ကြပ်နေသူများကို ထပ်ဆင့်အမိန့်ပေးလိုက်၏။

အမိန့်သံများ ဆင့်ကဲဆင့်ကဲ ထွက်ပေါ်လာပြီး အိပ်ပျော်နေသူများ နိုးလာကြသည်။

အားလုံးလိုလို တိုက်ပွဲဝင်ရန် အသင့်ဖြစ်သွားကြလေတော့သည်။

'တုံ…တုံ…တုံ'

အဝေးမှ တုံးခေါက်သံများ ထွက်ပေါ်နေဆဲ။

တစ်ခါတရံ ငှက်သံပေးသံများ ထွက်ပေါ်လာသည်ထင်ရ၏။ ပါဖိုး၏စိတ်ထဲ ရှေးရှု ဖြစ်လာသည်။ မကောင်းသည့် အတိတ်နိမိတ်များ ခံစားလာရသည်။

ကျန်းပေါက်ကို လက်ကုတ်ကာ…

'ကျုပ်တို့ ဟိုဘက်သွားကြရအောင်'

ပြောပြီး လှည့်ထွက်သွား၏။

ကျန်းပေါက်နှင့်အတူ သိုင်းသမားငါးယောက်တာ နောက်မှ လိုက်လာကြ၏။ ပါဖုံးသည် ခုတ်ထွင်ရှင်းလင်းထားသည့် မြေ ကွက်လပ်မှ သစ်ပင်ချုံနွယ်များဆီသို့ ဦးတည် သွားနေခြင်း ဖြစ်ပေသည်။

ကျန်းပေါက် အံ့ဩသွားသည်။

'သခင်လေး ဘယ်ကိုသွားမလို့လဲ'

ဟု မေးလိုက်၏။

ပါဖုံးက....

'စကားရှည်စမ်းပါနဲ့၊ လိုက်မှာသာ လိုက်ခဲ့စမ်းပါ'

သူက ခပ်သုတ်သုတ်လျှောက်သွား၏။

ကျန်းပေါက်နှင့် သိုင်းသမားငါးယောက်သည် အံ့ဩနေကြ သော်လည်း ပါဖုံးအား ဦးစွာကွယ်စောင့်ရှောက်ရန် တာဝန် ရှိခြင်းကြောင့် တကောက်ကောက် လိုက်သွားကြရသည်။

ပါဖုံးသည် မြေကွက်လပ်ကိုဖြတ်ကာ သစ်ပင်ချုံနွယ်များ ကြားသို့ တိုးဝင်သွား၏။ အလွန်လျင်မြန်စွာ တိုးဝင်သွားခြင်း ဖြစ်၏။

'သခင်လေး'

ကျန်းပေါက်တို့ အထိတ်တလန့်ခေါ်ရင်း ပြေးလိုက်သွား ကြ၏။ ပါဖုံးသည် သစ်ပင်ချုံနွယ်များကြားဝယ် အကြောင်း အရှုံးရှိ တိုးဝင်သွားပြီး ကုန်းမြင့်မြင့်လေးတစ်ခုပေါ်သို့ ရောက်မှ ခြေလှမ်းရပ်လိုက်၏။

ကျန်းပေါက်တို့ ရောက်လာသောအခါ...



'အခုအချိန်ကစပြီး ကျုပ်အမိန့်မရဘဲ ဘာမှမလုပ်ရဘူး၊ စကားလောဘာမှ မပြောရဘူး'

ဟု ပြတ်သားစွာ ပြောလိုက်၏။

ကျန်းပေါက်တို့ နားမလည်နိုင်အောင် ဖြစ်နေကြလေတော့ သည်။

ထိုစဉ်....

'တုံ တုံ တုံ တုံ'

တုံးခေါက်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည် ကို ကြားရ၏။

ထိုအသံ တစ်ခဏအတွင်းပင် ကွယ်ပျောက်သွားပြီး ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်သွားလေတော့သည်။

ကုန်းမြင့်ကလေးပေါ်မှ ကြည့်လျှင် မီးရောင် ထိန်ထိန်သင်း နေသည့် မြေကွက်လပ်ကို ကောင်းစွာ တွေ့မြင်နေရပါ၏။

မြေကွက်လပ်၌ ကျန်ရစ်ခဲ့သည့် သိုင်းသမားများ လှုပ်လှုပ် ရှားရှား ဖြစ်နေကြသည်ကို တွေ့ရ၏။

ပါဖုံးက အောက်ထားဝင်ကာ ဓားထဲ ထွက်သွားသည်ကို နားမလည်နိုင်ဘဲ ဖြစ်နေကြဟန် ရှိသည်။

အချို့က ပါဖုံးနောက်သို့ လိုက်ရန် ဟန်ပြင်ကြသလို အချို့ က အမိန့်မရဘဲ ဘာမှမလုပ်ရန် တားဆီးထားသဖြင့် လှုပ်လှုပ် ရှားရှား ဖြစ်နေခြင်း ဖြစ်ပုံရသည်။

ကျန်းပေါက်သည် ပါဖုံးကို အနတ္တရောက်သော အကြည့်ဖြင့် လှမ်းကြည့်မိလေသည်။ ထိုစဉ် ပါဖုံးက တစ်နေရာဆီသို့ ညွှန်ပြနေသည်ကို တွေ့ရ၏။

ကျွန်းပေါက် လှမ်းကြည့်မြန်သည်။ ထိုအခါ သစ်ပင်ချုံနွယ်များကြားမှ ရိုင်းနဲ့ရိုင်းနဲ့ လှုပ်ရှားသွားသည့် ညိုမည်းမည်း အရိပ်သဏ္ဍာန်များကို တွေ့မြင်လိုက်ရလေသည်။

ကျွန်းပေါက် မျက်လုံးပြူးသွားသည်။ ထိုမည်းမည်း အရိပ်သဏ္ဍာန်များသည် မြေကွက်လပ်သို့ ဦးတည်အော လျင်မြန်စွာ ချဉ်းကပ်လာနေကြပါသည်။

မြေကွက်လပ်မှ ထွက်ပေါ်နေသော မီးရောင်များကြောင့် ထိုသို့ မသဲမကွဲ တွေ့မြင်ရခြင်းဖြစ်သည်။

အရိပ်မည်းမည်းသဏ္ဍာန်များသည် သစ်ပင်ချုံနွယ်များကြား ဝယ် လှုန့်စွာမှုပင် ကျင်လည်သွားလာ လှုပ်ရှားနိုင်ကြပေသည်။

မြေကွက်လပ်နံဘေး ပတ်လည်ရှိ ချုံပုတ်များ အနီးသို့ ရောက်လျှင် ထိုချုံပုတ်များကို အကာအကွယ်ယူကာ ပုန်းခိုနေ လိုက်ကြ၏။

မြေကွက်လပ်မှ ကြည့်မည်ဆိုလျှင် လှုပ်ရှားမှုများကို တွေ့မြင်ရန် ခက်ခဲပေလိမ့်မည်။

ပါဖိုးသည် ရန်သူများ ရောက်မလာမီ မြေကွက်လပ်ကို စွန့်ခွာ ထွက်လာခြင်းဖြစ်ကြောင်း ကျွန်းပေါက် နားလည်လာ လေတော့သည်။

မြေကွက်လပ် အနီးသို့ ကပ်လာကြသူများမှာ...

မြေကွက်လပ်တွင် ကျန်ရစ်ခဲ့သော သိုင်းသမားများကိုသာ အလစ်တိုက်ခိုက်ရန် ချောင်းမြောင်း နေကြလေသည်။

မြေကွက်လပ်မှ ထွက်ပေါ်နေသည့် မီးရောင် များကြောင့် ထင်ရှားလည်းဆောင်း အမှောင်ထဲတွင် ကျင်သားရသွားသည်က



ကြောင်းမို့ ချောင်းမြောင်းနေသူကို ဝိုးတဝါး တွေ့မြင်ရလေ တော့သည်။

'ကျား'

ကျွန်းပေါက် လွှတ်ခနဲ ရေရွတ်မိ၏။

ချက်ချင်းပင် ပါဖိုးကို လှည့်ကြည့်မိလေသည်။ ပါဖိုး ၏သွား ခြောင်းခြောင်း ထွက်နေသည်ကို တွေ့ရ၏။

ပါဖိုးက နှစ်ကိုယ်ကြား လေသံမျှဖြင့်...

'ဒီအခါ ခင်ဗျား၊ အသံထွက်မယ်ဆိုရင် ကျုပ်ကိုယ်တိုင် ခင်ဗျားကို သတ်ပစ်လိုက်မယ်'

ဟု ခေါက်လိုက်၏။

ကျွန်းပေါက် ခေါင်းငုံ့ ထားလိုက်ရလေတော့သည်။

အမှန်ဆိုလျှင် ကျွန်းပေါက် မြင်တွေ့လိုက်ရသည့် မြင်ကွင်းမှာ ထူဆန်းနေသည့်မို့ အသံထွက်သွားခြင်း ဖြစ်ပေသည်။

မြေကွက်လပ်မှ ထွက်ပေါ်နေသည့် မီးရောင်ကြောင့် တိတိ ပပ ချဉ်းကပ်လာကြသူများမှာ အဝါနှင့် အနက် အစင်း ကျားများရှိသည့် ကျားကြီးများ ဖြစ်နေပေတော့သည်၊

'ကျားတွေ များလှချည်လား'

ပါဖိုးကိုယ်တိုင်လည်း စိတ်ထဲမှ ရေရွတ်မိပါသည်။

ကျားအရောင် ငါးဆယ်ခန့်သည့် သစ်ပင် ချုံနွယ်များကို အကာအကွယ်ယူကာ မြေကွက်လပ်ကို ဝိုင်းရံထားပါသည်။

မြေကွက်လပ်တွင် ကျန်ရစ်ခဲ့သူများ မလွဲမသွေ ဒုက္ခရောက် တော့မည်ဟု အားလုံး နားလည်ထားကြ၏။

သိုင်းသမား ငါးယောက်သည် ဟူးယို့အား လှမ်းကြည့်လိုက်ကြ၏။ ပါဖိုးက အမိန့်ပေးလျှင် မြေကွက်လပ်၌ ကျန်ရစ်ခဲ့သူများကို ထေတ်ပေး၍ ကျားများကို နင်ဘက်ညှပ်ကာ တိုက်ခိုက်ရည်။ သို့ပေမဲ့ မောင်းထုတ် နိုင်ကြပေမည်။

သို့သော် ပါဖိုးက ဘာမှမပြောဘဲ ငြိမ်နေခြင်းကြောင့် အားမလိ အားမရ ဖြစ်လာကြလေတော့သည်။

ထိုစဉ်မှာပင်....

'ဝေါင်း....ဝေါင်း'

ကျယ်လောင်သော မောင်းဖီသံများ ထွက်ပေါ်လာသည်။

ကျားများသည် ငြိမ်သက်နေရင်း မြေကွက်လပ်ဆီသို့ တစ်ဟုန်ထိုး ပြေးဝင်သွားကြသည်။

'ကျား....ကျား'

မြေကွက်လပ်တွင် ကျန်ရစ်ခဲ့သူများ၏ အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အခြေအနေမှာ ရှုပ်ရှုပ်ထွေးထွေး ဖြစ်သွား၏။

'ဝေါင်း....ဝေါင်း'

'ဂူး'

'အား'

မြေကွက်လပ်တွင် ကျားနှင့်လူ တိုက်ပွဲ ပြင်းထန်စွာ ဖြစ်ပေါ်လာလေသည်။

'ကျားတောင်ဆောင်ထားတဲ့ လူတွေပါလား'

ကျန်းပေါက် မနေနိုင် မထိုင်နိုင် ရေရွတ်မိပြန်သည်။ ပြီးမှ ပါဖိုးကို အသာနှုတ်ကြား ကြည့်မိ၏။



အသံထွက်လျှင် 'ဆိုးမမည်ဟု ပါဖိုးက ကြိမ်းမောင်းထားသည် မဟုတ်လား။ ယခုတစ်ကြိမ် ပါဖိုးသည် လူအစောင်းကိုပင် အရေးမစိုက်နိုင်ဘဲ တိုက်ပွဲကို စိတ်ဝင်စားစွာ ကြည့်နေပါသည်။

တောင်ရှိတန်ရုံ စကားပြောသံကိုလည်း မည်သူမျှ ဂရုစိုက်နိုင်ကြတော့မည်မဟုတ်ပါချေ။ အကြောင်းအားမြေကွက်လပ်မှ တိုက်ပွဲ၏ ဆူညံညံ အသံများသည် ဝန်းကျင်တွင် ပျံနှံထွက်နေခြင်းကြောင့် ဖြစ်ပေသည်။

ကျားယောင်ဆောင်ထားသူများနှင့် ပါဖိုး၏ သိုင်းသမားများ ပြင်းထန်စွာ တိုက်ခိုက်နေကြလေသည်။

× × ×

ဆူဆူညံညံ အသံများ တဖြည်းဖြည်း ကွယ်ပျောက်သွားသည်။

တိုက်ပွဲအား ပြီးဆုံးသွားပြီဖြစ်သည်။

တိုက်ပွဲ၏အဖြေသည်ကား အနိုင်ရသွားသော ပါဖိုး၏ လူများ ရှုံးနိမ့်သွားခြင်း ဖြစ်လေသည်။

ပါဖိုး၏ သိုင်းသမားများသည် သိုင်းပညာတော်ပြီး တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်ကြသူများ ဖြစ်ပါသော်လည်း ခေါင်းကြီးမြက်ခြည်းထဲဝယ် လူသာ၊ ကျားလော ရှာဖိတရက် ခွဲခြားနိုင်သည့် ရန်သူနှင့် ရင်ဆိုင်လိုက်ရခြင်းကြောင့် စိုးရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်လာကာ အရှုံးနှင့် ရင်ဆိုင်လိုက်ကြရခြင်း ဖြစ်ပေသည်။

သိုင်းသမားများ၏ သုံးပုံနှစ်ပုံခန့် မြေပေါ်လဲကျသေဆုံးသွား၏။ ကျန်တစ်ပုံမှာ ဒဏ်ရာပြင်းစွာ ရသူချပြီး အချို့မှာ ကျားယောင်ဆောင်ထားသူများ၏ ဖမ်းဆီးခြင်း ခံလိုက်ရလေသည်။

ကျားယောင်ဆောင်ထားသူများသည် သိုင်းသမားများကို ဖမ်းဆီးပြီး မြေကွက်လပ်၌ ရှိသမျှပစ္စည်း အားလုံးလိုလို သိမ်းကြုံ ယူဆောင်ကာ ထွက်သွားကြလေတော့သည်။

ပါဖိုး သက်ပြင်းချလိုက်သည်။ ကျန်းပေါက်နှင့် သိုင်းသမားငါးယောက်ထက်သို့ လှည့်ကာ...

'ကျုပ်တို့ မြေကွက်လပ်မှာ ရှိနေမယ်ဆိုရင် အခြေအနေ ဘယ်လိုရှိ-လဲ'

ဟု မေးလိုက်လေသည်။

ကျန်းပေါက်နှင့် သိုင်းသမားငါးယောက် ဘာမှမပြောဘဲ ငြိမ်နေလိုက်ကြ၏။ တိုက်ပွဲတွင် ပါဝင်တိုက်ခိုက်ခြင်း မပြုဘဲ ရှောင်တိမ်းနေခြင်းသာ သူတို့နည်းရာ ကျပေသည်။

သို့သော် ပါဝင်တိုက်ခိုက်ခဲ့လျှင် ယခုသို့ အသက်ရှင်လျက် ရပ်တည်နေနိုင်မည် မဟုတ်ဟု နားလည်သွားကြပေတော့သည်။



ပါဖိုးက...

'နတ်မျက်စိက ကျုပ်တို့ကို ချောက်ချလိုက်တာပဲ၊ ဒီကိစ္စတွေ ပြီးပြတ်သွားရင် သူ့ကို ကျုပ်ကိုယ်တိုင် စီရင်မယ်၊ အခုတော့ ကျားလူတွေနောက်ကို လိုက်သွားကြစို့'

ဟု ပြောလိုက်သည်။

ပြီးလျှင် ရှေ့ဆုံးမှ လှမ်းထွက်သွား၏။

ကျန်းပေါက်က...

'သခင်လေး'

ဟု ခေါ်လိုက်၏။

သူ၏အသံကြောင့် ပါဖိုး ခြေလှမ်းရပ်ကာ လှည့်ကြည့်လာပြီး...

'ခင်ဗျား ဘာပြောချင်လို့လဲ'

ကျန်းပေါက်က...

'ကျားလူတွေနောက်ကို လိုက်သွားရမှာ အန္တရာယ်များလှပါတယ် သခင်လေး'

ဟု သတိပေးလိုက်လေသည်။

ပါဖိုး ပြုံးလိုက်သည်။

'သူတို့ အသုံးပြုသွားတဲ့ နည်းဗျူဟာကို ကျုပ်တို့ မြန်မြန် အသုံးချရမယ်လေ၊ သူတို့နောက်ကို လိုက်မသွားရင် သလင်းမျက်စိကို ဘယ်လိုလုပ်ရနိုင်မှာလဲ'

ကျန်းပေါက်က...

'သခင်လေး သလင်းမျက်စိဟာ'

'လောကကြီးပေါ်မှာ အဖိုးမဖြတ်နိုင်တဲ့ ရတနာပေါ့ဗျာ'

'နတ်....နတ်မျက်စိအာ'

'ဘာမှစိတ်မပူနဲ့၊ ကျုပ်တို့ဒုက္ခတွေနိုင်တယ်ဆိုတာ လူသိတယ်၊ လိမ်ပြောမှာမဟုတ်ဘူး၊ ကဲ... အချိန်ရှိတုန်း သွားကြရအောင်'

ကျန်းပေါက် ဆက်မြန်းချလိုက်သည်။

ပါဖုံးအား တားဆီး၍ ရခဲ့ည်မဟုတ်ကြောင်း နားလည်သဘောပေါက်ထား၏။ ထို့ကြောင့် ဘာမှမပြောတော့ဘဲ ပါဖုံးတို့နောက်သို့ လိုက်သွား၏။

ကျန်သိုင်းသမား ငါးယောက်ကလည်း လိုက်ပါသွားကြသည်။ သူတို့သည် ကျားလူများ ထွက်သွားရာဘက်သို့ ဦးတည်လိုက်သွားကြရာ အတန်ကြာလျှင်....

'အောက်...အီး...အက်'

အဝေးမှ ကြက်တွန်သံများ ထွက်ပေါ်လာသည်။

အရှေ့ဘက်ဆီဝယ် ရောင်နီများပျို့အန်လာသည်။ သစ်ပင်ချုံနွယ်များ တဖြည်းဖြည်းကျဲပါးလာပြီး နောက်ဆုံး ကျောက်တောင်ကြီး တစ်ခုရှေ့သို့ ရောက်ရှိသွားကြလေတော့သည်။

* * *



တောအုပ်အတွင်းဝယ် ကျောက်တောင်ကြီးတစ်လုံး ထီးထီးမားမား တည်ရှိနေလေသည်။

ထိုကျောက်တောင်ကြီးအောက်ခြေတွင် လွန်စွာမှ ကြီးမားသော ကျောက်ဂူကြီးတစ်လုံး ရှိနေသည်ကို တွေ့ရ၏။

ထိုကျောက်တောင်ကြီး အနီးသို့ ရောက်လျှင် ကျားလူများ ပျောက်ချင်းလျှပ် ပျောက်ကွယ်သွားကြလေသည်။

ကျန်းပေါက်က တိုးတိုးသည်သည် အကဲခတ်ကြည့်လိုက်ပြီး-

'ကျားလူတွေဟာ ကျောက်ဂူကြီးထဲ ဝင်သွားတာပဲ ဖြစ်ရမယ်'

ဟု မှတ်ချက်ချလိုက်၏။

သူ၏စကားကို သဘောတူသည့်အနေဖြင့် ပါဖုံးက ခေါင်းညိတ်လိုက်သည်။ နေခြည် ထွက်ပေါ်လာပြီဖြစ်ရာ ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်း ဖြစ်နေပေ၏။

ကျောက်ဂူကြီး အနီးတစ်ဝိုက်ဝယ် တိတ်ဆိတ်ငြိမ်သက်နေသည်။ ပါဖုံးတို့သည် သစ်ပင်ချုံနွယ်များကို အကာအကွယ်ယူကာ ကျောက်ဂူကြီးဆီသို့ အကဲခတ်ကြည့်နေကြ၏။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။ ထူးခြားသည့် လှုပ်ရှားမှု တစ်စုံတစ်ရာ မတွေ့ရချေ။

ပါဖုံးတို့က...

'ကျုပ်တို့ ကျောက်ဂူထဲ ဝင်သွားကြမယ်'

ဟု ပြောလိုက်လေသည်။

ကျန်းပေါက် မျက်လုံးပြူးသွား၏။

ချက်ချင်းပင်ဝင်၍ ဆန့်ကွက်လေသည်။

'ဟာ ဝင်လို့ဖြစ်ဘူးထင်တယ် သခင်လေး၊ ကျားလူတွေ ဒီအနားတင် ပျောက်သွားကြတာ၊ သူတို့ ကျောက်ဂူထဲမှာပဲ ရှိနေကြလိမ့်မယ်၊ ဝင်သွားရင် ဒုက္ခရောက်မှာပေါ့'

ပါဖုံးတို့ ပြုံးလိုက်သည်။

'ကျုပ်ဝင်သွားတဲ့အခါ ခင်ဗျားပါလိုက်ရမယ်'

ဟု ထပ်ပြောလိုက်လေသည်။

ကျန်းပေါက် ပို၍ မျက်နှာပျက်သွားသည်။

ခည်သုံ့ဆိုစေ ပါဖုံးတို့က ပြောသည့်အတိုင်း လုပ်မည်ဟု ဆုံးဖြတ်ထားကြောင်း ထင်ခြင်မိသောအခါ စိတ်လျော့လိုက်ရလေတော့သည်။

ကျန်းပေါက် ငြိမ်ကျသွားမှ ဟူးယို့က....

'သူတို့က ကျုပ်လူတွေကို အသစ်တိုက်ခိုက်သွားတယ်မဟုတ်လား၊ ကျုပ်တို့ကလဲ သူတို့ကို အငိုက်ဖမ်းရမှာပေါ့၊ အခုဖြစ်နေအရ တိုက်ခိုက်လို့တော့ မဖြစ်နိုင်သေးဘူး'

မှန်ပေသည်။ ရန်သူစခန်း၏ အခြေအနေကို မသိရသေးဘဲ ဝင်ရောက်တိုက်ခိုက်မည်ဆိုလျှင် အောင်မြင်ဖို့ထက် ရှုံးနိမ့်ဖို့က ပိုများပေသည်။

ပါဖုံးက ဆက်ပြောသည်။

'ကျုပ်က ဂူပေါက်ထဲဝင်ပြီး အခြေအနေစုံစမ်းကြည့်မယ်၊ ကျန်းပေါက် ခင်ဗျားက ကျုပ်နဲ့လိုက်ခဲ့ပါ၊ ကျန်တဲ့ လူတွေ အပြင်ဘက်မှာဘဲ စောင့်နေကြပေ၊ ဘာမှ လှုပ်လှုပ်ရှားရှား မလုပ်မိကြဖို့ သတိကြပ်ကြပ်ထားရလိမ့်မယ်'



သိုင်းသမားငါးယောက်က ဦးညွတ်ဂါရဝ ပြုလိုက်ကြလေသည်။

'သခင်လေးရဲ့အမိန့်ကို တစ်သဝေမတိမ်း လိုက်နာပါ့မယ်'

'ကောင်းပြီ၊ ကျန်းပေါက် ကျုပ်တို့သွားကြစို့'

စကားဆုံးလျှင် ပါဖုံးသည် ပုန်း ကွယ် ရာ မှ ထွက် ကာ ကျောက်ဂူပေါက်ကြီးဆီသို့ လျင်မြန်စွာ ချဉ်းကပ်သွားလေတော့သည်။

ကျန်းပေါက်လည်း မနေသာတော့ဘဲ နောက်မှလိုက်သွားရလေတော့သည်။

လေပြည်လေညင်း ဝေ့ယမ်းတိုက်ခတ်လာသည်။

မွှေးကြိုင်သင်းပျံ့သော တောပန်းရနံ့များ လွင့်ပျံ့လာလေသည်။ ကျောက်တောင်ကြီးသည် တောအုပ်ထဲဝယ်ထည်ထည်ဝါဝါ တည်ရှိနေ၏။

ပါဖုံးနှင့် ကျန်းပေါက်တို့သည် ကျောက်တုံး ကျောက်ခဲများကို အကာအကွယ်ယူကာ ကျောက်ဂူပေါက်ကြီး အနီးသို့ ချဉ်းကပ်လာခဲ့ကြလေသည်။

ကျောက်ဂူပေါက် အနီး ဘစ်ဝိုက်ဝယ် လူရိပ်လူယောင်မတွေ့ရဘဲ တိတ်ဆိတ်နေ၏။ ကျောက်ဂူအတွင်းပိုင်း၌ မှောင်မည်းနေသဖြင့် မည်မျှရှည်လျား ကျယ်ဝန်းသည်ကို မသိနိုင်ချေ။

ပါဖိုးနှင့် ကျွန်းပေါက်တို့သည် ကျောက်ဂူပေါက်ကြီးနှင့် ပေနှစ်ဆယ်ခန့် အထိ ချဉ်းကပ်သွားကြပြီး ကျောက်တုံးကြီး တစ်တုံး နောက်ကွယ်၌ ပုန်းအောင်းကာ အခြေအနေ အကဲခတ်ကြည့်လိုက်ကြလေသည်။

ကျွန်းပေါက်က...

'သတို့သား ကျောက်ဂူထဲ ဝင်သွားကြတယ်ဆိုရင် အစောင့်အကြပ်တွေ ချထားဖို့ ကောင်းတယ်'

ဟု ပြောလိုက်လေသည်။

ပါဖိုးက...

'သေချာတာပေါ့'

'ကျုပ်တို့အယ်လို ဝင်ကြမလဲ'

'သိပ်မလောပါနဲ့ဗျာ၊ မကြာခင် ဘယ်လိုဝင်ရမယ်ဆိုတာ သိရမှာပေါ့'

ကျွန်းပေါက် ဝါးစပ်ပိတ်ထားလိုက်လေတော့သည်။

စဉ်းကျင်အစ်ခလုံးကား တိတ်ဆိတ်ငြိမ်သက်နေဆဲ...

ကျောက်ဂူထဲမှ လူရိပ်လူယောင် လုံးဝမတွေ့ရချေ။ ကျွန်းပေါက်က ဟူးယို့အား ကြည့်လိုက်လေသည်။

ပါဖိုး ပြုံးလိုက်သည်။

'အချိန်ကျပြီ'



ပြောပြောဆိုဆို ကျောက်ခဲအသေးလေးတစ်လုံး ကောက်ယူကာ ကျောက်ဂူပေါက်ဆီသို့ ပစ်ပေါက်လိုက်လေသည်၊

'ချောက်'

ကျောက်ခဲလေးသည် ကျောက်ဂူပေါက်ထဲသို့ တန်းတန်း မတ်မတ် ဝင်သွား၏။

မရှေးမနှောင်းမှာပင်...

'ဘယ်သူလဲ'

အသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ပါဖိုးက...

'သတိထား'

ကျွန်းပေါက်ကို သတိပေးပြီး ကျောက်တုံးကျောက်ခဲများကြားဝယ် လုံခြုံအောင်ပုန်းနေလိုက်လေသည်။

ကျွန်းပေါက်လည်း ဝပ်ကလေးပုန်းနေလိုက်၏။ ကျောက်တုံးများကြားမှ ကျောက်ဂူဆီသို့ ချောင်းကြည့်နေလိုက်ကြ၏။

ထိုအချိန်တွင် ကျောက်ဂူအတွင်းမှ ကျားတစ်ကောင် ထွက်ပေါ်လာသည်ကို တွေ့မြင်ရလေသည်။

လေးဘက်တွားကာ ထွက်လာသည့် ကျားကောင် မဟုတ်ပါ။ ကျားရေခြုံထားသည့် လူတစ်ယောက် ဖြစ်ပေသည်။

ထိုလူ ခြုံထားသည့် ကျားရေခွံမှာ အမြီးကော ခေါင်းကော ပါသည်။ ကျားတစ်ကောင်လုံးကို ပုံမပျက်စေအောင် အရေဆုတ်ထားခြင်း ဖြစ်ပေသည်။

အမှတ်တမဲ့ ကြည့်မည်ဆိုပါက တစ်ကောင်ကျားတစ်ကောင် ထွက်လာသည်ဟု ထင်မှတ်ရမည်သာ ဖြစ်လေသည်။

ကျောက်ဂူထဲမှ ထွက်လာသည့် ကျားလူသည် ဟိုဟိုသည်သည် အကဲခတ်ကြည့်လိုက်ပါ၏။ ပါဖိုးတို့ ပုန်းနေခြင်းကြောင့် မတွေ့နိုင်ပါ။

ထိုလူသည် ကျောက်ဂူထဲ ပြန်လှည့်ဝင်သွားရန် ဟန်ပြင်လေသည်။

ပါဖိုးက...

'ကျားတစ်ကောင် ဖမ်းရမယ်'

တီးတိုးပြောကာ ကျောက်တုံးတစ်တုံး ကောက်ယူကာ ကျောက်ဂူဘက်သို့ ပစ်ပေါက်လိုက်လေသည်။

'တောက်...တောက်...တောက်'

ကျောက်ခဲသည် မြေပေါ်လိမ့်သွားသည်။

'ဘယ်သူလဲ'

ကျားလူ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ကျောက်တုံးလေး ကျသွားရာဘက်သို့ လှမ်းသွား၏။ ထိုအခါတွင် ပါဖိုးက ပုန်းကွယ်ရာမှ ခုန်ထွက်လိုက်၏။

ပေါ့ပါးသော ကိုယ်ဖော့ပညာ အသုံးပြုကာ ကျားလူထံ လျင်မြန်စွာ ချဉ်းကပ်သွားလေသည်။

ပါဖိုး၏ လှုပ်ရှားမှု လျင်မြန်လွန်းလှရကား ကျားလူ ပင် ပါးစပ်အဟောင်းသား ဖြစ်သွားရ၏။



ကျားလူသည် ကျောက်ခဲလေး ကျသွားရာဘက်သို့ ရောက်လျှင် ဟိုဟိုသည်သည် ကြည့်လိုက်ပြန်သည်။

ထူးထူးခြားခြား ဘာမျှရှာမတွေ့သဖြင့် နောက်ပြန်လှည့်ရန် ဟန်ပြင်၏။ ထိုစဉ် ပါဖိုးသည် သူ၏အနီးသို့ ရောက်ရှိသွားပြီ ဖြစ်လေသည်။

ထိုလူသည် ပါဖိုးအား ရိပ်ခနဲ တွေ့မြင်လိုက်ခြင်းကြောင့်...

'မင်း'

သို့သော် စကားဆုံးအောင် မပြောလိုက်ရပါချေ။

ပါဖိုး၏ လက်ဝါးစောင်းသည် ထိုလူ၏လည်ကုပ်ပေါ် ခပ်ဆတ်ဆတ်လေး ကျရောက်သွား၏။

'ဖျောက်'

'အင့်'

အမှိုက်ကျိုးသံများ ထွက်ပေါ်လာသည်။

ကျားလူမှာ မြေပေါ် ခွေခနဲ လဲကျသွားလေသည်။

ပါဖိုးက ကျားလူကို ပွေ့ချီလိုက်ပြီး ကျောက်တုံး ကျောက်ခဲများကြားသို့ ဆွဲသွင်းသွား၏။

ကြာပါချေ။ ပါဖိုး ပြန်ထွက်လာသည်။ သူ၏ကိုယ်ပေါ်တွင် ကျားရေခြုံထားရာ အမှတ်တမဲ့ ကြည့်လျှင် ကျားလူ တစ်ယောက်နှင့် တူနေပေတော့သည်။

ပါဖိုးက ကျွန်းပေါက်ကို လှည့်ကြည့်လိုက်ပြီး...

'အသင့်ပြင်ထားပေတော့'

ဟု ပြောလာသည်။

ကျွန်းပေါက်ရင်ထိတ်နေသည်။

ပါဖိုး၏ စွန့်စားမှုသည် အန္တရာယ်များလှသည် မဟုတ်လား။

ထိုစဉ်....

ပါဖိုးက....

'လာကြဦးလေဟာ'

ဟု အော်ပြောလိုက်၏။

ကျွန်းပေါက် ပို၍ထိတ်လန့်သွားတော့သည်။

ပါဖိုး၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည် ဖြစ်ရကား....

'ဘာဖြစ်တာလဲဟေ့'

ကျောက်ဂူကြီးအတွင်းမှ သန်မာ ထွားကျိုင်း လှသည့် ကျားလူတစ်ယောက် ထွက်လာသည်ကို တွေ့ရလေသည်။

ကျောက်ဂူကြီးသည် ကျားလူတို့၏ စခန်းဖြစ်သည်မှာ ထင်ရှားလှပေတော့သည်။ ကျားလူထွက်လာသည်နှင့် ပါဖိုးက....

'ဟိုမှာ'

တစ်နေရာဆီသို့ ညွှန်ပြကာ ပြောလိုက်သည်။

ကျားလူက....

'ဘာဖြစ်တာလဲကွ၊ ဘာများတွေ့လို့လဲ'

မေးရင်း ပါဖိုး ညွှန်ပြရာဆီသို့ လှမ်းကြည့်လိုက်လေသည်။

ပါဖိုး၏ တောင်ချောက်ထဲ ဝင်သွားခြင်း ဖြစ်ပေတော့သည်။ ပါဖိုး၏ လက်တစ်ဘက် အပေါ် မြောက်တက်သွားပြီး မရှေးမနှောင်းမှာပင်....



'မဟုတ်ပါဘူး'

'[illegible]'

ကျားလူမှာ မသဲကွဲ ညည်းညူကာ မြေပေါ်ခွေခွေနဲ့ လဲကျသွားတော့၏။

ပါဖိုးက....

'ကျွန်းပေါက် ခင်ဗျား ဘာလုပ်နေတာလဲ'

ဟု ပြောလိုက်သည်။

ကျွန်းပေါက် မနေသာတော့ပါချေ။

ပုန်းကွယ်ရာမှထွက်လာ ခပ်သွက်သွက်လေး ပြေးသွား၏။

ပါဖိုးက....

'ကျားရေကို မြန်မြန်ချွတ်ယူပြီး ဝတ်ထားလိုက်၊ သူ့ကိုလဲ ကျောက်တုံးကျောက်ခဲတွေကြားမှာ ဝှက်ထားလိုက်'

ဟုပြော၏။

ကျွန်းပေါက်သည် ပါဖိုးပြောသည့် အတိုင်း တစ်သဝေမတိမ်း ပြုလုပ်လိုက်၏။ ကျောက်ဂူထဲမှ ထွက်လာသည့်ကျားလူ နှစ်ယောက်ကား ကျောက်တုံး ကျောက်ခဲများ ကြားဝယ် ပျောက်သွား၏။

ကျားရေခြုံထားသည့် ကျားလူ အသစ်နှစ်ယောက် ထွက်ပေါ်လာလေသည်။

ပါဖိုး[illegible]....

'သွားကြစို့'

ပြောပြီး ကျောက်ဂူကြီးဆီသို့ ခပ်သွက်သွက် လှမ်းသွား၏။ ကျန်းပေါက် စို ရိမ်ပူပန်နေသည်။

သို့သော်လည်း ပါဖိုး၏ အမိန့်ကို မလွန်ဆန်ဝံ့ဘဲ နောက်မှ လိုက်သွားရလေတော့သည်။

ကျောက်ဂူကြီး....

ကျောက်ဂူကြီးမှာ အင်ကြီးတစ်ကောင် ချောင်းချောင်း ချိုး ဝင်သွားနိုင်လောက်အောင်ပင် ကျယ်ဝန်းလှပေသည်။

ကျောက်ဂူထဲဝယ် မှောင်မည်းနေသည်။ ပါဖိုးနှင့် ကျန်းပေါက်တို့သည် သတိကြီးစွာ ထားတာ အတွင်းဘက်သို့ ဝင်သည်။ လမ်းမှာ ရှည်လျားပြီးကွေ့ကွေ့ကောက်ကောက် ရှိနေသည်။

အတန်ကြာ လျှောက်သွားမိသောအခါ အတွင်းဘက်၌ မီးရောင်များ ထွက်ပေါ်နေသည်ကို တွေ့ရလေသည်။

ပါဖိုးနှင့် ကျန်းပေါက်တို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြ၏။ ထို့နောက် အတွင်းဘက်သို့ ဆက်ပြီး ဝင်သွားကြ၏။



အတွင်းဘက်ဝယ် လွန်စွာမှပင် ကျယ်ဝန်းသော လိုဏ်ခေါင်းကြီး ဖြစ်နေသည်ကို တွေ့ရပါ၏။

လိုဏ်ဂူပေါက်များ ဟိုတစ်စု သည်တစ်စု ရှိနေပြီး ကျားရေ ခြုံထားသည့် ကျားလူများ သွားလာ လှုပ်ရှား နေကြသည်ကို တွေ့ရ၏။

'သာအယ့် မြေအောက် အမှုကြီး တစ်ခုနဲ့ပဲ'

ပါဖိုး စိတ်ထဲမှ ရေရွတ်လိုက်သည်။

ကျားလူများသည် ကျားရေခြုံ ထားသည့် တူယို့တို့အား လုံးဝ ဂရုစိုက်ကြခြင်း ပါဖိုး မြင်လိုက်သည်။

သူ၏ အကြံအစည် အောင်မြင်သွားပြီ မဟုတ်ပါလား....

ဟိုဟိုသည်သည် ကြည့်အော လျှောက်ပါကြရာ တခန်းနှာ အခန်းတခု ကျားလူ သုံးယောက်သည် လူတစ်ယောက်အား ကျွန်ကိုင် ဆွဲကာ ခေါ်လာကြသည်ကို တွေ့ရလေသည်။

ကျုပ်တို့ လူတစ်ယောက်ပဲ'

ကျန်းပေါက်က တိုးတိုးပြောလေသည်။

မှန်လေသည်။ ကျားလူများ ခေါ်လာသည်မှာ သူ၏ သိုင်းသမားတစ်ယောက် ဖြစ်နေကြောင်း ပါဖိုးသတိ ပြုမိသွား၏။

'ကိုယ်နဲ့မဆိုင်သလို မသိချင်ဟန်ဆောင်နေ'

လှုပ်လှုပ်ရှားရှား ဖြစ်သွားသည့် ကျန်းပေါက်ကို သတိပေးလိုက်၏။ ကျန်းပေါက် မလှုပ်မယှက် ဖြစ်သွား၏။

ဒုက္ခရောက်နေသည့် မိမိလူကို ပစ်ထားဘဲ အသိတင်သင့် သည်ဟု ယူဆသော ၏။ သို့သော် တခြား မပြောဘဲ နေလိုက်ရလေသည်။

ထိုအချိန်တွင်....

'မိန္ဓာ့ကောင်တွေ ငါ့ကို လွှတ်စမ်း'

အဖမ်းခံနေရသော သိုင်းသမားသည် ကြောက်လန့်တကြား အော်ဟစ်ရင်း ကျားလူများ၏ လက်ထဲမှ ရုန်းကန်နေ၏။

ကျားလူ သုံးယောက်သည် ရုန်းနိုင်အောင် ဝိုင်းဝန်း ချုပ်ကိုင်ကြပါသော်လည်း မနိုင်မနင်း ဖြစ်နေကြ၏။

ပါဖိုးက....

'ကျန်းပေါက် အနေအထား ကြည့်ပြီး၊ ကျုပ်နောက် လိုက်ခဲ့'

ပြောပြီး ထိုလူများထံသို့ ခင်သွက်သွက် လှမ်းသွား၏။

ကျားလူတစ်ယောက်က....

'ဟော့ ဒီမှာလာကူပါဦးကွ'

ဟု လှမ်းပြီး အကူအညီ တောင်းလိုက်လေသည်။

ပါဖိုးက—

'စိတ်ချ... စိတ်ချ'

ပြောပြောဆိုဆို အနီးသို့ ချဉ်းကပ်သွားကာ ရုန်းကန်နေသည့် သိုင်းသမား၏ ဇက်ပိုးကို လက်ဝါးဖြင့် ခပ်ပြောင်းခနဲ မြည်အောင် ရိုက်ချလိုက်လေသည်။

'ဖျောင်း'

'အား'

သိုင်းသမား ခွေခနဲ လဲကျသွားသည်။

ပါဖိုးက သိုင်းသမားအား ပခုံးပေါ် ထောက်ထမ်းလိုက်ပြီး

'ကဲ ခင်ဗျားတို့ ရှေ့ကသွား'

ဟု ကျားလူများကို ပြောလိုက်သည်။



ကျားလူသုံးယောက်သည် ဟူးယို၏ သွက်သွက် လက်ယက်နိုးကို သဘောကျသွားကြလေသည်။

'ဒီကောင်တွေကို ဒီလို ဆုံးမတာဘဲ ကောင်းတယ်၊ ဟူနယ်မြေကို ကျူးကျော်ဝင်လာရင် လက်ခြောက်ဖက် ယက္ခမယ်ရဲ့ အပြစ်ပေးခံရမယ်ဆိုတာ သိသွားစေရမယ်'

ကျားလူ တစ်ယောက်က ပြောလေသည်။

နောက်တစ်ယောက်က....

'ကျန်တဲ့ကောင်တွေတော့ ယက္ခမယ်ရှေ့မှာ အပြစ်ကို ပေးဆပ်သွားကြပြီ ဒီတစ်ယောက်ပဲ ကျန်တော့တာ၊ ကဲ သွားကြစို့'

ပြောပြောဆိုဆို ရှေ့မှ လမ်းပြ ခေါ်ဆောင်သွားလေသည်။

ပါဖိုးသည် သိုင်းသမားကို ပခုံးပေါ် ထမ်းကာ လိုက်သွား၏။

ကျန်းပေါက်လည်း စိတ်မသက်မသာဖြင့် နောက်မှ လိုက်သွားရလေသည်။ ကျောက်ဂူထဲဝယ် ကွေ့ကွေ့ ကောက်ကောက် လျှောက်သွားကြရ၏။

ဂူပေါက်သုံးလေးခုကိုလည်း ဖြတ်ကျော်ခဲ့ကြသည်။ ပါဖိုးနှင့် ကျန်းပေါက်တို့သည် လမ်းမမှားစေရန် သတိကြီးစွာဖြင့် မှတ်သားသွားခဲ့ကြ၏။

အတန်ကြာသွားပြီးနောက် ကျယ်ဝန်းသော ကျောက်ခန်းကြီး တစ်ခုအတွင်းသို့ ရောက်ရှိသွားကြလေသည်။

ကျောက်ခန်းအတွင်းသို့ ဝင်မိသည်နှင့်...

'ဟင်'

'ဟာ'

ကျန်းပေါက်နှင့် ပါဖိုးတို့ လွှတ်ခနဲ ရေရွတ်မိလိုက်ကြ၏။

သူဘို့၏ဘာသာထဲသက်တာတွင် ကြောက်မက်ဖွယ်အကောင်း ဆုံးနှင့် လူ့ဆောင်ဆုံး မြင်ကွင်းတစ်ခုကို မြင်တွေ့ကြုံကြရခြင်း ကြောင့် ဖြစ်ပေတော့သည်။

ကျောက်ခဲကြီးအား ကျော်ဝင်းလှသည်။

ဘာမှတွေးဝယ် နွားကန်နှင့်ခြားအတောင် မီးရောင်များ ထိန်ထိန်ညွှန်းအားနေသည်။

ကျောက်ခဲအလယ်တွင် ဝှပသုံးဆယ်ခန့် အမြင့်ရှိပြီး ရှပ်လေခန့် လုံးပတ်ရှိသော ကျောက်ရုပ်တုကြီးတစ်ခု ရှိနေ၏။

ထိုကျောက်ရုပ်တုကြီးသည်ကား ဟူးဒေသမှ အယူသီး လူကိုအထွတ်အမြတ်ထားကာ ပူဇော်ပသကြသော လက်ခြောက်ဖက်- ယက္ခမယ် ရုပ်တုကြီး ဖြစ်ပေတော့သည်။

ကျောက်ရုပ်တုကြီး မှာ အမျိုးသမီးတစ်ယောက်၏ ရုပ်ပုံကို ထုထားခြင်း ဖြစ်သည်။

လက်ခြောက်ချောင်းလှသဖြင့် ကာကယ်ကို အသက်ဝင်လှုပ်ရှား လာတော့မည်ထင်ရ၏။ အမျိုးသမီးရုပ်တုကြီးဝယ် လက်ခြောက် ဘက်တိတိ ရှိနေသည်။



ပထမလက်တွင် ဓားတစ်လက်ကိုင်ထားပြီး ဒုတိယလက် တွင် လူ၏ဦးခေါင်းခွံ တစ်ခုကို ကိုင်ထားသည်။

တတိယလက်တွင် မုတ်ကိုတစ်လုံး ကိုင်ထားပြီး စတုတ္ထလက် တွင် မီးတုတ်တစ်ချောင်း ကိုင်ထားသည်။

ကျန်လက်နှစ်ဖက်အား ဘာမျှမရှိချေ။ သူ့ခဲအား အခါး အမြတ်ထားသူများအတွက် ကောင်းချီးပေးရန် အလို့ငှာ အပေါ်သို့ မြှောက်ထားလေသည်။

လက်ခြောက်ဖက် ယက္ခမယ်၏ ရုပ်ပုံမှာ သွင်စွာချောမော လှပတင့်တယ်တန်ရှိ၏။

ထိုအသင် သူမ၏ နှုတ်ခမ်း မျက်လုံးများသည် မြူးယောင် သမ်းနေပုံမှာ ကြောက်မက်ဖွယ် ကောင်းလှသည်။

ရုပ်တုကြီး၏သည်ပင်း၌ လူ့ဦးခွံများကို ပုတီးသဖွယ် ဆွဲသီ ထား၏။ ရက်စက်ကြမ်းကြုတ်မှုနှင့် ကြောက်ရွံ့ထိတ်လန့်မှုတို့ ပေါင်းစပ်ထားသည့် ပြယုဂ်ကြီး တစ်ခု ဖြစ်ပေတော့သည်။

ဟူးဒေသ၌ လူ့သေကောင်နှင့် အသက်ပြတ်ကာ သီးခြား နေထိုင်သူဦးရေမှာ အနည်းငယ်မျှသာ ရှိပေသည်။

ထိုလူများသည် လူ့ယဉ်ကျေးမှုနှင့် သာသာတော်း ကွယ် ပျောက်၍ မကောင်းသော မိစ္ဆာ အယူအဆကို ဆည်းကပ်သူ များ ဖြစ်ကြ၏။

တစ်နည်းဆိုလျှင် လူ့ဘောင်လူ့ အသိုက်နှင့် ကင်းဝေးသော အစွဲအလမ်းကြီး သူ အယူသီးသူများ ဖြစ်နေကြပေတော့ သည်။

လက်ခြောက်က ယက္ခဖယ် ရုပ်တုရှေ့တွင် လူသေအလောင်းများ ရှိနေ၏။ ထိုလူများသည် အဖမ်းခံခဲ့ရသော ပါဖုံး၏ သိုင်းသမားများ ဖြစ်ကြပေသည်။

ယက္ခဖယ်ရုပ်တုကြီးကို မီးခွက်များ၊ အမွှေးတိုင်များ၊ ပန်းများ ထွန်းညှိပသထားသည်ကိုလည်း တွေ့ရ၏။

ပါဖုံးမှာ မြင်ကွင်းကိုကြည့်ကာ သွေးပျက်မတတ် ချောက်ချားသွား၏။ ကျန်းပေါက်လည်း လှုပ်လှုပ်ရှားရှား ဖြစ်နေတော့သည်။

ကျားလူတစ်ယောက်က—

'ကဲ-သူငယ်ချင်း၊ တို့နယ်ထဲ ကျူးကျော်လာတဲ့ကောင်ကို ယက္ခဖယ်ရုပ်တုရှေ့မှာ ချထားလိုက်ပါ'

ဟု ပြောလာသည်။

ပါဖုံးလည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ပခုံးပေါ်ထမ်းထားသည့် သိုင်းသမားကို ရုပ်တုရှေ့ဝယ် ချထားလိုက်၏။

ကျားလူသုံးယောက်သည် ရုပ်တုကြီးအား ဝပ်တွားဂါရဝပြုလိုက်ကြပြီး အဖမ်းခံ နေရသည့် သိုင်းသမားကို စိရှင်ရှင် ပြင်ဆင်ကြတော့သည်။

ကျန်းပေါက် မနေနိုင်တော့ပါချေ။

'ငီစွာကောင်တွေ'

အော်ငေါက်ရင်း ဝှက်ထားသည့်ဓားကို ဆွဲထုတ်ကာ ကျားလူသုံးယောက်အား ပြေးဝင် တိုက်ခိုက်လိုက်လေတော့သည်။



မမျှော်လင့်သော ဖြစ်ရပ်မို့ ကျားလူသုံးယောက် ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

ပါဖုံးလည်း ရင်ထိတ်သွားသည်။

ကျန်းပေါက်အား တားဆီးလိုသော်လည်း မမီတော့ချေ။ ကျန်းပေါက်က တရကြမ်း တိုက်ခိုက်လိုက်ရာ...

'ဝုန်း'

'အား'

'အမယ်လေး'

ကျန်လူသုံးယောက်မှာ ဒူးရှစ်ဘာ အော်ဟစ်ကာ မြေပေါ် အတုံးအရုံး လဲကျသွားကြလေတော့သည်။

ကျန်းပေါက်က အဖမ်းခံထားရသည့် သိုင်းသမားကို ပြေး၍ ပွေ့ထူလိုက်၏။ သိုင်းသမားမှာ သတိရလာပြီ ဖြစ်လေသည်။

ကျန်းပေါက်က သူ၏ကိုယ်ပေါ်၌ လွှမ်းခြုံထားသည့် ကျားရေခွံကို ခွာချပစ်လိုက်ပြီး... [illegible]

'ငါက ကျန်းပေါက်ပဲ၊ မင်းငါ့ကို မှတ်မိတယ် မဟုတ်လား'

ဟု ပြောလိုက်၏။

သိုင်းသမားမှာ ကျန်းပေါက်ကို ချက်ချင်းမှတ်မိသွားလေတော့သည်။

'ဆ....ဆရာကျန်းပေါက်'

'မင်း အာမှုမပူနဲ့တော့ ခင်းတို့ကို ငါလာကယ်တာ'

'ဆ…ဆရာ ကျွန်းပေါက် ကျန်တဲ့လူတွေအားလုံး သေကုန်ပြီဗျ'

'ကိစ္စမရှိဘူး၊ မင်းအသက်ရှင်နေရင် ပြီးတာပဲ၊ ကျန်တဲ့လူတွေအတွက် မေ့ပစ်လိုက်စမ်း'

ကျွန်းပေါက်က ထိုလူ၏ခြေသလုံးမှ ချည်နှောင်ထားသည့် ကြိုးများကို ဖြတ်တောက်ပေးလိုက်လေသည်၊

ပါဖိုးမှာ ခေါင်းကျနှပ် ဖြစ်နေ၏၊ သို့သော် ကျွန်းပေါက်၏ လုပ်ရပ်သည် သူ့အတွက် ပို၍ အဆင်ပြေသွားစေသည်၊

'ကျွန်းပေါက် အချိန်မရှိဘူး၊ ယက္ခမယ်ရှင်တုက မျက်လုံးကို ယူရဦးမယ်'

ဟု ပြောလိုက်လေသည်။

ကျွန်းပေါက်သည် ယက္ခမယ်ရှင်တုကြီးကို မှန်းဆ၍ ရှာ ရှာ ကြည့်လိုက်ပြီး

'စိတ်ချ၊ ကျုပ်က ဒီမှာ ကောင်းဆိုးဝါးရုပ်တုကြီးကို တစ်စစီ ဖြိုချပစ်လိုက်ချင်သေးတယ်'

'ကောင်းပြီ၊ ဝဲဘက်မျက်လုံးကို ခင်ဗျားရအောင်ယူပါ'

ပါဖိုးက အမိန့်ပေးလေသည်။

ကျွန်းပေါက်က ပါဖိုးဘက် လှည့်ကြည့်လိုက်၏၊

ရုပ်တုကြီးမှာ မြင့်မားလှပြီး အပေါ်ဘက်မှာ မျက်စေ့အဖြစ် ပြုလုပ်ထားသည့် သလင်းကျောက်ကို ထုတ်ယူရန် လွယ်ကူသည် မဟုတ်ပါ။



လွန်စွာမှပင် အန္တရာယ်များလှသည့် အလုပ်ဖြစ်လေသည်။ ပါဖိုးက ကျွန်းပေါက်ကို စိုက်ကြည့်ကာ ပြတ်သားသော လေသံဖြင့်…

'ခင်ဗျားရအောင် ယူရမယ်'

ဟု ပြောလိုက်လေသည်။

ကျွန်းပေါက် သက်ပြင်းချလိုက်တော့၏၊

ပါဖိုးအပေါ် အကြွေးညီ၊ တင်မဲ့သွားပြီ ဖြစ်သည်။

သို့သော် သူသည် ကျေးဇူးသစ္စာစောင့်သိ ရိုသေမှု မရှိသူဟု အပြောခံမည် မဟုတ်ပါ။

'ကောင်းပြီ၊ ကျုပ်ရအောင်ယူမယ်'

ဟုပြောပြီး ယက္ခမယ်ရှင်တုအနီးသို့ လှမ်းသွားကာ အပေါ်ဘက်သို့ လှမ်းတက်လိုက်လေသည်။

ပါဖိုးက အသာစောင့်ကြည့်နေလိုက်သည်။ သူ့အတွက် အရေးကြီးဆုံး အချိန်သို့ ရောက်နေပြီ ဖြစ်ကြောင်း နားလည် သဘောပေါက်ထားလေသည်။

ယက္ခမယ်၏ သလင်းမျက်လုံးကို ရပြီးလျှင်ကား မည်သို့သော အန္တရာယ်နှင့် ကြုံတွေ့ရပါစေ၊ မှုမည် မဟုတ်ပါ။

သလင်းမျက်လုံး လက်ထဲရောက်မှ ကျော်ကျူးများ ရောက်လာဖို့သာ အရေးကြီးပေသည်။

အဖမ်းခံရသည့် သိုင်းသမားသည် ဒဏ်ရာများ ရရှိထားသော်လည်း မေးတစ်သက်ဆွဲ ကိုင်ကာ မြဲမြဲမားမားမတ်မတ် ရပ်နေပြီ ဖြစ်လေသည်။

ပါဖိုးက…

"တံခါးပေါက်မှာသွားစောင့်နေပါ၊ ရန်သူ ရောက်လာတာနဲ့ ချက်ချင်း အချက်ပေးပေတော့"

ဟု အမိန့်ပေးလိုက်၏။

သူ့ဘာ ငယ်သားများအပေါ် ဂရုစိုက်သော်လည်း ငယ်သားများသည် သစ္စာရှိသူပီပီ သူ၏စကားကို နာခံကြပေတော့သည်။

"စိတ်ချပါ မင်းသားလေး"

ထိုသူက တံခါးပေါက်ဆီသို့ လှမ်းသွားပြီး အပြင်ဘက်မှ မည်သူမျှ ဝင်မလာနိုင်စေရန် ပိတ်ဆို့စောင့်ကြပ်နေလိုက်လေသည်။

ထိုအချိန်တွင် ကျွန်းပေါက်သည် ယက္ခမယ်ရုပ်တုပေါ်သို့ ကုတ်ကပ်တွယ်တက်သွားခဲ့ပြီ ဖြစ်လေတော့သည်။

လက်ခြောက်ဖက်ယက္ခမယ်။

ယက္ခမယ်ရုပ်တုသည် ကြီးမားမြင့်မားလှပေသည်။ ကျွန်းပေါက်သည် သိုင်းပညာတော်သူဖြစ်ရကား ချောမွတ်နေသော ကျောက်သားဖြစ်ပေါ်ဝယ် ကြိုးစားပမ်းစား ကုတ်တွယ်တက်သွားနိုင်ခဲ့သည်။



ဝဲယာတစ်ဘက်တစ်ချက်တွင် အစီအရီရှိနေသော ကျောက်လက်ခေါင်းများသည် ရုပ်တုကြီး၏ ပခုံးပေါ်သို့ ရောက်သည် အထိ အဆင်ပြေစေခဲ့သည်။

သို့သော် ရုပ်တုမျက်နှာပြင်သို့ ရောက်အောင် ဝင်ရသည်က မလွယ်ပါချေ။ ကျွန်းပေါက်က ယက္ခမယ်၏ နားရွက်မှနေ၍ ခဲတက်မျက်လုံးဆီ ချဉ်းကပ်ရန် ကြံစားသည်။

အခက်ကို ခဲခဲယဉ်းယဉ်းတွယ်တက်ရခြင်း ဖြစ်ပေသည်။ ယက္ခမယ်ရုပ်တု၏ မျက်နှာနှင့် လွန်စွာမှပနီးကပ်စွာ ရောက်နေရကားယက္ခမယ်၏အပြုံးသည်အောက်ကျစ်စဉ်းလဲခြင်း၊ရက်စက်ကြမ်းကြုတ်ခြင်း စသည့်အသွင် ဖုံးနေသည်ကို ပို၍ တွေ့ရှိ ခံစားရသည်။

ယက္ခမယ်ရုပ်တု၏မျက်နှာကိုကြည့်ရင်း ကျွန်းပေါက်၏ရင်ထဲ စိုးရွံ့စိတ်များ ဖြစ်ပေါ်လာလေသည်။

ရုပ်တု၏ မျက်လုံးနှစ်လုံး သလင်းကျောက်များဖြင့် မှုလုပ်ထား၏။ ယာဘက်မျက်လုံးမှ သလင်းကျောက်သည် ကြည်ကြည်လင်လင်ရှိနေပြီး အဝေးမှကြည့်လျှင် အရည်ပြည့်လျှမ်းနေသော တကယ့် မျက်လုံးအိမ်နှင့် တူလှ၏။

ဝဲဘက်သလင်းကျောက်ကား အရောင်ခပ်မှိုင်းမှိုင်းရှိနေ၏။ သို့သော် မီးခရောင်ထိုးကျနေရာ အရည်လည်သော ကြွေကျလာတော့ ညှိဟုဝင် ထင်မှတ်ရလေသည်။

ကျွန်းပေါက်သည် ယက္ခမယ်ရုပ်တုနှင့် မျက်လုံးချင်း မဆိုင်ဝံ့အောင် ဖြစ်သွားရလေသည်။

ပါဖုံးသည် ကျန်းပေါက် ဆုတ်ဆိုင်းဆိုင်း ဖြစ်နေသည်ကို ကြည့်ကာ အားမလိုအားမရ ဖြစ်လာလေသည်။

'ကျန်းပေါက် ခင်ဗျားဘာလုပ်နေတာလဲ၊ မျက်လုံးကျောက်ကို ထုတ်ယူပါတော့လား'

ဟု လှမ်းပြောလိုက်လေသည်။

ကျန်းပေါက်၏ရင်ထဲ၌ မကောင်းသည့် အတိတ်နိမိတ်များ ခံစားလာရသည်။ နတ်မျက်စိ ကြုံဝါးခဲ့သည့် စကားများကို ပြန်လည်ကြားယောင်လာ၏။

'ယက္ခမယ်ဆီသွားတဲ့ မင်းတို့လဲ ဘေးဒုက္ခကြုံပြီး သေရမှာပဲ'

မည်သို့ဆိုစေ ပါဖုံး၏စကားကို လွန်ဆန်၍မရနိုင်ပါ။

အံဘင်းတင်းကြိတ်ကာ ယက္ခမယ်၏ ဝဲဘက် မျက်လုံးမှ သလင်းကျောက်ကို ဓားဖြင့်ဖောက်ထုတ်လိုက်လေသည်။

သလင်းကျောက်မှာ မြဲမြံစွာ နှစ်မြှုပ်ထားသည် ဖြစ်ရာ လွယ်လွယ်နှင့် ဖောက်ထုတ်၍မရချေ။

ကျန်းပေါက်သည် ချွေးတဒီးဒီးကျလာအောင်ပင် ကြိုးစားရ၏။

အတန်ကြာလျှင် သလင်းကျောက်မှာ ဓား ဖြင့် နှဲ့ကာ ဖောက်ထုတ်သည့်ဒဏ်ကို မခံနိုင်တော့ဘဲ တလှုပ်လှုပ်ဖြစ်လာ၏။

အောက်ဘက်မှ အားခြံအနေ စောင့်ကြည့်နေသည့် ပါဖုံး ဝမ်းသာသွား၏။

'ဟုတ်ပြီ အားစိုက်ပြီး ဖောက်ထုတ်လိုက်၊ သလင်းကျောက် ထွက်လာတော့မယ်'



ဟု လှမ်းပြောသည်။

ကျန်းပေါက်မှာ အားအင်ကုန်ခမ်းမောပန်းနေပြီဖြစ်သည်။ သို့သော် ပါဖုံး၏ စကားသံကြားလျှင် ရှိသမျှခွန်အားကို ဖျစ်ညှစ်ကာ ဖောက်ထုတ်လိုက်၏။

ရုတ်တရက်....

'ဖျောင်း'

သူ၏လက်ထဲမှဓား ထက်ပိုင်းကျိုးသွား၏။

သလင်းကျောက်မှာ အရှိန်ဖြင့် အပြင်ဘက် ထွက်ကျလာ၏။ လက်သီးဆုပ်ခန့်ရှိသည့် ကျောက်မျက်လုံးသည်ဖောက်ထုတ်လိုက်သည့် အရှိန်ကြောင့် နီးကပ်စွာရှိနေသည့် ကျန်းပေါက်၏ မျက်နှာကို ပြင်းထန်စွာ ဝင်ဆောင့်မိလိုက်လေသည်။

'ခွပ်'

'အား'

ကျန်းပေါက်သည် နာကျင်သွားခြင်းကြောင့် ယောင်ရမ်းပြီး မျက်နှာကို လက်ဝါးဖြင့်အုပ်လိုက်၏။

ဤတွင် သူ၏ခန္ဓာကိုယ်သည် အမှီအတွယ်ကင်းကာခြေလှမ်းလွတ် ဖြစ်သွားပြီး အောက်ဘက်သို့ ထိုးကျသွားတော့၏။

ကျန်းပေါက်၏ အဖြစ်ဆိုးကို မြင်လျှင် ပါဖုံး ကြောင်အမ်းအမ်း ဖြစ်သွား၏။ သို့သော် ချက်ချင်း သတိဝင်လာပြီး ရှေ့သို့ပြေးသွား၏။

သူသည် ကျန်းပေါက်ကို ဆီးကြိုဖမ်းဆီးရန် စိတ်မကူးပါချေ။ အောက်ဘက်သို့ လွင့်စဉ်ကျလာသည့် သလင်းကျောက် (ဝါ) ကျောက်မျက်စိကို ဖမ်းယူလိုက်ခြင်း ဖြစ်ပေသည်။

သသင်းကျောက်သည် လက်သီးဆုပ်ခန့်အရွယ် ရှိ၏။

'ဖတ်'

မြည်သံနှင့်အတူ ပါဖိုး၏ဆက်ထဲ ရောက်ရှိလာသည်။

ပါဖိုးမှာ ကျေနပ်သွန်းသဖြင့် တစ်ကိုယ်လုံး တုန်တုန် ယင်ယင် ဖြစ်နေလေတော့သည်။

လူသည် ကျွန်းပေါက်ကို ကူညီရန်ပင် သတိမရချေ။ လူက ကူညီသည်ဆိုလျှင်လည်း ကျွန်းပေါက် အသက်ရှင်နိုင်တော့မည် မဟုတ်ပါချေ။

ကျွန်းပေါက်သည် ယက္ခမယ်ရှပ်တုပေါ်မှ ပြုတ်ကျလာရင်း ဆန့်တန်းထားသည့် ကျောက်လက်များနှင့် ထိုးတက်ခုတ်ခုတ်မြည် အောင် ရိုက်ခတ်မိလေသည်။

သူ၏ခန္ဓာကိုယ်မှ အရိုးအဆစ်များကျိုးကြေသွားသည့်အသံ များ ထွက်ပေါ်လာလေသည်။

ကျွန်းပေါက်ထံမှ ညည်းညူသံပင် ထွက်မလာတော့ချေ။ ယက္ခမယ်၏ အပေါ်သို့မြှောက်ထားသည့် လက်ပေါ်သို့ ရောက် လျှင် အောက်သို့ ဆက်ကျမလာတော့ဘဲ ရပ်တန့်သွား၏။

ယက္ခမယ်ကျောက်ရှပ်တုသည် ကျွန်းပေါက်အား အလေး ကို ပွေ့ချီထားသည့် မိခင်နှယ် ပွေ့ချီထားသလိုမျိုး ရှိနေသည် ကို တွေ့မြင်ရ၏။

ကျွန်းပေါက်အား ပါဖိုးအတွက်အသက်ပေးသွားခဲ့ချေပြီ။

ပါဖိုးက...

'ခင်ဗျားတာဝန် ကျေပါတယ်ဗျာ'

ဟု ပြောလိုက်လေသည်။



ထိုစဉ် ....

'သခင်ကြီး ကျေးဇူးဘွဲ့ လာနေပြီ'

အပေါက်ဝ၌ စောင့်နေသည့်ဆိုင်းသားများ၏ အသံ ထွက် ပေါ်လာ၏။ ပါဖိုး သက်ပြင်းချလိုက်သည်။

သသင်းကျောက်(ဝါ)ကျောက်မျက်လုံး ရရှိသွားပြီဖြစ်ရာ တာဆို ရပ်ဆိုင်းကျော်ဖြတ်ရခဲသည့် ဖြစ်ခဲ့သည်။

'ကျောက်ဂူအဖြင့်ဆက်ကိုရောက်အောင် ထွက်ကြရသယ်'

ပြောပြဆိုဆို ခါးမှဓားကို ဆွဲထုတ်ကာ ပြေးထွက်သွား လေတော့သည်။

× × ×

'ဝုန်း'

'အား'

'အမယ်လေး'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။

ကျောက်ဂူထိပ်ဝယ်ပြင်းထန်သော တိုက်ပွဲဖြစ်ပွားနေကြခင်း သိနိုင်၏။ ကျောက်ဂူအပြင်ဘက်ဝယ် ကျန် ရစ် ခဲ့ ကြသော သိုင်းသမားငါးယောက်မှာ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

တစ်ယောက်က—

'ကျောက်ဂူထဲမှာတော့ သခင်လေး ဒုက္ခရောက်နေပြီ ထင်တယ်'

ဟု ပြောလေသည်။

ကျန်လူများ ခေါင်းညိတ်လိုက်ကြ၏။

'ဟုတ်တယ်....ဟုတ်တယ်'

ထိုလူက....

'တို့သွားပြီး ကူညီမှဖြစ်မယ်'

'ဟုတ်တယ်လေ'

'ကဲ သွားကြစို့'

သိုင်းသမား ငါးယောက်သည် လက်နက်ကိုယ်စီ ဆွဲ ကိုင်ကာ ကျောက်ဂူကြီးဆီသို့ ပြေးလွှားသွားကြလေသည်။

ထိုအချိန်တွင် ကျောက်ဂူထဲမှ ဆူညံသံ အသံများ ပို၍ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ပါဖိုးသည် ဓားတစ်လက်ဆွဲကိုင်ကာ ကျောက်ဂူထဲမှ ပြေးထွက်လာသည်ကို တွေ့မြင်ရလေသည်။

သူ၏နောက်မှ ကျားလူများက လိုက်လံတိုက်ခိုက်နေကြ၏။ ကျန်းပေါက်နှင့် အဖမ်းခံရသည့် သိုင်းသမားအား ပါမလာတော့ပါ။



အဖမ်းခံ သိုင်းသမားသည် ကျောက်ဂူထဲ၌ တိုက်ခိုက်ရင်း သေဆုံးသွားပြီ ဖြစ်လေသည်။

ပါဖိုးသည် ထိပ်တန်းသိုင်းပညာ တတ်မြောက် ထားသူ ဖြစ်လေသည်။ ထို့အပြင် ကျားလူများကိုလည်း ထိုးဖောက်ကာ ကျောက်ဂူအပြင်ဘက်သို့ ထွက်လာနိုင်ခဲ့ခြင်း ဖြစ် ပေတော့သည်။

ကျားလူများက အလွတ်မပေးတဲ လိုက်လံတိုက်ခိုက်ကြလေသည်။ ပါဖိုး အကျပ်အတည်းနှင့်ရင်ဆိုင်နေရသည်ကိုမြင်လျှင်—

'ယား'

သိုင်းသမား ငါးယောက်သည် ဩသံပေးကာ ပြေး ဝင်သွားကြလေသည်။ ပါဖိုးအား ကူညီမည့် သိုင်းသမားများ ရောက်ရှိလာခြင်းကြောင့် ကျားလူများ ပို၍ ဒေါသထွက်သွားကြ၏။

'တစ်ယောက်မှ မလွတ်စေနဲ့ဟေ့'

ဩသံပေးကာ ပြန်လည် တိုက်ခိုက်ကြသည်။

ကျောက်ဂူဝတွင် အခြေအနေ ရှုပ်ထွေးသွား၏။

'ဝုန်း'

'အား'

'အမလေး'

ဆူညံသော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာ၏။ ကျားလူများ တစ်ယောက်ပြီး တစ်ယောက် လဲကျသွားကြလေသည်။ သို့တိုင် နောက်ထပ် လက်နက် စွဲကိုင်ထားကြသည့်

ကျွန်းလူများသည် ကျောက်ဂူထဲမှ တစ်သုတ်ပြီးတစ်သုတ် ပြေး
ထွက်လာသော တိုက်ခိုက်လာကြလေရာ—

'အား'

'အမလေး'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာပြန်သည်။

ပါဖုံး၏ သိုင်းသမားများသည်လည်း တစ်ယောက်ပြီး တစ်
ယောက် မြေပေါ် လဲကျသွားကြလေသည်။

ပါဖုံးသည် အခြေအနေ ဟောင်မှန်း နားလည် သဘော
ပေါက်သွား၏။ ထို့ကြောင့် အနီးသို့ ရောက်ရှိနေသည့် ကျွန်း
လူများကို တကြမ်းတိုက်ခိုက်သော မြောက်ဖက်သို့ ပြေးထွက်
လိုက်၏။

သူ၏ သိုင်းသမားများသည် ထွက်ပြေး လွတ်မြောက်သွား
နိုင်ရေးအတွက် ကျွန်းလူများကို ဟန့်တား တိုက်ခိုက်ကြလေ
သည်။

တိုက်ပွဲအား ရှုပ်ထွေးနေ၏။ ကျွန်းလူများ အထိနာနေသလို
ပါဖုံး၏ သိုင်းသမားများသည်လည်း တစ်ယောက်ပြီး တစ်
ယောက် လဲကျသွား၏။

သိုင်းသမား ငါးယောက်ရှိသည့်အနက် နှစ်ယောက်သား
မြေပေါ် ဒေးမားမတ်မတ် ရင်လျက် ကျန်ရစ်ခဲ့လေတော့သည်။
သိုင်းသမား များ၏ ဟန့်တားမှုကြောင့် ပါဖုံးမှာ ကျွန်းလူ
များ၏ ရက်မှ လွတ်သော တောအုပ်ထဲသို့ ဝင်ပြေးသွားနိုင်၏။



သူ၏ လူများ မည်သို့ ရှိမည်ကို မကြည့်နိုင်အားပါတော့ချေ။
သစ်ပင် ချုံနွယ်များ ကြားမှ ဖြတ်ကာ ရှေ့သို့ တစ်ဟုန်ထိုး
ပြေးထွက်သွား၏။

သလင်းကျောက် (ဝါ) ကျောက်မျက်လုံးကို ရရှိခဲ့ပြီ ဖြစ်
သည်။

ထိုနယ်မြေမှ လွတ်မြောက်ရန်သာ ကျန်ပေတော့သည်။ လွတ်
မြောက်သွားသည်နှင့် မအောင်ပွဲခံနိုင်သူမှာ သူသာလျှင် ဖြစ်ရ
မည် မဟုတ်ပါလား....

ပါဖုံးအ ဆက်၍ ပြေးလွှားသွား၏။

အတော်ဝေးဝေးသို့ ရောက်လျှင်....

'အား'

'အမလေး'

အနောက်ဘက်မှ စူးရှသော အော်ဟစ်သံများ ထွက်ပေါ်
လာသည်ကို ကြားလိုက်ရလေသည်။

နောက်ဆုံးကျန်နေသည့် သူ၏လူနှစ်ယောက် ရန်သူလက်ချက်
မိသွားပြီဖြစ်ကြောင်း ဟူးယို့ နားလည်မိ၏။

သူအ ရှေ့သို့ လျှင်မြန်စွာ ပြေးလွှား သွားလေတော့သည်။

\+ × +

'ဟောဟဲ....ဟောဟဲ'

ပါဖုံးမှာ ဟောဟဲဖြစ်အော ခေါနေပြီဖြစ်ခသသည်။

သူ၏ တစ်ကိုယ်လုံး ချွေးများစိုရွှဲနေသည်။ ဆက်၍ မပြေးချင်တော့ လောက်အောင် ပင်ပန်း နွမ်းနယ်နေပြီဖြစ်သည်။

သို့သော် တောအုပ်အပြင်ဘက်သို့ ရောက်အောင် ပြေးနိုင်မှ အသက်ချမ်းသာရာ ရမည်ဖြစ်ကြောင်း သိသဖြင့် ဆက်၍ ပြေးနေရ၏။

သူ၏ခြေလှမ်းအရှိန် လျော့ကျသွားရကား ပြေးသည်ဆိုခြင်းထက် လမ်းအမြန်လျှောက်သည်နှင့်ပင် တူနေ၏။

အချိန်းများ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။ ပါဖုံးမှာ တောအုပ်အပြင်ဘက်သို့ ရောက်မှန်းမသိ ရောက်သွား၏။

တောအုပ်အပြင်ဘက်ဝယ် သူတို့ လူစုသားပစ်ခဲ့သည့် မြင်းများ ရှိနေပါ၏။ မြင်း သသ်ကောင် ချည်နှောင်ထားခဲ့သည့် အနက် မြင်းနှစ်ကောင် မရှိတော့သည်ကို တွေ့ရ၏။

မည်သို့ဆိုစေ မြင်းတစ်ကောင်ရလျှင် ပါဖုံးအတွက် လုံလောက်ပြီဖြစ်သည်။ ပါဖုံးတာ မြင်းများ ချည်နှောင်ထားရာဆီသို့ လှမ်းသွားလေသည်။

ထိုစဉ်...

'ဝှီး'

'ဒုတ်'

'ဟီး....ဟီး....ဟီး'

ဝူးရှကျယ်လောင်သော စကားသံများ ထွက်ပေါ်လာသည်။



လုံ ရှည်တစ်ချောင်းသည် တောအုပ်ထဲမှ ပစ်လွှတ်လာပြီး ပါဖုံး၏နဘားမှ ပွတ်ကာသီအော ဖြတ်ကျော်သွားအာ မြင်းတစ်ကောင်၏ ခန္ဓာကိုယ်၌ စိုက်ဝင်သွားလေသည်။

မြင်းကြီးမှာ နာကျင်စွာ အော်ဟစ်အာ မြေပေါ် လဲကျသွား၏။

ပါဖုံး ထိတ်လန့်သွားအာ နောက်လှည့် ကြည့်လိုက်လေသည်။

ထိုအခါ တောအုပ်ထဲမှ ကျားလူများ တရကြမ်းပြေးထွက်လာသည်ကို တွေ့ရ၏။ ပါဖုံးလည်း ကျန်ရှိနေသေးသည့် မြင်းတစ်ကောင်ဆီသို့ ပြေးသွားရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် ကျားလူများသည် သူ့အား ဝိုင်းရံမိသွားကြလေတော့သည်။ ပါဖုံး၏နဖူးပေါ်ဝယ် ချွေးသီးချွေးပေါက်များ စို့လာသည်။

သူ၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွား၏။ ကျားလူများသည် တဖြည်းဖြည်းချင်း ဝိုင်းရံလာကြသည်။

သူ့အား တစ်စစီဖြစ်အောင် ဆုတ်ဖြဲပစ်လိုက်မည့်အသွင် ရှိလေသည်။ ကျားလူများ၏လက်မှ လွတ်မြောက်နိုင်ရန် မည်သို့ ကြံစားရပါမည်နည်း။

ရုတ်တရက် ပါဖုံး၏ဦးခေါင်းထဲ အသင်းရောင်တစ်ချက် ဝင်းလက်သွား၏။ အင်္ကျီအိတ်ထဲမှ သလင်းကျောက် (ဝါ) ကျောက်မျက်လုံးကို ထုတ်ယူလိုက်ပြီး....

'လူမိုက်တွေ ယက္ခမယ်တော်ရဲ့ ကျောက်မျက်လုံးပိုင်ရှင်ကို စော်ကားဝံ့ကြသေးသလား။ အားလုံး ဒုက္ခရောက်သွားကြလိမ့်မယ်၊ မြန်မြန် နောက်ဆုတ်လိုက်ကြစမ်း'

ဟု အော်ပြောလိုက်လေသည်။

ကျောက်မျက်လုံး ကိုင်ဆောင်ထားသည့်လက်ကို အပေါ် မြှောက်အာ ကျောက်မျက်လုံးကို အားလုံး မြင်သာအောင် ပြလိုက်၏။

ကျွန်းလူမျိုးသည် ကြောင်အမ်း အမ်း ဖြစ်သွားကြပြီး ကျောက်မျက်လုံးကို ကြည့်လိုက်ကြလေသည်။

ပါဖိုးမှာ ကျွန်းလူမျိုးသည် လက်ခြောက်ဖက် ယက္ခမယ်ရုပ်တုကို ကြောက်ရွံ့ကြသူများ ဖြစ်ရကား ကျောက်မျက်လုံး ဖြစ်၍ ခြိမ်းခြောက်လျှင် ကြောက်ရွံ့ကာ နောက်ဆုတ်သွားကြမည်ဟု ယုံကြည်ထားလေသည်။

ထိုအချိန်တွင် တိုက်ဆိုင်မှုတစ်ခု ဖြစ်ပေါ်လာသည်။ နေခြည်သည် ကျောက်မျက်လုံးပေါ်သို့ တန်းတန်းမတ်မတ် ထိုးကျလာ၏။

ဤတွင် ကျောက်မျက်လုံးမှာ အသွင်စုံရှ တောက်ပသော အလင်းရောင်များ ထွက်ပေါ်လာစေတော့သည်။

'အား'

'အမယ်လေး'

'ပြေးဟေ့...ပြေးကြ'

စူးရှကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။



ဝင်းလက်တောက်ပသည့် အလင်းရောင်များကြောင့် ကျွန်းလူများ မျက်လုံးများ ပြာဝေကုန်ကြသည်။

နဂိုကပင် လက်ခြောက်ဖက်ယက္ခမယ်ကို ကြောက်ရွံ့ကြသည် ဖြစ်ရကား အလင်းရောင်များ ထွက်ပေါ်လာသည်ကို တန်ခိုးသတ္တိပြသည်ဟု ယူဆကာ ထိတ်လန့်ကုန်ကြသည်။

'ယက္ခမယ်တော် အစွမ်းပြပြီဟေ့'

'သူ့ရှေ့ဒေါသထ ကြောက်စရာကောင်းတယ်၊ ပြေးကြဟေ့'

တစ်ယောက်တစ်ပေါက် အော်ပြောကာ အသုတ်ကာယက် ထွက်ပြေးကုန်ကြလေသည်။

ထိုလူများကား အယူသည်းသူများဖြစ်ကြရာ မိုးသက်မုန်တိုင်း ပြင်းထန်စွာ ရွာသွန်းတိုက်ခိုက်လျှင်လည်းကောင်း၊ လျှပ်လျှပ်လျှပ်သော်လည်းကောင်း၊ ရောဂါဘယ်ဆိုး ကျရောက်လျှင်သော် လည်းကောင်း ယက္ခမယ်တော်စိတ်ဆိုး၍ ဒဏ်ခတ်သည်ဟု ယူဆကြသည်။

သို့ဖြစ်ရာ စူးရှတောက်ပသည့်အလင်းရောင်များ ထွက်ပေါ်လာလျှင် ပါဖိုးအား ရန်ပြုဖို့စိတ်တွေးတဲ့ ကြောက်လန့်တကြား ထွက်ပြေးကုန်ကြခြင်း ဖြစ်ပေတော့သည်။

ပါဖိုးသည် ရသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ မြင်းပေါ် ခုန်တက်လိုက်၏။

ထို့နောက် မြင်းကို အပြင်းမောင်းနှင်ကာ ဟူးရယ် မြန်မာ့ပေးရာသို့ ဒုန်းစိုင်းနှင်သွားလေတော့သည်။

...သခြင်းရှင်ခြင်း

မရဏာတောင်....

မရဏာတောင်တက်လမ်းအား ကြမ်းတမ်းလှပေသည်။

လမ်းခုလပ်တွင် လူရိုင်းများနှင့် ရင်ဆိုင်ခဲ့ရသဖြင့် ချန်းစိမ်း တို့လူစု ဒုက္ခရောက်ခဲ့ကြသေး၏။

သို့သော် ချန်းစိမ်းသည် အန္တရာယ်များတွေ့ရမည်ကို ကြိုတင် ရိပ်မိထားခြင်းကြောင့် ခုခံကာကွယ်ဖြတ်ရန် လိုအပ်သည်များကို ပြင်ဆင်လာခဲ့သည်။

အသင့်ယူဆောင်လာသည့် ယမ်းထုပ်များကို ဖောက်ခွဲပစ် လိုက်ခြင်းဖြင့် လူရိုင်းများကို မောင်းထုတ်နိုင်ခဲ့ပေတော့သည်၊



လူရိုင်းများအန္တရာယ် ကင်းသွားသည်နှင့် တောင်ပေါ်သို့ ဆက်၍တက်လာခဲ့ကြသည်။

တောင်ထိပ်မြင့်ပိုင်းသို့ ရောက်လာလေလေ အေးမြမှုက လွှမ်း ခြုံလာလေလေပင်။

တောင်ပေါ်ရောက်လာပြီး ဒုတိယနေ့ ညနေပိုင်းသို့ရောက် လျှင်....

'သခင်လေး ရှေ့မှာ တောင်ပေါ်ရွာကလေးတစ်ရွာ ရှိနေ တယ်'

ရှေ့ပြေးအင်းစထောက်သွားသည့် ဝမ်းလီ ပြန်လည်ရောက် ရှိလာပြီး သတင်းပို့လေသည်။

ချန်းစိမ်း တွေဝေသွားသည်။

'တောင်ပေါ်ရွာ ဟုတ်လား'

'ဟုတ်ပါတယ်'

'ဒီလိုစနေရာမျိုးမှာ နေတဲ့လူတွေဟာ လူစိမ်းတွေရောက်လာ တာကို မကြိုက်ကြဘူး၊ တို့တစ်တွေ တွေ့ပတီ သွားကြရင် ကောင်းမယ်'

ထိုအခါ ဝမ်းလီက....

'သခင်လေး ကျွန်တော် ရွာအနားကို ချဉ်းကပ်ပြီး အခြေ အနေ ကြည့်ခဲ့ပါတယ်၊ ရွာထဲက တာအသံဗလံမှ မကြားရဘူး၊ လူသူ တစ်စုံတစ်ယောက်မှ ရှိပုံမရပါဘူး'

'တော'

ချန်းစိမ်း အံ့ဩသွားလေသည်။

'ရွာထဲမှာ လူမရှိဘူး ဟုတ်လား'

'ဟုတ်ပါတယ် သခင်လေး'

'ထူးဆန်းလှချည်လား၊ မင်းတွေ့ခဲ့ရတာ ရွာပျက်ကြီးများ ဖြစ်နေမသား'

ဝမ်းလီ ခေါင်းကုတ်သိုက်သည်။

'ရွာပျက်ကြီးတော့ မဖြစ်နိုင်ပါဘူး သခင်လေး'

'မင်းက ဘာကိုဆိုလိုတာလဲ'

'ရွာထဲကအိမ်တွေဟာ အကောင်းကြီးရှိနေသေးတယ်၊ လူသူနေထိုင်ခဲ့တဲ့ လက္ခဏာရှိတယ်၊ ဒါပေမယ့် လူမတွေ့ရတာပဲ ထူးဆန်းနေတာပါ'

ချန်းစိမ်း သက်ပြင်းချလိုက်သည်။

'ကောင်းပြီလေ၊ တို့ သွားကြည့်ကြတာပေါ့'

ထိုစကားကြားလျှင် ဝမ်းလီ ငေးနေပ်သွားလေသည်။

မရှေးမှောင်ဒေ ပေါ်ဝယ် ထူးခြားမှုများ ဖြစ်ပွားနေသည် ဖြစ်ရကား မည်သည့်အရာမျှ ပြောင်းလဲသွား၍မရဟု ယူဆထား၏။

ထူးဆန်းသော ရွာကလေး၏ ဇာတ်မြစ်ကို စုံစမ်းခြင်းမပြုဘဲ ကျွန်ုပ်ရှေ့သို့ဆက်သွားမည်ဆိုပါက တစ်ချိန်တွင် ထိုရွာကလေးသည် သူတို့အား ဒုက္ခပေးမည့် ကိစ္စများထဲဝယ် ရှေ့ဆုံးမှ ပါဝင်လာပေလိမ့်မည်။

ချန်းစိမ်း ကိုယ်တိုင်ကသည်း စိတ်ရှုပ်ခံဘတ်သူ မဟုတ်ဘဲ အန္တရာယ်ကို ရင်ဆိုင်ရန် ဝန်မလေးသူဖြစ်နေ၍ ဝမ်းလီနှင့် သဘောတူ၍ချင်၊ တိုက်ဆိုင်သွားပေတော့သည်။



ဝမ်းလီက ရှေ့မှ လမ်းပြ ခေါ်ဆောင်သွားသည်။ ချန်းစိမ်းတို့လူစုက နောက်မှလိုက်သွားကြလေသည်။

သစ်ပင်ချုံနွယ်များကို ဖြတ်သန်းသွားကြရာ အတန်ကြာလျှင် တောင်ကြားသဖွယ် ဖြစ်နေသည့် ချိုင့်ဝှမ်း တစ်ခုနေရာသို့ ရောက်ရှိသွားကြ၏။

ချိုင့်ဝှမ်းထဲဝယ် အဆောက်အအုံများရှိနေသည်ကို တွေ့မြင်ရလေသည်။

ဝမ်းလီ ပြောပြသည့် ရွာကလေးဖြစ်ပေသည်။

ချန်းစိမ်းက ကျောက်တုံးကြီးတစ်တုံးပေါ်သို့ ခုန်တက်ကာ လှမ်းမျှော်ကြည့်လိုက်လေသည်။

ချိုင့်ဝှမ်းထဲမှ ရွာကလေးမှာ တိတ်ဆိတ် ငြိမ်သက်နေ၏။ တောင်ပေါ် ရွာကလေး ဖြစ်ရကား အေးချမ်းသာယာလှသည် ဆိုရပေမည်။

အိမ်ခြေ ငါးဆယ်ခန့်ရှိသော်လည်း လူရိပ်လူယောင် မတွေ့ရပါ။

အိမ်မွေး ခွေး၊ ကြောင်၊ ကျွဲ၊ နွား စသည့် တိရစ္ဆာန်များလည်း တစ်ကောင်တလေမျှ မတွေ့ရသလို အသံပင်မကြားရချေ။

'တော်တော် ထူးဆန်းနေတာပဲ'

ချန်းစိမ်း မှတ်ချက်ချလိုက်လေသည်။

ဝမ်းလီသည် ရွာကလေးကိုကြည့်ကာ စိတ်ထဲ မသိုးမသန့် ဖြစ်လာ၏။

'သခင်လေး ကျွန်တော်တို့ ကွေ့ပတ်ပြီး ရှေ့ဆက်သွားကြရင် ကောင်းမယ်ထင်တယ်'

ဟု ပြောလိုက်လေတော့သည်။

ချန်းစိမ်း ပြုံးလိုက်သည်။

'တို့ဘာဘာမှမမှုလို့ ဒီနေရာကို လာခဲ့ကြတာပဲကွ၊ဘာဖြစ်လို့ ရှောင်သွားရမှာလဲ၊ တကယ်လို့ ဒီရွာမှာ မိစ္ဆာမယ်တော် တကယ် ရှိနေတယ်ဆိုရင် ဘယ်လိုလုပ်မလဲ'

ဝမ်းလီ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

ချန်းစိမ်းက...

'ရွာထဲဝင်ကြမယ်၊ သတိဝီရိယ ရှိကြပါစေ'

ဟု ပြောလိုက်၏။

ပြီးလျှင် ရှေ့ဆုံးမှ ခပ်သွက်သွက် လှမ်းသွား၏။

ဝမ်းလီတို့လူစုက နောက်မှ လိုက်သွားကြလေသည်။

သူတို့သည် တောင်ကြားလမ်းကလေးအတိုင်း ချိုင့်ဝှမ်းဆီသို့ ဆင်းသွားကြလေသည်။

ချိုင့်ဝှမ်းထဲမှ ရွာကလေးမှာ သာသာယာယာ ရှိနေပါသည်။ လမ်းများသည် အမှိုက်သရိုက်များ ကင်းစင်စွာ သန့်ရှင်းနေ၏။

အိမ်တိုင်းလိုလို ပြတင်းများ တံခါးပေါက်များ ဖွင့်ထားကြသည်။ ချန်းစိမ်းတို့ လူစုသည် သတိကြီးစွာ ထားကာ ရွာထဲ ဝင်လာကြသည်။

အနံ့ရာယ်သည် အချိန်မရွေး ပေါ်ပေါက်လာနိုင်သည် ဖြစ်ရကား လက်နက်ကိုယ်စီ ဆွဲကိုင်ကာ တိုက်ခိုက်ရန် အသင့်ပြင်ထားကြလေသည်။



ရွာထဲသို့ လှမ်းဝင်လာမိသောအခါ သူတို့လူစု၏ ခြေသံများ ထွက်ပေါ်နေသဖြင့် ကိုယ့်ဟာသာ မလုံလဲ ဖြစ်ကြရလေသည်။

လမ်းဘေးတစ်ဖက်တစ်ချက်တွင် အိမ်ကလေးများ အစီအရီ ရှိနေ၏။ ချန်းစိမ်းသည် ရွာလယ်လမ်းအတိုင်း ဝင်လာခဲ့ရာမှ ရုတ်တရက် ခြေလှမ်းရပ်လိုက်လေသည်။

ဝမ်းလီက သူ၏အနီးသို့ ချက်ချင်းချဉ်းကပ်သွားသည်။

ချန်းစိမ်းက....

'ဝမ်းလီ ရွာထဲမှာ လူတစ်ယောက်မှ မတွေ့ရတာ မရှိုးသားဘူး၊ ဒီရွာဟာ ရွာပျက်ကြီးလဲ မဟုတ်ဘူး၊ ဒါကြောင့် အိမ်တွေထဲ ဝင်ကြည့်ကြရင် ကောင်းမယ်'

ဟု ပြောလိုက်လေသည်။

ဝမ်းလီ ခေါင်းညိတ်လိုက်၏။

'ကောင်းပါပြီ သခင်လေး၊ ကျွန်တော်စစ်ဆေးကြည့်လိုက်ပါမယ်'

စကားဆုံးလျှင်....

'ဟော ငါနဲ့ တစ်ယောက်လိုက်ခဲ့'

နောက်မှ လိုက်လာကြသည့် သိုင်းသမားများဘက်လှည့်ကာ အမိန့်ပေးလိုက်သည်။ သိုင်းသမားတစ်ယောက်က ချက်ချင်းပင် ရှေ့သို့ လှမ်းထွက်လာလေသည်။

ဝမ်းလီက—

'သွားကြမယ်'

ပြောပြောဆိုဆို အနီးဆုံးရှိ အိမ်တစ်အိမ်သို့ ပြေးဝင်သွား၏။

ဝမ်းလ ရွေးချယ်ထားသည့် သိုင်းသမားအဖွဲ့လည်း ထက်ကြပ်မကွာ လိုက်ပါသွားလေသည်။

ချန်းစိမ်းနှင့် ကျန်လူများက အခြေအနေ စောင့်ကြည့်လိုက်ကြ၏။ ဝမ်းလတို့ အကူအညီ လိုအပ်ပါလျှင် ချက်ချင်း ကူညီနိုင်ရန်လည်း အသင့်ပြင်ထားကြလေသည်။

ဝမ်းလနှင့် အဖော်သိုင်းသမားသည် အိမ်ထဲသို့ရောက်ရှိကာ မြင်ကွင်းမှ ကွယ်ပျောက်သွား၏။

မကြာပါချေ။

'လူရှိတယ်'

စကားသံ ထွက်ပေါ်လာ၏။

ဝမ်းလ ပြန်လည် ပြေးထွက်လာသည်ကို တွေ့မြင်ရလေသည်။

ချန်းစိမ်း မျက်မှောင်ကြုတ်သွား၏။

'လူရှိတယ် ဟုတ်လား'

ဟု မေးလိုက်၏။

ဝမ်းလ ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ် သခင်လေး၊ အိမ်ထဲမှာလူရှိပါတယ်၊ ဒါပေမယ့် သူတို့သေဆုံးနေကြပါပြီ'

'ဟေ'

ချန်းစိမ်းသည် အိမ်အလေးဆီသို့ ခပ်သွက်သွက် ချဉ်းကပ်သွားလေ၏။ အိမ်ထဲသို့ လှမ်းဝင်မိသိုက်သည်နှင့် ညြီ



ခန်းအတွင်းရှိ ခုံတစ်လုံးဝယ် လူတစ်ယောက်ထိုင်လျက် သေဆုံးနေသည်ကို တွေ့ရလေသည်။

ထိုလူမှာ အသက်ငါးဆယ်ခန့်ရှိသူ ဖြစ်သည်။ ညြီခန်းၾ အေးအေးလူလူ နေထိုင်ရင်း သေဆုံးသွားပုံရ၏။

ချန်းစိမ်း မျက်မှောင်ကြုတ်သွားပြန်လေသည်။

ထိုအချိန်မှာပင်....

'မီးဖိုဆောင်မှာလဲ တစ်ယောက်ရှိတယ်'

ဝမ်းလနှင့်အတူ အိမ်ထဲဝင်လာခဲ့သည့် အဖော်သိုင်းသမားက အိမ်အတွင်းဘက် အခန်းတစ်ခုမှ ထွက်လာရင်း ပြောလေသည်။

ချန်းစိမ်းနှင့် ဝမ်းလတို့သည်မီးဖိုဆောင်ဘက်သို့ ချက်ချင်းလှမ်းဝင်သွားကြ၏။

ထိုအခါ မီးဖိုနံဘေးဝယ် အမျိုးသမီးကြီး တစ်ယောက် ဆောင့်ကြောင့်ထိုင်လျက် သေဆုံးနေသည်ကို တွေ့ရလေသည်။

မီးဖိုမှာ မီးသေနေပြီဖြစ်သည်။

မီးဖိုပေါ်တွင် ဒယ်အိုးတစ်လုံး တင်ထားပြီး ဒယ်အိုးထဲ၌ ဟင်းသီးဟင်းရွက်များ ရှိနေသည်။

ချက်ပြုတ်ကြော်လှော်နေချိန်ဝယ် သေဆုံးသွားခြင်းဖြစ်ပုံရ၏။ ချန်းစိမ်းက ဒယ်အိုးထဲမှ ဟင်းသီး ဟင်းရွက် များကို သေသေချာချာ အကဲခတ်ကြည့်လိုက်သည်။

ဟင်းသီးဟင်းရွက်များကား မှိုတက်နေပြီဖြစ်သည်။ သူတို့ရက်အတော်ကြာ ကြာအောင် လှန်ခဲ့သည့် နှစ်ရက်ခန့်က သေဆုံးသွားခြင်းဖြစ်ကြောင်း မှန်းဆနိုင်၏။

ထူးခြားသည်ကား လူသေအလောင်းများမှ အပုပ်နံ့ထွက်မလာခြင်း ဖြစ်ပေသည်။ ချွန်းစိမ်း ရင်ထိတ်သွား၏။

သူတို့ မသိရသေးသော ထူးခြားသည့်ကိစ္စတစ်ခု ရှိနေပြီဖြစ်ကြောင်း ရိပ်မိလာလေသည်။

'ဝမ်းလေ'

ဟု ခေါ်လိုက်သည်။

ဝမ်းလေက ရှေ့တိုးလာပြီး....

'အမိန့်ရှိပါ သခင်လေး'

'တို့လူတွေကို လူစုခဲ့ပြီး တခြားအိမ်တွေကို တက်ရှာခိုင်းစမ်း'

'ကောင်းပါပြီ သခင်လေး'

ဝမ်းလေ ပြေးထွက်သွားလေသည်။

ချွန်းစိမ်းက အိမ်ရှေ့ဧည့်ခန်းသို့ပြန်ဆင်းလာပြီး ခုံတစ်လုံးဆွဲကာ ထိုင်ချလိုက်သည်။

အပြင်ဘက်၌ ဆူဆူညံညံ အသံများ ထွက်ပေါ်လာပါသည်။ သူ၏လူများသည် လူစုခဲ့ကာ တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးကြည့်နေပြီဖြစ်ကြောင်း သိနိုင်လေသည်။

မကြာပါချေ။ ဝမ်းလေ ပြန်လည်ရောက်ရှိလာသည်။ ချွန်းစိမ်းအား ဦး ညွှတ်ဂါရဝ ပြုလိုက်ပြီး....

'ရွာထဲမှာ လူ ပါ်ပြီးတင်ရာရောက် တွေ့ရပါတယ်၊ ခါပေမယ့် အားလုံး သေဆုံးနေကြပါပြီ'

ဟု အစီရင်ခံလာလေသည်။

ချွန်းစိမ်း သက်ပြင်းချလိုက်သည်။



ဝမ်းလေကိုကြည့်ကာ....

'ဘယ်နည်းဘယ်ပုံ သေဆုံးနေတယ်ဆိုတာ ပြောစမ်းပါဦး'

'သူတို့ဟာ စားရင်းသောက်ရင်း၊ အိမ်အလုပ်လုပ်ရင်း သေဆုံးသွားကြတာပါ၊ တချို့လူတွေဆိုရင် ရယ်ရယ်မောမော နဲ့ သေဆုံးနေကြတာကို တွေ့ရပါတယ်'

'ကောင်းကွာ'

ချွန်းစိမ်း ထိုင်ရာမှ ခုန်ထလိုက်လေသည်။

ဝမ်းလေက....

'သခင်လေး ကျွန်တော်တို့ ဒီရွာက ထွက်သွားရင် ကောင်းမယ် ထင်ပါတယ်'

ချွန်းစိမ်း ခေါင်းယမ်းလိုက်သည်။

'မသွားဘူး'

'ဗျာ'

'တို့ ဒီည ဒီရွာတအလားမှာပဲ စခန်းချ အနားယူကြမယ်၊ အလောင်းတွေကို စစ်ဆေးကြည့်ပါ၊ အသိမ် မ ရှိဘူးဆိုရင် ယူသွားကြတာပေါ့၊ ရွာထဲမှာ မြေကွက်လပ်တစ်ခု ရှိတယ်၊ အဲဒီမှာ နားကြမယ်'

ဟု ပြောလိုက်၏။

ချွန်းစိမ်းတွင် အကြံအစည်တစ်ခုခု ရှိနေ ပြီဖြစ်ကြောင်း ဝမ်းလေ ရိပ်မိလိုက်၏။

ထို့ကြောင့် စာမှုမပြောတော့ဘဲ ချွန်းစိမ်း စေခိုင်းသည့်အတိုင်း ပြုလုပ်ရန် အိမ်အပြင်ဘက်သို့ ထွက်သွား လေတော့သည်။

* * *

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုး ကွယ်ပျောက်သွားပြီ ဖြစ်လေသည်။

နေခြည် ကွယ်ပျောက်သွားသည်နှင့် အမှောင်ထုအစ ဝင်ရောက်လာ၍ ချွန်းစိမ်း၏လူများက ရွာလယ်မြေကွက်လပ်တွင် မီးပုံများ ထွန်းညှိလိုက်ကြလေသည်။

ချွန်းစိမ်းသည် မီးပုံအနားသို့ထိုင်နေ၏။ မီး ရောင် ကြောင့် သူ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပနေလေသည်။

ဝမ်းလီက ဆိတ်သားခြောက်ဖြင့် ချုပ်ထားသည့် အရက်ဘူးကို ချွန်းစိမ်းထံ ကမ်းပေးလိုက်၏။

ချွန်းစိမ်းက အရက်တစ်ငုံသောက်လိုက်ပြီး

'မိစ္ဆာကောင်တော်တွေကို ဒီညတွေ့ရလိမ့်မယ်'

ဟု ပြောလိုက်လေသည်။



ဝမ်းလီ၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေသည်၊

ယောင်ရမ်းပြီး ပတ်ဝန်းကျင်ကို စဝ့ကြည့်မိ၏။

မြေကွက်လပ် စောင်းပတ်လည်၌ ရှိနေသော အိမ်များ အားအမှောင်ထုကြားဝယ် ငုတ်တုပ်ထိုင်နေသည့်မကောင်းဆိုးဝါးများနှင့် တူလှပေတော့သည်၊

ဝမ်းလီ၏ကျောထဲ စိမ့်သွား၏။

ချွန်းစိမ်းက—

'ရွာထဲကလူတွေ သေပုံ[illegible]း ဆန်းတယ်၊ ပြီးတော့... နှထိဘာကြောင့် အပုပ်နံ့ ထွက်သေးတာလဲ၊ စဉ်းစားကြည့်စမ်း'

ဝမ်းလီ မစဉ်းစားတတ်တော့ပါ။

သူ၏ရင်ထဲ မကောင်းသည့်အတိတ်နိမိတ်များကိန်းအောင်းနေတော့၏။

ချွန်းစိမ်းက....

'တို့လူတွေကို တစ်ယောက်မှမအိပ်စေနဲ့၊ အိပ်တဲ့လူကိုအပြစ်ပေးမယ်လို့ အမိန့်ထုတ်လိုက်'

ဟု ပြောလိုက်ပြန်သည်။

ဝမ်းလီ ခေါင်းညိတ်လိုက်၏။

'ကောင်းပါပြီ သခင်လေး'

သူက ချွန်းစိမ်း၏အမိန့်ကို လိုက်လံပြောပြရန် ထိုင် ရာ မှ ထလိုက်၏။

ထိုစဉ် သိုင်းသမားတစ်ယောက် လူတို့အနီးသို့ ပြေး လွှား ရောက်ရှိလာပြီး....

'သခင်မအား လှူသံတွေကြားရပါဘယ်'

ဟု သတင်းလာပို့ သေသည်၊

ချန်းစိမ်း ခေါက်ခနဲ ထရပ်လိုက်၏၊

နားစွင့်လိုက်သောအခါ စကားပြောသံ၊ ရယ်သံ၊ လှုပ်ရှားသွားသောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသေသည်။

ဝမ်းလီ လွှတ်ခနဲ ရှောင်ပိုက်သေသည်။

ချန်းစိမ်းက...

'တို့မှာကြည့်စမ်း'

တစ်ခေါင်းလျှာဆီသို့ ညွှန်ပြကာ ပြောလိုက်၏။

'ဘယ်လိုဖြစ်တာလဲ၊ ရွာထဲကလူတွေ အားလုံး သေကုန်ကြပြီမဟုတ်လား'

ဝမ်းလီတို့ လှမ်းကြည့်လိုက်ကြ၏။

ထိုအခါ အာဇ္ဈာင်ရိပ် လွှမ်းနေသည့် အိမ်များမှ မည်းမည်းသဏ္ဍာန်များထွက်ပေါ်လာသည်ကို တွေ့မြင်ရလေသည်။

ဝမ်းလီ ပါးစပ်အဟောင်းသားဖြစ်၍ ငေးကြည့်နေမိတော့၏။ မည်းမည်း အရိပ်သဏ္ဍာန်များသည် လမ်းဘေး တစ်ဘက်တစ်ချက်ရှိ အိမ်များမှ ထွက်ပေါ်လာသည်။

လှုပ်ရှားပုံကို ကြည့်ကာ လူများဖြစ်ကြောင်း သိနိုင်၏။

'သရဲ'

ဝမ်းလီ လွှတ်ခနဲ ရေရွတ်လိုက်၏။



သူ၏အသံကြားဝှို့ ကျန်လူများ မျက်စိမျက်နှာ ပျက်သွားကြ၏။ တစ်ရွာလုံးရှိလူများ သေဆုံးနေကြသည်ကို မျက်မြင်တွေ့ထားရပြီး ဖြစ်ပေသည်။

ယခု လူသေအလောင်းများ ရှိနေသော အိမ်များမှ လူရိပ်များ ထွက်ပေါ်လာ၏။

ညဘက်ရောက်မှ သက်ဝင်လှုပ်ရှားလာခြင်းသည်...

အားလုံးသည် သို့ဒူလာသို့လောလေးကာ ကြောက်ရွံ့သိတ်ထန့်လာကြလေတော့သည်။

ချန်းစိမ်းက ဒေါပွသွား၏။

'ဝမ်းလီ မင်းပါးစပ် ပိတ်ထားလိုက်စမ်း'

ဟု ခေါက်လိုက်လေသည်။

ဝမ်းလီ ခေါင်းငုံ့ထားလိုက်၏။

ချန်းစိမ်းက...

'လောကပေါ်မှာ တစ္ဆေသရဲဆိုတာ မရှိဘူးကွ၊ အားလုံး သတိရှိကြပါစေ၊ ရန်သူအင်္ကိုဖမ်း တိုက်ခိုက်တာကို မှခံရစေနဲ့'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

သိုင်းသမားများ လှုပ်လှုပ်ရှားရှားဖြစ်သွားကြပြီး၊ ဆက်နက်ကိုယ်စီ ဆွဲထုတ်ကာ တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်ကြလေသည်။

ထိုအချိန်တွင် မည်းမည်းအရိပ်သဏ္ဍာန်များမှာ ဖြည်းညင်းစွာ ရွေ့လျားလာရာ တဖြည်းဖြည်း နီးကပ်လာပြီ ဖြစ်လေတော့သည်။

မြေကွက်လပ်ရှိ မီးပုံများမှ ထွက်ပေါ်နေသည့် မီးရောင်များကြောင့် ညနေပိုင်းက သူတို့တွေ့ခဲ့ရသည့် သေဆုံးနေကြသော ရွာသူရွာသားများ ဖြစ်နေသည်ကို တွေ့မြင်ရလေသည်။

သေဆုံးပြီးသူသည် အသက်ပြန်ရှင်လာရိုး ထုံးစံ မရှိပါချေ။ ယခုမူ သေဆုံးပြီးသူများ အသက်ပြန်ရှင်လာသည်ကို တွေ့နေရချေပြီ။

ရွာသူရွာသားများသည် မြေကွက်လပ် ပတ်လည်တွင် ဝိုင်းရံ၍ ရပ်လိုက်ကြ၏။ ချန်စိမ်းတို့လူစုကိုကြည့်ကာ....

'ဘယ်အရပ်က လူတွေလဲကွ'

'ဘယ်တုန်းက ရောက်လာတာလဲ'

'လူဆိုး ဓားပြတွေလား'

တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုနေသံများ ထွက်ပေါ်လာ၏။

သူတို့၏အကြည့်သည် ရန်လိုသည့်သဘောရှိပြီး ရွာစားလေးသို့ ဝင်လာခဲ့သည်ကို နှစ်မြို့သည့်အသွင် ရှိသည်။

တိုက်ခိုက် မောင်းထုတ်ရန်ပင် စိတ်ကူးထားကြပုံ ရလေသည်။

ချန်စိမ်းက....

'ခင်ဗျားတို့ ဘယ်သူတွေလဲ'

ဟု မေးလိုက်၏။

ရွာသူရွာသားများထဲမှ တစ်ယောက်က....

'တို့က နေ့မှာတော့ သေလူ၊ ညမှာ ရှင်လူတွေလေ၊ မင်းတို့ကော ဘယ်သူတွေလဲ၊ တို့ရွာကို ဘာလာလုပ်တာလဲ'



ဟု ပြန်မေးလာသည်။

ချန်စိမ်း မျက်မှောင်ကြုတ်သွား၏။

'နေ့မှာသေလူ၊ ညမှာရှင်လူ ဟုတ်လား'

'ဟုတ်တယ်၊ တို့တစ်တွေ နေ့ဘက်မှာ သေဆုံးနေကြတာကို မင်းတို့တွေ့မှာပေါ့၊ တို့က ညဘက်မှာ အသက်ရှင် လှုပ်ရှားနိုင်တာကွ၊ ကဲ ပြောစမ်းပါဦး၊ မင်းတို့အကော ဘယ်သူတွေလဲ၊ ဘာကြောင့် ဒီနေရာကို လာခဲ့ကြတာလဲ'

ချန်စိမ်းက....

'ကျုပ်က မိစ္ဆာမယ်တော်ကြွေနဲ့ တွေ့ဖို့လာတာ'

ဟု တခင်အသံကိုမြှင့်ကာ ပြောလိုက်၏။

အကယ်၍ အနီးပတ်ဝန်းကျင်တွင် မိစ္ဆာမယ်တော်ကြွေရှိနေလျှင် ကြားသွားစေရန် ဖြစ်လေသည်။

ရွာသူရွာသားများသည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ချန်စိမ်းက....

'ကျုပ်က ခင်ဗျားတို့ရဲ့ ရန်သူ မဟုတ်သလို သူ့ရဲ့ရန်သူလဲ မဟုတ်ပါဘူး'

ဟု ထပ်ပြောလိုက်၏။

ထိုအခါ ရွာသားတစ်ယောက်က....

'လက်စသတ်တော့ ကြွေနဲ့တွေ့ဖို့ လာကြတာကိုး၊ သူ့ကို တွေ့ချင်ရင် ကျုပ်တို့ရွာမှာ တစ်သက်လုံး နေမှ ဖြစ်မယ်ဗျ'

'ဘာဖြစ်လို့လဲ'

'ဒါဟာ စည်းကမ်းပဲ'

ချန်းစိမ်း ငေါင်းယမ်းလိုက်သည်။

"ဒီရွာမှာနေဖို့ဆိုတာ မဖြစ်နိုင်ပါဘူးဗျား၊ ကျုပ်အနေနဲ့ဘက်မှာ လူသေသလုပ်ပြီး ညဘက်မှာ လူရှင်လုပ်ဖို့ ဝါသနာ မပါပါဘူး'

'ဒါဆို ခင်းတို့ပြန်ကြပေတော့'

'ကျွန်ုပ် တွေ့ခွင့် မရှိဘူးပေါ့'

'ဟုတ်တယ်'

ချန်းစိမ်း မျက်နှာတည်သွား၏။

'ကျုပ်က သူ့ကို မတွေ့ရတဲ့ ပြန်သွားခဲ့လို့ မဟုတ်ဘူးဗျ'

'ခင်းသားဘာလဲ၊ သေလူရှင်လူ မဖြစ်တဲ့တော့ ကျွန်ုပ်ကို ဘယ်တော့မှ တွေ့ရမှာမဟုတ်ဘူး'

'ခင်များတို့ပြောပြချင် ဖြစ်ပါတယ်ဗျာ၊ သူဘယ်မှာရှိလဲ၊ ကျုပ် သူ့ကို တွေ့ချင်တယ်'

'ခင်းခေးတို့နဲ့ ငါတို့အ ပြောရမှာလား'

ချန်းစိမ်း ပြုံးလိုက်သည်။

'ပြောလဲ ရပါတယ်ဗျာ၊ တစ်ခုတော့ရှိတယ်၊ ကျွန်ုပ်တို့ ခင်များတို့ကို သေလူရှင်လူ ဖြစ်အောင် လုပ်နိုင်တယ်၊ ကျုပ်က တော့ ဘာကိစ္စတော့မှ ပြန်ရှင်မလာနိုင်အောင် လုပ်ပေးနိုင်တယ် ဗျ—'

စကားဆုံးလျှင် ခါးမှဓား ဆွဲထုတ်ကာ အနီးဆုံးရှိ ရွာသား တစ်ယောက်ထံ ခုန်ဝင်ကာ ခုတ်ချလိုက်လေသည်။

မီးစလျှံ အောက်ဝယ် ဝင်းလက်တောက်ပသည့် ဓားရောင် များ ထွက်ပေါ်လာ၏။



ရွာသားများမှာ စရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားချေပြီ။

ချန်းစိမ်း၏ လျှပ်ရှားတိုက်ခိုက်ပုံမှာ လျင်မြန်လွန်းရကား…

'အား'

စူးရှစွာ အော်ဟစ်ကာ မြေပေါ်လဲကျသွား၏။

ထိုလူမှာ အမှန်တကယ် သေဆုံးသွားပြီ ဖြစ်လေသည်။

ဘယ်သောအခါမှ အသက်ပြန်ရှင်လာနိုင်တော့မည် မဟုတ် ပါချေ။ ချန်းစိမ်းက…

'ကဲ – ခင်များတို့ ဘယ်လိုသဘောရသလဲ'

ရွာသူရွာသားများဘက်သို့လှည့်ကာ မေးလိုက်လေသည်။

ရွာသူရွာသားများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။ နောက်သို့ တစ်ရွေ့ရွေ့ ဆုတ်သွားကြပြီး ခပ်လှမ်းလှမ်းသို့ရောက် လျှင် ချာခနဲလှည့်ကာ ထွက်ပြေးသွားကြလေသည်။

ချန်းစိမ်းမှာ သူ၏လူများကို ကြည့်လိုက်ပြီး…

'တို့တစ်တွေ အားကိုးမှ မကြာက်စရာမလိုဘူး၊ တစ်ရွာလုံး သာတစ်ခုမှမကျန်အောင် ဖျက်ဆီးပစ်ကြမယ်၊ ခုခံတဲ့လူတွေကို သတ်ပစ်ကြရမယ်'

ဟု ပြောလိုက်လေသည်။

ချန်းစိမ်း၏ တိုက်ခိုက်မှုကြောင့် မအောင်းဆိုးဝါးများနှင့် တွေ့ခဲ့သော ရွာသူရွာသားများ ထွက်ပြေးသွားကြသည်ကို ကြည့် ကာ ဝမ်းသာနေမိ ထိုဒ်းသမားများ အားတက်လာကြလေသည်။

ချက်ချင်းပင် လက်နက်ကိုယ်စီ ဆွဲကိုင်ကာ တိုက်ခိုက်ရန် အသင့်ပြင်လိုက်ကြ၏။

တိုစဉ်....

'မင်းဆာ တော်တော် သတ္တိကောင်းနေတယ်ပေါ့လေ'

အေးတိအေးစက် စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။ ချန်းစိမ်းအ စကားသံထွက်ပေါ်လာရာ ဆီသို့ လှမ်းကြည့်လိုက်၏။

ထိုအခါ အဘွားအိုတစ်ယောက် လှမ်းလာနေသည်ကို တွေ့မြင်ရလေသည်။ ထိုအဘွားအိုမှာ ခန္ဓာကိုယ် ပိန်လှီချည့်နဲ့နေပြီး တောင်ဝှေးတစ်ချောင်း အားပြုကာ လှမ်းလာနေခြင်းဖြစ်သည်။

သူမ၏ခန္ဓာကိုယ်ပေါ်ဝယ် ကြက်သွေးရောင် ဝတ်ရုံကြီး လွှမ်းခြုံထား၏။ ပါးရေနားရေတွန့်ကာ ရှုံ့တွနေသည့်မျက်နှာကြီးမှာ ကျက်သရေအင်းမဲ့လှ၏။

မျက်လုံးအိမ်မှာ အတွင်းဘက်ချိုင့်ဝင်နေသဖြင့် မျက်လုံးဟောက်ပက် ဖြစ်နေသူနှင့် တူ၏။

အပေါ်နှုတ်ခမ်းကွဲနေသဖြင့် ရှေ့သွားနှစ်ချောင်းပေါ်ထွက်နေသည်။ ဆံပင်များကို ငယ်ထိပ်တွင်စုရုံး ဆံထုံးထုံးထားသည်။

အသည်းငယ်တတ်သူများအဖို့ ညအချိန်မတော်တွေ့ရလျှင် လန့်ဖျားဖျားနိုင်လောက်သည့် ရုပ်ရည်ပိုင်ရှင်ဖြစ်ပေသည်။

ဝမ်းလင်နှင့် သိုင်းသမားများသည် ထိုအဘွားအိုကိုမြင်လျှင် နောက်သို့ ခြေလှမ်းဆုတ်လိုက်ကြလေသည်။

ချန်းစိမ်းက ပြုံးလိုက်သည်။

'ခင်ဗျားအ မိစ္ဆာမယ်တော်တွေမဟုတ်လား'



ဟု မေးလိုက်လေသည်။

အဘွားအို ခေါင်းညိတ်လိုက်သည်။

'သိပ်မှန်တာပေါ့၊ ငါ့ချစ်သောလူရှင်လူတစ်ယောက်ကို မင်းအ သတ်ပစ်လိုက်လို့ အစားပြန်ချေပေးရလိမ့်မယ်'

'ဘယ်လိုပြန်ချေပေးရမှာလဲ ပြောစမ်းပါဦး'

'မင်းကို ငါလိုချင်တယ်'

'ဟား...ဟား...ဟား'

ချန်းစိမ်းသည် အနကြောက်အရှုံ့မရှိ တဟားဟား ရယ်မောလိုက်လေသည်။

အဘွားအိုအ....

'မင်းရာ ငါ့ကို အထင်သေးတာကိုး၊ ကောင်းပြီ မင်းတို့လူစု ဒီရွာထဲက ထွက်သွားလို့ ရမသွားဆိုတာ ကြည့်ကြသေးတာပေါ့၊ မင်းတို့ကို ငါက ညသော နေ့ရှင်တဲ့ သေလူရှင်လူတွေ ဖြစ်အောင် လုပ်ပစ်မယ်ဆိုတာ မှတ်ထားပါ'

စကားဆုံးလျှင် ချာခနဲလှည့်ကာ ခုန်ထွက်သွားလေသည်။ ချန်းစိမ်းရင်ထိတ်သွား၏။

အဘွားအိုထွက်သွားလျှင် နောက်ထပ်တွေ့ရန် မလွယ်တော့မှန်း ရိပ်မိ၏။

ထို့ကြောင့်....

'ရပ်လိုက်'

အော်ဟစ်ဟန့်တားကာ နောက်မှပြေးလိုက်သွားလေသည်။ အဘွားအိုက လှည့်မကြည့်ပဲ သုံးလေးချက်ဆင့်ကာ ခုန်လိုက်လျှင် အမှောင်ထုထဲသို့ တိုးဝင်ကွယ်ပျောက်သွားလေသည်။

ချန်းစိမ်းခေါ်ပွသွား၏။

'ခင်ဗျားပြောလို့ လွှတ်မယ်ထင်သလား'

ဟု ကြုံးဝါးလိုက်သည်။

တစ်ဖန် သူ၏လူများ ဘက်သို့လှည့်ကာ....

'ရွာထဲမှာ တွေ့ရတဲ့လူ တစ်ယောက်မှ မလွှတ်စေနဲ့ အကုန်ရှင်းပစ်'

ဟု အမိန့်ပေးလိုက်၏။

ဝမ်းလိ နှင့် သိုင်းသမားများသည် ချက်ချင်းပင် ပြုံးသံပေးကာ ပြေးထွက်သွားကြလေတော့သည်။

ချန်းစိမ်းသည် မြက်ပင်တွင် မားမား မတ်မတ် ရပ်နေ၏။ မီးပုံများအလယ်တွင် သူတစ်ယောက်တည်း ရှိနေ၏။

သူ၏ လူများသည် ကျေး၏ လူများကို သုတ်သင်ရှင်းလင်းပစ်ရန် လိုက်ရှာနေကြပြီ ဖြစ်လေသည်။

'အား'

'အွန့်'



'အမလေး'

ရုတ်တရက် စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာ၏။

ချန်းစိမ်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။ အမှတ်တမဲ့ဆိုလျှင် သူ၏လူများက ကျေး၏လူများကို သုတ်သင် ရှင်းလင်းရာမှ ထွက်ပေါ်လာသည့် အော်ဟစ်သံများဟု ထင်မှတ်ရလိမ့်မည် ဖြစ်ပေသည်၊

သို့သော် ထိုသို့မဟုတ်သည်ကို ချန်းစိမ်း ကောင်းစွာသိပါ၏။

'ဝါးမှားသွားပြီ'

ဟု လွှတ်ခနဲ ရေရွတ်လိုက်၏။

စူးရှသော အော်ဟစ်သံများတွင် သူမှတ်မိနေသော ဝမ်းလိ၏ အသံလည်း ပါ၏။ အော်ဟစ်သံများမှာ သူ့လူများ၏ အသံများ ဖြစ်နေပေတော့သည်။

'ဝုန်း'

'အား'

'အမလေး'

စူးရှသော အသံများ ဆင့်ကဲဆင့်ကဲ ထွက်ပေါ်လာသည်။

ထို့နောက်အသံ ဗလံ ဟူသမျှ တိတ်ဆိတ် ကွယ်ပျောက်ကာ ငြိမ်ကျသွားတော့၏။ ချန်းစိမ်း စိတ်ဓာတ် ကျဆင်းသွား၏။

အဖော်မဲ့သည့် ဝေဒနာကို ချက်ချင်းပင် ခံစားလာရသည်။ စိတ်ပျက် လက်ပျက်ဖြစ်၍ မြေပေါ် ထိုင်ချရင်း ဟန်ပြင်ပြီးမှ ....

'ငါ စိတ်ဓာတ်ကျသွားရင် သူ့ကို အရှုံး ပေးလိုက်သလို ဖြစ်သွားမှာပေါ့၊ ရှုံးနိမ့်တဲ့လူကို ဘယ်သူက ချီးကျူး ကြမှာလဲ

ဒီအချိန်မှာ ငါ့ရဲ့ပိုင်ဘက်တွေဟာ အခုတော့ကို ခရီးရောက်နေကြတော့မယ်၊ ငါလဲ မဖြစ်မနေ ကြိုးစားရလိမ့်မယ်'

ဟူသော အတွေးဝင်လာလျှင် ရင်ကော့ကာ မားမား မတ်မတ် ရပ်နေလိုက်၏။

သူတစ်ယောက်တည်း ကျန်ရစ်ခဲ့သည် ဖြစ်သော်ငြားလည်း မိတ္တာမယ်တော်ကျွေအား ရင်ဆိုင်ရန် ခွန်အား သတ္တိများ ရင်ထဲ အပြည့်ရှိနေပြီ ဖြစ်လေသည်။

ထိုစဉ်....

'ဘယ်လိုလဲ ငါပြောတာ ယုံပြီလား'

စကားသံ တစ်ချက် ထွက်ပေါ်လာသည်ကို ကြားရ၏။

လှမ်းကြည့်လိုက်သောအခါ အဘွားအို(ဝါ)မိတ္တာမယ်တော်ကျွေ ပြန်လည်ရောက်ရှိလာသည်ကို တွေ့ရ၏။

ချန်းစိမ်းဟာ....

'ကျုပ်လူတွေကို ခင်ဗျား ရမယ်၊ ကျုပ်ကိုတော့ ခင်ဗျား ရမှာမဟုတ်ဘူး'

'မင်းတော်တော် အပြောကြီးပါလား'

'တကယ်ပြောတာဗျ'

'မင်းက ငါ့ရဲ့ သေဆူး ရှင်ဆူးကို လွတ်အောင် ရှောင်နိုင်ပါ့မလား'

'မယုံရင် စမ်းကြည့်လေ'

'ကောင်းပြီ'



စကားဆုံးလျှင် အဘွားအိုသည် ချန်းစိမ်းထံ ခုန်ဝင် တိုက်ခိုက် လာတော့၏။ ချန်းစိမ်းဟာ ပြန်လည် တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

သို့သော် တကယ်တမ်း ခုခံတိုက်ခိုက်ခြင်းမပြုဘဲ ပွတ်ကာသီကာ ရှောင်ပေးလိုက်၏။

အဘွားအို အရှိန်ဖြင့် သူ၏ဘေးမှ ဖြတ်ကျော်သွားသော အခါ မီးပုံထဲမှ မီးတောက်နေသည့်ထင်းတုံးတစ်တုံးကိုဆွဲယူကာ ပစ်ပေါက်လိုက်လေသည်။

အဘွားအို မနည်းလွတ်အောင် ရှောင်လိုက်ရ၏၊ ချန်းစိမ်း၏ ပရိယာယ်ကြောင့် ဒေါပွသွားလေသည်။

'ခွေးကောင်လေး တော်တော် ညစ်များတယ်'

ဟု ငေါက်လိုက်၏။

ချန်းစိမ်း ပြုံးလိုက်သည်။

'ခင်ဗျားဟာ လူတွေကို သေအောင်ရှင်အောင် လုပ်နိုင်တယ်လို့ လိမ်ပြောသေးတာပဲ၊ ကျုပ်ဟာ ညစ်များတော့ ဘာဖြစ်သလဲ'

'ဘာ....ဘာပြောတယ်၊ ငါက လိမ်ပြောတယ် ဟုတ်လား'

'ဟုတ်တယ်'

'ဪ် ငါ့ရဲ့ သေဆူး ရှင်ဆူးကို မင်းဟာ အထင်သေးနေတာကိုး၊ ကောင်းပြီ လက်တွေ့ ပြရသေးတာပေါ့၊ ဟေ့ တစ်ယောက် လာခဲ့စမ်း'

သူ့၏စကားသံနှင့် မရွေးမနှောင်းတွင် အမှောင်ရိပ်ထဲမှ လူတစ်ယောက် ခုန်ထွက်လာသည်ကို တွေ့ရ၏။

ထိုလူသည် ရှားသားတစ်ယောက် ဖြစ်ပေသည်။ ရှားသားအဘွားအိုရှေ့တွင် ဒူးထောက် ဂါရဝ ပြုလိုက်လေသည်။

အဘွားအိုက ချန်းစိမ်းကိုကြည့်ကာ....

'ခင်းယုံရင်ကြည့်ထား၊ ဟောဒါက သေဆူး'

စကားဆုံးလျှင် လက်တစ်ဖက် ဝေ့ယမ်းလိုက်၏။

သူမ၏ လက်ထဲဝယ် အနီရောင်နှင့်အနက်ရောင် သုတ်လိမ်းထားသည့် နှစ်ဖက်ချွန်ဆူးတလေးတစ်ချောင်းရှိနေပြီး အနက်ရောင်ဘက်အခြမ်းမှာ ဆူးချွန်ဖြင့် ဒူးထောက်နေသူ၏ ပခုံးကို ဆတ်ခနဲ ထိုးလိုက်ခြင်းကြောင့် မျက်စိလျင်သည့် ချန်းစိမ်း မြင်တွေ့သွားလေသည်။

ဒူးထောက်နေသူမှာ သေ့ကဲ့ညည်းညူကာ မြေပေါ်လဲကျသွားသည်။

အဘွားအိုက....

'ကဲ...မင်း စမ်းသပ်ကြည့်စမ်း'

ပြောပြီး ခင်လှမ်းလှမ်းသို့ ဆုတ်သွားလေသည်။

ထိုအခါ ရှားသားမှာ သေဆုံးနေပြီဖြစ်သည်ကို တွေ့ရလေသည်။

အဘွားအိုက....

'လူသေနေပြီ မဟုတ်လား၊ သေဆူးထိထားတဲ့လူဟာ ရှင်ဆူးနဲ့ ထိရမချင်း အသက်ပြန်မရှင်နိုင်ဘူး'



'ကျုပ်မယုံဘူး'

ချန်းစိမ်းက တခင် ပြောလိုက်ခြင်းဖြစ်၏။

အဘွားအိုက....

'မယုံရင်ကြည့်ထား'

ပြောပြောဆိုဆို ရှေ့တိုးလာကာ အနီရောင်ဆေး သုတ်ထားသည့်ခြမ်းမှ ဆူးချွန်ဖြင့် ရှားသား၏ပခုံးကို ဆတ်ခနဲ ထိုးလိုက်သည်။

ရှားသားမှာ အင်းခနဲ ညည်းညူကာ ငုတ်တုပ်ထိုင်လေသည်။ ချန်းစိမ်းမြှုံးလိုက်သည်။

သေဆူးရှင်ဆူးသည် အရေးကြီးလှသည်မဟုတ်တဲ့၊ ဆူးပေါ်၌ သုတ်လိမ်းထားသည့် ဆေးကသာ အရေးကြီးကြောင်း သဘောပေါက်သွားပြီ ဖြစ်လေသည်။

အဘွားအိုက....

'ကဲ...ဘယ်လိုလဲ၊ မင်းယုံပြီလား'

ဟု မေး၏။

ချန်းစိမ်း ခေါင်းညိတ်လိုက်သည်။

'ခင်ဗျား လက်တွေ့ပြလို့ ယုံပါပြီဗျာ၊ ဒါကြောင့် ခင်ဗျားသေဆူးရှင်ဆူး ကျုပ်ကို ပေးရမယ်'

'ဘာ'

'မပေးဘူးဆိုရင် ခင်ဗျား သေသွားလိမ့်မယ်'

'တောက်'

အဘွားအို ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

ချွန်းစိမ်းထံ ခုန်ဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

'ဒီမှာ ကြည့်ပါဦး'

ချွန်းစိမ်းက လက်နှစ်ဖက်ကို ဆန့်တန်းပြလိုက်သည်။ လက်ထဲငယ် ယမ်းထုပ်များရှိနေ၏။

ချွန်းစိမ်းက....

'ခင်ဗျားရဲ့ သေဆေးရှင်ဆေးကို မပေးဘူးဆိုရင် ယမ်းထုပ်တွေကို ကျုပ်က ဖောက်ခွဲပစ်လိုက်မယ်၊ ခင်ဗျား ကိုယ်တွေ ညာ ဆယ်ဆောက်တော်တော် ပြေးလို့ လွတ်မှာ မဟုတ်ဘူး'

အဘွားအိုမျက်နှာပျက်သွားလေသည်။

'မင်း တော်တော်ယုတ်မာတာပဲ'

'သေဆေးရှင်ဆေးကို ပေးပါ'

'မပေးဘူး'

'ကောင်းပြီ'

ချွန်းစိမ်းက ယမ်းထုပ်ကို မြှောက်ပေါက်ချရန် ဟန်ပြင်လိုက်လေသည်။ အဘွားအို မဲပြုံးပြုံးဖြင့်....

'ယမ်းထုပ်တွေ ပေါက်ကွဲသွားရင် မင်းရော လွတ်နိုင်မှာလား၊ မင်းလဲ သေရမှာပဲ'

ဟု ခနဲ့လိုက်၏။



ချွန်းစိမ်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်လဲ သေရမှာပဲ၊ ဒါပေမယ့် အဖော်ရှိတယ်လေကွာ'

'ဘာ'

'သေဆေးရှင်ဆေးကို ရရင် ကျုပ်အသက်ရှင်နေလို့တော့ ဘာထူးမှာလဲဗျ'

'မှင်း... မင်း'

'ကြားပါတယ်ဗျာ၊ ခင်ဗျားမပေးရင် ကျုပ်က ဖောက်ခွဲပစ်လိုက်တော့မယ်'

ချွန်းစိမ်းသည် ပြောသည့်အတိုင်း တကယ်လုပ်မည်ဖြစ်ကြောင်း တွေ့ရသဖြင့်....

'နေ... နေဦး'

'အဘွားအို ကပျာကယာ တားမြစ်လိုက်လေသည်။

ချွန်းစိမ်းက....

'ခင်ဗျား ပေးတော့မှာလား'

'နေပါဦး၊ မင်းကဘာကြောင့် လိုချင်ရတာလဲ'

'ကိစ္စရှိလို့ပေါ့ဗျာ'

'ဘာကိစ္စလဲ'

ချွန်းစိမ်းက ကျင်းလိမ်မြို့မှ သခင်မလေးကျင်းကျင်းနှင့် ဆက်ဆက်နိုင်ရန် တန်ဖိုးမဖြတ်နိုင်သည့် ရတနာပစ္စည်းကို ရှာဖွေနေသည့်အကြောင်း ရှင်းပြလိုက်လေသည်။

အဘွားအိုငိုင်သွား၏။

'မင်းက သေဆုံးရှင်ဆုံးကို အဖိုးမဖြတ်နိုင်တဲ့ ရတနာပစ္စည်း လို့ သဘောထားတယ်ပေါ့'

'ဒါပေါ့ဗျာ၊ သေဆုံးရှင်ဆုံးကလွဲပြီး တခြားဘာရှိနိုင်ဦး မှာလဲ'

အဘွားအိုက....

'ခင်းကိုငါ ပေးလိုက်သို့ မဖြစ်ဘူး'

ဟု ပြောသည်။

သူမ စိတ်လျှော့ လိုက်သည့်သဘောကို ချွန်းစိမ်းရိပ်မိ သဖြင့်

'ဒီ ဆိုချင်လဲ ကောင်းပါဗျာ၊ ကျုပ်ရဲ့ကိုစွပြီးရင် ခင်ဗျားကို ဆက်ဆက်ပြန်ပေးပါ့မယ်'

'မင်းကိုငါ ဘယ်လိုလုပ် ယုံရမှာလဲ'

ချွန်းစိမ်းက အနည်းငယ် စဉ်းစားလိုက်ပြီး....

'ကျုပ်လူဘတွကို အပေါင်ထားခဲ့မယ်လေဗျာ၊ ကျုပ်ရဲ့ကိုစွ ပြီးရင် သေဆုံးရှင်ဆုံးနဲ့ သာတိုကို လာရွေးယူပါ့မယ်'

အဘွား အိုသည် ချွန်းစိမ်းနှင့် ဖက်ပြိုင်နေလျှင် နှစ်ယောက် စလုံး အမြတ်မရှိဘဲ သေဆုံးသွားနိုင်သည်ကို တွေးမိ၏။

ထို့ကြောင့်....

'ကောင်းပြီ၊ မင်းလူဘတွအပြင် သေဆုံးရှင်ဆုံးငှားခ ကျုပ် ကို ရွှေဒင်္ဂါးသတ္တာ ပေးရလိမ့်မယ်၊ ဘယ်လိုသဘောရသလဲ'

'ရပါတယ်ဗျာ၊ ဒီအကောက်တော့ ကျုပ်အတတ်နိုင်ပါတယ်'

'မင်းကတိတည်ပါစေ'



အဘွားအိုက သေဆုံးရှင်ဆုံးကို ချွန်းစိမ်းရေ့သို့ ပစ်ချ ပေးလိုက်၏။ ထို့နောက် ချာခနဲလှည့်ကာ ပြေးထွက်သွား လေ၏။

ယခုတစ်ကြိမ် ချွန်းစိမ်းက တားမြစ်ခြင်း မပြုတော့ချေ။ အဘွားအိုသည် အစမှာင်ရိပ်သဲ တိုးဝင်သွားပြီး မြင်ကွင်း မှ ကွယ်ပျောက်သွားလေတော့သည်။

× × ×

ဒေါ်သမီးတောင်၊ မျက်လှည့်တောအုပ်၊ ကံကြမ္မာရေအိုင်

လေဝေ့ယမ်း တိုက်ခတ်လာသည်။

ဝန်းကျင်တစ်ခုလုံး ပွစာလောင်အိုက်စပ်နေ၏။

နင်းထားသော မြေကြီးပင် ပူလောင်နေသည်ဟု အာဝ္ဂီး ထင်မိလာသည်။

သူသည် မီးတောင်တစ်ခုပေါ်သို့ တက်နေရသည့်အဖြစ်ကို တောင်းစွာ နားလည်ထား၏။

သူတောင်းစား အတိုးအို ညွှန်ပြသည့် လမ်းခရီးတွင် မီးတောင်တစ်ခုကို ဖြတ်သွားရန် ပါရှိလေသည်။

ထိုမီးတောင်ကို သူတောင်းစား အတိုးအိုက ဒေါ်သမီးတောင်ဟု အမည်ပေးထား၏။



အာဝ္ဂီးသည် သောဇာ ကျေးရွာမှ ဖြတ်လာပြီး မိမိကိုယ်မိမိ ယုံကြည်မှုလျော့ကျသွား၏။

ကျင်းကျင်း၏ လှူ့အပေါ်ထားရှိသောမေတ္တာနှင့်ပတ်သက်၍ ယုံမှားသံသယ ဖြစ်ပေါ်လာသည်။ သူသည် ကျင်းကျင်းအတွက် အသက်စွန့် ထိုက်သည်လော။

အာဝ္ဂီး၏ နဖူးပေါ်ဝယ် ချွေးများစို့နေသည်။ ခပ်သုတ်သုတ် လျှောက်လှမ်းနေသည့် သူ၏ခြေလှမ်းများက တစ်နေရာအရောက်တွင် တုံ့ခနဲ ရပ်တန့်သွားလေသည်။

လူ၏ အရှေ့ဘက်တည့်တည့်တွင် နက်ရှိုင်းသော မီးတောင်တွင်းကြီး ရှိနေ၏။ ကျောက်တန်းတစ်ခုသည် မီးတောင်တွင်းထဲသို့ တိုးထွက်နေ၏။

ကျောက်တန်းမှာ မီးတောင်အလယ်သို့ ရောက်လျှင် အပိုင်းပိုင်း အဆစ်ဆစ် ပြတ်တောက်နေကာ ထိုအပိုင်းအဆင်များကြားမှ မီးလျှံများ တဟုန်းဟုန်း မြည်ကြွေးလျက် တိုးထွက်နေသည်ကို တွေ့မြင်ရလေသည်။

သူတောင်းစား အတိုးအိုသည် ကျောက်တန်းမှ ဖြတ်ကာ သွားရမည်ဟုမှာကြားလိုက်၏။

'ငါ ခက်ခဲလှပြီ။ မီးတောင်ထဲက ဖြတ်သွားရဦးမှာလား၊ ဘေးကပတ်ပြီး သွားလို့ လဲ ရတာပဲ'

တွေးပြီး မီးတောင်ဘေးမှပတ်ကာ လျှောက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် မီးတောင်ဘေးရှိ လူသွားလမ်းလေး၌ အဘိုးအိုတစ်ယောက် ထိုင်နေသည်ကို တွေ့မြင်ရလေသည်။

အာဝှီး ခြေလှမ်းရပ်လိုက်ပြန်သည်။ အတိုးအိုကို သေသေချာချာ ကြည့်လိုက်၏။ အတိုးအိုမှာ အသက် ခြောက်ဆယ်ခန့်ရှိပြီး မီးခိုးရောင် အဝတ်အစားများဝတ်ဆင်ထား၏။

လမ်းပေါ်တွင် တင်ပျဉ်ခွေထိုင်ကာ သူ့အား ပြုံးစစဖြင့် ကြည့်နေသည်ကို တွေ့ရ၏။

အာဝှီး မျက်မှောင်ကြုတ်သွား၏။ ထိုအတိုးအိုအား တစ်ကြိမ် တစ်ခါမှ သူမတွေ့ဘူးခဲ့ပါချေ။

အတိုးအိုအားမှ ကွေ့ပတ်ရှောင်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် အတိုးအိုက....

'တော်တော်သတ္တိကြောင်တဲ့ မောင်လေးပဲ'

ဟု ပြောလာလေသည်။

'ဗျာ'

အာဝှီး ခြေလှမ်း တုန့်ခနဲ ရပ်သွား၏။

အတိုးအိုကို နားမလည်နိုင်စွာ ကြည့်လိုက်လေသည်။

အတိုးအိုက....

'ဒေါသမီးတောင်က မီးအပူရှိန်ကို ခံနိုင်ရင် တစ်ကိုယ်လုံး သံတွေခဲ့လို မာကျောသွားနိုင်တယ်ဆိုတာ မင်းမသိဘူးလားကွ'

'ဗျာ'

'မင်းကလဲ တဗျာဗျာနဲ့ တော်တော်တုံးတဲ့ကောင်၊ သတ္တိကြောင်လိုက်တာလဲ လွန်ပါရော'

အာဝှီး ဒေါပွသွားသည်။



'ဦးလေးဘာတယ်သူလဲ၊ ဘာကြောင့် ကျွန်တော့်ကို သတ္တိကြောင်တယ်လို့ ရှုတ်ချနေရတာလဲ'

'ငါပြောတာ မဟုတ်ဘူးလားကွ၊ သတ္တိရှိရင် မီးတောင်ကို ဖြတ်သွားမှာပေါ့၊ မင်း... သတ္တိရှိလို့ ကွေ့ပတ်သွားချင်တာ မဟုတ်လား'

အာဝှီး ပါးစပ်ပိတ်ထားလိုက်လေသည်။

အတိုးအိုက...

'မင်းဟာ တကယ်တမ်း သတ္တိမရှိတဲ့ ကြောက်တတ်တဲ့ကောင်လေးပဲ ဖြစ်ရမယ်၊ မင်းကိုယ်မင်းတော့ လူတော်ကြီးလို့ ထင်နေမှာပေါ့လေ'

'ခင်...ခင်ဗျား'

'ဘာလဲ၊ မင်းငါ့ကို မကျေနပ်လို့လား၊ ငါ့ကိုတိုက်ခိုက်ဝံ့အောင် မင်းမှာသတ္တိရှိလို့လား'

အာဝှီး ဒေါသထွက်သွားသည်။

လက်သီး ကျစ်ကျစ်ပါအောင် ဆုပ်ကာ တိုက်ခိုက်ရန်ဟန်ပြင်မိ၏။ သို့သော် ပြုံးနေသည့် အတိုးအို၏ မျက်နှာကို ကြည့်ကာ မတိုက်ခိုက်ဖြစ်ပါချေ။

'ငါ့ရဲ့ရန်သူလဲ မဟုတ်ဘူး၊ ငါနဲ့သိကျွမ်းတာလဲမဟုတ်ဘူး၊ သူပြောတာတွေက မှန်နေတာပဲ၊ ငါသာသတ္တိရှိရင် မီးတောင်ကို ဖြတ်သွားရဲရမှာပေါ့၊ ဖြတ်လို့မရတဲ့ ငါ့ကိုလမ်းညွှန်လိုက်မှာ မဟုတ်ဘူး'

ရှတ်ဘရက် ကိုယ့်ကိုကိုယ် ဆင်ခြင်လာနိုင်မိ၏။

လက်သီးဆုပ်ကို ဖြေလျှော့ကာ လက်ကိုတွဲလောင်းချလိုက်ပြီး....

'ဦးပြောတာ မှန်ပါတယ်ခင်ဗျာ၊ ကျွန်တော်ဟာ သတ္တိမရှိလို့ မီးတောင်ကို ဖြတ်ကာသွားတဲ့ ဘေးအန္တရာယ်က ပြေးသွားဖို့ စိတ်ကူးမိတာပါ'

ဟု အမှန်အတိုင်း ဝန်ခံလိုက်လေသည်။

'ဟား...ဟား....ဟား'

အတိုးအိုအား သဘောကျစွာ ရယ်မောလိုက်ပြီးမှ...

'သတ္တိမရှိတဲ့လူကို ဘယ်သူမှ လူရာမသွင်းကြဘူးကွ၊ တယ်မိန်းမလေးတွေမှာလဲ ဘာကြင်ဖော်အဖြစ် မှန်ရွေးချယ်ချင်ကြဘူး'

ဟု ပြောလေသည်။

အာဝှိုး သက်ပြင်းချလိုက်သည်။

အတိုးအိုအား လက်နှစ်ဖက် ဆုပ်ကာ ဦးညွှတ်လိုက်ပြီး....

'ဦးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ကျွန်တော့်ကိုခွင့်ပြုပါဦး'

ဟု ပြောလိုက်လေသည်။

အတိုးအို ထိုင်ရာမှ ထတ်ခနဲ ခုန်ထကာ....

'မင်း ဘယ်သွားမလို့လဲကွ'

ဟု မေးသည်။

အာဝှိုးက...



'ကျွန်တော် သတ္တိရှိအောင် ကြိုးစားမလို့ဗျာ'

စကားဆုံးလျှင် မီးတောင်နှုတ်ခမ်းဝသို့ ဦးတည်လျှောက်သွားလေတော့သည်။

× × ×

'ဝုန်း....ဝုန်း'

မီးတောက်မီးလျှံများ တဝုန်းဝုန်းမြည်ကာ အပေါ်ဘက်သို့ တိုးထွက်နေ၏။ အာဝှိုး အံတင်းတင်းကြိတ်လိုက်သည်။

စိတ်ကိုတည်ငြိမ်အောင်ထားကာ အတွင်းအားကို စုစည်းလိုက်သည်။ ထို့နောက် ကျောက်တန်းပေါ်သို့ စတင်ခြေလှမ်းလိုက်လေသည်။

ကျောက်တန်းမှာ နှစ်ပေခန့်ကျယ်ပြီး လူတစ်ယောက်သွားသာရုံကလေးရှိ၏။ ခြေချော်ကျသွားလျှင် မည်သည့်နည်းနှင့်မျှ အသက်ရှင်နိုင်မည် မဟုတ်ပေ။

အောက်တွင် ပွက်ပွက်ဆူနေသော ချော်ရည်များရှိနေသည်ကို တွေ့ရ၏။ အာဝှိုးက ရှေ့သို့တစ်လှမ်းချင်း လျှောက်သွား၏။

တိုးထွက်နေသည့် မီးလျှံများသည် ထူ့အား လှမ်းဆွဲတော့မည့်အသွင် ရှိနေ၏။ ပူလောင်မှု လွှမ်းမိုးနေရကား ချွေးများပြိုက်ပြိုက် ကျလာတော့သည်။

သို့တိုင်အောင်းတင်းကာ ရှေ့သို့လျှောက်သွား၏။ အပူဒဏ်ကို ကြံ့ကြံ့ခံ၍ လျှောက်သွားရာ ကျောက်တန်းအဆုံးသို့ ရောက်သွား၏။

အရှေ့ဘက်တွင်အခြားကျောက်တန်းတစ်ခုရှိနေပြီး ဆယ်ပေခန့်ကွာဝေးလေသည်။ အာဂ္ဂီး အံကြိတ်လိုက်သည်။

‘ဒီနေရာကို ရောက်လာပြီးမှတော့ နောက် လှည့် မ ပြန်တော့ဘူး’

ဟု ဆုံးဖြတ်ချက်ချကာ ရှေ့သို့ အားယူခုန်လိုက်၏။

သူ၏ခန္ဓာကိုယ်သည် မီးတောက်မီးလျှံများကြားမှဖြတ်ကာ ဘက်ကျောက်တန်းပေါ်သို့ ညင်သာစွာ ကျ ရောက် သွားလေသည်။

မီးအပူရှိန်ဟပ်မှုကြောင့် အသက်ရှူ ကြပ်နေသည်မှအပ အသက်ရှင်နေသေးသဖြင့် ဝမ်းသာမိ၏။

‘ဒီနေရာမှာ ကြာကြာနေလို့တော့ မဖြစ်ဘူး’

အာဂ္ဂီးက နောက်ထပ် ကျောက်တန်းများဆီသို့ လှမ်းခုန်ကူးလိုက်၏။ သုံးလေးကြိမ် ခုန်ကူးပြီးလျှင် မီးတောက်တင်ဘက်သို့ ချောချောမောမော ရောက်ရှိသွားလေသည်။

‘ဖျောင်း….ဖျောင်း….ဖျောင်း’

လက်ခုပ်တီးသံများ ထွက်ပေါ်လာ၏။



အာဂ္ဂီး လှမ်းကြည့်လိုက်သောအခါ လှမ်းလေမ်းတွင် မီးခိုးရောင် ဝတ်ဆံ ထားသည့်အဘိုးအိုရပ်နေသည်ကိုတွေ့ရ၏။

အဘိုးအိုက….

‘မင်း ဘယ်ဆိုလို့တုန်း ငါလိုအတွက်ရှိမှပေါ့ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရင် ဘယ်လိုအခက်အခဲမဆို ကျော်ဖြတ်နိုင်တယ်ဆိုတာ ခင်းအမြင်ပဲ မဟုတ်လား’

ဟု ပြောလေသည်။

အာဂ္ဂီးက လက်နှစ်ဖက် ဆုပ်ကာ ဦးညွှတ်လိုက်သည်။

‘အခုလို ဆုံးလေမ်းညွှန်ပေးတာကို ကျေးဇူးတင်ပါတယ် ခင်ဗျာ’

ဟု ပြောလိုက်၏။

အဘိုးအို လက်ဝေ့ယမ်းပြလိုက်သည်။

‘ကဲ… ကဲ….သွားစရာရှိတာ သွားပေတော့’

အာဂ္ဂီးလည်း အဘိုးအိုကို နှုတ်ဆက်ကာ ရှေ့ရှိဆက်လာခဲ့၏။ မကြာမီ ချော မျက်လှည့်တောအုပ်ဆီသို့ ရောက်ရှိသွားလေတော့သည်။

မျက်လှည့်တောအုပ်…

တောကောင်းစား အတိုးအိုးခဂ(၁)သည့် အခန့်ညီမှာ ရယ်စရာ ကောင်း ... သည့်ဟု အ ... ထင်မိလေသည်။

သို့သော် တောအုပ်ထဲသို့ခြေချမိသည်နှင့် ရယ်စရာမကောင်းတဲ့ ကြောက်စရာ ကောင်းနေကြောင်း နား လည် လာ ရ လေ တော့သည်။

တောအုပ်ထဲဝယ် စိမ်းလန်းသော သစ်ပင်များ အစီအရီ ပေါက်နေ၏။

အပွင့်နီနီဒုံ့ရဲရဲရှိသော တောပန်းများ၊ ရွက်ကျ ပင် ပေါက် များသည်း တွေ့ရ၏။ သန့်ရှင်းသာယာလှသဖြင့် တောအုပ်နှင့် မတူတဲ့ ဂရုတစိုက်ပြုပြင်ထားသည့် ပန်းဥယျာဉ်တစ်ခုနှင့်ပင် တူနေပေတော့သည်။

သာယာလှပပြီး ပန်းဥယျာဉ်နှင့်တူသည့် မျက်လှည့်တော အုပ်မှာ ကြောက်စရာကောင်းနေသည်ဟု အာဝိုး ထင်မိခြင်းမှာ…

အာဝိုးသည် တောအုပ်အတွင်းသို့ ခပ်သွက်သွက် လှမ်းဝင် လာခဲ့သည်။ မျက်လှည့်တောအုပ်ကိုကျော်ဖြတ်ပြီးလျှင်ကံကြမ္မာ ရေအိုင်သို့ ရောက်မည်ဖြစ်သည်။

ကံကြမ္မာရေအိုင်သည် သူ့အတွက် ခရီးဆုံးဖြစ်ပေသည်။ လောကဓမ္မာဝယ် အဖိုးဖြတ်နိုင်သည့် တောနှာအစစ်အမှန်ကို ကံကြမ္မာရေအိုင်တွင် တွေ့ရမည်ဖြစ်သည်။



ထို့ကြောင့် အမြန်ဆုံးအရောက် သွားလိုနေခြင်း ဖြစ်ပေ တော့သည်။ အတန်ကြာ လျှောက်သွားမိသည့်တိုင် တောအုပ် တစ်ဘက်သို့ ရောက်မသွားသေးတဲ့ ဖြစ်နေ၏။

အာဝိုးတအားကုန်၍ လျှောက်သွားပြန်သည်။ တောအုပ်သို့ အလွယ်တကူဖြတ်ကျော်နိုင်မည်ထင်သော်လည်း အချိန်များအတ တရွေ့ရွေ့ကုန်ဆုံးသွားသည် တောအုပ်တစ်ဘက်သို့ ရောက် မသွားနိုင်တဲ့ ဖြစ်နေရ…

'ဘာသ်လို့ဖြစ်တာလဲ'

အာဝိုးခြေလှမ်းရပ်ကာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့် လိုက်မိ၏။ အရပ်လေးမျက်နှာ အားလုံးလိုလို တပုံစံတည်း တူညီနေသည်ကို တွေ့ရလေသည်။

အာဝိုး ခေါင်းယမ်းလိုက်သည်။ ဘယ်လိုပင်ကြည့်ကြည့် ခွဲခြားရအောင်တူနေသည့်အဖြစ်ကို အံ့သြခဆုံးအောင် ဖြစ်နေ ရသည်။

သူ့အာ တောအုပ်အတွင်းသို့ မည်သည့်နေရာမှ၍ ဝင်လာခဲ့ သည်ကိုမမှန်းဆနိုင်တော့သလို မည်သည့်ဘက်မှ ထွက်ရမည် ကိုလည်း မဝခွဲခြ ဖြစ်လေသည်။

'တိုဘက်ကို ဦးတည်သွားမယ်'

အာဝိုးသည် တစ်နေရာဆီသို့မှန်းကာ လျှောက်သွား၏။ အတန်ကြာ သွားမိပြန်သော်လည်း တောအုပ်ထဲမှ မထွက်နိုင် သေး။

တောအုပ်ထဲဝယ် တဲဝဲလည်လည်ဖြစ်နေမှန်း နားလည် သဘောပေါက်လာတော့၏။

'ဒုက္ခပဲ ထွက်ပေါက်မတွေ့တော့ဘူး၊ မျက်စိလည်နေပြီး ခါကြောင့် မျက်လှည့်တောအုပ်လို့ ပြောတာဖြစ်ရမယ်'

အာဝဇ္ဇ်းက ညည်းညူရင်း စိတ်ပျက်လက်ပျက် ဖြင့် မြေပေါ် ထိုင်ချလိုက်၏။ ထိုစဉ် အဝေးမှ တေးသီချင်းသံများ ပျံ့လွင့် လာသည်ကို ကြားလိုက်ရလေသည်။

အာဝဇ္ဇ်းခေါင်းထောင်လာသည်။ လှမ်းကြည့် လိုက်သော အခါ လူတစ်ယောက်သည် တေးသီချင်း တစ်ပုဒ်ကို ညည်းဆို လက်နှင့်ဖက် နောက်ပင်လျက် ကိုယ့်အိမ် ကိုယ့်ယာ ပြန်လာနေ သူပမာ အေးအေး ဆေးဆေး လျှောက်လှမ်း လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဟာင် မီးတောင်ဈေးမှာ တွေ့ခဲ့ရတဲ့ အဘိုးအို ပါလား'

အာဝဇ္ဇ်း လွတ်ခနဲ ရေရွတ်လိုက်၏။

မှန်ပေသည်။ တေးသီချင်းညည်းကာ လှမ်းလာနေသည့် အဘိုးအိုမှာ ဒေါ်သမီးတောင် နံဘေး၌ တွေ့ခဲ့ရသည့်မီးခိုးရောင် ဝတ်ဆင်ထားသော အဘိုးအို ဖြစ်ပေသည်။

အဘိုးအိုသည် အာဝဇ္ဇ်းကို တွေ့သည်နှင့်....

'ဟော မောင်လေး မင်း စိတ်ပျက်နေပြန်ပြီလား'

ဟု လှမ်းမေးလေသည်။

အာဝဇ္ဇ်းက....

'ကျွန်တော် မျက်စိလည်နေတယ်ဗျ'

အမှန်အတိုင်း ဝန်ခံလိုက်လေသည်။



အဘိုးအိုက....

'မျက်စိလည်မှာပေါ့၊ မင်းက အမှတ် သညာ မရှိတာကိုး၊ ဘာမဆို ပေါ့ပေါ့ ဆဆ လုပ်တတ်တာ ထင်ရှားနေတာပဲ၊ ပေါ့ပေါ့နေ ပေါ့ပေါ့စား စိတ်ရှိရင် တစ်သက်လုံး ဒုက္ခရောက် နေရတတ်တယ်ဆိုတာ မှတ်ထားကွ'

ဟု ပြစ်တင်ပြောဆိုလာ၏။

အာဝဇ္ဇ်း ငြိမ်နေလိုက်လေသည်။

အဘိုးအိုက....

'တကယ်လို့ များ တောအုပ်ထဲ ဝင်လာတာတည်းက ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် စေပဲ၊ သတိ ထားလာခဲ့မယ်ဆိုရင် မျက်စိလည်စရာ အကြောင်းရှိပါ့မလဲ။ အခုတော့ လွယ်လွယ်ဝင်ပြီး လွယ်လွယ်ထွက်လို့ ရမယ်ထင်တဲ့ အလွယ်ကြိုက်တဲ့ စိတ်က မင်းကို ဒုက္ခပေးနေပြီပေါ့'

အာဝဇ္ဇ်း မျက်နှာနပ် ဖြစ်သွား၏။

'ကျွန်တော်က'

သူက ပြန်လည် ချေပရန် ဟန်ပြင်ပြီးမှ ဆက်မပြောဘဲ နေလိုက်၏။ အဘိုးအို ပြောသည့် စကားများ မှန်ကန်နေသည် မဟုတ်ပါလား....

ထို့အပြင် ငြင်းခုံခြင်း ဒေါသဖြစ်ခြင်း ပြီးစလွယ် လုပ်တတ်ခြင်း စိတ်ရှည်ခြင်း သည်းခံခြင်းတို့၏ အကျိုး ရှိကြောင်း ဆင်ခြင်မိ၍ ဖြစ်လေသည်။

အဘိုးအိုက ...

'ဘာလဲ မင်းက စောစောက ဘက်ချင်သေးလို့လား'

ဟု မေးလေသည်။

အာဝုဂ်း ဘာမှမပြောဘဲနေလိုက်သည်။

အဘိုးအိုက...

'မင်းထိုင်နေရုံနဲ့ ထွက်ပေါက်တွေ့မယ် ထင်သလား'

'ကျွန်တော် ကြိုးစားပြီး ရှာမှာပေါ့'

'မင်းကို ငါက ကူညီမယ်လို့ စောစောက မထင်လိုက်နဲ့နော်၊ ငါက ကူညီမှာ မဟုတ်ဘူးကွ'

အာဝုဂ်း မချင့်မရဲ ဖြစ်သွားပြန်သည်။

သို့သော် မကူညီလျှင်လည်း စိတ်ဆိုးစရာ မလိုဟု တွေးမိသဖြင့် ဒေါသစိတ်ကို အလျင်အမြန် ချုပ်တီးလိုက်၏။

ပြုံးရွှင်စွာ မျက်နှာထားဖြင့်...

'ကိစ္စမရှိပါဘူး ခင်ဗျား။ ကျွန်တော့်ဘာသာ ကြိုးစားပြီး ထွက်လမ်းရှာပါ့မယ်'

ဟု ပြောလိုက်လေသည်။

အဘိုးအိုက...

'သူတပါးကို အားကိုးချင်တယ်ဆိုတဲ့ စိတ်ဟာလဲ ဆယ်ဘောမှ ကောင်းကျိုးပေးမှာ မဟုတ်ဘူး၊ အို ရှပ်ပါတယ်၊ ဝါ ပြောပြလို့လဲ မင်းနားလည်မှာ မဟုတ်ပါဘူး၊ ငါသွားတော့မယ်'

စကားဆုံးလျှင် ချာခနဲ လှည့်ကာ ထွက်သွားလေသည်။



အာဝုဂ်းက ဟန်ဆောင်ရန် စဉ်းစားမိ၏။ သို့သော် သူတပါးအားကိုးသည်ဟု အပြောခံလိုသဖြင့် တအားဆီး ခြင်း မပြုဘဲ နေလိုက်ရလေသည်။

အဘိုးအိုမှာ သစ်ပင်များ ကြားဝယ် ခဏချင်းပင် ပျောက်သွားချင်း မြင်ကွင်းမှ ကွယ်ပျောက် သွားလေတော့သည်။

* * *

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားပြန်သည်။

အာဝုဂ်းသည် မျက်လှည့်တောအုပ်ထဲ၌ပင် ရှိနေသေး၏။

သူသည် တောအုပ်ထဲမှ ထွက်သွားနိုင်မည့် နည်းလမ်းကို တွေးတောစဉ်းစားနေခြင်း ဖြစ်ပေသည်။

သစ်ပင်များကို ငေးကြည့်ပါသဖြင့် အတန်းလိုက်အတန်းလိုက် စိုက်ပျိုးထားခြင်းဖြစ်ပေသည်။

ထို့ကြောင့် သစ်ပင်များကို ခဏပတ်ကာ လျှောက်သွားလျှင် ကော်ဘာထဲ ပိတ်မိနေပြီး ထွက်ပေါက် တွေ့တော့မည် မဟုတ်ပါချေ။

အတန်ကြာ တွေးတောစဉ်းစားပြီးမှ အကြံတစ်ခုရလာသည်။

'ဟုတ်ပြီ၊ ဒီနည်းကို စမ်းကြည့်ရမှာပဲ'

အာဝိုး ခုန်ထလိုက်သည်။

ရှေ့တည့်တည့်သို့ လျှောက်သွားလိုက်သည်။ သစ်ပင်တစ်ပင်သည် သူ၏သွားလမ်းကို ပိတ်နေသည်။

အမှန်အတိုင်းဆိုလျှင် ကွေ့ပတ်ကာ လျှောက်သွားရမည်ဖြစ်သည်။ အာဝိုးက ကွေ့ပတ်မသွားပဲ သစ်ပင်ဆီသို့ တည့်တည့် မတ်မတ် လျှောက်သွား၏။

သစ်ပင်ကြီးနှင့် ရင်ချင်းအပ်မိလုတတ် နီးကပ်စွာ ရောက်ရှိသွားမှ သစ်ပင်ကို ကွေ့ပတ်လိုက်၏။

သစ်ပင်တစ်ဘက်သို့ရောက်လျှင် ပင်စည်ကို ကျောပြု၍ ထပ်လိုက်၏။ သူသွားခဲ့သည့်လမ်းတွင် သစ်ပင်ကြီး ခံမနေလျှင် ရောက်ရှိနေမည့် အနေအထားအမှန်အတိုင်းရအောင် ချိန်ထားလိုက်၏။

ထို့နောက် ရှေ့ဆက်လျှောက်သွား၏၊ ခြေလှမ်းသယ်လှမ်းခန့် လျှောက်မိလျှင် သစ်ပင်ရှေ့မှာခံနေပြန်သည်။

အာဝိုးက ရှေ့နည်းမျိုး ဖြတ်ကျော်ကာ ရှေ့ဆက်လျှောက်သွား၏။ သူသွားပုံမှာ သစ်ပင်များ ခံနေသဖြင့် ကွေ့ပတ်သွားရခြင်းမျိုး မဟုတ်တော့ဘဲ မျဉ်းဖြောင့်အတိုင်း တသမတ်တည်း သွားနေပုံမျိုးဖြစ်၏။

ပိတ်ဆို့နေသော သစ်ပင်ကိုကွေ့ကာ လာလမ်းနှင့် ချိန်ထားလိုက်ပြီးမှ ဆက်လျှောက်သဖြင့် သူ၏ ခရီးသမ်းမှာ တစ်ဖြောင့်တည်းရှိကာ သစ်ပင်များ ကြားခံ မရှိတော့သည့် သဘောမျိုး ဖြစ်သွား၏။



ထိုနည်းအတိုင်း ရှေ့သို့ တစိုက်မတ်မတ် လျှောက်သွားရာ နေဝင်ဆည်းဆာအချိန်တွင် မျက်လုံးတောအုပ်အပြင်ဘက်သို့ ရောက်ရှိသွားလေတော့သည်။

+ +

နေဝန်းနီမှာ အနောက်ဘက်ဖွင့် ငုပ်လျိုး ကွယ်ပျောက်သွားတော့မည်ဖြစ်ပေသည်။

မျက်လှည့်တောအုပ်သည် နောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်၏။ အာဝိုးက ရွှင်လန်းတက်ကြွစွာဖြင့် ရှေ့ဆက်လျှောက်သွားခဲ့၏။

ဆည်းဆာရောင်ခြည်သည် ဝန်းကျင်တစ်ခုလုံး သာယာလှပနေပါ၏။ မကြာမီ နေ့အာကုန်ဆုံးသွားပေတော့သည်။

'ညကြီးမိုးချုပ် ခရီးဆက်ဖို့ မလွယ်ဘူး၊ နားစရာနေရာရှာမှပဲ'

အာဝိုးက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။

ထိုအခါ အရှေ့ဘက်မှလှမ်းမကာမီးတွင် ရေကန်ကြီးတစ်ခုရှိနေသည်ကို တွေ့မြင်ရလေသည်။

အာဝိုး အံ့သြသွား၏။

'ဒါ...ဒါ ကံကြမ္မာရေအိုင်များလား'

ထိုသို့အားတွေးဝင်လာသည်နှင့် သူ၏ ခြေလှမ်းများသည် ရေအိုင်ကြီးရှိရာသို့ အလိုလိုလှမ်းသွားမိလေတော့သည်။

ရေအိုင်ကြီးမှာ လွန်စွာမှပင် ကြီးမားလှသည်။ ရေအိုင်အလယ်တွင် အိမ်ကလေးတစ်လုံးရှိနေ၏။

ခလင်းရောင်အားနည်းသွားပြီမို့ ထိုအိမ်ကလေး မှမီးရောင်အချို့ ထွက်ပေါ်နေသည်ကို တွေ့မြင်ရလေသည်။

အာဝုဓ်သည် ရေအိုင်စပ်တွင်ရပ်ရင်း မီးရောင်ထွက်ပေါ်သည့် အိမ်ကလေးဆီသို့ လှမ်းမျှော်ကြည့်နေမိပါ၏။

အိမ်ကလေးဆီသို့ကူးရန် တံတားရှိသလို ကူးတို့လှေလည်း မရှိပါချေ။

'ဘယ်လိုလူက ရေအိုင်ထဲမှာ အိမ်ဆောက်ပြီးနေပါလိမ့်'

အာဝုဓ်း တွေးမိလိုက်သည်။

ဘစ်ဆက်တည်းပင် သူ ကောင်းစားအတိုးအိုမှကြားလိုက်သည့် စကားများကို ကြားယောင်လာလေသည်။

'ကံကြမ္မာရေအိုင်မှာနေတဲ့ ကံကြမ္မာအတိုးအိုနဲ့ တွေ့ပြီးရင် လောကပေါ်မှာ အဖိုးဖြတ်နိုင်တဲ့ ရတနာကို ရပြီသာမှတ်ပေတော့'

အာဝုဓ် စိတ်လှုပ်ရှားလာသည်။

ပန်းတိုင်ရောက်ရန် လယ် ခရီးတစ်ကမ်းမျှသာ ရှိတော့သည်။ ထက်ဝါနှစ်ဖက်ကို ကာတော့ထားမယ် ပြုလုပ်ကာ...

'ကံကြမ္မာအတိုးအို ရှိပါသလား ခင်ဗျာ'

ဟု အော်ပြောလိုက်လေသည်။



သူ၏အသံသည် ဆန်းရေပြင်ကိုဖြတ်သန်းကာ တိုက်ခတ်နေသည့် လေ ပြည်နှင့်အတူ အဝေးသို့ လွင့်ပျံ့သွားလေသည်။

မရှေးမနှောင်းမှာပင်...

'ဘယ်သူလဲဟေ့'

အိမ်ကလေးမှ အသံတစ်ခုက် ပြန်လည်ထွက်ပေါ်လာ၏။

အာဝုဓ် အားတက်သွားသည်။

'ကျွန်တော် အာဝုဓ်ပါ၊ ဦးကိုတွေ့ဖို့ ခရီးဝေးက လာခဲ့ရပါတယ်ခင်ဗျာ၊ ကျွန်တော့်ကို လာခွင့်ပြုပါ'

'ကောင်းပြီ လာခဲ့'

ကံကြမ္မာအတိုးအိုသည် လာခွင့်ပြုလေပြီ ဖြစ်လေသည်။

သို့သော် အိမ်ကလေးဆီသို့ရောက်အောင် မည်သို့မည်ပုံ ဖြတ်သွားရမည်ကို စဉ်းစားရခက်တဲ့ ဖြစ်နေ၏။

လှေတစ်စီးမရှိဘဲ လျှောက်သွားနိုင်မည်မဟုတ်ပေ။

အာဝုဓ် တွေဝေနေစဉ်...

'မင်းမလာသေးဘူးလား'

အိမ်ကလေးဆီမှ စကားသံ ထွက်ပေါ်လာသည်ကို ကြားရလေသည်။ အာဝုဓ် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

'ကျွန်တော် လာပါမယ်'

'လာမယ်ဆိုရင်မြန်မြန်လာ၊ ဖော်ကြာ ငါထွက်သွားလို့ မင်းစောင့်နေရဦးမယ်၊ ငါက တစ်နှစ်နေလို့ တစ်ခေါက် အိမ်ပြန်ရောက်တာ မဟုတ်ဘူးကွ'

ထိုစကားကြားလျှင် အာဝုဓ်မျက်လုံးပြူးသွားလေသည်။

ကံကြမ္မာအတိုးအဲ့ မည်သို့မည်ပုံ ထွက်သွားမည်ကိုပင် မှန်းဆ၍ မစဉ်းစားနိုင်ပါတော့ချေ။

'ထေးဘူး ရေကူးသွားရမှာပဲ'

သူဟာ ဆုံးဖြတ်ချက်ချပြီး ရေထဲဆင်းလိုက်သည်။

ထို့နောက် ကြိုးစားကူးခတ်လိုက်လေသည်။ ဆန်ခရေမှာ ကြောက်မက်ဖွယ်ကောင်းအောင် အေးစိမ့်နေသည်။

သွေးခဲမတတ် ခံစားလိုက်ရခြင်းကြောင့် အာရုံး ထိုင်းသွား၏။

'ဒုက္ခပဲ အိမ်အခုလားကိုမရောက်ခင် သွေးခဲပြီး သေလိမ့်မယ်'

သူဟာ အားကုန် ကူးခတ်လိုက်၏။

ခြေလက်များ ဆန့်တန်း ကူးခတ်လိုက်ရာ ရုတ်တရက် သူ၏ ခန္ဓာကိုယ်၌ အပူစီးကြောင်းတစ်ခု ဖြစ်ပေါ်လာသည်ကို သတိပြုမိလိုက်၏။

ဒေါသမီးတောင်ကို ဖြတ်ကျော်စဉ်က သူ၏ ခန္ဓာကိုယ်ထဲ စိမ့်ဝင်ပျံ့နှံ့နေသော အပူဓာတ်များ ငှပ်လျှို့နေရာမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ထိုသို့ အပူဓာတ် ထွက်ပေါ်လာလျှင် အေးစိမ့်နေသော ဆန်ရေထဲ ကူးခတ်နေရသည်မှာပင် နေသာသလို ရှိနေတော့၏။

မောင်း နှမ်းနယ်သူ့အား ကွယ်ပျောက်သွားသည်၊ တစ်ကိုယ်လုံး ပေါ့ပါး လန်းဆန်းလာသည်။



ထူးစာ အနည်းငယ် လှုပ်ရှားလိုက်သည်နှင့် ရှေ့သို့လျင်မြန်စွာ ရွေ့လျားသွားလေသည်။

အတန်ကြာလျှင် ဆန်ထဲမှ အိုင်ကလေးဆီသို့ ဆိုက် ဆိုက် မြိုက်မြိုက် ရောက်သွားလေတော့သည်။

ရတနာ

ကန့်ထဲမှ အိမ်ကလေး....
အာဝှိုး အိမ်ကလေးပေါ် လှမ်းတက်လိုက်သည်။
တစ်ကိုယ်လုံး ရွှဲနစ်နေသော ရေများ ခါထုတ်လိုက်ပြီး—
'ကျွန်တော်ရောက်လာပါပြီ ခင်ဗျာ'
ဟု ပြောလိုက်လေသည်။
ထိုအခါ အိမ်ထဲမှ...
'ဝင်ခဲ့'
စကားသံ ထွက်ပေါ်လာ၏။



အာဝှိုးလည်း အိမ်ထဲလှမ်းဝင်လိုက်လေသည်။ မီးအိမ်တစ်လုံး ထွန်းညှိထားခြင်းကြောင့် အိမ်ထဲဝယ် လင်းထင်းချင်းချင်း ရှိနေ၏။
အိမ်ထဲဝယ် အဘိုးအိုတစ်ယောက် ထိုင်နေသည်။
အဘိုးအိုမှာ ဒေါသမီးတောင်တွင် စတင်တွေ့ခဲ့ရသော အဘိုးအို ဖြစ်လေသည်။
အာဝှိုး ကြောင်အမ်းအမ်းဖြစ်သွားပြီး....
'ဦး... ဦးက'
'ဟာကွာ၊ ငါက ကံကြမ္မာ အဘိုးအိုဆိုတာ မင်းမှမယုံတူးလား'
အဘိုးအိုက ပြုံးစစဖြင့် မေးလေသည်။
အာဝှိုး ညည်းသို့ပြောရမှန်းမသိအောင် ဖြစ်နေ၏။
အဘိုးအိုက...
'ဒွဲလို့ လဝီရိယ ရှိသူတွေ ကိုယ်ကျင့်တရား ကောင်းမွန်သူတွေရဲ့ ကံကြမ္မာဟာ အကောင်းတရားကို ဖန်တီးတယ်၊ ကောင်းကျိုးသာ ခံစားစေနိုင်တယ်၊ ငါက ဒီလိုလူမျိုးတွေကို ချမ်းသာသုခ ပြည့်ဝအောင် ဖန်တီးပေးနေတော့ ကံကြမ္မာ အဘိုးအိုလို့ ခေါ်ထိုက်တူလားကွာ'
အာဝှိုး သက်ပြင်းချလိုက်သည်။
'ခေါ်ထိုက်ပါတယ်ခင်ဗျာ၊ ကျွန်တော်က ဦးဆီမှာ အကူအညီတောင်းဖို့ ရောက်လာတာပါ'
'ဟာလဲ၊ ရထားကပေါ်မှာ တင်ဖိုးအရှုံးအပိုး ဖြတ်နိုင်တဲ့ နှာနှာကို တောင်းမလို့ မဟုတ်လား'

အဘိုးအိုက မေးသည်၊

အာဝုဓ်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ခင်ဗျာ'

'ငါမပေးလဲ ခင်းရပြီးသားပဲ'

'ဗျာ'

မမျှော်လင့်ဘဲ ကြားလိုက်ရသည့် စကားကြောင့် အာဝုဓ်း၏ ကြောင်အမ်းအမ်း ဖြစ်သွား၏။

အဘိုးအိုကို နားမလည်နိုင်စွာ ကြည့်လိုက်မိလေသည်။

အဘိုးအိုက....

'ကောင်းပြီ လောကပေါ်မှာ တန်ဖိုးအရှိဆုံး ရတနာဆိုတာ ဘာလဲ၊ ငါ့ကိုပြောပြစမ်းပါ'

'ကျွန်... ကျွန်တော်'

'မင်း မပြောနိုင်ဘူး မဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ'

အာဝုဓ်း ဝန်ခံလိုက်ရလေသည်။

အဘိုးအိုအ....

'ငင်း...သိရင် ငါပြောပြမယ်၊ သေသေချာချာ နားထောင်ပါ၊ စိန်တွေ ရွှေငွေ ရတနာတွေ ပစ္စည်းဥစ္စာတွေ လျှို့ဝှက်နက်နဲတဲ့ ပညာရပ်တွေ ဘယ်အရာဆို သူ့အတိုင်းအတာနဲ့သူ တန်ဖိုးရှိကြတာပဲ၊ ဒီတော့ အဖိုးမဖြတ်နိုင်တဲ့ ရတနာ မဖြစ်နိုင်တော့ဘူး၊ တကယ်ဆိုရင် အကျင့်၊ သီလ၊ သိက္ခာသမာဓိ ဆိုတဲ့ ကိုယ်ကျင့်တရားနဲ့၊ ဇွဲ လုံ့လ ဝီရိယ သတ္တိဆိုတာတွေ ဟာ ဘယ်လိုမှ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတွေပေါ့'



အာဝုဓ်း တွေဝေသွား၏။ အဘိုးအိုက ဆက်ပြောလေသည်။

'မင်းဟာ ကိုယ်ကျင့်တရား မကောင်းဘူးဆိုရင် ဆွဲဆောင်မှု ကောင်းကြားကို ဖြတ်ကျော်လာနိုင်မှာ မဟုတ်ဘူး၊ လောဘနဲ့မောဟကို ထိန်းသိမ်းထားနိုင်စွမ်းရှိလို့ ဖြတ်သာနိုင်ခဲ့တာ၊ တစ်ခါ သောသောကျွေးရွာမှာ သောက်စားရောက်ပြီး မိတ်ခေတ်ကျနေမယ်၊ ဇွဲ လုံ့လ ဝီရိယ မရှိတော့ဘူးဆိုရင် ရှေ့ခရီးဆက်နိုင်မှာ မဟုတ်ပြန်ဘူး၊ ဒီလိုပဲ ဓေါသမီးတောင်ရောက်လို့ ငါ့ ဆွပေးတာနဲ့ ဒေါသဖြစ်နေပြန်ရင်လဲ မီးတောင်ကို ဖြတ်နိုင်မှာ မဟုတ်ဘူး၊ ဉာဏ်ပညာကို အသုံးမပြုရင် မျက်လှည့်တာအိုင်က လှတ်မှာမဟုတ်သလို ကြိုးစားမှု မရှိရင်လဲ ကံကြမ္မာအိုင်ကို ဖြတ်လို့ရမှာ မဟုတ်ဘူး၊ မင်းဟာ ဇွဲ လုံ့လ ဝီရိယ ရှိတယ်၊ လောဘ ဒေါသ မောဟ ဆိုတဲ့ တရားတွေကို ချုပ်တည်းနိုင်စွမ်းရှိတယ်၊ ကိုယ်ကျင့်တရား ကောင်းတယ်၊ ဉာဏ်အမြော်အမြင်ရှိသလို ကြိုးစားအားထုတ်မှုလဲ ရှိတယ်၊ မင်းတစ်ကိုယ်လုံးမှာ အဖိုးဖြတ်နိုင်တဲ့ ရတနာတွေ စုပုံနေပြီ'

အဘိုးအို ရှင်းပြလိုက်မှ အာဝုဓ်း နားလည်သဘောပေါက်သွားတော့သည်။ အဘိုးအိုကို ကြည့်ကာ....

'ဦးက ကျွန်တော် ဖြတ်သန်းလာတဲ့ လမ်းခရီးအကြောင်း အစအဆုံး သိနေပါလား'

ဟု ပြောလိုက်၏။ အဘိုးအို ရယ်မောလိုက်လေသည်။

'ဟား... ဟား... ဟား သိတာပေါ့ကွ၊ ဒီခရီးက ငါကပဲ ညွှန်လိုက်တာ မဟုတ်လား'

'ဗျာ'

'ငါ့ကို သေသေချာချာ ကြည့်ပါဦး'

ပြောပြောဆိုဆို အဘိုးအိုက သူ၏မျက်နှာကို လက်ဖြင့် ပွတ်သပ်လိုက်၏။ ထိုအခါ မျက်နှာဖုံးအတု ကွာကျသွားပြီး သူတောင်းစားအဘိုးအို၏ ရုပ်သွင် ထွက်ပေါ်လာတော့သည်။

'ဟာ'

အာဝှီး လွှတ်ခနဲ အော်လိုက်သည်။

အဘိုးအိုက....

'အာဝှီး မင်းအံ့ဩသွားသလား၊ အေး ပိုပြီး အံ့ဩစရာကောင်းတာ ပြောပြဦးမယ်၊ ကျောင်းတိုက်က ထူ့သမီးကို သိုင်းပညာအသားတစ်ယောက်နဲ့လက်ဆက်ပေးချင်တယ်လို့ ငါ့ကိုပြောလာတယ်၊ သင့်တော်မယ့်လူကို ရွေးပေးပါဆိုတဲ့ သဘောပေါ့၊ ဝါဟာသူတောင်းစားလို ရုပ်ဖျက်ပြီး သိုင်းလောကမှာ ထင်ရှားတဲ့လူငယ်လူရွယ်တွေကို ခေါ့်လာခဲ့တယ်၊ နယ်တကာ နယ် စုံပေမယ့် သဘောကျတဲ့လူ မတွေ့ခဲ့ဘူး၊ ဒီအချိန်မှာပဲ မင်းသားလေးသုံးယောက်က ကျောင်းလိမ်မြို့အထိ လာပြီး တောင်းရမ်းကြတော့ ကျောင်းတိုက် ခေါ်တာနဲ့ ငါလဲ အမြန်ဆုံး ပြန်လာခဲ့ရတယ်၊ မင်းသားလေးသုံးယောက်ကို ကျောင်းတိုက်ဆော ကျောင်းကျောင်းကော ငါကော သဘောမကျဘူး၊ ဒီအချိန်မှာ မင်းကို ငါတွေ့ခဲ့တာပဲ၊ ကျောင်းကျောင်းကလဲ သဘောကျနေတယ်၊ စုံစမ်းကြည့်တော့ မင်းဟာ ကျောင်းကျောင်းရဲ့အသက်ကို ကယ်ခဲ့တယ်ဆိုတာ သိရပြန်တယ်၊ မင်းကို ရွေးချင်ပေမယ့် စောရတစ်ယောက် ဖြစ်ခဲ့တာကြောင့် ကိုယ်ကျင့်တရား ဖွဲ့သတ္တိ၊ ဉာဏ်ပညာကို



စမ်းသပ်စစ်ဆေးဖို့လိုမယ်လို့ တိုင်ပင်ခဲ့ကြတယ်၊ ကျောင်းတိုက် နဲ့ငါ တိုင်ပင်ပြီး အခုလို စီစဉ်လိုက်ရတာပဲ'

အာဝှီးမှာ အံ့ဩဝမ်းသာလွန်းသဖြင့် စကားမပြောနိုင်အောင် ဖြစ်နေရသတော့သည်။

အဘိုးအိုက...

'စမ်းသပ်စစ်ဆေးလို့ အောင်မြင်ပြီဆိုရင် သိုင်းလောကမှာ လူအစ်လုံး သူအစ်လုံးဖြစ်အောင် သိုင်းပညာသင်ပေးပါ့မယ်လို့ ငါ ကတိခံထားတယ်၊ ဒါကြောင့် မင်းဒီမှာနေပြီး သိုင်းပညာ သင်ရဦးမယ်'

အာဝှီး ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ပါ။

ကြမ်းပြင်ပေါ် ဒူးထောက်ချလိုက်ပြီး....

'ဆရာ' ဟု ခေါ်လိုက်လေတော့သည်။

မျှော်တိုင်းဝေး

'ခွပ် ခွပ်... ခွပ် ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်။

အပြာရောင် ဝတ်ဆင်ထားသည့် မြင်းစီးသမား တစ်ယောက်သည် ကျွင်းလိမ်မြို့စွန်ရှိ စားသောက်ဆိုင် တစ်ဆိုင်ရှေ့သို့ ရောက်လျှင် မြင်းဇက်ကြိုး တင်းတင်းဆွဲကာ ရပ်တန့်လိုက်၏၊

ထိုနေ့က မြင်းပေါ်မှ ခုန်ဆင်းကာ ဆိုင်ထဲ ပြေးဝင်သွားလေသည်။

ထိုဆိုင်ကလေး၌ ဆိုင်လုလင် တစ်ယောက်နှင့် ရှိနေ၏။ ဆိုင်ရှင်မှ စ၍ သန့်ရှင်းရေး အလုပ်သမားအထိ အားလုံးပေါင်းလိုက်လျှင် အား တစ်ရော့ဝါ ဆယ်ငါးနှင့်အထိ ရှိသွားမည် ဖြစ်ပေသည်။

ဆိုင်ရှင်သည် မြင်းစီးသမား ဆိုင်ထဲဝင်လာသည်ကို မြင်လျှင် အပျာကယာထွက်လာပြီး ကြိုဆိုလေသည်။

'သခင်လေးက ဘာမှာလိုက်သလဲ'

ဟုလည်း မေးလိုက်၏။



မြင်းစီးသမားသည် ဆိုင်ရှင်ကို လက်နှစ်ဖက်ဆုပ်အား ဦးညွတ်ဂါရဝ ပြုလိုက်လေသည်။

'သခင်လေးက စာတစ်စောင် ပို့ခိုင်းလိုက်ပါတယ်'

ပြောပြီး စာတစ်စောင် ထုတ်ပေးလေသည်။

ဆိုင်ရှင်က ဖောက်ဖတ်လိုက်သည်။

ထိုအခါ စာထဲ၌...

ဘဘဝမ်ကိုး....

ဘဘဟာ ကျွင်းလိမ်မြို့မှာ မထင်မရှား အေးချမ်းစွာ နေနိုင်ခဲ့တယ်။ ရွှေခါးဂိုဏ်းက အစတော်ဆုံးသိုင်းသမား တစ်ရာကျော်ကို လျှို့လျှို့ဝှက်ဝှက်ခေါ် ယူစုစည်းထားနိုင်ခဲ့တယ်ဆိုတာ သိရလို့ချီးကျူးပါတယ်။ အခုအောက်ခံတော်တွေသိရတဲ့ သတင်းအတိုင်းဆိုရင် တောင်ပိုင်းအပါဖိုးဟာ ထူးဆန်းတဲ့ လက်ခြောက်ဖက်ယက္ခာယ်ရဲ့ ကျောက်ချက်လိုက်ကို ရထားပြီလို့ သိပါတယ်၊ ကျွေးဝါးရဲ့သိုက်ဟာ ယူယို့ စလဲ လူထူးလူဆန်း ခေါင်းသင်လုံးဟာအား ရဲ့ ယန္တရားမြင်းရုပ်ကို ရထားပါတယ်။ သူတို့နှစ်ယောက်သား ကျွင်းလိမ်မြို့ကို ရှု့ရှုသာနေကြပြီ။ ကြေခင် ကျွန်တော်လဲ အရောက်လာခဲ့ပါမယ်...

ကျွန်တော် ရောက်လာတဲ့အခါ ဘာဆက်လုပ်ရမယ်ဆိုတာ ပြောပါမယ်။ မြို့စားဂေဟာကို အချိန်မရွေး စီးနင်းတိုက်ခိုက်နိုင်အောင် အဆင်သင့် ပြင်ထားပါ။

ချန်းစိမ်း

ရွှေခါးဂိုဏ်း၊ သခင်လေး။

စာဆုံးသွားပြီဖြစ်သည်။

ဆိုင်ရှင်(ဝ)ဝင်ကိုး ထက်ပြုံးချလိုက်သည်။

ဒေးလပေါ်ဝင် တန့်ပိုးအင့်ဆုံးရတနာရှာဖွေရန် ချွန်းစီမံ ရေ့ထွက်နေချိန်ဝယ် မြို့စားဝေဟာအား ဆုံချိန်မရွေ့ စီးနင်းတိုက်ခိုက်နိုင်ရန် ရှထာ ကြိုတင်၍ အစီအစဉ်များ ပြုလုပ်ခဲ့သည်။

ဝင်ကိုးစာ စေးပို့လာသူကို ကြည့်ကာ....

'သခင်လေး ဘယ်တော့ရောက်လာမလဲ'

ဟု မေးလိုက်၏။

မြင်းစီးသမားက....

'ဒီထင်ရက် နှစ်ရက်အတွင်း ရောက်လာပါလိမ့်မယ်'

× × ×

'သခင်မလေးရယ်'

တင်းတင်း တီးတိုး ညည်းညူမိလေသည်။

မြတင်းပေါက်အနီးဝယ် ထိုင်ကာ အပြင်ဘက် ငေးမျှော်နေသည့် ကျင်ကျင်းကို စာနာသက်စွာဖြင့် ကြည့်မိလေသည်။

ကျင်းကျင်းက....

'တင်းတင်းရယ်၊ အစ်ကို အားဝှီး အကြောင်း ဘာမှမသိရတော့ဘူးလားဟင်'

ဟု မေးလေသည်။



တင်းတင်း ခေါင်းယမ်းလိုက်၏။

'ကျွန်မကို ခွင့်လွှတ်ပါ သခင်မလေး၊ ဘယ်လိုပဲ စုံစမ်းပေမယ့် ဘာသတင်းမှ မကြားရဘဲ ခုံစမြင်စ ပျောက်နေပါတယ်၊ ဝခြားမှကောင်းတဲ့ သတင်းတွေကိုသာ ကြားနေရပါတယ်'

'ဘယ်လို မကောင်းတဲ့သတင်းတွေ ဟုတ်လား'

'ဟုတ်ပါတယ် သခင်မလေး'

'ပြောစမ်းပါဦးအေ'

တင်းတင်း သက်ပြင်းချလိုက်ပြန်သည်။

'ပြောရမယ် ဆိုရင်တော့ မင်းသားလေးသုံးပါးဟာ အဖိုးဖြတ်နိုင်တဲ့ ရတနာအသီးသီးကို ယူပြီး ပြန်လာနေကြပြီလို့ သိရပါတယ်'

'ဒုက္ခပဲ'

ကျင်းကျင်း ညည်းညူလိုက်၏။

သူတို့နှစ်ယောက် ပြောဆိုနေကြစဉ်မှာပင်....

'တောင်ပိုင်းနယ်မှ မင်းသားလေး ပါဖုံး ရောက်ရှိလာပါပြီ'

ခြံဝင်းအတွင်းမှ ကျယ်လောင်သော ဟစ်ကြွေးသံများ ထွက်ပေါ်လာသည်ကို ကြားရလေသည်။

ကျင်းကျင်းနှင့် တင်းတင်းတို့သည် မြတင်းပေါက် အနီးသို့ တိုင်ပင်ထားသလို ချဉ်းကပ်သွားကြ၏။

မြတင်းပေါက်မှ လှမ်းမျှော်ကြည့်လိုက်သောအခါ ခြံဝင်းအတွင်းသို့ မြင်းစီးသမားတစ်ယောက် ဝင်လာသည်ကို တွေ့ရ၏။

ထိုမြင်းစီးသခင်းမှာ စတောင်ပိုင်းနယ်မှ မင်းသားလေး ပါဖုံး ဖြစ်လေသည်။

ကျင်းကျင်းက....

'သူက အဖိုးထိုက် ရတနာခပါတဲ့ လာဝှံ့မှာတွေ့မဟုတ်ဘူး'

ဟု ပြော၏။

တင်းတင်းက....

'ဝက်ပုဘ်ကြီးဟာ သခင်မလေးကိုအယ်တော့မှုခရနိုင်ပါဘူး'

ဟု အားပေးစကား ပြောလေသည်။

ကျင်းကျင်းက....

'သူရသွားတဲ့ ပစ္စည်းဟာ အဖိုးထိုက် ရတနာ မဖြစ်ပါစေနဲ့လို့ ဆုတောင်းရတော့မှာပဲ'

ထိုစဉ်....

'ကျွန်းက ဩဲ့တိုက်တာ မင်းသားလေး ရောက်ရှိလာပါပြီ'

တံခါးကြွ သံများ ထွက်ပေါ်လာပြန်သည်။

တင်းတင်း မျက်လုံးပြူးသွား၏။

တင်းတင်း နှာခေါင်း ရှုံ့ကာ....

'မထူးတော့ပါဘူး၊ ရွှေခေါင်ကိုးဘိုးက မင်းသားလေးပါ ရောက်လာချင်ပြီတာပဲ'

ဟု ပြောလိုက်၏။

သူမ၏ စကားသံနှင့် မခရွှေးမနောင်းမှာပင်....

'ရွှေခေါင်ကိုးဘိုးမှ မင်းသားလေး ရောက်လာပါပြီ'

တံခါးကြွေသံများ ထွက်ပေါ်လာပြန်၏။

တင်းတင်းက သူမ၏ နဖူးကို ဖြန်းခနဲ မြည်အောင် ရိုက်ကာ



'အောင်းကွာ'

ဟု ညည်းညူလိုက်လေတော့သည်။

× × ×

မင်းသားလေး သုံးယောက်အည် ကျင်းလိမ်ရွှေမှိုတော်ဆီသို့ ပြန်လာည် ရောက်ရှိလာကြပြီ ဖြစ်လေသည်။

မြို့စားကြီး ကျင်းတိတ်က ချက်ချင်းပင် ညီ့ခန်းခန်း ဇော့သို့ ခေါ်ခဲ့လေသည်။ ညီ့ခန်းအတွင်းဝယ် ပါဖုံး၊ ဟူယီ၊ နှင့် ချန်းစိမ်းတို့ အပြုံးကိုယ်စီဖြင့် ထိုင်နေကြလေသည်။

သူတို့သည် အဖိုးမဖြတ်နိုင်သည့် ရတနာ ပစ္စည်း ရသာကြပြီး သူတို့သာလျှင် ကျင်းမျှင်းနှင့် လက်ဆက်ရမည်ဟုကိုယ်စီ ကိုယ်၌ ယုံကြည်နေကြဟန် ရှိပေသည်။

မြို့စားကြီးကျင်းတိတ်က တစ်ချက်စေ့ ကြည့်လိုက်ပြီး....

'ကျုပ်က တစ်နှစ်အချိန်ပေးခဲ့ပေမယ့် မင်းသားလေးတို့ဟာ ခုနစ်လဆိုတဲ့ အချိန်အတွင်းမှာ ပြန်လာနိုင်ခဲ့ဘာ ချီးကျူးစရာပါပဲ၊ ကျုပ်ရှာခိုင်းလိုက်တဲ့ ရတနာကို ရှာဖွေတွေ့သခဲ့ကြပြီ ထင်ပါတယ်'

ဟု စကားစလိုက်လေသည်။

မင်းသားလေးသုံးယောက် ပြိုင်တူ ခေါင်းညိတ်လိုက်ကြသည်။

'ဟုတ်ပါတယ်'

တညီတညာတည်း ပြောလိုက်ကြသည်။

ပြီးလျှင် တစ်ယောက်ကို တစ်ယောက် ခေကျမနပ် ကြည့်လိုက်လေသည်။

မြို့စားကြီးကျင်းတိတ်က....

'မင်းသားလေးတွေဟာ တကယ့် လူတော်တွေပါပဲ၊ ကဲ.... ဘယ်လိုပစ္စည်းတွေ ယူလာကြတယ်ဆိုတာ ပြောပြကြပါဦး'

ဟု ဒေးလိုက်၏။

ပါဖိုးက....

'လောကမှာ အဖိုးမဖြတ်နိုင်တဲ့ ရတနာ အစစ်အမှန်ပေါ့၊ ကျွန်တော်ဟာ....'

သူ၏ စကားမဆုံးမီ ဟူးယို့က....

'ကျွန်တော် ရှာလာတဲ့ပစ္စည်းသာလျှင် တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာဖြစ်ပါတယ်ခင်ဗျာ'

ဟု ဝင်ပြောလိုက်လေသည်။

ချန်းစိမ်းက....

'နေကြပါဦး၊ ကိုယ့်ကိုယ်ကို ဒီလောက်လဲ အထင်ကြီးမနေကြပါနဲ့ဦးလေ၊ ကျုပ်တစ်ယောက်လုံး ရှိပါသေးတယ်'

ဟု သခွပ်ပင်က မီးတကျိကျိ လုပ်လိုက်သည်။

မြို့စားကြီး ကျင်းတိတ် မနေနိုင်ပါတော့ချေ။

ကဲ-အားလုံး တော်ကြပါတော့၊ ဘယ်လိုပစ္စည်းတွေ ယူလာကြတယ်ဆိုတာ ကျုပ်ကြည့်ပါရစေဦး၊ ပြီးမှဘယ်သူ့ ပစ္စည်းက အကောင်းဆုံးဆိုတာ ဆုံးဖြတ်ကြတာပေါ့'



ထိုစကားကြားလျှင် ဟူးယို့၊ ပါဖိုးနှင့် ချန်းစိမ်းတို့ ငြိမ်ကျသွားကြ၏။ သူတို့ယူလာသည့် ပစ္စည်း မည်မျှပင် တန်ဖိုးရှိနေသည်ဖြစ်စေ မြို့စားကြီးကျင်းတိတ်၏ အဆုံးအဖြတ်သာလျှင် မှတည်နေမှန်း နားလည်သွားကြ၏။

ချန်းစိမ်း မကျေမနပ် ဖြစ်သွားလေသည်။

'ငါ့လူတွေရဲ့ အသက်ကိုရင်းပြီး ယူလာရတာ၊ သူ့အတန်ဖိုး မရှိဘူးလို့ ပြောလိုက်တာနဲ့ အလကား ဖြစ်သွားမှာပဲ၊ ဒီလို ဘယ်တော့မှ အဖြစ် ခံဘူး'

ဟု စိတ်ထဲမှ ကြုံးဝါးလိုက်၏။

ဟူးယို့က....

'မြို့စားကြီးကိုယ်တိုင် ကြည့်ရှု ဆုံးဖြတ် ပေးမယ် ဆိုတာ တရားမျှတမှု အင်္ဂါဆုံးပါပဲဗျာ၊ ကျွန်တော့် ပစ္စည်းက အကောင်းဆုံး ဖြစ်မယ်ဆိုတာ အာမခံရဲပါတယ်'

မြို့စားကြီးကျင်းတိတ်က...

'ကဲ....မင်းသားလေးက ဘယ်လိုပစ္စည်း ယူလာတယ်ဆိုတာ ပြောပြစမ်းပါဦး'

ဟု မေးသည်။

ဟူးယို့က ခပ်ကြွားကြွားအလေး ပြောလိုက်လေသည်။

'ရှားမှရှားတဲ့ ယန္တရားမြင်းပျံ ပါ ခင်ဗျာ'

'ယန္တရားမြင်းပျံ ဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ'

'တော်တော်ထူးဆန်းတာပဲ'

'မှန်ပါတယ်ခင်ဗျာ'

မြို့စားကြီးကျောင်းတိတ် ဦးခေါင်း တဆတ်ဆတ် ညိတ်လိုက်လေသည်။

ပါဖိုးအက်လှည့်လာ….

'မင်းသားလေးတလေလာ'

ဟု ခေါ်လိုက်၏။

ပါဖိုးက—

'ကျွန်တော်ကတော့ လက်ခြောက်ဖက်ယက္ခမယ်ရဲ့ ကျောက်ချက်လုံးကို ယူလာပါတယ်'

'ဟုတ်ပြီ၊ ရွှေခေါ်ဂိုဏ်း မင်းသားလေးကော'

'မိစ္ဆာမယ်ရဲ့ သေဆူးရှင်ဆူးပါ'

မြို့စားကြီးကျောင်းတိတ် ပြုံးလိုက်သည်။

'ကျုပ်ကြားဖူးသမျှတော့ တဏှာယ်ကို အခုကျော်ကြားဆုံးပစ္စည်းတွေပါပဲ၊ ကဲ…မင်းသားလေးတို့ ယူလာတဲ့ ပစ္စည်းတွေဟာ လက်တွေ့ အသုံးဝင်တယ် မဝင်ဘူးသိရအောင် လက်တွေ့စမ်းကြည့်ရအောင်'

ထိုစကားကြားလျှင် မင်းသားလေး သုံးယောက်စလုံး ဝမ်းသာသွားကြ၏။ သူတို့ယူဆောင်လာသည့် ပစ္စည်း၏အစွမ်းသတ္တိကို အများရှေ့တွင် ထုတ်ဖော်ပြသော ကြွားလုံး ထုတ်နိုင်မည်ဖြစ်ပေသည်။

ဟားယို့က—

'မြို့စားဂေဟာရှေ့မှာ ယန္တရားမြင်းပျံရဲ့ အစွမ်းကို ပြပါမယ် ခင်ဗျာ'

ဟု ပြောလိုက်၏။



မြို့စားကြီးကျောင်းတိတ် ခေါင်းညိတ်လိုက်၏။

'ကောင်းပြီ၊ ကြည့်ကြသေးတာပေါ့၊ ကျန်တဲ့ မင်းသားလေး နှစ်ယောက် လိုက်ခဲ့ကြပါ'

ပြောပြီး ရှေ့မှဦးဆောင်ကာ ထွက်သွား၏။

ပါဖိုး၊ ဟားယို့၊ ချန်းစိမ်းတို့ လိုက်ပါသွားကြလေတော့သည်။

ရယ်စရာ ဝိုစရာမြင်ကွင်း

မြို့စားဂေဟာ....

ဂေဟာရှေ့တွင် မြေကွက်လပ်ရှိနေပါ၏။

မြေကွက်အပ်ခဘား တစ်ဘက်တစ်ချက်တွင် မြို့စားဂေဟာမှ ဆိုင်းသမားများ စောင့်ကြိုပ်နေကြ၏။

အစစောင့်အကြိုပ်များကို တွေ့ရသည်နှင့် ချန်းစိမ်း သဘောကျစွာ ပြုံးမိလိုက်၏။

သူ၏ချက်စိတ်ထဲဝယ် ကိုယ်ကြိုပ်ဝတ်စုံဖြင့် ဝမ်ကိုးမှာလှန်စွာမှုပင် ကြည့်၍ကောင်းနေသည်ဟု ထင်မှတ်မိလေသည်။

ဝမ်ကိုးတို့လူစုသည် လူ၏အမိန့်အတိုင်း တစ်သဝေ မတိမ်း ဆောင်ရွက်နေကြပြီ ဖြစ်လေသည်။



မြို့စားဂေဟာမှ အစစောင့်အကြိုပ် ခေါင်းဆောင်သည် အားဦးအား မြေတိုက်ခန်းမှ လွှတ်ပေးခဲ့သူဖြစ်ကြောင်း ယုဝေယီအာ သိသွား၏။

ထိုအစောင့် ခေါင်းဆောင်သည် သခင်မလေး ကျင်းကျင်း၏ တံစိုးလက်ဆောင် ယူသည့်အကြောင်း ဖော်ထုတ်လိုက်မည် ဆိုလျှင် ကြီးလေးသော အပြစ်ဒဏ် စီရင်ခံရမည် ဖြစ်သည်။

ယုဝေယီအာ ထိုအချက်ကို လက်ဆုပ် လက်ကိုင်ထားကာ အစောင့်ခေါင်းဆောင်ကို အကြိုပ်ကိုင်ခဲ့သည်။

အစောင့် ခေါင်းဆောင်မှာ ခေါင်းမာ နေခဲ့သော်လည်း နောက်ဆုံးတွင် ယုဝေယီအလိုကျ လိုက်လျောခဲ့ရလေသည်။

ယုဝေယီ ခေါ်လာသည့် ဝမ်ကိုးတို့ လူစုကိုမြို့စားဂေဟာမှ အစောင့်များနှင့် လူချင်းလဲပေးလိုက်၏။

ဤတွင် ရွှေဘေးဂိုဏ်းမှ အကြံသမား ဝမ်ကိုးတို့လူစုသည် အစောင့်အကြိုပ်များအသွင်ဆောင်ကာ မြို့စားဂေဟာကို လွှမ်းမိုးထားလိုက်လေတော့သည်။

ချန်းစိမ်း ကျေနပ်နေ၏။

မြေကွက်လပ်သို့ရောက်လျှင်....

'ကဲ... မင်းသားလေးရဲ့ ယန္တရားမြင်းပျံ အစွမ်းကို ပြပါဦး'

ဟူးယိ ဘက်သို့လှည့်ကာ ပြောလိုက်လေသည်။

ဟူးယိ ပြုံးလိုက်သည်။

လူအများရှေ့ဝယ် သူကိုယ်တိုင် ယန္တရားမြင်းပျံ စီးပြရသည်မှာ ဂုဏ်မြင့်မည်ဟု ယူဆပြီး

'စုသန်း ယန္တရားမြင်းပျံကို စီးပြလိုက်ပါ'

ဟု အမိန့်ပေးလိုက်၏။

သူ၏အပြည့် စုသန်းအ ဦးညွှတ်လိုက်ပြီး မြေကွက်လပ်သို့ ပေါ်သွက်သွက် လှမ်းထွက်သွား၏။

သူတို့လာစဉ်က ယန္တရားမြင်းပျံကို ဖြည်းဖြည်းမှန်မှန်စီးလာခြင်းကြောင့် မည်သူမျှ မရိပ်မိခဲ့ကြခြင်းဖြစ်၏။

ယန္တရားမြင်းပျံမှာ ရုတ်တရက်ကြည့်လျှင် တကယ့် မြင်းအရှင်တစ်ကောင်နှင့်တူလှသည်။

စုသန်းက ယန္တရားမြင်းပျံပေါ် ခုန်တက်လိုက်၏။

ဟူးယို့က....

'ခပ်မြင့်မြင့် ပျံလိုက်စမ်း'

ဟု အမိန့်ပေးလိုက်လေသည်။

စုသန်းက ဟူးယို့၏ အမိန့်အတိုင်း ယန္တရားမြင်းပျံကို မောင်းနှင်လိုက်၏။ ယန္တရားစက်ခလုပ်များ နှိပ်ချလိုက်သည်နှင့်—

'ဂျိ...ဂျိ...ဂျိ'

'ဂလုံ...ဂလွမ်'

'ဝှီး'

ယန္တရားမြင်းပျံမှာ လှုပ်ရှားသက်ဝင်လာ၍ တုန်တုန်ယင်ယင်ဖြစ်လာပြီးမှ ကျယ်လောင်သောအသံဗလံများ ထွက်ပေါ်လာပြီး တစ်စစီ ပြိုကွဲသွားလေတော့သည်။

'အမယ်လေး'

စုသန်းမှာ ယန္တရားရုပ်၏ အစိတ်အပိုင်းများ၊ ကြားညှပ်ထိခိုက်မိသဖြင့် မြေပေါ် ဖုံးခနဲ ပစ်ကျသွား၏။



'ဟာ' ဟူးယို့ လွှတ်ခနဲ အော်လိုက်သည်။

ယန္တရားမြင်းပျံ တစ်စစီဖြစ်သွားပြီးနောက် ပြန်လည်ပြုပြင် ရန်တော့မည် မဟုတ်ပါချေ။

'ဟား....ဟား....ဟား'

ဝမ်ကိုးတို့လူစု သဘောကျစွာ ရယ်မောလိုက်ကြလေသည်။

အမှန်တော့ ဝမ်ကိုးသည် ချန်းစိမ်း၏ ကြိုတင်အကြောင်းကြားမှုကြောင့် ဟူးယို့၏ ယန္တရားမြင်းပျံကို ကြိုတင်ဖျက်ဆီးခဲ့ကြခြင်း ဖြစ်ပေသည်။

ဟူးယို့ ဒေါသခြောင်းခြောင်းထွက်သွား၏။

မြို့စားကြီး ကျင်းတိတ်က....

'မင်းသားလေးရဲ့ အဖိုးမဖြတ်နိုင်တဲ့ပစ္စည်းဟာ ရယ်စရာကြီးပါလား' ဟု ပြောလိုက်လေသည်။ ဟူးယို့၏မျက်နှာ နီရဲနေ၏။

သူက ပြောရှင်းချက်ပေးနေလျှင် ပို၍ရယ်စရာ ဖြစ်မည်ဟု နားလည်မိ၏။ ရှက်စိတ် မွန်ထူနေပြီဖြစ်ရကား—

'စုသန်း သွားကြမယ်'

အော်ပြောပြီး ပြေးထွက်သွားကြလေ၏။ စုသန်းလည်း မြေပေါ်မှ လူးလိမ့်ထလာ၍ နောက်မှလိုက်သွား၏။

'ဟား....ဟား....ဟား'

လှောင်ပြောင်ရယ်သံများကျယ်လောင်စွာထွက်ပေါ်လာ၏။

မည်သူမျှ တားဆီးခြင်းမပြုကြသဖြင့် ဟူးယို့နှင့် စုသန်းသည် မြို့စားဂေဟာခြံဝင်းအပြင်ဘက်ရောက်ရှိကာ မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

+ × +

'ဟား...ဟား...ဟား'

ပါဖိုး သဘောကျစွာ ရယ်မောလိုက်လေသည်။

ဟူယို့သည် ရာဇရှားသော ယန္တရားမြင်းပျံအား အရယူပေးနိုင်ခဲ့သည် မှန်၏။

ယခုတော့ မြင်းပျံရှင် ပျက်စီးသွားခြင်းကြောင့် အရှက်တကွဲ အကျိုးနည်းဖြစ်သွားရချေပြီ။

မည်သို့ဆိုစေ ပြိုင်ဘက်ဘယ်ယောက် လျော့သွားခြင်းကြောင့် ဝမ်းသာရသည် မဟုတ်ပါလော။

'ကျွန်တော်ပြောသားပဲ ယန္တရားမြင်းပျံဟာ အသကားလို့'

ဟူယို့အား နှိမ့်ချသော ပြောလိုက်လေသည်။

မြို့စားကြီးကျောင်းတိတ်တာ...

'ခင်းသားဆွေးယူလာတဲ့အဖိုးမဖြတ်နိုင်တဲ့ရတနာကိုပြပါဦး'

ဟု ပြောလိုက်၏။

ပါဖိုး ခေါင်းညိတ်လိုက်သည်။

'ပြပါ့မယ်၊ ပြပါ့မယ်၊ ကျွန်တော်က လက်စခြောက်ဖက်ယက္ခနယ်ရဲ့ ကျောက်မျက်လုံးကို ယူလာတာပါ'

ပြောပြောဆိုဆို အင်္ကျီအိတ်ထဲမှ ကျောက်မျက်လုံးကို ထုတ်ယူလိုက်၏။ ထိုအချိန်မှာပင် အားခြအနေ စောင့်ကြည့်နေသည့် ဝမ်ကိုး မသိမသာ လှုပ်ရှားလိုက်၏။

လက်နက်ပုန်းကလေး ထစ်ခနဲဖြစ်၍ ပါဖိုး၏ခြေထောက်ကို ပစ်ပေါက်လိုက်၏။ ပါဖိုးသည် သိုးသခွားပီပီ လက်နက်ပုန်း ပစ်လှင့်လာသည်ကိုသိလျှင် ဘေးသို့ ရှောင်လိုက်လေ၏။



ဤတွင် သူ၏လက်ထဲ၌ ကိုင်ထားသည့် ကျောက်မျက်လုံးမှာ လက်ထဲမှ ချော်ထွက်ကာ ကျောက်ခင်းအမ်းပေါ်သို့ ကျသွားလေတော့သည်။

'ခွပ်'

'ဟာ'

ပါဖိုး လန့်ဖနဲ့ အော်လိုက်လေသည်။

ကျောက်မျက်လုံးသည် အစွမ်းသတ္တိ ထူးကဲပြီးသို့စုံသည် မှန်သော်သည်း အလွန်ကြွပ်ဆွယ်သည့် သာသင်းကျောက်မျိုး ဖြစ်ပေသည်။

ထို့ကြောင့် ကျောက်ခင်းသမ်ပေါ် ကျသွားသည်နှင့် အစိတ်စိတ်အမွှာမွှာ ကြေမွသွားလေတော့သည်။

ဟူယို့နှင့် ပါဖိုးတို့သည် ယန္တရားမြင်းရှင်နှင့် ကျောက်မျက်လုံးတို့၏ အစွမ်းကို အထင်တကြီး ရှိခဲ့ကြသည့်အတိုင်း အကျိုးအမြစ်ကို တည့်မတွက်မိကြချေ။

ချန်းဝမ်းသည် ပြိုင်ဘက်များကို ထိုးနှက်ရန် မည်သို့မည်ပုံ မျက်ဆီးပစ်ရမည်ကို ကြိုတင်လေ့လာထားရသား ဟူယို့ကို အရှက်ကွဲသွားစေသကဲ့သို့ ပါဖိုးကိုသည်း အရှက်ရသွားအောင် ပြုလုပ်နိုင်ခဲ့လေတော့သည်။

ပါဖိုးသည် ဟိုဟိုသည်သည် လှမ်းကြည့်လိုက်၏၊

သူ့အခါ လက်နက်ပုန်းဖြင့်ပစ်ခတ်သူကို ရှာဖွေလိုက်ခြင်း ဖြစ်လေသည်။

'ဟား...ဟား...ဟား'

ရယ်မောသံများ ထွက်ပေါ်လာသည်။

ဝမ်ကိုးတို့လူစုသည် ပဖုံးအား လက်ညှိုးထိုးကာ ရယ်မောလှောင်ပြောင်နေကြ၏။ ပဖုံး ဒေါသထွက်သွား၏။

'ခင်းတို့ဘာရယ်တာလဲ'

အော်ဟောက်ကာ ပြေးဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

မြို့စားကြီးကျော်ထိတ်က...

'မင်းသားလေး စိတ်ထိန်းဦးမှ ပါ၊ မင်းသားလေးရဲ့ ကျေးဇူးမျက်စိဖန်တဲ့စတေ့လုံ ဆိုပေးဘူသူတို့ရယ်ကြမှာပေါ့'

'ဒါ... ဒါတမင်'

ပဖုံး ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသည်။

'ဟား... ဟား... ဟား'

ဝမ်ကိုးတို့လူစုသည် ပဖုံးခံနိုင်အောင် တမင်လှောင်ပြောင် ရယ်မောနေကြ၏။

ကြာသော် ပဖုံး မနေနိုင်ပါတော့ချေ။

'တော်... ကျုပ်ဆက်ပြီး ယှဉ်ပြိုင်နေတော့ဘူး'

အော်ပြောပြီး ဖိုင့်သော ခန္ဓာကိုယ်နှင့် လှိုက်အောင် လျှင်မြန်စွာ ပြေးထွက်သွား၏။

တစ်ခဏ အတွင်း၌ပင် မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

× + ✦

ဟူးယို့နှင့် ပဖုံးတို့ ထွက်သွားကြပြီ ဖြစ်လေသည်။ ချန်းစိမ်းသည် မြို့ဘက်မငှဲ့ဘဲ တစ်ယောက်တည်း ကျန်ရစ်ခဲ့ပြီ ဖြစ်သည်။



ချန်းစိမ်း၏မျက်နှာ ကြိုးရှင်းနေ၏၊ ဝမ်ကိုးတို့လူစုသည်း အကျနပ်နေကြသည်။ သူတို့၏အကြံအစည်များ အောင်မြင်လာပြီ မဟုတ်လား။

မြို့စားကြီးကျော်ထိတ် သက်ပြင်းချလိုက်သည်။

ချန်းစိမ်း ကိုကြည့်ကာ...

'မင်းသားလေး ယူလာတဲ့ပစ္စည်းကို ပြပါဦး'

ဟု ပြောလိုက်လေသည်။

ချန်းစိမ်းက...

'မြို့စားကြီးခင်ဗျား၊ အခု ကျွန်တော် တစ်ယောက်ပဲ ကျန်တော့တယ်မဟုတ်လား'

'မင်းသားလေး တစ်ယောက်တည်း ကျန်တာမှန်ပါတယ်၊ ဒါပေမယ့် အဖိုးထိုက်တဲ့ ရတနာပစ္စည်းကို ယူလာနိုင်သူသာ ကျုပ်ရဲ့သမီးနဲ့ လက်ထပ်ရမယ်လို့ စည်းကမ်းသတ်မှတ်ထားတာကို ဖောက်ဖျက်လို့ မဖြစ်ပါဘူး'

ချန်းစိမ်းခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ'

သူက မသေဆေး ရှင်ဆေးကို ထုတ်ယူကာ...

'သေဆေး ရှင်ဆေးရဲ့ အစွမ်းကို လက်တွေ့ပြပါ့မယ်'

အစေခံ တစ်ယောက်ကို လက်ယပ်ခေါ်လိုက်၏။

ထိုအစေခံများမှာ သူ၏ လူသားချင်း ဖြစ်ပေသည်။

အစေခံက ခပ်သွက်သွက် လှမ်းလာ၍ အနီးသို့ ရောက်လျှင် ချန်းစိမ်းက...

'မြို့စားကြီး ရှုစားတော်မူပါ ခင်ဗျာ'

ဟု ပြောလိုက်ပြီး ဆေးဆူး ဖြစ်ရှိ အစောဇို့ ခုံးကို တို့လိုက်၏။ အစောဇို့မှာ သေဲကွဲ ညည်းညူစာ လဲကျသွားလေသည်။

ချန်းစိမ်းမှာ....

'သူသေသွားပါပြီ ခင်ဗျာ၊ မြို့စားကြီး စိတ်တိုင်းကျ စစ်ဆေးကြည့်နိုင်ပါတယ်'

ဟု ပြောလိုက်၏။

မြို့စားကြီး ကျင်းတိတ်လည်း လက်တွေ့ စစ်ဆေးကြည့်လိုက်၏။ အတန်ကြာ စစ်ဆေးပြီးလျှင်....

'သူတကယ် သေသွားတာပဲ'

ဟု မျက်မှောင်ကြုတ်ကာ ပြောလေသည်။

ချန်းစိမ်း ပြုံးလိုက်သည်။

'ဆေးဆူးနဲ့ ထိတဲ့လူတိုင်း သေရမှာပါ၊ ဒီလိုပဲ ရှင်ဆူးနဲ့ ထိတဲ့လူတိုင်းလဲ အသက်ရှင်ရမှာပါ'

ပြောပြောဆိုဆို အစောဇို့၏ ပခုံးကို ရှင်ဆူးဖြင့် တို့လိုက်၏။

တစ်ခဏအတွင်းမှာပင် အစောဇို့သည် မသဲမကွဲ ညည်းညူရင်း ပြန်လည် သက်ဝင် လှုပ်ရှား လာလေတော့သည်။

ချန်းစိမ်းက မြို့စားကြီး ကျင်းတိတ်ကို ကြည့်ကာ....

'ဆေးဆူးနဲ့ ရှင်ဆူးရဲ့ အစွမ်းကို ဘယ်လိုအရာမျိုးနဲ့ ယှဉ်လို့ရမှာမတွေ့တော့ပါဘူး'

ဟု ပြောလိုက်၏။

မြို့စားကြီး ကျင်းတိတ်က....

'ဆေးဆူးရှင်ဆူးဟာဆေးဆိပ်နဲ့အဆိပ်ဖြေဆေးသုတ်လိမ်းထားတဲ့ ဆူးတစ်ချောင်းပဲ၊ ဘာမှ ထူးဆန်းပါဘူး မင်းသားလေး'



'ဗျာ'

'ဆေးဆူး ရှင်ဆူး ထက် ထူးဆန်းတာတွေ အဖိုးမဖြတ်နိုင်တာတွေ အများကြီး ရှိပါသေးတယ်'

'ဒါ... ဒါဆို'

'မင်းသားလေး အတွက် ဝမ်းနည်းပါတယ်ဗျာ'

မြို့စားကြီးကျင်းတိတ်ကစိတ်မကောင်းဟန်ဖြင့် ပြောလေ၏။

ချန်းစိမ်း ဒေါပွသွား၏။ သို့သော် ဒေါသစိတ်ကို ချက်ချင်းပင် ထိန်းချုပ်နိုင်လိုက်၏။

မြို့စားကြီး ကျင်းတိတ်ကို ကြည့်ကာ...

'မြို့စားကြီးက ကျွန်တော့်ကို သခင်မလေး ကျင်းကျင်းနဲ့ လက်ဆက် မပေးနိုင်ဘူးပေါ့'

'မင်းသားလေးသာ အဖိုးမဖြတ်နိုင်တဲ့ ရတနာကို ရှာဖွေလာခဲ့မယ်ဆိုရင် ကျုပ်က ငြင်းစရာအကြောင်း ရှိမှာ မဟုတ်ပါဘူး၊ ဆေးဆူး ရှင်ဆူးကို အဖိုးမဖြတ်နိုင်တဲ့ ရတနာလို့ မသတ်မှတ်နိုင်ပါဘူး'

'ကျွန်တော်က သခင်မလေးကို ဖြစ်တဲ့နည်းနဲ့ ရယူမယ် ဆိုရင်ကော'

'မင်း'

မြို့စားကြီး ကျင်းတိတ် ဒေါပွသွား၏။

ချန်းစိမ်းက....

'သခင်မလေး ကျင်းကျင်းဟာ ကျွန်တော့်အတွက်ပဲ ဖြစ်စေရမယ်'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်သည်။

မြို့စားကြီး ကျင်းတိတ်က....

'မင်းသားလေး၏ ရွှေဘားဂိုဏ်းဟာ သိုင်းလောကမှာ ထင်ရှားကျော်ကြားတယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် ကျင်းလိမ်မြို့မှာ ဆင်တိုက်ကြဖို့ မရပါဘူး၊ ကျုပ်ကို ခြိမ်းခြောက်ရင် ခေါင်ကားရှင် အပြစ်ပေး ခံရပါလိမ့်မယ်'

'ဟား....ဟား....ဟား'

ချန်းစိမ်း သဘောကျစွာ ရယ်မောလိုက်လေသည်၊

အတန်ကြာ ရယ်မောပြီးမှ....

'ကျုပ်ကို ဖမ်းဆီးအပြစ်ပေးမယ် ဟုတ်လား၊ ကောင်းပြီ ခင်များလူတွေကို အမိန့်ပေးလိုက်ပါ'

သူ၏ မလေးမခန့် အပြုအမူကြောင့် မြို့စားကြီး ကျင်းတိတ် ဒေါသွက်သွား၏။

'ဟေ့ သူ့ကို ဖမ်းဆီးထုတ်လိုက်ကြစမ်း'

ဟု အစောင့်အကြပ်များဆီ လှည့်ကာ အမိန့်ပေးလိုက်၏။ အစောင့်အကြပ်များ တုတ်တုတ်မျှမလှုပ်ကြချေ။

'ခင်း....မင်းတို့'

မြို့စားကြီးကျင်းတိတ် ကြောင်အမ်းအမ်းဖြစ်သွား၏။ ချန်းစိမ်း သဘောကျစွာပြုံးလိုက်ပြီး....

'သူတို့က သခင်မလေးကျောင်းကျောင်းကို ကျုပ်ပဲ ရထိုက်တယ်၊ ကျုပ်က ကျောင်းကျောင်းနဲ့ လက်ဆက်ပြီး မြို့စားရာထူးကို ဆက်ခံသင့်တယ်လို့ သဘောထားနေ ကြတယ်လေ၊ ခင်များ ရဲ့စကားထက် ကျုပ်စကားကို နားထောင်ချင်ကြတယ်၊ ကျုပ်



ပြောတာ ဟုတ်မဟုတ်သိရပါစေမယ်၊ ကဲ...ဟေ့ မြို့စားကြီးကို ဖမ်းချုပ်လိုက်ကြစမ်း'

ချန်းစိမ်းက အမိန့်ပေးလိုက်သည်နှင့် အစောင့်အကြပ်များသည် မြို့စားကြီး ကျင်းတိတ်အား ဝိုင်းဝန်း ဖမ်းဆီးလိုက်ကြလေတော့သည်။

မြို့စားကြီး ကျင်းတိတ်မှာ ယခုမှ အစောင့်အကြပ်များသည် သူ၏လူများမဟုတ်ဘဲ ရန်သူများ အစားထိုး ဝင်ရောက်နေခြင်းဖြစ်သည်ကို နားလည်သွားရတော့သည်။

ထိုစဉ် ယုဇဝက မြင်းလှည်းရောက်ရှိလာပြီး....

'သခင်မလေးကျောင်းကျောင်း ထွက်ပြေးသွားပြီ၊ မြန်မြန် လိုက်ကြပါ'

ဟု သတင်းပေး လာလေတော့သည်။ သူမသည် ချန်းစိမ်းအတွက် အကျိုးဆောင်ပေးခဲ့သော်လည်း ချန်းစိမ်းက သူမအား သုတ်သင်ပစ်ရန် ဆုံးဖြတ်ထားသည်ကို မသိခဲ့ပါတော့အား—

ကျောင်းကျောင်းနှင့် တင်းတင်းတို့သည် မြို့စားဂေဟာ၌ ဖြစ်ပျက်များကို တွေ့ရလျှင် ကြောက်အား လန့်အားဖြင့် ထွက်ပြေးခဲ့ကြလေသည်။

သို့သော် ဝေးဝေး မပြေးနိုင်ကြပါချေ။ မြို့စားဂေဟာတစ်ခုလုံးအား စီးနင်းထားသည့် ချန်းစိမ်း၏လူများ ဝိုင်းဆို့ဝိုင်းရံထားခြင်း ခံလိုက်ရလေတော့သည်။

'ဟား....ဟား....ဟား'

ချန်းစိမ်း သဘောကျစွာ ရယ်မောလိုက်သည်။

ကြောက်လန့်နေသည့် ကျင်းကျင်းကိုကြည့်ကာ–

'သခင်မလေး ထွက်ပြေးလို့ မရပါဘူးဗျာ၊ သခင်မလေးဟာ ကျုပ်အတွက်ပါပဲ'

ဟု ပြောလိုက်လေသည်။

ထိုစဉ်မှာပင်–

'ခင်ဗျားမှားနေပြီ၊ သခင်မလေးဟာ ကျုပ်အတွက်ဗျ'

စကားသံတစ်ချက် ထွက်ပေါ်လာ၏။

မြို့စားဂေဟာ ခေါင်မိုးပေါ်မှ လူရိပ်တစ်ခု ခုန်ဆင်းလာပြီး ကျင်းကျင်း၏ ရှေ့တွင် အကာအကွယ် ပြုထားလိုက်လေသည်။

ထိုလူကိုမြင်လျှင်....

'အစ်ကိုအာဝ္ဂီး'

တင်းတင်းနှင့် ကျင်းကျင်းတို့ ဝမ်းသာအားရ ခေါ် လိုက်ကြ၏။ မှန်ပေသည်။ အာဝ္ဂီး ရောက်ရှိလာပြီ ဖြစ်လေသည်။

\+ + +

ချန်းစိမ်း ဒေါပွသွားသည်။

ကျင်းကျင်းသည် အာဝ္ဂီးအပေါ် မေတ္တာသက်ဝင်နေမှန်း ရိပ်မိသွား၏။ အာဝ္ဂီးသည်သူ့အတွက် ဆူးပြောင့်ခလုတ်ဖြစ်နေချေပြီ။

အာဝ္ဂီးအား သူကိုယ်တိုင်ဆုံးဖြတ်ပြီး ဖမ်းဆီးခဲ့သည်။

အာဝ္ဂီးမှာ ကျင်းကျင်း၏ ကူညီမှုကြောင့် လွတ်သွားသည်ဟု သိထား၏။



ယခု အာဝ္ဂီးက သူ၏ရှေ့တွင် ဘွားဘွားကြီးပေါ်လာပြီး ဟန့်တားနေပြီ ဖြစ်သည်။

ချန်းစိမ်း မျက်မှောင်ကြုတ်၍–

'ခွေးထူခိုးလေး၊ ဒီနေရာဟာ မင်းနဲ့မဆိုင်ဘူး ဆိုတာ မသိဘူးလား၊ ဒီတစ်ခါဆို ကျုပ်လက်ကပြေးလို့လွတ်တော့မှာ မဟုတ်ဘူး'

ဟု ငေါက်လိုက်လေသည်။

အာဝ္ဂီးမှာ ချန်းစိမ်းကို မမှိတ်မသုန် စိုက်ကြည့်လိုက်၏။ ချန်းစိမ်း၏လက်ချက်ဖြင့် မျောက်အိုကြီး သေဆုံးခဲ့ရသည်သို့ သူတယ်တော့မှ မေ့နိုင်မည် မဟုတ်ပါချေ။

'အစ်ကို သူတို့ အဖေ့ကို ဖမ်းထားကြတယ်'

ကျင်းကျင်းက ပြောလေသည်။

အာဝ္ဂီး ပြုံးလိုက်သည်။

'တာမှမပူပါနဲ့ ညီမရယ်၊ သူတို့ကို အစ်ကို ဆုံးမလိုက်ပါ့မယ်'

'ဟား....ဟား....ဟား'

အာဝ္ဂီး၏စကားကြောင့် ချန်းစိမ်းကျယ်လောင်စွာ ရယ်မောလိုက်လေသည်။

အာဝ္ဂီးက....

'ညီမနောက်ဆုတ်နေလိုက်ပါ'

ကျင်းကျင်းကို ခတ်းလွတ်ရာသို့ ရှောင်သွားစေသည်။

သူကိုယ်တိုင်က မူ ချန်းစိမ်းနှင့် ရင်ဆိုင်ရန် ဟန်ပြင်လိုက်၏။

ချန်းစိမ်းက....

'ငါးက ငါ့ရှေ့မှာ ဒူးထောက်ပြီး တောင်းပန်မယ်ဆိုရင် အသက်ချမ်းသာပေးမယ်။ ဒါမှမဟုတ်ရင် ဘဝ ဇာတ်သိမ်းရမယ်ဆိုတာ မှတ်ထား'

'ဒီဗျားသာမှ တတ်နိုင်တော့မှာ မဟုတ်ပါဘူးဗျာ'

'အာဂ မင်းက ငါ့ကိုအထင်သေးတယ်ပေါ့ ဟုတ်လား၊ သိကြသေးတာပေါ့'

တောသားလို အာဝ္ဂီးထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။ အာဝ္ဂီးသည် နောက်ဆုတ်ခြင်း မရှိချေ။ လက်နှစ်ဖက် ဆန့်တန်းကာ ချန်းစိမ်းနှင့် ထိပ်တိုက်ရင်ဆိုင်လိုက်လေသည်။

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာလေသည်။

အာဝ္ဂီးက နောက်တစ်လှမ်းဆုတ်လိုက်၏။ ချန်းစိမ်းကား သုံးလေးလှမ်းမျှ ဆုတ်လိုက်ရလေသည်။ ချန်းစိမ်း မျက်နှာပျက်သွားသည်။ အာဝ္ဂီးကို မယုံကြည်နိုင်စွာ ကြည့်ကာ...

'မင်း... မင်း'

စကား ထစ်ထစ်ငေါ့ငေါ့ဖြစ်နေ၏။ အာဝ္ဂီးက -

'ကျုပ်ကို အနိုင်မယူနိုင်တော့ဘူးဆိုတာ နားလည်ပါပြီဗျား၊ ခင်ဗျားရဲ့လုပ်ရပ်တွေကို ရပ်တန့်အလျှော့ပြီး အပြစ်ခံယူပါ'

'တောက်... မင်းကများ ကြီးကြီးကျယ်ကျယ် ပြောပေတော့'

ဒေါသထွက်ကာ ပြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။

အာဝ္ဂီးကလည်း ပြန်လည် တိုက်ခိုက်လိုက်၏။ ယခုတစ်ကြိမ် ချန်းစိမ်းသည် ဓသဆူးရှင်ဆူကို လက်ချောင်းကြားတွင် ကြားညှပ်ကာ တိုက်ခိုက်ခြင်းဖြစ်လေသည်။



အာဝ္ဂီးမှာလည်း ချန်းစိမ်း၏ လက်ချောင်းများကြားမှ ဆူးတစ်ချောင်း ထိုးထွက်လာသည်ကို တွေ့မြင်သွားသဖြင့်...

လက်ဝါးကို အမြန်ကာယာရှင်သိမ်းကာ နောက်ကိုယ် ရုန်းခန့် လှည့်လိုက်၏။ သူထွက်ပြေးတော့မည်ဟု ချန်းစိမ်းထင်မှတ်ကာ...

'မပြေးနဲ့'

အော်ငေါက်ရင်း အစရှာသော [illegible] ဝင်တိုက်ခိုက်သွားလေ၏။

ထိုအချိန်တွင် အာဝ္ဂီးသည် ခြေထောက်ကို မြှောက်ကာ နောက်ကိုယ် တစ်ပတ်လှည့်ပြီး ဂွီးနဲ့မြည်အောင် ကန်ထုတ်လိုက်၏။

သူ၏ခြေထောက်ကန်ချက်သည် ချန်းစိမ်း၏ ဓသဆူးရှင်ဆူကိုင်ထားသည့်လက်ကို အပေါ်သို့ [illegible] မိသွား၏။

ထိုအခါ ချန်းစိမ်းမှာ ဓသဆူးရှင်ဆူးမြင့်သူ၏လည်ပင်းကို ပြန်လည် ထိုးစိုက်မိသွားတော့သည်။

'အား'

ချန်းစိမ်းမှာ မျက်လုံးကြီးများပြူးထွက်လာပြီး မြေပေါ် အရုပ်ကြိုးပြတ် လဲကျသွားရှာတော့သည်။

ချန်းစိမ်း သေဆုံးသွားသည်ကို မြင်ရလျှင် ဝပ်ကိုး [illegible] လူစု ဆောက်တည်ရာမရ ဖြစ်သွားကြ၏။

'ပြေးဟေ့... ပြေးကြ'

အော်ပြောကာ ကျင်းလိမ်မြို့စား ကျင်းတိတ်ကိုသွတ်၍ ဝရှုန်းသုန်းကား ထွက်ပြေးကြလေတော့သည်။

'ဟား....ဟား....ဟား'

ကျောင်းလိမ်မြို့စားဂေဟာ၌ အနန္တရာယ်များ အောင်းစင်သွားပြီဖြစ်၍ လှုံ့ဆော်သပ်ပျော်ရွှင်သော ရယ်မောသံများ စီစီညံ့နေ၏။

ကျောင်းလိမ်မြို့စား ကျောင်းတိတ်နှင့် ကံကြမ္မာအတိုးအိုတို့သည် အသုံးယောင်ဆွဲကာ ရပ်နေကြသည့် အာဂုံးနှင့် ကျောင်းကျောင်းတို့ကို ပြုံး၍ ကြည့်နေကြ၏။

ကျောင်းလိမ်မြို့စားကျောင်းတိတ်က....

'ငါ့သမီးကို လောကပေါ်မှာ အဖိုးမဖြတ်နိုင်တဲ့ ရတနာနှာခေါင်းသွင်းပြီး ပေးစားမယ်လို့ ငါဆုံးဖြတ်ထားတယ်ကွ'

ကျောင်းကျောင်းမျက်နှာအားလေး ညှိုးသွား၏။

'ဖေဖေ မြို့စားကြီးကျောင်းတိတ် လက်ဆောင်ပြတာ....

'ငါပြောတာ မင်းနားလည်ရဲ့လား'

အာဂုံးကို မေးလိုက်လေသည်။ အာဂုံး ဦးညွှတ်လိုက်သည်။

'ဟုတ်ကဲ့ နားလည်ပါတယ် မြို့စားကြီး'

'ဒါဆို မင်းအရာအဘယ်ရှာမယ်လေ'

'ကျွန်တော် ရှာလို့ တွေ့ခဲ့ပါပြီ'

'ဘာမင်းရှာလို့တွေ့ခဲ့ပြီဟုတ်လား၊ ပြောစမ်းပါဦးကွ၊ လောကပေါ်မှာတန်ဖိုးအရှိဆုံးအဖိုးဖြတ်နိုင်တဲ့ ရတနာဟာဘာလဲ'

'ချစ်ခြင်းမေတ္တာပါခင်ဗျာ'

အာဂုံးက တည်ကြည်သော မျက်နှာထားဖြင့် အဖြေပေးလိုက်၏။ မြို့စားကြီးကျောင်းတိတ် မျက်မှောင်ကြုတ်သွား၏။

'ချစ်ခြင်းမေတ္တာဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ၊ စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာပါ'



'ဟား....ဟား....ဟား'

မြို့စားကြီး ကျောင်းတိတ် အောက်တာ ငင်အား ရယ်မောလိုက်၏။ ကံကြမ္မာအတိုးအိုသည်း ရယ်မောလိုက်လေသည်။

အာဂုံးနှင့်ကျောင်းကျောင်း မကြောင်အမ်းအမ်း ဖြစ်နေ၏။ တစ်ယောက်ကို တစ်ယောက် ကြည့်မိကြလေသည်။ ထိုစဉ်....

'ချစ်ခြင်းမေတ္တာ၊ ချစ်ခြင်းမေတ္တာ၊ အေး–ဟုတ်တယ်ကွ၊ လောကပေါ်မှာ အဖိုးမဖြတ်နိုင်ဆုံးအရာ၊ တန်ဖိုးသတ်မှတ် အကြီးဆုံး အရာဟာ ချစ်ခြင်းမေတ္တာပဲကွ'

မြို့စားကြီးကျောင်းတိတ်က ပြောလိုက်သည်။

ပြုံးလျှင် ချောနေလည့်ကာ ထွက်သွား၏။

ကံကြမ္မာအတိုးအိုသည်း ရယ်မောရင်း နောက်မှ လိုက်သွားလေသည်။ ယခုမူ အာဂုံးနှင့် ကျောင်းကျောင်းတို့ သက်ပြင်းချနိုင်ကြတော့၏။

ကျောင်းကျောင်းရာ.... 'အစ်ကို'

ခေါ်တာ အာဂုံး၏ ရင်ခွင်ထဲ တိုးဝင်သွား၏။

'ညီမ'

အာဂုံးက ကျောင်းကျောင်းကိုတင်းကျပ်စွာ သိုင်းဖက်ထားလိုက်၏။ သူ၏ရင်ခွင်ထဲမှ ဘယ်သောအခါမှ လွှတ်ပေးတော့မည် မဟုတ်ပါ။

ချစ်ခြင်းမေတ္တာတရား ရှင်သန်နေသော လောကကြီးမှာ သာယာလှပနေလေတော့သည်။

(ဇာတ်သိမ်း–ပြီး၏။)

ဝဏ္ဏအောင်